



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ် အပင် ဝဏ္ဏာဝိ

မင်းစက္က - လက်ချုပ်သံလား မိုးသံလား

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၇၀၅၁၂
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၇၈၀၅၁၁
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်
စီစဉ်သူ - ကိုလှနိုင် (မြတ်)
အထက်မြန်မာပြည် - နဂါးစာပေ (မန္တလေး)
ဖြန့်ချိရေး


BURMESE CLASSIC .com






လက်ချုပ်သံလား...

မိုးသံလား...




www.burmeseclassic.com

www.burmeseclassic.com


၁။ ဝိညာဉ်ပျော်စံရာကျောက်တောင်
၂။ မိကျောင်းဖြူရုပ်လေး
၃။ ပထမအိပ်မက်
၄။ ပုတီးပေးတဲ့ မမကြီး
၅။ ဒုတိယအိပ်မက်
၆။ ရောက်လာသော အန္တရာယ်
၇။ ကယ်တင်ရှင်ဘယ်ကလဲ
၈။ မြေအိုးထဲက ကလေး
၉။ အတိတ်နောက်ကြောင်း
၁၀။ လူထူးဆန်းဦးပံသု
၁၁။ တောင်ညီနောင်မှအပြန်
၁၂။ အထီးကျန်ခေမာ
၁၃။ အစဖျောက်ခြင်း
၁၄။ ဇာတ်ကြောင်းပြန်အပြီး
၁၅။ အတိတ်သို့ခရီး
၁၆။ ထူးဆန်းသော ခြေသံ
၁၇။ မီးအိမ်လမ်းပြ ဘယ်သူလဲ
၁၈။ ဝိညာဉ်တောင်လျှို့ ဂူကျောက်ချက်
၁၉။ ဂူတံခါးပွင့်ပြီ
၂၀။ အန္တရာယ်သားကောင်များ
၂၁။ နေရစ်ခဲ့တော့. . . . . ။




"ကျွန်ုပ်သည် မိမိ၏ကျေးဇူးရှင်များအပေါ်မှာ ထာဝရ သစ္စာစောင့်သိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ကျွန်ုပ်သည် သေလွန်၍ ဘဝတစ်ခုရှိခဲ့ပါလျှင် မည်သည့်ဘဝကိုပဲရောက်ရောက် ကျေးဇူးရှင်များနှင့်သားတော်လေးအပေါ်မှာ ဆက်လက်၍ သစ္စာစောင့်သိပါမည်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - (၁)

# ဝိညာဉ်ပျော်စံရာကျောက်တောင်

မိုးကောင်းကင်တစ်ခုလုံးသည် ကြည်ပြာရောင်သန်းလျက်ရှိသည်။ ရာသီဥတုကသာယာသည်။ လေပြည်လေညှင်းကလည်း တစ်ချက်တစ်ချက် ဝေ့ကာဝေ့ကာ တိုက်ခတ်လာသည်။ မြင့်မားသော တောင်ကြီးနှစ်ခုကြားမှ တသွင်သွင်ဖြင့် စီးဆင်းလျက်ရှိသော ရေပြင်သည် တည်ငြိမ်လျက်ရှိသည်။

မြောက်ဖျားဒေသမို့ အအေးဓာတ်က တစ်ချိန်လုံး ပွေ့ရစ်ကာ သိုင်းဖွဲ့ထားသည်။ တောတောင်ထူထပ်လှ၍ လူအရောက်အပေါက်နည်းသောနေရာ၊ သားကောင်တွေကလည်း





ပစ်ခတ်မည့်သူမရှိသလို ပေါများချင်တိုင်း ပေါများနေလေတော့သည်။

မည်သည့်နေရာမှ မတွေ့နိုင်သော အမွေးရှည်ရှည်နဲ့ ကျားကြီးများကိုလည်း တွေ့နိုင်သည်။ ကောက်ချိတ်သော အစွယ်များရှိကြသည်။ အမွေးထူထူနဲ့ တောဝက်ကြီးများကိုလည်း အတင့်ရဲစွာဖြင့် သွားလာလျက်ရှိကြသည်ကို တွေ့နိုင်ကြမည်ဖြစ်သည်။

တောအုပ်ကြီးတစ်ခုအတွင်း၌ ဆိမ်ပါသော ဓားရှည်တစ်လက်ကို ကျောပိုးကာ လွယ်ထားသော အမျိုးသမီးတစ်ယောက်။ လက်ထဲမှာလည်း မြေအိုးကြီးတစ်လုံးကို ကိုင်ထားသည်။ တောထဲမှထွက်လာသည်။

တစ်နေရာသို့ ရောက်သောအခါ နောက်ကြောင်းကို ပြန်လှည့်ကြည့်လိုက်သည်။ အတော်ခပ်ဝေးဝေးနေရာတွင် မြေသားတောင်ကြီးနှစ်ခုကြား၌ ထိုတောင်ထက် တစ်ဝက်နိမ့်သော ကျောက်တောင်တစ်လုံးက တည်ရှိနေသည်။

## ဝိညာဉ်ပျော်စံရာကျောက်တောင်

အထိန်းတော်ကြီးသည် အသက်နှစ်ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသည်။ တည်ကြည် သော မျက်နှာထားနဲ့ ထူထဲသော မျက်ခုံးမွေးနှစ်ခုတို့သည် သစ္စာရှိမှုကိုပြနေသည်။ ပိရိစေ့စပ်သော နှုတ်ခမ်းများနှင့်ရှည်လျားသောမျက်အိမ်၊ ရွှန်းလက်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်ဝန်းတို့သည် သတ္တိအရာမှာ စံထားခြင်း၊ ရဲရင့်ပြတ်သားခြင်း၊ ဦးဆောင်တတ်ခြင်း၊ နာခံတတ်ခြင်း စသည်တို့ကို ဖော်ညွှန်းသည်။

အထိန်းတော်ကြီးခေမာသည် တောထဲတောင်ထဲမှာ ဖြစ်သော်လည်း ကတ္တီပါဖိနပ်ကို စီးထားသည်။ ငုဝါရောင်သန်းသော ပိုးပျော့အကျႌ၊ ထဘီတို့ကို ဝတ်ဆင်ထားသည်။

ခေမာသည် ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်လှမ်းလာခဲ့သည်။ အိုးထဲကိုလည်း မကြာခဏ ငုံ့ပြီးတော့ကြည့်သည်။ ကတ္တီပါစဖြင့် လုံခြုံစွာထုတ်ထားသော ကလေးကိုသာ ဖော်ထားသည်။ ပါးလေးတွေက ပြည့်ပြည့်ဖောင်းဖောင်းလေးနဲ့ ကျယ်ပြန့်သော နဖူးပြင်သည် မဟာဆန်သည်။ နက်မှောင်သော ဆံပင်များသည် တချို့ကောက်တိကောက်ကွေးနဲ့ ရှည်လျားလျက်ရှိနေလေပြီ။

ကလေးက အိပ်မောကျနေသည်။ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်။ အသားကဖြူသည်။ ညက်သည်။ အထိန်းတော်ကြီးခေမာသည် ကလေးကိုငုံ့ကြည့်ရင်း မျက်ရည်များရစ်ဝဲလာခဲ့သည်။ ရှိုက်ငိုမိတော့မလို ဖြစ်သွားခဲ့ရသေးသည်။ မငိုမိစေရန် အံကို တင်းတင်းကြိတ်ထားမိသည့်အထဲမှ မျက်ရည်တစ်ပေါက်က ကျလာခဲ့သေးသည်။

"သားတော်လေးရယ်. . အထိန်းတော်ကြီးက ဘယ်





လိုမှ မတတ်သာတော့လို့ ခုလိုစိရင်လိုက်ရတာပါ၊ ရင်ထဲမှာ မချိပါဘူးကွယ်၊ ဝမ်းနည်းကြေကွဲမိပါတယ်၊ ပူဆွေးမိရပါတယ်၊ သားတော်လေးကို အထိန်းတော်ကြီးက တာဝန်ယူပြီး စောင့်ရှောက်ချင်ပေမယ့် မဖြစ်နိုင်တဲ့အတွက် ခံစားမိရပါတယ်ကွယ်"

အထိန်းတော်ကြီးခေမာသည် တစ်ချက်ရှိုက်မိလိုက်သည်။ မျက်ရည်တစ်ပေါက်သည် သားတော်လေး၏ ပါးပြင်ပေါ်ကို ကျရောက်သွားခဲ့လေသည်။

နံနက်ခင်းနေခြည်သည် အရှေ့ပြဗ္ဗာအရပ်က ထွက်ပြူစပြုလာခဲ့ပြီဖြစ်သည်။ ရာသီဥတုက နံနက်ခင်းကာလတွင် အနည်းငယ် အေးစိမ့်လျက်ရှိသည်။ သားတော်လေးခံနိုင်ရည် ရှိပါ့မလားဟု ပူပန်စိတ်အနည်းငယ် ဝင်သွားမိခဲ့ရသေးသည်။ သို့သော် မြေအိုးထဲမှာ အနွေးဓာတ်က ကောင်းစွာရနေ၍ စိတ်ကိုဖြေမိလိုက်သည်။ သက်တောင့်သက်သာရှိမှာပါဟု၍။

မကြာမီ ရေစပ်ကို ရောက်လာခဲ့သည်။ ရေစပ်တွင် ကျောက်သားဖြင့် ပြုလုပ်ထားသော လှေကားထစ်ဆယ်တစ် ရှိသည်။ အထိန်းတော်ကြီးခေမာသည် လှေကားထစ်များအတိုင်း အောက်ကိုဆင်းသွားခဲ့သည်။

လှေကားထစ်များအဆုံးတွင် ငါးပေသာသာမျှ အမြင့်ရှိသော ကျောက်တိုင်တစ်တိုင်ကို စိုက်ထားသည်။ ကျောက်တိုင်၏ထိပ်တွင် နေစကြာပုံသဏ္ဌာန် စက်ဝိုင်းတစ်ခုကို ထွင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ ကျောက်တိုင်၏ အောက်ခြေမှာလည်း နေစကြာပုံသဏ္ဍာန်အပြားဝိုင်းသုံးခုကို မြှုပ်နှံထားသည်။

(လျို့ဝှက်ချက်တစ်ခုဖြစ်၍ အထိန်းတော်ကြီးခမောကလွဲပြီး မည်သူမှမသိနိုင်။)

အထိန်းတော်ကြီးသည် ကျောက်တိုင်အောက်ခြေမှ မြေသားများကို လက်ဖြင့်ထိတွေ့လိုက်သေးသည်။

"ကံတရားက ထောက်ပံ့ကူညီခဲ့ရင် သားတော်လေး ဒီနေရာကို တစ်နေ့နေ့မှာ ရောက်လာခဲ့မှာပါကွယ်၊ ရောက်လာနိုင်အောင်လည်း အထိန်းတော်ကြီးဆုတောင်းပေးပါ့မယ်၊ အရာရာဟာ ပြီးဆုံးသွားတယ်ဆိုတာ မရှိနိုင်ပါဘူး၊ သတ္တဝါမှန်သမျှ ခန္ဓာစဲပြီး ဘဝပြောင်းချိန်တန်ရင် ပြောင်းသွားကြရတာ ခမွဟာပါ၊ ဒါပေမယ့် အထိန်းတော်ကြီးလေ ခန္ဓာပြောင်းခဲ့ရင်လည်း သားတော်လေးအတွက် ရောက်ရာဘဝက အကူအညီပေးနိုင်အောင်ကြိုးစားနေမှာပါ၊ သားတော်လေးအတွက် သစ္စာပြုပါတယ်ကွယ်"

အထိန်းတော်ကြီးခမောသည် မြေအိုးကို လှေကားထစ်ပေါ်မှာ ချထားလိုက်သည်။ ထို့နောက် ကျောမှဓားအား အံအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။ ဓားကို ဓားရိုးမှကိုင်ကာ ဦးစိုက်ချလိုက်ပြီး လက်ဖျံပေါ်တို ဓားဦးဖြင့် ဆတ်ကနဲဆို ထိုးဖောက်လိုက်လေသည်။





နီရဲသော သွေးများက အသားထဲမှ ဖောက်ထွက်လာခဲ့သည်။ အထိန်းတော်ကြီးခမော၏ မျက်နှာပေါ်မှာ ပြောင်းလဲမှုတစ်စုံတစ်ရာမရှိ။ နာကျင်မှုကို ခံစားလိုက်ရသည့် အရိပ်အယောင်မျိုးဖြစ်ပေါ်မလာခဲ့။

သွေးတစ်စက်သည် သားတော်လေးကို ရစ်ပတ်ထားသော ပိတ်စဖြူဖြူပေါ်သို့ ကျသွားခဲ့သည်။ စွန်းထင်းသွားခဲ့လေသည်။ ခမောသည် ညာလက်ကို ဆန့်တန်းကာ သွေးစက်တွေကို ရေထဲသို့ တစ်ပေါက်ပေါက်ဖြင့် ကျစေသည်။ သွေးစက်များသည် ရေထဲမှာ နစ်ပျော်ဝင်သွားခဲ့လေသည်။

"ကျွန်ုပ်သည် မိမိ၏ကျေးဇူးရှင်များအပေါ်မှာ ဘာဝရ သစ္စာစောင့်သိခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်၊ ကျွန်ုပ်သည် သေလွန်၍ ဘဝတစ်ဖန်ရှိခဲ့ပါလျှင် မည်သည့်ဘဝကိုပဲ ရောက်ရောက် ကျေးဇူးရှင်များနဲ့ သားတော်လေး အပေါ်မှာ ဆက်လက်၍ သစ္စာစောင့်သိနေပါဦးမည်၊ စောင့်ရှောက်ကာကွယ်နေပါဦးမည်၊ ကျွန်ုပ်၏ကိုယ်မှ ထွက်သောသွေးဖြင့် တိုင်တည်ကာ သစ္စာပြုပါသည်၊

မှန်သောသစ္စာစကားဖြစ်ပါက တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်မှအစပြု၍ အားလုံးသော လောကပါလနတ်မင်း အပေါင်းတို့သည် ဤအပြစ်မဲ့၍ သနားစရာကောင်းသော သားတော်လေးကို စောင့်ရှောက်ကြပါစေကုန်


www.burmeseclassic.com

www.burmeseclassic.com



သတည်း”

အထိန်းတော်ကြီးခေမာ၏ ကြည်လင်ပြတ်သားသော အသံသည် ရေပြင်ကို လျှပ်တိုက်ကာ လွှမ်းခြုံသွားခဲ့သည်။

ခေါ်ကို အအိမ်ထဲသို့ လက်နောက်ပြန် ပြန်ထည့်လိုက်လေသည်။

ထိုနောက် မြေအိုးကိုမဲယူကာ သားတော်လေး၏ ပါးဖောင်းဖောင်းလေးကို ငုံ့ကာနမ်းလိုက်သည်။ သားတော်လေးကတော့ အသက်ကို မှန်မှန်ရှူကာ အိပ်ပျော်နေဆဲ။ ထိုနောက်စိတ်ကို ပိုင်းဖြတ်လိုက်ဟန်ဖြင့် အိုးကို ရေထဲသို့ချကာ ညင်သာစွာဖြင့် တွန်းလွှတ်လိုက်သည်။ အိုးသည် ရေစီးမှာတရွေ့ရွေ့ဖြင့် မျောပါသွားခဲ့လေသည်။

အထိန်းတော်ကြီးခေမာသည် သားတော်လေးကို အိုးနှင့်အတူ မျောပါသွားသည်ကို မျက်စိတဆုံး ကြည့်နေမိခဲ့လေသည်။ မြေအိုးကလေးသည် သူမ၏ မျက်ဝန်းထဲမှာ တဖြည်းဖြည်း သေးငယ်သွားခဲ့သည်။ နောက်ဆုံး အစက်အပြောက်လေးမျှသာ မြင်ရတော့သည်။

ထိုအခါကျမှ အထိန်းတော်ကြီးသည် စိတ်မထိန်းနိုင်တော့ပဲ မျက်နှာကို လက်ငါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ပင် ငိုကြွေးမိလိုက်လေတော့သည်။





“ခွင့်လွှတ်ပါ သားတော်လေးရယ်၊ ခွင့်လွှတ်ပါကွယ်”

အထိန်းတော်ကြီးခေမာသည် နှုတ်မှတတွတ်တွတ်ဖြင့် ပြောနေရင်း လှေကားထစ်များအတိုင်း ကုန်းပေါ်ကိုပြန်တက်ပြီး ပြေးဆင်းသွားခဲ့လေတော့သည်။ သူမပြေးသွားသည့်နေရာကား ဝိဉာဉ်စံပျော်ရာ ကျောက်တောင်ကြီးဆီသို့ပင်တည်း။

➤➤➤➤➤

မြစ်ပြင်ထက်မှာ လှိုင်းလေက ငြိမ်သက်လျက်ရှိသည်။ တောက်ပနေသော နေရောင်ခြည်ကို မိုးသားတိမ်လိပ်များကဖုံးအုပ်ထားသည်။ အိုးကလေးတစ်လုံးသည် ရေပြင်ထက်မှာတငြိမ့်ငြိမ့်ဖြင့် မျောပါနေသည်။ အိုးထဲမှ ကလေးငယ်သည် ခေါင်းလေးတစ်ချက် လှုပ်ခါပြီးမှ ညာဘက်ကိုစောင်းကာ ပြန်ပြီး ငြိမ်သက်သွားသည်။ လက်ကလေးတွေကလည်း တစ်ချက်တစ်ချက်မှာ လှုပ်ခါသွားသည်။ သို့သော် နိုးတော့မနိုးသေး။

မြစ်ပြင်ကို တိုက်ခတ်လာသော လေနုအေးကြောင့် ခဏအတွင်းမှာပင် နှစ်ခြိုက်စွာဖြင့် ပြန်ပြီးအိပ်ပျော်သွားခဲ့သည်။ မိုးကအုပ်နေသည်။ သားတော်လေး၏ ကိုယ်ပေါ်ကို နေရောင်ခြည်က မကျရောက်ခဲ့သဖြင့် သက်သာရာရနေခဲ့ပါသည်။ ကံကောင်းသည်ဟု ဆိုရမည်ပင်။

သို့သော် မကြာမီမှာပင် အန္တရာယ်တစ်ခု ကျရောက်



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။ ကောင်းကင်ထက်မှာ လှုပ်ရှားပျံသန်းလာနေသော မည်းမည်းသဏ္ဍာန်တစ်ခု။ ထိုသဏ္ဍာန်ကား စွန်ရဲတစ်ကောင်ပင်တည်း။

စွန်ငှက်များသည် လွန်စွာမှ မျက်စိလျင်ကြသည်။ လွန်စွာမှ ကွာဝေးသော အရပ်မှာရှိသည့် သားကောင်၊ အစာများကို ထင်းကနဲမြင်သာသည့် ပတ်လည်ကြည့်မျက်လုံးပိုင်ရှင်များပင်ဖြစ်ကြသည်။

ယခုလည်း စွန်ရဲကြီးသည် ကောင်းကင်အမြင့်တစ်နေရာမှနေ၍ မိုးအောက်ရေပြင်ထက်ရှိ သူ၏အစာကို မြင်တွေ့သွားခဲ့လေပြီ။ သူ၏အစာကား အခြားမဟုတ်။ မြစ်ပြင်မှာမျောနေသော အိုးတစ်လုံးထဲမှ ကလေးငယ်ငင်ဖြစ်သည်။

ထိုကြောင့် အိုးရွှေ့မျောရာဆီသို့ တဟုန်ထိုးပျံသန်းကာ လိုက်ပါလာနေခြင်းပင်ဖြစ်သည်။ သို့ရှိစဉ်မှာပင် အိုးနှင့်မလှမ်းမကမ်းမှာလည်း ဒိုက်သရောဖတ်ပုံကြီးတစ်ခုသည် တရွှေ့ရွှေ့လစိုက်ပါပြီး မျောနေလျက်ရှိသည်။

ဂိ:!

စွန်ရဲကြီးသည် အိုးပေါ်တည့်တည့်ရောက်သည်နှင့် မာန်သွင်းကာ အောက်ကိုထိုးဆင်းလာခဲ့သည်။ မြေအိုးထဲမှ ကလေးငယ်ကို ထိုးသုတ်ကာ ချီယူတော့မည်။

မြေအိုးနားသို့ရောက်သည်နှင့် ရှည်လျားသော ခြေ



သည်းကြီးများဖြင့် ကလေးငယ်ကို သုတ်ချီတော့မည်အပြု၊ မထင်မှတ်သော လှုပ်ရှားမှုတစ်ခုက ရောက်ရှိလာလေတော့၏။

ဒိုက်သရောဖတ်ကြီးအောက်မှ ရုတ်တရက်ထွက်ပေါ်လာသော မိကျောင်းကြီးတစ်ကောင်၏ အမြီးဖြူဖြူကြီးတစ်ခု။

ဝှီး!

ဖျန်း!

အမြီးဖြူကြီးက စွန်ရဲကြီးကို ပစ်ရမ်းကာ တိုက်ခိုက်လိုက်လေတော့သည်။ အစာမာန် ယစ်နေသော စွန်ရဲကြီးကာ ရန်သူ၏ တိုက်ခိုက်မှုကို သတိမထားမိနိုင်တော့။ အမြီးပိုင်းကြီး၏ တိုက်ခိုက်မှုကို ခံလိုက်ရပြီး အဝေးကို လွင့်ထွက်သွားခဲ့လေတော့သည်။

စွန်ရဲကြီးသည် အကြောမာလှသည်။ ရေပြင်ပေါ်ကို ထိုးကျသွားတော့မလို ဖြစ်သွားပြီးမှ အတောင်ကြီးနှစ်ဖက်ကို ဖြန့်ကာ ရုတ်တရက်ပျံတက်သွားသည်။ ထို့နောက် တစ်ပတ်ပျံဝဲပြီး လှည့်လာသည်။ အိုးထဲမှ သားငယ်ကို တဖန်သုတ်ယူရန် ကြိုးစားပြန်သည်။

သို့သော် အိုးအနားကိုရောက်သည်နှင့် မိကျောင်းဖြူကြီးက ရေပေါ်ကို ဝုန်းကနဲဆို ထိုးတက်လာပြီး စွန်ရဲကြီးကို အမြီးကြီးဖြင့် ရိုက်ချလိုက်ပြန်သည်။

ဖျန်း!

www.burmeseclassic.com

www.burmeseclassic.com

ဂိ း!

စွန်ရဲကြီးရေထဲကို ပြုတ်ကျသွားသည်နှင့် မိကျောင်းဖြူကြီးသည် ပါးစပ်ကြီးဖြဲကာ ထိုးဟပ်လိုက်ပြီး ကိုက်သတ်ပစ်လိုက်လေတော့သည်။ စွန်ရဲကြီးမှာ သေဆုံးသွားခဲ့လေသည်။

ထိုအချိန်တွင် မြေအိုးသည် ရေစီးကြောင်းပေါ်မှာ တရွေ့ရွေ့ဖြင့် မျောပါသွားနေဆဲ။ စွန်ရဲအသေကြီးမှာ ရေထဲကို တဖြည်းဖြည်းဖြင့် မြုပ်သွားခဲ့သည်။

မိကျောင်းဖြူကြီးသည် မျောပါသွားသော မြေအိုး၏နောက်သို့ ကူးခတ်ကာ လိုက်ပါသွားခဲ့လေသည်။





"သား...ဒီမိကျောင်းရုပ်လေးကိုယူထား၊ ဒီအရုပ်လေးဟာ မင်းဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၂)

## မိကျောင်းပြုံးရုပ်လေး

ဘူမိဗေဒပညာရှင် ဦးနန်းကိုသည် အလုပ်မှအိမ်သို့ ပြန်ရောက်လာခဲ့သည်နှင့်။

"သားကိုမတွေ့ပါလား . . သိ"

"ဩော် . . သားလား၊ ရှိပါတယ်၊ စောစောကတောင် သိနဲ့စကားပြောနေသေးတယ်၊ သားရေ . . သား . . ဒီမှာ သားအဖေပြန်ရောက်နေပြီ"

"ဟုတ်ကဲ့ . . မေမေ၊ သားခုပဲ ဆင်းလာခဲ့ပါ့မယ်"

ခဏအကြာတွင် အိမ်အပေါ်ထပ်မှ အောက်သို့ အသက်နှစ်ဆယ်အရွယ်ခန့်ရှိ လူငယ်လေးတစ်ယောက်သည်





ဆင်းလာခဲ့သည်။ ဖြူဝင်းသော အသားအရေရှိပြီး အရပ်က ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း၊ ယောကျ်ားပီသသော ရုပ်ရည်ရှိသည်။

မိဘနှစ်ပါးက ညိုစိမ့်သော အသားအရေမျိုး ရှိကြပါသော်လည်း သားဖြစ်သူက ဖြူဝင်းသော အသားအရေမျိုးရှိနေသည်။ ထူထဲသော မျက်ခုံးမွေးနှစ်ဖက်သည် နှာယောင်မှာလာပြီးတော့စုနေကြသည်။ ပိရိစေ့စပ်သော နှုတ်ခမ်းများက ကြင်နာမှုကို ဖော်ပြနေကြသလို ကြည်လင်၍ စူးလက်တောက်ပသော မျက်လုံးများသည် တစ်ခုခုကို စွဲမြဲစွာ စိတ်ဝင်စားမိပြီဆိုလျှင် ရေအဆုံးမြေအနံ့လိုက်တတ်သည့် လက္ခဏာမျိုး။

လူပုံက နွဲ့သယောင်ထင်ရသော်လည်း တစ်ကယ်တမ်းကျတော့ စိတ်ဓာတ်ကြံ့ခိုင်သောသူဖြစ်သည်။ မဆုတ်မနစ်၊ ရေဆုံးရေဖျား၊ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် လုံ့လထုတ်၍ အားစိုက်တတ်သည့်သူဟု ယူဆရပေသည်။

"သားရှိပါတယ် . . ဖေဖေ၊ ဘယ်ကိုမှမသွားပါဘူး"

ရယ်ပြုံးကာ မိဘနှစ်ပါး၏ရှေ့ရှိ ကျွန်းကုလားထိုင်ကြီးပေါ်မှာ ဝင်ထိုင်လိုက်သည်။

"သား . . အိန္ဒိယကပြန်လာပြီးကတည်းက အခန်းပဲအောင်းနေတော့တာကိုး၊ အပြင်လေးဘာလေး ထွက်လည်ပါဦးလားကွယ်"

"သားထွက်ပါတယ် . . ဖေဖေရဲ့၊ ဒီကနေ့ ဘယ်မှမ



www.burmeseclassic.com

www.burmeseclassic.com



သွားပဲ နေနေတာပါ"

ဦးနန်းကိုလည်း သားဖြစ်သူမင်းရဲစည်သူ၏ လက်ထဲမှာ ပစ္စည်းလေးတစ်ခုကို စိတ်ဝင်စားစွာဖြင့် ကြည့်မိလိုက်၏။

"လက်ထဲက ဘာပစ္စည်းလေးလဲ. . သား"

ဒေါ်မြတ်သီသည်လည်း ဦးနန်းကိုပြောလိုက်မှ မင်းရဲစည်သူ၏လက်ထဲမှ ပစ္စည်းလေးကို ကြည့်မိလိုက်သည်။ မိကျောင်းဖြူရုပ်လေးတစ်ရုပ်ပင်။

"မိကျောင်းရုပ်လေးတစ်ရုပ်ပါ. . ဖေဖေ"

"ဟင်! ပြစမ်း. . သား"

ဦးနန်းကိုသည် မင်းရဲစည်သူ၏ လက်ထဲမှ မိကျောင်းဖြူရုပ်လေးကိုယူပြီး သေချာစွာ ကြည့်လိုက်သည်။ ကျောက်ဖြူသားဖြင့် ထုလုပ်ထားသည်။ ဦးခေါင်း(ပါးစပ်အပါအဝင်)မှ အမြီးဖျားအထိ ခြောက်လက်မခန့်ရှိမည်ဖြစ်ပြီး ထုလုပ်ထားသည်မှာ အချိုးအစားကျလှသည်။ ဦးခေါင်းပိုင်းနေရာ၊ ကျောကုန်းမှသည် အမြီးဖျားအထိ အသေးစိပ်ထုထားသည်။ အရေးအကြောင်း၊ အကွက်ဖော်ပုံများသည် တကယ့် မိကျောင်းတစ်ကောင်၏ သဘာဝအတိုင်းပဲဖြစ်သည်။

ခေါင်းကျယ်သည်။ နှာတံတိုပြီးရှိင်းသည်။ မိကျောင်းတိုင်းလိုလိုပင် စရာတွာသွားသည် အပြင်ကိုငေါ်ထွက်ပြီး အစွယ်လိုဖြစ်နေသည်။ သွားကရှည်နေ၍ ပါးစပ်ပိတ်လိုက်သောအခါ သွားသည် အစွယ်ပမာ အပြင်ကို ထွက်နေခြင်းပင်ဖြစ်ပါ





သည်။ ယင်းကဲ့သို့ မိကျောင်း၏ ပါးစပ်ပိုင်းနေရာအထိ ယုတ္တိရှိရှိ၊ သဘာဝကျစွာ ထုဆင်ထားသည့် ပညာရှင်ကို ချီးကျူးမိသည်။

"တော်တော်လက်ရာမြောက်တာပဲ. . သား၊ အသက်ဝင်နေသလိုပဲ၊ သားဘယ်ကရလာတာလဲ"

"သား. . ကာလကတ္တားမှာ ပညာသင်နေစဉ်မှာ ဒီမိကျောင်းဖြူရုပ်လေးကို ဆာဒူးကြီးတစ်ယောက်က လာပေးတာပါ. . ဖေဖေ"

"ဘာ. . ဘယ်လို၊ ဆာဒူးကြီးတစ်ယောက်၊ ဟုတ်လား။ သူတော်စင်ကြီးပေါ့၊ သားကို သူက ဘယ်လိုအခြေအနေမျိုးမှာ လာပေးတာလဲ"

"ဩော်. . . ကိုကလည်း သားကို ဆာဒူးကြီးက အကြောင်းတစ်ခုခုကြောင့် ပေးတာနေမှာပေါ့၊ အခြေအနေဆိုတာ ရှိသေးလို့လား. . ကိုရဲ့"

"ရှိတာပေါ့. . သီရဲ့၊ ဆာဒူးကြီးတို့ ဖကီးကြီးတို့ဆိုတာ တရားကျင့်ကြံ အားထုတ်နေကြပြီး သူတော်ကောင်းအလုပ်တွေကို လုပ်နေကြတာ၊ တော်ရုံလူတွေကို စကားပြောတာမဟုတ်ဘူး၊ အခု ဆာဒူးကြီးတစ်ဦးက သားကို ဒီမိကျောင်းရုပ်လေးပေးလိုက်တာ အကြောင်းထူးတစ်ခုခုများ ရှိနေမလားလို့ပါလေ"

"ဆာဒူးကြီးက ဒီမိကျောင်းဖြူရုပ်လေးကို ပေးတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ခါမှာ စကားအဆန်းတွေကို ပြောနေသေးတယ် ဖေဖေရဲ့၊ သားလည်း ဖေဖေနှင့်မေမေ့ကို ပြန်ပြောပြမလို့ပါ”

“ဟင်.. ဘာ[illegible]စကားအဆန်းမျိုးလဲ.. သား”

ဒေါ်မြတ်သီက စိတ်ဝင်စားသွားပြီး မေးလိုက်လေသည်။

“ဟုတ်ကဲ့.. ဒီလိုပါမေမေ”

မင်းရဲစည်သူသည် ဤကဲ့သို့ ဇာတ်ကြောင်းပြန်ပြီးပြောပြလေသည်။

➤➤➤➤➤

မင်းရဲစည်သူသည် ရန်ကုန်ယူနီဗာစီတီတက္ကသိုလ်သို့ တက်ရောက်ရန် တက္ကသိုလ်အင်းထရင့်(စ်)စာမေးပွဲကို အောင်မြင်ခဲ့သည်။ သို့သော် ဖခင်ဖြစ်သူဦးနန်းကို၏ မိတ်ဆွေတစ်ဦးက အိန္ဒိယရှိ ကာလကတ္တားတက္ကသိုလ်တွင် မင်းရဲစည်သူကို တက်ရောက်ရန် စကားကမ်းလှမ်းသည်။ မင်းရဲစည်သူက စိတ်ဝင်စားသွားသည်။

မိခင်ဒေါ်မြတ်သီက သားကိုမခွဲလိုသော်လည်း နောက်ဆုံးတော့ လိုက်လျောခဲ့ရလေသည်။

မင်းရဲစည်သူသည် အိန္ဒိယတွင် ကျောင်းစာများကို စိတ်ပါဝင်စားစွာဖြင့် သင်ကြားသည်။ အထူးသဖြင့် ဘူမိဗေဒ





ပညာရပ်နှင့်ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်ထိန်းသိမ်းသည့် ပြတိုက်ပညာရပ်များကိုလည်း လေ့လာသင်ကြားခဲ့လေသည်။

မင်းရဲစည်သူအိန္ဒိယကိုရောက်သွားသောအချိန်သည် ဆောင်းတွင်းကာလကြီးဖြစ်သည်။ တိုင်းတစ်ပါးတွင်နေရသော်လည်း ဖခင်ကြီး၏မိတ်ဆွေကြီး ဦးခင်မောင်ကြီးက လိုလေသေးမရှိအောင် ထောက်ပံ့မှုကြောင့် ပြည့်စုံစွာဖြင့် နေနေရလေသည်။

သို့သော် မင်းရဲစည်သူသည် သူတစ်ဖက်သားကို အားနာတတ်သူဖြစ်၍ ဦးခင်မောင်ကြီး၏အိမ်မှာမနေပဲ ကျောင်းသားများအတွက် သီးခြားထားရှိသော အဆောင်မှာသာ နေလေသည်။ သူသည် ကျောင်းနှင့်အဆောင်၊ ပြတိုက်သုံးဌာန သာ သွားလာလျက်ရှိသည်။ အားလပ်ရက်များတွင် အခြင်သို့ထွက်ပြီး လည်ပတ်တတ်သည့်အကျင့်လည်း မရှိပေ။

တစ်နေ့ အားလပ်ရက်တွင် ထူထဲသော လောင်းကုတ်အကျီကြီးကိုဝတ်ကာ သင်ကြားပြီးခဲ့သော ဘာသာရပ်များကို လေ့လာနေစဉ် ဆာဒူးကြီးတင်ဦးသည် ကျောင်းဝင်ပြင်ပမှာ ရပ်နေလျက်ရှိသည်ကို တွေ့လိုက်ရလေသည်။ ဆာဒူးကြီးကို မင်းရဲစည်သူစိတ်ဝင်စားသွားခဲ့သည်။

“ဆာဒူးကြီးပါလား၊ အအေးဒဏ်ကိုလည်း ခံစားနေရပါတယ်၊ ဆာလောင်မွတ်သိပ်မှုဒဏ်ကိုလည်း ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com

တယ်တူပါရဲ့"

စာနာစိတ်များ ဖြစ်ပေါ်လာပြီး လိုအပ်သည့် ပစ္စည်းများနှင့်အစားအစာများကို ယူဆောင်ကာ အောက်ကို ဆင်းသွားခဲ့လေသည်။ တံခါးစောင့်ဒရဝမ်ကို အကျိုးအကြောင်းပြောပြပြီး တံခါးကို ဖွင့်ခိုင်းသည်။ ဒရဝမ်လေးကလည်း သဘောကောင်းသူမို့ ဖွင့်ပေးလိုက်လေသည်။

မင်းရဲစည်သူသည် ဆာဒူးကြီးဆီကိုပြေးသွားပြီး. . ။

"ဘာဘာ. . ဟောဒီစောင်ကိုယူပါ၊ ဘာဘာသိပ်ချမ်းနေပြီမဟုတ်လား"

သူကောင်းစွာ တတ်မြောက်နေပြီဖြစ်သော ဟိန္ဒူဘာသာစကားဖြင့် ပြောလိုက်သည်။ ဆာဒူးကြီး၏ ကိုယ်ပေါ်မှာအောက်ပိုင်းတွင် နံငယ်ပိုင်းတစ်ခု ရစ်ပတ်ထားသည်ကလွဲပြီး အပေါ်ပိုင်းမှာ ဘာမှမရှိပါ။

"ကျွန်တော်ငှက်ပျောသီးလည်း ယူလာပါတယ်ခင်ဗျာ၊ ဘာဘာကြီးဆာနေတယ်မဟုတ်လား၊ စားပါ"

ထိုအခါ ဆာဒူးဘာဘာသည် မင်းရဲစည်သူ၏လက်ထဲမှ စောင်ကိုယူကာ ကိုယ်ပေါ်မှာ လွှမ်းခြုံလိုက်သည်။ ငှက်ပျောသီးကိုလည်းယူကာ သူ့ရှေ့မှာပင်လျှင် ဖြုတ်ပြီးစားလေသည်။ ထိုနောက် ဆာဒူးကြီးက ညာလက်ကို မင်းရဲစည်သူအားလှမ်းပေးပြီး ကိုင်စေသည်။

မင်းရဲစည်သူက လက်မောင်းကို ကိုင်ကြည့်လိုက်၏။





အံ့အားသင့်သွားခဲ့ရလေသည်။ လက်သည် အေးစက်မနေပဲနွေးနေသောကြောင့်ပင်။ ထိုနောက် စောင်အောက်မှ ဆာဒူးကြီး၏ လက်မောင်းနှင့်ရင်ဘတ်စသည်တို့ကို စမ်းကြည့်သည်။ နွေးထွေးလျက်ရှိသည်ကိုတွေ့ရလေသည်။

အိန္ဒိယ၏ ရာသီဥတုသည် အေးပြီဆိုလျှင် ရက်ရက်စက်စက်ပင်အေးသည်။ ရေခဲမတတ်အေးသည်။ မင်းရဲစည်သူပင်လျှင် သူတော်စင်ကြီးနှင့်စကားပြောနေစဉ် အခိုက်အတန့်မှာ အအေးဒဏ်ကို ခံစားနေရလေပြီ။

ဆာဒူးကြီးဘာဘာသည် ငှက်ပျောသီးနှစ်လုံးကို ဖြုတ်စားသည်။ ကျန်သည့် ငှက်ပျောသီးအဖီးလိုက်ကို ဘယ်လက်မှာကိုင်ထားသည်။ ညာလက်က စောင်ခြုံအောက်မှ ထွက်လာခဲ့သည်။

မိကျောင်းဖြူရုပ်လေးတစ်ရုပ်ပင်။ မင်းရဲစည်သူအံ့အားသင့်သွားခဲ့ရပြန်သည်။ ဆာဒူးကြီးသည် စောင်ကို မခြုံထားမီက ကိုယ်ပေါ်မှာ မည်သည့်ပစ္စည်းကိုမှ မတွေ့ရှိခဲ့ပါ။ မိကျောင်းရုပ်လေးကိုလည်း မတွေ့ရပါ။ ယခု မိကျောင်းဖြူရုပ်လေးသည် လက်ထဲမှာ ရောက်ရှိနေခဲ့သည်။ ပဉ္စလက်ပညာဖြင့် ပြလိုက်သလိုပင်။ စကားမပြောဘူးဟုထင်ရသော သူတော်စင်ကြီးက ဟိန္ဒူဘာသာဖြင့် ဤသို့ပြောဆိုလေသည်။

"သား. . ဒီမိကျောင်းရုပ်လေးကိုယူထား၊ ဒီအရုပ်လေးဟာ မင်းဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ မင်းအတွက်ဒီမိကျောင်း


www.burmeseclassic.com

www.burmeseclassic.com

ရုပ်လေးဟာ ခွန်အားသတ္တိပေးပြီး ကူညီခဲ့တယ်၊ မင်းဟာ မကြာမီအချိန်အတွင်းမှာ ခရီးရှည်ကြီးတစ်ခုကို ထွက်ရလိမ့်မယ်၊ ဘာကြောင့် ခရီးထွက်ရသလဲဆိုတာ မင်းဘာသာမင်း သိလာခဲ့လိမ့်မယ်"

ဆာဒူးကြီးသည် မင်းရဲစည်သူကို တိုတောင်းသော စကားတစ်ခွန်းပြောပြီးသည်နဲ့ မိကျောင်းဖြူရုပ်လေးကို လက်ထဲထည့်ကာ လှည့်ထွက်သွားခဲ့လေသည်။ ဆာဒူးကြီး၏သဏ္ဌာန်သည် နှင်းတောထဲမှာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့လေသည်။

➤➤➤➤➤





"ဒါပေမယ့် ဝေဝေရေ၊ ဗမာသွေးဟာ ရှိပြီးသားပါ၊ ဒီကုလားပြူတွေဟာ တစ်နေ့ကျရင် ဒီနိုင်ငံက မောင်းထုတ်ခံရမှာပါ၊ ကိုယ့်တိုင်းပြည်ကို တိုင်းတပါးက မတရားကျူးကျော်သိမ်းပိုက်တာကို ဘယ်သူမှ လက်မခံကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း–(၃)

### ပထမအိပ်မက်

"ကျွန်တော်. . ဒီမိကျောင်းဖြူရုပ်လေးကို ရလာခဲ့တဲ့ အကြောင်းရင်းကတော့ အဲဒီအတိုင်းပါပဲ၊ ဆာဒူးကြီးဟာ ဘယ်လိုအကြောင်းကြောင့် ပေးခဲ့သလဲဆိုတာကိုတော့ နားမလည်ခဲ့ပါဘူး. . ဖေဖေ"

မင်းရဲစည်သူသည် အဖြစ်အပျက်ကို အတိုချုံးကာ ရှင်းပြလိုက်လေသည်။ ဦးနန်းကိုကတော့ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေခဲ့ပြီး. . .။

"သားပြောခဲ့တဲ့အတိုင်းဆိုရင်တော့ သူတော်စင်ဆာဒူးကြီးတွေ၊ ဖကီးကြီးတွေဟာ ထူးခြားတဲ့ စိတ်စွမ်းအင်တွေရှိ





ကြတယ်၊ သားအတွက် သူတို့ရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့တဲ့ အကြောင်းတစ်ခုခုကြောင့် ဒီမိကျောင်းရုပ်လေးကို ပေးခဲ့တာဖြစ်မှာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ သားအမှတ်တရအနေနဲ့ သိမ်းထားလိုက်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့. . ဖေဖေ"

ဒေါ်မြတ်သီကတော့ ဒီမိကျောင်းဖြူရုပ်လေးက သားဖြစ်သူ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်ကာလများနှင့်ဆက်စပ်ပြီး နေသလားဟု စဉ်းစားမိနေဆဲ။

မင်းရဲစည်သူသည် မိကျောင်းဖြူရုပ်လေးကို အိပ်ယာဘေးရှိ မှန်ဘီရိုထဲမှာ ကတ္တီပါစအခင်းလေးဖြင့် တယုတယပင် သိမ်းဆည်းထားသည်။ အိပ်ယာထက်မှ လှမ်းကြည့်လျှင် မြင်နေရလေသည်။

သူသည် ရှေးဟောင်းပစ္စည်းများကို မြတ်နိုးသူတစ်ဦးဖြစ်သည်။ အထူးသဖြင့် မင်းညီမင်းသား၊ ဘုရင်၊ မိဖုရား၊ နန်းတော်နန်းစားနှင့်ရုပ်ပုံကားချပ်များကို ရှာဖွေပြီး စုဆောင်းတတ်သည်။

ရုပ်တုများ၊ ပုရပိုဒ်မှာ ရေးဆွဲထားသော ပန်းချီလက်ရာများကို ရှေးဟောင်းပစ္စည်းများ ရောင်းချသော ဆိုင်များမှလည်းကောင်း၊ အခြားသူ တစ်ဦးဦးထံမှလည်းကောင်း၊ ဈေးကောင်းပေး၍ မရမကဝယ်ယူတတ်လေသည်။

"သား. . ရှေးဟောင်းလက်ရာပစ္စည်းတွေကိုဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒီလောက်တောင် ကြိုက်နှစ်သက်ရတာလဲကွယ်”

“ဒီလိုပါ. . ဖေဖေ၊ ကျွန်တော်တို့က မြန်မာတွေ မဟုတ်လား၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ယဉ်ကျေးမှုရှိတဲ့ တိုင်းပြည်ပါ၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ ဝင့်ထည်စွာ နေထိုင်ခဲ့ကြတဲ့ ရှေးဘုရင်တွေကို လေးစားတာလည်းပါတယ်လေ”

“သားက မျိုးချစ်စိတ်ဓာတ်ရှိသူပဲ၊ ဒီလိုစိတ်ဓာတ်မျိုးရှိတာ ဝမ်းသာတယ်သား၊ ခုဆိုရင် အရှင်နှစ်ပါး ပါတော်မူသွားခဲ့တာ အနှစ်နှစ်ဆယ်ရှိသွားပြီ၊ ထီးသုဉ်းနန်းသုဉ်းဘဝရောက်ခဲ့ရတာ ဘယ်လောက်ရင်နာစရာ ကောင်းသလဲကွယ်၊ လွမ်းဆွတ်စရာ၊ ကြေကွဲစရာလည်းကောင်းတယ်၊ မြန်မာလူမျိုးတွေဟာ တစ်ပါးကျွန်ဘဝကို တစ်နေ့ရောက်ရလိမ့်မယ်လို့ ကြိုပြီးသိခဲ့ကြတာမှမဟုတ်တာ၊ ဒီကုလားဖြူတွေဟာ ဖေဖေတို့ရဲ့တိုင်းပြည်ကို မတရားသိမ်းပိုက်ခဲ့ပေမယ့် စိတ်ဓာတ်ကိုတော့မသိမ်းပိုက်နိုင်ပါဘူးလေ၊ သားဟာ ကိုယ့်အသက်အရွယ်နဲ့ရှေးက ဘိုးဘေးမြန်မာတွေ၊ ရှေးမြန်မာကြီးတွေကိုချစ်တာ ဂုဏ်ယူစရာပေါ့ကွယ်”

“ဒါပေမယ့် ဖေဖေရာ၊ မြန်မာသွေးဟာ နီပြီးသားပါ၊ ဒီကုလားဖြူတွေဟာ တစ်နေ့ကျရင် ဒီနိုင်ငံက မောင်းထုတ်ခံရမှာပါ၊ ကိုယ့်တိုင်းပြည်ကို တိုင်းတပါးက မတရားကျူးကျော်သိမ်းပိုက်တာကို ဘယ်သူမှ လက်မခံကြပါဘူး”

ဦးနန်းကိုသည် သားမင်းရဲစည်သူ၏စကားကို ကြား





လိုက်ရသောအခါ လွန်စွာမှ အံ့အားသင့်သွားခဲ့ရလေသည်။ သူ့အသက်သည် နှစ်ဆယ်ပင်မပြည့်သေး။ သူ့အရွယ်နှင့်အပျော်အပါးကို စိတ်မဝင်စားပဲ၊ တိုင်းရေးပြည်ရေးကိစ္စနယ်ချဲ့မျက်နှာဖြူ (ကုလားဖြူ)တို့အတွက် တော်လှန်ရေးကိစ္စများကိုစိတ်ဝင်စားနေခဲ့သည်မှာ စဉ်းစားစရာပဲမဟုတ်ပါလား။

ထို့အပြင် မိမိသင်လိုတတ်လိုသော ပညာများလည်းတိုင်းတပါးမှာ သွားရောက်သင်ယူခဲ့သည့် ခေတ်ပညာတတ်အဖိုးတန်လူငယ်လေးတစ်ယောက် ဖြစ်နေပြန်သည်။ တကယ်တော့ မင်းရဲစည်သူ အိန္ဒိယတွင် ဘူမိဗေဒပညာရပ်နှင့်ရှေးဟောင်းပစ္စည်းများကို သီးခြားလေ့လာသင်ကြားကာ မှတ်တမ်းပြုစုခဲ့ခြင်း၊ ကျောင်းနှင့်မပတ်သက်သော ပညာရပ်များကို ပြင်ပဆရာများနှင့်ဆက်သွယ်ကာ သင်ကြားခဲ့ခြင်းက အကြောင်းရှိခဲ့ပေသည်။

မိမိကို တိုက်တွန်းအားပေးသော သူများရှိနေသောကြောင့်ပင်။ ထိုသူများသည် ရံဖန်ရံခါ မိမိ၏ စိတ်အတွေးမှာသော်လည်းကောင်း၊ အိပ်မက်ထဲမှာသော်လည်းကောင်း ပေါ်လာတတ်ကြသည်။

သက်ရှိသတ္တဝါတိုင်း အိပ်မက်မက်တတ်ကြပါသည်။ တိရစ္ဆာန်များပင်လျှင် အိပ်မက်မက်တတ်ကြသည်။ အိပ်မက်ကို တားဆီး၍မရ။

ထို့အပြင် စိတ်ကိုလည်း ဖမ်း၍မရ။ စိတ်၏လွင့်ပျော



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို တားဆီး၍မရ။ ချုပ်ကိုင်၍မရ။ တစ်ခါတစ်ရံတွင် မိမိ၏ စိတ်သဏ္ဍာန်ထဲကို ထူးခြားသော အကြောင်းအရာများ၊ ထူးဆန်းသော အတွေးများဝင်ရောက်လာတတ်ကြသည်။ ထို အကြောင်းအရာများ၊ အတွေးများသည် မိမိ၏ဘဝကို ပုံဖော်ပေးသူ၊ လမ်းညွှန်ပေးသူများအဖြစ်သို့ ပြောင်းလဲသွားတတ်ပါသည်။

မင်းရဲစည်သူသည် ငယ်စဉ်ကတည်းကပင်လျှင် မိမိဘဝအတွက် စေစားမှု၊ (အမိန့်ပေးစေခိုင်းမှုမျိုးမဟုတ်) များကို ကြုံတွေ့လာခဲ့ရသည်။ တစ်ရက်တွင်. . . ။

➤➤➤➤➤

တစ်ရက်တွင် မင်းရဲစည်သူသည် အိပ်ယာထက်မှာ အိပ်မောကျနေလျက်ရှိသည်။ မီးလင်းနေလျှင် အိပ်မရ။ ထို့ကြောင့် အခန်းမီးများကို ပိတ်ထားရသည်။ နှစ်ခြိုက်စွာ အိပ်မောကျနေစဉ်တွင် အခန်းက မှောင်နေသော်လည်း မျက်လုံးတွေထဲမှာ အလင်းဓာတ်တစ်ခုက ကြီးစိုးလာခဲ့သည်။ ပတ်ဝန်းကျင်တစ်ခုကို မြင်တွေ့လာခဲ့ရသည်။

တောတောင်ထဲကို သူရောက်နေခဲ့သည်။ မိုးပေါ်က ကျလာသလို၊ မြေပြင်ကိုပဲ ခွဲပြီးထွက်လာခဲ့ရသလို ရောက်နေခြင်းပဲဖြစ်သည်။ သူတစ်ခါမှ မမြင်ဖူးသော အစိမ်းသက်သက်





ပတ်ဝန်းကျင်။ စိမ်းညို့သော တောင်ကြီးတွေကို သူမြင်ရ၏။ မြေပြင်ကိုလည်း မြင်ရသည်။

လွန်စွာမှ တိတ်ဆိတ်နေသောကြောင့် သူတစ်ယောက်တည်းပဲ ရှိနေသလားဟုတွေးပြီး အားငယ်စိတ်တွေ ဝင်လာခဲ့ရသည်။ သို့သော် မကြာမီမှာပင် သူတစ်ယောက်တည်းမဟုတ် အခြားသော သက်ရှိသတ္တဝါတစ်ဦးဦးရှိနေသေးသည်ဟူသော အတွေးမျိုးဝင်လာခဲ့လေသည်။

“ငါအားငယ်စရာမလိုဘူး၊ ငါ့ကို အားပေးကူညီမယ့်သူရှိနေတယ်”

စိတ်ထဲမှာ ယုံကြည်စွာပင် လက်ခံမိလိုက်သည်။ မကြာမီမှာပင် ခြေသံတဖွတ်ဖွတ်နဲ့လျှောက်လာသံကိုကြားလိုက်ရသည်။

နောက်ကို လှည့်ကြည့်လိုက်မိသောအခါ လွန်စွာမှ ခန့်ညားသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေသည်။ ကျက်သရေရှိသော အပြုံးဖြင့် သူ့ဆီကို လျှောက်လာနေသည်။ သူသည်လည်း ထိုအမျိုးသမီးကို မြင်မိသည်နှင့် ခင်မင်လိုစိတ်များ တဖွားဖွားနဲ့ ဖြစ်ပေါ်လာခဲ့လေသည်။

“သားတော်လေး . ဒီနေရာကို စိမ်းနေသလား၊ မစိမ်းပါနဲ့၊ တစ်နေ့ကျရင် တကယ်ရောက်လာရမယ့်နေရာပါ၊ သေသေချာချာ မှတ်ထားနော်၊ ဒီနေရာ၊ ဒီဒေသဟာ သားတော်လေးနဲ့ သက်ဆိုင်နေတယ်၊ ပတ်သက်ခဲ့ဖူးတယ်ဆိုတာကို ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထားစမ်းပါ၊ ပညာသင်ကြားပြီး အတိုင်းအတာတစ်ခုကို ရောက်တဲ့အခါ တိုင်းတစ်ပါးမှာ အတိုင်းအတာတစ်ခုကိုရောက်တဲ့အခါ တိုင်းတစ်ပါးမှာ ပညာဆက်သင်ပါ၊ ကိုယ်ဘယ်ဘာသာရပ်ကို သင်ကြားရမယ်ဆိုတာ အလိုလိုသိလာရလိမ့်မယ်၊ မိမိဘဝနဲ့သက်ဆိုင်တဲ့ အတတ်ပညာပဲဖြစ်တယ်၊ မိမိအသုံးချရမှာပဲဖြစ်တယ်၊ သတိကြီးစွာနဲ့ ကောင်းစွာသင်ယူပါကွယ်"

"ဒီက အကြီးတော်က ဘယ်သူများလဲခင်ဗျာ"

မင်းရဲစည်သူကမေးလိုက်သည်။ ထိုအခါ အမျိုးသမီးကြီးသည် နှစ်လိုဖွယ်ရာ အပြုံးဖြင့် . . .။

"သားတော်လေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့သူပေါ့ကွယ်၊ ကဲ. . လာ၊ အကြီးတော်ကြီးပြစရာရှိတယ်"

မင်းရဲစည်သူကို လက်ဆွဲကာ ခေါ်သွားခဲ့သည်။ ရေစပ်ကိုရောက်လာသည်။ အောက်ကိုဆင်းသော ကျောက်လှေကားထစ်လေးများကိုတွေ့သည်။ တစ်လှမ်းချင်း ဆင်းသွားကြသည်။ လှေကားထစ်များ ဆုံးသွားသောအခါ ကျောက်တိုင်လေးတစ်ခုကို တွေ့လိုက်ရလေသည်။

ကျောက်တိုင်ထိပ်မှာ နေစကြာပုံသဏ္ဍာန် အပြားဝိုင်းလေးကို တွေ့လိုက်ရသည်။ ထိုအပြားဝိုင်းလေးသည် ကပ်ထားသလား၊ ထွင်းထုထားသလားဆိုသည်ကို မသိရပါ။

"ဟောဒီမှာကြည့်ဦး. . သားတော်"

သူမသည် တိုင်အောက်ခြေကို လက်သည်းဖြင့် မြေ





သားများကို ပယ်ရှားကာ ပြလိုက်သေးသည်။ နေစကြာပုံအပြားဝိုင်းလေးတွေတချို့ကို တွေ့လိုက်ရပြန်သည်။

"ဒါတွေကိုသိထားတော့ ကျွန်တော်ဘာလုပ်ရမှာလဲ"

"တစ်နေ့ကျရင် ပတ်သက်လာရဦးမှာပေါ့ကွယ်၊ ကဲ. . ကဲ. . အကြီးတော်ပြတာကို သားတော်လေး သေသေချာချာမှတ်ထားပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဆိုရင် ပြန်ပေဦးတော့ကွယ်၊ အချိန်ဆိုတာ တန်ဖိုးရှိတယ်၊ ကိုယ်ကနိုင်ရတယ်၊ ကိုယ့်ကို အချိန်က မနိုင်စေရဘူး၊ ပြန်ပေဦးတော့"

ထိုသို့ပြောလိုက်သည်နှင့် တခဏအတွင်းမှာပင် မြင်ကွင်းအားလုံးက မှောင်အတိခြားသွားခဲ့သည်။ အိပ်ယာကနိုးလာသောအခါ မိုးလင်းလျက်ရှိနေလေပြီ။

အိပ်ယာနိုးနိုးချင်း မိမိပတ်ဝန်းကျင်ကို အလျင်စလိုသုည့်ပတ်ပြီးတော့ ကြည့်မိလိုက်သည်။ သူရောက်ခဲ့သော ပတ်ဝန်းကျင်၊ တောတောင်သဘာဝတို့ ပျောက်ကွယ်သွားသည်။ သူ့ကို စကားသေချာစွာပြောခဲ့သည့် အမျိုးသမီးကိုလည်း အမှတ်ရရရှိနေခဲ့သည်။ မိမိအနားမှာ ရှိနေခဲ့သလို ခံစားနေရ၏။

"ငါအိပ်မက်မက်ခဲ့တာပဲ ဒါပေမယ့် အဲဒီနေရာကို ငါကိုယ်တိုင်ရောက်သွားသလိုပဲ"

သို့သော် မင်းရဲစည်သူအတွက် ပထမအိပ်မက်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအိပ်မက်မှ အစပြုပြီး သူ၏ဘဝတွင် ထူးခြားချက်များက တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့လေတော့သည်။



"မင်းရဲ့စည်သူ...မင်းရဲ့စည်သူ၊ သိပ်လှတဲ့ နာမည်လေးပဲ၊ ထူးခြားမှုလည်းရှိတယ်၊ ဘဝနဲ့ရုပ်ရည်လေးနဲ့လည်း လိုက်တယ်၊ အဓိပ္ပါယ်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၅)

## ပုတီးပေးတဲ့ဖဖကြီး

မင်းရဲစည်သူ၏ အမည်သည် ထူးခြားနေသလို ရုပ်ရည်ကလည်း ထူးခြားသည်။ မြန်မာဆန်ဆန်ဝတ်လည်း ကြည့်ကောင်းသလို၊ အနောက်တိုင်းဝတ်စုံနဲ့ဆိုလျှင်လည်း (ထိုခေတ်အခါက အသုံးအနှုန်းအရ) လွန်စွာမှ စမတ်ကျသော လူငယ်လေးတစ်ယောက်ပင်ဖြစ်သည်။

ပင်ကိုယ်အပြုံးနဲ့ အေးဆေးစွာနေတက်သော်လည်း စိတ်ဓာတ်ကတော့ မာလျှင်သံချောင်း ပျော့လျှင်ဖယောင်းဖြစ်သည်။ ဦးနန်းကိုသည် သားဖြစ်သူကို အပေါင်းအသင်းမထားသောကြောင့် အားမရဖြစ်ခဲ့သည်။





"လူဆိုတာ မိတ်ဆွေအပေါင်းအသင်းရှိရတယ်ကွယ့်၊ ဒီဘ်ကောင်းဆွေကောင်းတွေထားရတယ်၊ ဒါမှ အကြံကောင်းဉာဏ်ကောင်းတွေရနိုင်တယ်"

"ဖေဖေပြောတာ မှန်ပါတယ်၊ သားမှာ တိုင်ပင်စရာ ဖေဖေနှင့်မေမေတို့ ရှိနေပြီပဲ"

"ဒါတော့ ဒါပေါ့သားရယ်၊ ဒါပေမယ့် အပြင်က မိတ်ဆွေအပေါင်းအသင်းတွေလည်း ရှိထားရမယ်လေ၊ ဒါမှလည်း လူတောထဲကို ကောင်းကောင်းဝင်ဆန့်မှာပေါ့"

"အချိန်တန်ရင်တော့ သားမှာ မိတ်ဆွေတစ်ယောက်ယောက်တော့ ရှိလာမှာပေါ့လေ၊ မိတ်ကောင်းဆွေကောင်းဆိုတာရှားတယ်၊ သားကတော့ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ကိုပဲ တိုင်ပင်ဆွေးနွေးတယ်၊ ဒါမှ လွတ်လွတ်လပ်လပ်ရှိတယ်၊ မိတ်ဆွေဆိုတာက သူ့အမြင်၊ ကိုယ့်အမြင် မတူကြဘူးလေ (ကိုယ်မှန်တယ်ထင်တဲ့ ဆုံးဖြတ်ချက်တစ်ခုဟာ အဲဒီမိတ်ဆွေဆိုတဲ့သူရဲ့အယူအဆကြောင့် လွဲမှားသွားနိုင်တယ်")

မင်းရဲစည်သူ၏ လက်ခံထားသော အယူအဆက တဖက်သတ်ဆန်သည်။ (တကယ်တော့ ကိုယ်ပိုင်တွေးပြီး မိမိဘာသာ ဆုံးဖြတ်ရခြင်းကိုသာ သဘောကျနှစ်မြို့က်ဟန်တူသည်)၊

သာသာရေးကိုလည်း ရိုသေကိုင်းရှိုင်းသူဖြစ်သည်။ တစ်ပတ်တစ်ခါ ရွှေတိဂုံဘုရားပေါ် ကို မှန်မှန်တက်သည်။ မိဘနှစ်ပါးနှင့်အတူတူ သွားသည်လည်းရှိသည်။ နောက်တော့ မိမိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းသာ သွားခဲ့လေသည်။ ဒေါ်မြတ်သီက မိမိ၏သား ကိုစိတ်မချ။

"သားရဲ့ စိတ်ကူးစိတ်သန်းက သူများနဲ့မတူဘူး၊ တစ်ယောက်တည်း သွားလာတာမျိုးကို သီလက်မခံချင်ဘူး၊ တစ်နေရာရာမှာ လွဲမှားမှုတွေ ဖြစ်လာနိုင်တယ်"

"သီကလည်း ဒီလိုမရေရာတဲ့ တစ်ဖက်သတ်အတွေးမျိုးတွေကို ဘာဖြစ်လို့ တွေးနေရတာလဲ၊ သားဟာ အရွယ်နဲ့ မလိုက်တဲ့ ထက်မြက်မှု၊ စိတ်ကူးဉာဏ်ကောင်းခြင်း၊ မိမိရဲ့ တိုးတက်မှုကို ရှာဖွေနိုင်တဲ့ အရည်အချင်းတွေ ရှိပြီးသားပါ၊ သီက အဲဒီအချက်တွေကို တလွဲတွေးပြီး ပူပန်နေတာကိုး"

"မဟုတ်ဘူး. . ကိုး သီက သားရဲ့ အရည်အချင်းတွေကို သံသယဖြစ်စရာအကြောင်းမရှိဘူး၊ သိ. . သားကို ပူပန်နေတာက တစ်ခြားကိစ္စ၊ သားဟာ တစ်နေ့နေ့မှာ သိတို့ဆီက ခွဲထွက်သွားနိုင်တယ်လို့ အလိုလိုထင်နေမိတာ၊ အဲဒီလိုသာ ဖြစ်သွားခဲ့ရင် သီရင်ကျိုးမှာပဲ"

"သားက ကိုယ်တို့ကို ခွဲထွက်သွားနိုင်တယ် ဟုတ်လား။ ဘယ်လိုအကြောင်းနဲ့ သီက ဒီလိုအတတ်ပြောနိုင်တာလဲ"

"အဲ. . အဲဒါတော့ သီလည်း မရှင်းပြတတ်ဘူး၊ စိတ်ထဲက အလိုလိုထင်နေတာ၊ သားအိန္ဒိယမှာ ပညာသွားသင်ခဲ့စဉ်က ပါလာခဲ့တဲ့ မိကျောင်းဖြူရုပ်လေးရယ်၊ သားအိပ်မက်ထဲက အကြောင်းတွေဟာ တနည်းနည်းနဲ့ ဆက်သွယ်မှုရှိနေ





သလား၊ ပြီးတော့ သားဟာ တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ၊ သူ့ရင်ထဲမှာ ချန်ထားတာရှိနေတယ်၊ အဲဒါကို သီတို့ဘာမှမသိနေသေးဘူး"

"ဒီမိကျောင်းဖြူရုပ်လေးနဲ့ အိပ်မက်က ဘယ်လိုဆက်စပ်မှုရှိနေမှာလဲ၊ သပ်သပ်စီပါ၊ သားမှာ ဘာလျှို့ဝှက်ချက်မှမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် မိဘကို ဖွင့်ပြောတတ်တာ သီလည်းသိသားနဲ့၊ ကဲ. . သီအခြေအမြစ်မရှိတာတွေကို လျှောက်ပြီးတွေးနေနဲ့၊ စိတ်မချမ်းမသာဖြစ်လာရင် ကုရခက်တယ်၊ သီ့သားကို ချစ်လွန်းလို့ ဒီလိုပူပန်စိတ်မျိုးတွေ ဝင်လာခဲ့ရတာ၊ သားဟာ ကိုယ်တို့ရဲ့ အသိုင်းအဝိုင်းထဲက ဘယ်တော့မှ ခွဲထွက်မသွားနိုင်ဘူးဆိုတာ ယုံပါ"

ဦးနန်းကိုလည်း ဇနီးမြတ်သီကို နှစ်သိမ့်စကားဆိုလိုက်လေသည်။

"ဟုတ်မှာပါလေ သီကိုယ်တိုင်က သားအပေါ်မှာ အ[illegible]လွန်နေတာဖြစ်မှာပါ၊ တတ်နိုင်ရင် သီက သားကိုတောင် အလုပ်လုပ်ခိုင်းချင်တာ မဟုတ်ဘူး၊ မျက်စိအောက်ကကို အ[illegible]မခံချင်တာ၊ နိုင်ငံခြားသွားပြီး ပညာသင်တုန်းကလည်း [illegible] ဘယ်လောက် လွမ်းရတယ်မှတ်လဲ"

"ဒါကတော့ သီရဲ့ ချမ်းသာသမျှ ဆယ်သက်စား[illegible]ဘူးပဲထား၊ သားအတွက်ပဲလို့ဆိုချင်ဆို၊ ဥစ္စာနေ့ချမ်းသာ[illegible] ပညာမတတ်လို့ ဘယ်ဖြစ်မလဲ၊ ဒီပစ္စည်းတွေကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းမလဲ၊ တစ်ခုပညာကိုယ်စီပါဆိုတဲ့ စကားလည်းရှိသေးတယ်လေ၊ သားပညာမတတ်ရင် လူညွန့်တုံးသွားမှာပေါ့သီရဲ့"

"ကိုပြောတာ မှန်ပါတယ်၊ သီလည်း တဖြည်းဖြည်းနဲ့ သဘောပေါက်လာခဲ့ပါပြီ၊ ပညာမတတ်ရင် လူရာဘယ်ဝင်မလဲနော်"

"သီသဘောပေါက်လာတဲ့အတွက် ကိုလည်းဝမ်းသာပါတယ်ကွယ်"

သူတို့ဇနီးမောင်နှံသည် အသက်လေးဆယ်ပင် မပြည့်ကြသေးပါ။ မမြတ်သီက ပညာ၊ ဥစ္စာ၊ ဓနဂုဏ်ကြောင့်သာ ဖေါ်တပ်ပြီး အခေါ်ခံရခြင်းသာဖြစ်သည်။ မိုးကုတ်ကျောက်တွင်းသူဌေးကြီး ဦးမြတ်ကောင်းထိုက်၏ သမီးဖြစ်လေသည်။

ဦးနန်းကိုလည်း သမ္မာသမာဓိရှိခြင်း၊ဘိလပ်(အင်္ဂလန်)ပြန် ပညာတတ်တစ်ဦးဖြစ်ခြင်း၊ ရိုးဂုဏ်တို့ကြောင့် မမြတ်သီ၏ မိဘများက လိုလားစွာဖြင့် လက်ထပ်ပေးခဲ့ခြင်းပင်ဖြစ်၏။

မမြတ်သီကို မျိုးရိုးထဲတွင် ပညာတတ်ရှားသည်။ ယင်းခေတ်ကာလများဆီက ပညာတော်သင်တစ်ဦးအဖြစ် နိုင်ငံခြားသို့ အပို့ခံရလျှင် အိုင်ယာလန်ထိပေါက်သည်ထက်ပင် ကံထူးသူဖြစ်သည်။ ဦးနန်းကိုနှင့်မမြတ်သီတို့သည်လည်း ရန်ကုန်မှာ ဆုံမိကြပြီး ချစ်သူများ ဖြစ်သွားခဲ့ကြလေသည်။





တစ်ရက်တွင် ညနေစောင်းအချိန်လေးတစ်ခု၊ ရွှေတိဂုံစေတီတော်၏ တောင်ဘက်မုခ် စောင်းတန်းအတိုင်း တက်လာသူတစ်ယောက်။ သူကတော့ မင်းရဲစည်သူ။ သူ၏မွေးနေ့ကြာသပတေးနေ့တိုင်းမှာ ရွှေတိဂုံစေတီတော်ဆီ တက်ရောက်ဦးမျှော်ပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်းများကို ကပ်လှူတတ်သည်။

မင်းရဲစည်သူကို မြင်တွေ့ကြရသူတိုင်းက သတိမထားမနေနိုင်ကြ။ သူ၏ တမူထူးခြားသော ရုပ်ရည်ကြောင့်ပင်ဖြစ်သည်။

အသက်ငယ်သော်လည်း သန့်ပြန့်ချောမောသည်။ မဘာဆန်သည့်နှဖူးရှိသည်။ စိမ်းညို့သော ပါးမြိုင်းမွှေးပါးပါးသင်သည်။ နှုတ်ခမ်းမွှေးရေးရေးရှိသည်။ မြင့်မားကြံ့ခိုင်သောအရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်ကြောင့် ယောကျ်ားပီသသည်။ အားကိုးအားထားပြုလောက်သူဖြစ်သည်။

သူသည် မိခင်၏မွေးနံ့ထောင့်တွင် ရှေးဦးစွာ ဆီမီးအမွှေးနံ့သာများပူဇော်ကာ ဆင်းတုတော်အား ရေသပ္ပါယ်လေသည်။ ထို့နောက် ရိုသေစွာဖြင့်ထိုင်ကာ ဘုရားရှိခိုးလေသည်။ ကိုသိုလ်ဒါနပြုခဲ့သည်များကို ရည်မှန်းကာ ဝေနေယျသတ္တဝါအပေါင်းတို့ကို အမျှအတန်းပေးဝေသည်။

"ကျွန်ုပ်ပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို ရည်စူး၍သော်လည်းကောင်း၊ ယခုပြုသော



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တစ်ခုခုကို သော်လည်းကောင်း ရည်စူးပြီး အားလုံး သော ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှအတန်းပေးဝေ ပါ၏။ ကျွန်ုပ်နှင့်ထပ်တူ ကုသိုလ်ရကြပါစေ။ မလွတ်မကျွတ် ကြသေးသော ပုဂ္ဂိုလ်များလည်း ကျွတ်တန်းဝင်ကာ ကောင်း ရာသုဂတိသို့ လားကြပါစေ၊ အားလုံးကြားကြားသမျှ အမျှ. . အမျှ. . အမျှယူတော်မူကြပါကုန်သော် သာဓု. . သာဓု. . သာ ဓု"

"သာဓု. . သာဓု. . သာဓု"

ထိုစဉ် မလှမ်းမကမ်းဆီမှ သာဓုခေါ်သံကိုလည်း အ မှတ်မထင် ကြားလိုက်ရလေသည်။ စိတ်ထဲမှာတော့ ဩော်. . မိမိအမျှဝေသံကို ကြားလိုက်ရသူတစ်ဦးတစ်ယောက်ရဲ့ ကြည် နူးစွာဖြင့် သာဓုခေါ်လိုက်သံပေပဲဟု ထင်မိလိုက်သည်။ ထို နောက် မိမိပြုနေကျအတိုင်း ပုတီးစိတ်ရန် တိုက်ပုံအကျႌထဲသို့ လက်နှိုက်လိုက်သောအခါ. . .။

"ဟင်. . ပုတီးပါမလာခဲ့ဘူး၊ မေ့ကျန်ခဲ့ပြီ"

ပုတီးထည့်မလာမိခဲ့။ မိမိကိုယ်မိမိ အပြစ်တင်လိုက်မိ သည်။ ပုတီးပါမလာလျှင် ပုတီးစိတ်ဖြစ်မှာမဟုတ်တော့။ တစ် ပတ်တစ်ခါ ပြုမြဲကိစ္စ၊ ကုသိုလ်ယူနေကျ ဝတ္တရားတစ်ခုပျက် ပြယ်ရတော့မည်။ မချင့်မရဲဖြစ်သွားမိသည်။

"ပုတီးမေ့ကျန်ခဲ့လို့လား၊ ရော. . ဒီမှာ၊ ဒီပုတီးနဲ့စိပ်"

ကျောဘက်မှာ လာရပ်လာသော လူတစ်ယောက်။





အမျိုးသမီးတစ်ဦး၏ အသံပဲဖြစ်သည်။ လေသံကသာသည်။ ည့်သိမ်မွေ့သည်။ သြဇာထက်မြက်မှု၊ အသံစည်းရုံးမှုလည်း သည်။ ထူးခြားသော အမွှေးရနံ့တစ်မျိုးကိုလည်း မသိမသာ က်မိလိုက်သည်။ ထိုအမျိုးသမီးကို မမြင်ရသေးသော်လည်း ဒိုလိုပင် ကျေးဇူးတင်သွားမိသည်။

ထိုကြောင့် နောက်ကို လှည့်ကြည့်လိုက်မိသည်။ နေ မှလည်း ချက်ချင်းလိုလို ထရပ်မိလိုက်သည်။ အမျိုးသမီး င်ယောက်နဲ့ မျက်နှာချင်းဆိုင်မိသွားသည်။ မိုးချုပ်စပြုလာ ပြင်သည်။ မယောင်းတိုင်မီးရောင်အောက် ဆီမီးရောင်များ အောက်မှာ ထိုအမျိုးသမီး၏ ရုပ်သွင်ဆင်းလျာနဲ့ ကိုယ်နေဟန် းကို တွေ့လိုက်ရသည်။ အသက်သုံးဆယ်ဝန်းကျင်ခန့်ပဲရှိ ဦးမည်။ ရှည်လျားသော ဆံပင်များကို ကျောမှာ ဖြန့်ဝဲပြီး ထားသည်။ နုံ့သာရောင်ထဘီနှင့်အရောင်တူ အကျႌလက်စ ကို ဝတ်ဆင်ထားသည်။ ရင်စေ့အကျႌဖြစ်ပြီး ဇာအနားသတ် ထားသည်။ မျက်နှာလေးက ကြည်လင်သည်။ အသက်သုံး ဝန်းကျင်လောက်ပဲ ရှိလိမ့်ဦးမည်။ ဒို့ထက်တော့ ပိုဟန် ကူ

စောစောက အသံရှင်ပဲဖြစ်လိမ့်မည်။ ရုပ်နှင့်အသံနဲ့ ကိုက်သည်။ တောက်ရွှန်းသော မျက်ဝန်းတွေသည် မင်းရဲစည် ကို အရည်တလဲ့လဲ့ဖြင့်ကြည့်နေသည်။ ခင်မင်လိုလားမှုကို နေသည်။ ညာလက်မှာ ကိုင်ထားသော ပုတီးတစ်ကုံးသည်



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲစည်သူဆီကို လှမ်းလျှက်သား။

မင်းရဲစည်သူက ပုတီးကို လှမ်းယူလိုက်သည်။ ပုတီးကလည်း မွှေးသည်။ နံ့သာပုတီးပင်။

"ကျေးဇူးတင်ပါတယ်. . မမကြီး၊ ကျွန်တော်ပုတီးကို ဘယ်လိုမေ့ကျန်ခဲ့မှန်းမသိဘူး၊ ခါတိုင်း ဒီလိုမဖြစ်ပါဘူး၊ ခုတစ်ပတ်ကျမှဖြစ်တာ၊ အားနာလိုက်တာဗျာ"

မမကြီးဆိုသော အသုံးအနှုန်းကြောင့် ထိုအမျိုးသမီး၏မျက်နှာသည် ဖျတ်ကနဲဆို ပြောင်းလဲသွားသည်။

"မင်းထက် အများကြီးအသက်ကြီးတယ်ကွယ့်၊ ဒါပေမယ့် မင်းကြိုက်သလိုခေါ်ပါလေ"

"ဩော်. . ဟုတ်ကဲ့၊ ကျွန်တော်မှားသွားသလားမသိဘူး"

"မမှားပါဘူးကွယ်၊ ဒါမှားရမယ့်ကိစ္စမျိုးမှမဟုတ်တာ ယဉ်ယဉ်ရှယ်ရှယ်နဲ့ ဘာသာရေးကိုနားလည်တာ အားရစရာပဲပေါ့"

"စောစောက သာဓုခေါ်လိုက်တာ မမကြီးပဲလား"

"ဟုတ်တယ်ကွယ့်၊ အမျှပေးဝေတဲ့သူက ပေးဝေခဲ့ရင် သာဓုခေါ်မယ့်လူလည်း ရှိရမှာပေါ့၊ ကဲ. . ကဲ. . မင်းအဓိဋ္ဌာန် ပျက်နေပါဦးမယ်ကွယ်၊ ပုတီးစိပ်ချေတော့"

"ဟုတ်ကဲ့. . ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် စိပ်ပြီးရင် ပုတီးကို ပြန်ပေးပါ့မယ်ခင်ဗျာ"





"ပြန်ပေးစရာမလိုပါဘူးကွယ်၊ အပိုင်သာယူလိုက်ပါ၊ မမကြီးရဲ့ လက်ဆောင်ပေါ့၊ ဟုတ်ဘူးလား"

"လက်ဆောင်. . ဟုတ်လား၊ ကျေးဇူးတင်လိုက်တာဗျာ ကျွန်တော့်ကို လှူဒါန်းတာပေါ့ဟုတ်လား၊ မမကြီးလည်း ကုသိုလ်ရအောင် ကျွန်တော်ပိုပြီးစိပ်ပေးမယ်နော်"

"လိမ္မာလိုက်တာကွယ်၊ သာဓု. . သာဓု. . သာဓု၊ ကဲ မမကြီးလည်း သွားစရာရှိသေးတယ်၊ ဩော်. . ဒါနဲ့ မင်းရဲ့ နာမည်လေး တစ်ဆိတ်လောက် ပြောပြပါဦး"

"မင်းရဲစည်သူပါခင်ဗျာ"

နာမည်ကို ပြောပြလိုက်သဖြင့် အမျိုးသမီး၏ မျက်နှာပေါ်မှာ အပြုံးလေးတစ်ချက် ဝင်သွားခဲ့ရသည်။ အနှစ်ပါ၍ ပြည့်ဝသော အပြုံးပဲဖြစ်သည်။

"မင်းရဲစည်သူ. . မင်းရဲစည်သူ. . သိပ်လှတဲ့ နာမည်လေးပဲ၊ ထူးခြားမှုလည်းရှိတယ်၊ ဘဝနဲ့ ရုပ်ရည်လေးနဲ့လည်း လိုက်ဖက်တယ်၊ အဓိပ္ပါယ်လည်းရှိတယ်၊ ကဲ. . ကဲ. . မမကြီးနဲ့စကားပြောနေမိတာ အချိန်တွေလင့်နေပါဦးမယ်ကွယ်၊ သွား. . သွား. . ပုတီးသွားစိပ်ချေတော့"

အမျိုးသမီးကြီးသည် မင်းရဲစည်သူကို နှုတ်ဆက်ပြီး ငြိမ်ခဲ့သော ခြေလှမ်းများဖြင့် ထွက်သွားခဲ့လေသည်။ မင်းရဲစည်သူသည် ဤအမျိုးသမီးကို ဘယ်မှာမြင်ဖူးခဲ့ပါလိမ့်ဟု၍ တွေးမိလိုက်သည်။ ကြာကြာမစဉ်းစားလိုက်ရပါ၊ ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ချက်ချင်းလိုလို ပေါ်လာခဲ့သည်။ သူတစ်ခါက အိပ်မက်ဖူးခဲ့သည့် အိပ်မက်ထဲက အမျိုးသမီး၏ မျက်နှာနဲ့ တော်တော်လေးကို တူနေသည်။

"ဟင်. . အိပ်မက်ထဲက အမျိုးသမီးနဲ့ အတော်လေးကို တူနေတာပဲ"

ချက်ချင်းလိုလိုပင် အမျိုးသမီးကြီး၏နောက်ကို ပြေးလိုက်သွားသည်။ မတွေ့ရတော့။ လူတွေကြားထဲမှာ ပျောက်ကွယ်သွားခဲ့လေပြီ။

>>>>>





"သားတော်.....ဟောဒီတောင်ကို သေချာမှတ်ထား။ ဒီတောင်ဟာ သားတော်နှင့်ပတ်သက်နေတယ်၊ တစ်ချိန်မှာ သားတော်ဒီနေရာကို ရောက်လာရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၅)

### ဒုတိယအိပ်မက်

မင်းရဲစည်သူသည် အိမ်ကိုပြန်ရောက်သည့်တိုင် ထို
အမျိုးသမီး၏ ရုပ်သွင်ကို အာရုံထဲမှာ မေ့ဖျောက်၍မရခဲ့။ အ
မှတ်တရရှိနေဆဲပင်ဖြစ်သည်။

"ငါ. . သူ့နာမည်ကိုလည်း မမေးလိုက်မိဘူး၊ သိပ်ပြီ
ခင်မင်စရာကောင်းတာပဲ၊ နောက်တစ်ခါတွေ့ရင်တော့ ငါ. .
သူ့နာမည်ကို မေးဖြစ်အောင် မေးရဦးမယ်"

ထိုအကြောင်းကို မိဘများအား မပြောပြမိခဲ့ပါ။ ပြော
ပြမည်ကြံတိုင်း ရုတ်တရက် စိတ်လျှော့လိုက်ကာ ဟန့်တား





တစ်ခုက ရှိနေသလိုလို အလိုလိုပင် ခံစားနေရသည်။ မင်းရဲ
စည်သူသည် တစ်နေ့မှာ ခြံထဲတွင်ရှိနေစဉ်. . .။

"ဟိတ်. . စည်သူ"

"ဟင်. . ဇာလေး"

မိန်းကလေးတစ်ယောက်က ရောက်လာသည်။ သူနဲ့
ယ်တူ။ မိန်းကလေး၏ အမည်အပြည့်အစုံက ဇာလီမျိုးဝေ
. .သြက မြင့်သည်။ ဆွေကြီးမျိုးကြီးထဲမှ ဆင်းသက်လာ
သည်ဟုသိရသည်။ မင်းရဲစည်သူကတော့ ဇာလေးဟုခေါ်
ည်။

"နင့်ကိုတွေ့လို့ ငါဒီဘက်ကို ကူးလာခဲ့တာ၊ နင်ဘာ
တွေစဉ်းစားနေတာလဲ"

"ငါဒီလိုပါပဲဟာ၊ ဘာမှမစဉ်းစားပါဘူး. . ဇာလေး"

"အံမယ်. . ငါမယုံပါဘူး၊ နင့်ကိုကြည့်ရတာ မျက်နှာ
. . .ပြီးလေးနက်တဲ့ အသွင်မျိုးရှိနေတယ်၊ လူဆိုတာ တစ်
. . .ကတည်း ရှိနေတဲ့အခါ ကိုယ့်အတင်း ကိုယ်ပြောတတ်
. . .ဘူး အဲဒါ ကိုယ့်အကြောင်းကိုယ် တွေးနေတာပဲ၊ စဉ်းစား
. .ပေါ့ မဟုတ်ဘူးလား"

"အလေးအနက် စဉ်းစားတာမျိုးတော့ မရှိပါဘူးဟာ
. .ဘတ်ရာရာပေါ့"

မင်းရဲစည်သူက သူမကို ခပ်ပေါ့ပေါ့ပင် ပြန်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မိမိဘာတွေစဉ်းစားနေသလဲဆိုတာကို ဇာလေး မသိနိုင်ပါ။

"ငါရောက်လာလို့ နင့်အတွေးတွေများ ပျက်သွားသလား. . စည်သူ"

"မပျက်ပါဘူးဟာ၊ နင်ပျင်းလို့ ငါ့ဆီကို ထွက်လာခဲ့တာ ား"

"အင်း. . ဟုတ်တယ်၊ ငါ. . နင်နဲ့ စကားပြောချင်လို့ ချောင်းနေတာကြာပြီ၊ နင်က တစ်ယောက်တည်း အေးအေး ဆေးဆေးနေတတ်တော့ အနှောင့်အယှက်မပေးချင်ဘူး လေ"

"ငါ့အကျင့်က ဒီလိုပဲလေ၊ တစ်ယောက်တည်းနေ တာကို သဘောကျတယ်၊ နင်ခုလိုရောက်လာတော့လည်း စ ကားပြောဖြစ်သွားတာပေါ့ဟာ"

ဇာလီမှုံဝေသည် တက္ကသိုလ်အင်းထရင့်(စ်)စာမေးပွဲ ကို အောင်မြင်ခဲ့ပြီး ရန်ကုန်ယူနီဗာစီတီတက္ကသိုလ်တက်ရောက် ခဲ့သူဖြစ်သည်။ ယခု နောက်ဆုံးနှစ်သို့ ရောက်နေလေပြီ။

ထိုခေတ်ကာလက တက္ကသိုလ်သို့ တက်ရောက်ခွင့် သောသူများ ရှားပါးလှသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်း သားများဆိုလျှင် ပိုပြီးတော့ဂုဏ်ရှိသည်။ လူအများအထင်ကြီး လေးစားခြင်းခံကြရသည်။

သူတို့နှစ်ဦးသည် အိမ်နီးနားချင်းဖြစ်ကြသော်လည်း





ကလေးဘဝကတည်းက ခင်မင်ရင်းနှီးလာခဲ့သူများဖြစ်သည်။ တစ်ယောက်အပေါ် တစ်ယောက် စိတ်ကလည်း ညွတ်နေကြ လေသည်။

ဇာလေးသည် မင်းရဲစည်သူအနားမှာ ကပ်ပြီးဝင်ထိုင် လိုက်သည်။ သူတို့၏ ရှေ့တည့်တည့်မှာ ရေကူးကန်ကြီးရှိလေ သည်။ ကန်ထဲမှရေသည် ကြည်လင်စိမ်းလဲ့နေသည်။

"နင်အိန္ဒိယကို ပညာသင်သွားခဲ့တုန်းက ငါသင်္ဂ ရ လိုက်တာဟာ၊ ငါ့ငိုတောင်ငိုမိတယ်. . စည်သူ၊ သိလား"

"နင်က ဘာဖြစ်လို့ငိုရတာလဲ"

"နင့်ကို သတိရလို့ပါလို့ဆိုနေ၊ နင်ကော ငါ့ကို သတိမ ရဘူးလား"

"ရတာပေါ့ဟာ"

"ဟွန်း! ရတာပေါ့တဲ့၊ နင့်စကားက ပေါ့ဆဆနဲ့၊ ငါ့ကို အလေးအနက် မထားသလိုပဲ"

ဇာလေးက မကျေနပ်သလိုနဲ့ နှုတ်ခမ်းလေးကို စူပစ် လိုက်သည်။

"ဩော်. . ငါက ဒီလိုပဲ ပြောတတ်၊ နေတတ်တဲ့ဟာ၊ ကို ငါတကယ်သတိရတယ်"

"အေး. . ဒါဆိုရင် ငါကျေနပ်ပြီ၊ နင်ပညာသင်ခဲ့တဲ့ အတွေ့အကြုံလေးတွေ ငါ့ကိုပြောပြပါလားဟင်၊ . ဆာရီ



www.burmeseclassic.com

www.burmeseclassic.com



ဝတ် ကုလားမချောချောလေးတွေနဲ့ ဘယ်လိုတွေခဲ့တာတွေ
လည်း ပါရင်ပေါ့ဟာ"

"နင်. . ငါ့ကိုစကားအစ်မနေနဲ့၊ ကုလားမလေးတွေက
သူ့ဘာသူသူနေကြတာ"

"အေးလေ၊ ငါကလည်း ဘာပြောသေးလို့လဲ၊ နင်က
လည်း မလုံမလဲဖြစ်နေပြန်ပါပြီ"

ဇာလေးစကားကြောင့် သူဟက်ကနဲဆို ရယ်လိုက်မိ
သည်။ ဇာလေးက ဒီလိုပဲ တစ်ချက်တစ်ချက်မှာ အငိုက်ဖမ်းပြီ
ဖမ်းတတ်သည်။ မိန်းကလေးပီပီ အစ်အောင့်ပြီးနေမေးသည်
သဘော။ မင်းရဲစည်သူက ဇာလေးကို အိန္ဒိယပညာသင်ကို
ပြောသင့်ပြောထိုက်သည်များကို ပြောပြလိုက်သည်။

(မိမိနှင့်သက်ဆိုင်သော ကိုယ်ရေးကိုယ်တာကိစ္စမျာ
ကို ဇာလေးအား ပေး၍မသိစေခဲ့။)

ဇာလေးသည် မင်းရဲစည်သူပြောသမျှကို စိတ်ဝင်စာ
စွာဖြင့် နားထောင်နေခဲ့သည်။ သူသင်ကြားခဲ့သည့် ဘာသ
ရပ်များအကြောင်း၊ သူတကယ်စိတ်ဝင်စားတာက ရှေးဟော
ကျမ်းစာပေများ၊ ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်၍စသည်
တို့ဖြစ်ကြသည်။

"နင်ကလည်းဟယ်၊ တခြားဘာသာရပ်တွေကို လို
စားပါလား၊ ရှေးဟောင်းကျောက်စာတို့၊ ရှေးဟောင်းပစ္စည်း





ဘာက ဟိုးခေတ်နောက်ပြန်ဆွဲနေတဲ့ဟာတွေ၊ ပျင်းစရာကြီး"

"ဒါကတော့ ကိုယ့်ဝါသနာနဲ့ကိုယ်ကိုး ဇာလေးရဲ့၊ ငါ
ညာရပ်တွေကို စိတ်ဝင်စားခဲ့မိလို့ ငါ့ကို ခပ်ကြောင်ကြောင်
ောင်ပဲလို့ထင်ပြီး မခင်ရင်လည်းရတယ်"

"ဟယ်. . နင်ကလည်း ငါက ဒီလိုသဘောမျိုးနဲ့ပြော
ားမဟုတ်ပါဘူး၊ ငါ့ဘက်က အမြင်နဲ့ပြောတာပါ၊ တလွဲမတွေး
ိုက်ပါနဲ့၊ ရှေးဟောင်းသမိုင်းလက်ရာတွေ၊ စာပေတွေကို ပြန်
ဘူးဆွလေ့လာတဲ့ သမိုင်းပညာရှင်တွေကို ငါလေးစားပါ
ယ် ရှေးဟောင်းစာပေတွေ၊ ပစ္စည်းတွေကိုလေ့လာစုဆောင်း
ေ့အလုပ်ကလည်း တော်တော့်ကို စိတ်ရှည်ရမှာနော်"

"အင်း. . အချိန်ပေးရတာပေါ့၊ ဥပမာ-အိုးခြမ်းကွဲလေး
ခုရဲ့ အတိတ်ဇာတ်ကြောင်း၊ ဘယ်ခေတ်ကာလကလဲ၊ အဲ
ခေတ်ကာလရဲ့ယဉ်ကျေးမှု လူနေမှုစနစ်၊ စီးပွားရေး၊ အတတ်
ထွန်းကားမှု၊ ဖော်ထုတ်လေ့လာရင်း ဆက်စပ်မှုတွေ အ
ားကြီးပဲရှိတယ်"

"ခုလိုရှင်းပြတဲ့အတွက် ကျေးဇူးအများကြီးတင်ပါသ
ငင်. ကဲ. . သမိုင်းဆရာလေးရေ ဆက်လက်ပြီးတော့ စဉ်း
ခန်းဝင်ပေဦးတော့၊ ပြန်ပါဦးမယ်၊ အစဉ်းစားလွန်လို့ ငါ့ကို
ည်း မေ့နေဦးမယ်နော်"

ဇာလေးက နှုတ်ဆက်ပြီး ပြန်သွားခဲ့လေသည်။ ဇာလီ



www.burmeseclassic.com

www.burmeseclassic.com



မှုနှေ့ဝက ဖွဲ့မက်စရာကောင်းသော မိန်းကလေးဖြစ်သည်။ ဆွဲ
ဆောင်မှုအပြည့်ရှိသည်။ ချစ်စရာကောင်းသည်။

သို့သော် သူမထက်ပို၍ အလေးထားရမည့် ကိစ္စများ
က ရှိနေသေးသည်။ စိတ်ဝင်စားစရာတွေက ကျန်နေပါသေး
သည်။ ဇာလေးကို နှလုံးသားထဲမှာ ထည့်ထားလိုသော်လည်း
မိမိမသိသေးသော အကြောင်းအရာတစ်ခုက ရင်ထဲရောက်နှင့်
နေသည်။ ယင်းသည် ဘာမှန်းမသိ၊ အကောင်အထည်၊ ထု
ထည်၊ ဒြပ်လည်းမပြနိုင်။ တာဝန်တစ်ခု ထမ်းဆောင်နေရသ
လို ခံစားနေရသည်။ ထိုညက ဒုတိယအိပ်မက်ကို မြင်မက်မိ
လေသည်။

➤➤➤➤➤

ထိုညက မင်းရဲစည်သူတစ်ယောက် အိပ်ချင်စိတ်အ
လွန်အမင်းဖြစ်ပေါ်လာခဲ့သည်။ ခါတိုင်းဆိုလျှင် ညဉ့်ဆယ့်တစ်
နာရီလောက်မှ အိပ်လေ့ရှိသည်။ အဲဒီညမှာတော့ ကိုးနာရီ
ထိုးမိမှာပင်လျှင် အိပ်ချင်စိတ်တွေက ဖြစ်ပေါ်လာခဲ့သည်။ ထို
ကြောင့် မိဘနှစ်ပါးကို ကန်တော့ကာ အိပ်ယာထဲကို တန်းပြီး
ဝင်လာခဲ့သည်။

စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်သေး၏။ သို့





လေးရွက်လောက်သာ ဖတ်လိုက်ရသေးသည်။ မျက်တောင်
များစင်းကျလာကာ ရင်ဘတ်ပေါ်သို့ စာအုပ်ကိုတင်၍ အိပ်
ပျော်သွားခဲ့လေသည်။ အိပ်ပျော်သွားခဲ့စဉ်မှာ. . .။

➤➤➤➤➤

ကမ်းစပ်မှာ မိကျောင်းဖြူကြီးတစ်ကောင်သည် နေစာ
လှုံလျက်ရှိသည်။ တောတောင်တစ်ခုလုံးသည် အေးဆေးငြိမ်
သက်လျက်ရှိသည်။ မိကျောင်းဖြူကြီး၏ ကျောကုန်းထက်မှာ
မြေအိုးတစ်လုံးကို တင်ထားသည်။ မြေအိုးထဲမှာ မည်သည့်အ
ရာရှိမှန်းမသိနိုင်။ တစ်ခုခုတော့ရှိနိုင်သည်။ ဒါကိုတော့ မသိ
စိတ်က နားလည်လက်ခံထားမိသည်။

မင်းရဲစည်သူသည် ထိုနေရာကို ရောက်နေသည်။ မိ
ကျောင်းဖြူကြီးကို သူလှမ်းမြင်နေရသည်။ ကြောက်ရွံ့ စိတ်များ
ဖြစ်ပေါ်ခြင်း အလျဉ်းမရှိပဲ လျှောက်သွားသည်။ ကုန်းဘက်
ကို မျက်နှာမူကာ ငြိမ်သက်လျက်ရှိသော မိကျောင်းဖြူကြီးမှာ
မင်းရဲစည်သူအနားကို ရောက်လာသည့်တိုင် ဒီအတိုင်း မလှုပ်
မယှက်ပင်ရှိနေဆဲ။

မင်းရဲစည်သူသည် အိုးထဲကို ငုံ့ကြည့်လိုက်သောအခါ
ကလေးငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ကမ်းတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကာကြည့်လိုက်မိသည်။ လူနှစ်ယောက် ကမ်းစပ်မှာ ရပ်ကာ ဒီဘက်ကမ်းကို လှမ်းပြီးကြည့်နေကြသည်။ အမျိုးသားနှင့်အမျိုးသမီး။

"ဒီဘက်ကို လာခဲ့ပါလားကွယ်"

ရှေးနန်းတွင်းအဝတ်အစားများကို ဝတ်ထားသော လူနှစ်ဦးထဲမှ အမျိုးသမီးက မင်းရဲစည်သူကို လှမ်းပြီးပြောလိုက်ခြင်းပင်ဖြစ်သည်။ သူတို့နှစ်ဦးကို မြင်မိလိုက်သည့် တခဏအတွင်းမှာ ချစ်ခင်ရင်းနှီးလိုစိတ်များ တဖွားဖွားဖြင့် ဖြစ်ပေါ်လာခဲ့လေသည်။

"ကျွန်တော်ဘယ်လိုလာလို့ရမှာလဲ"

မင်းရဲစည်သူက လှမ်းပြီးပြန်ပြောလိုက်လေရာ အမျိုးသားက. . .။

"မိကျောင်းကြီးကို စီးဖြီးလာခဲ့လေ. . သားတော်"

ထိုအခါ မိကျောင်းကြီးကို ငုံ့ကြည့်လိုက်မိသောအခါ စောစောက မြင်မိခဲ့သော အိုးနှင့်ကလေးသည် မရှိတော့ပေ။ သူကိုယ်တိုင်လည်း မိကျောင်းကြီးကို ရှိသေသမှုနဲ့ လက်အုပ်ချီကာ ဂါရဝပြုပြီးမှ ကျောကုန်းပေါ်ကိုတက်ကာ ရပ်လိုက်မိသည်။ သူ့စိတ်ထဲမှာ မိကျောင်းကြီးသည် သူ့ထက်အသက်ပိုကြီးသည်ဟု ထင်မိခဲ့သည်ကိုး။

မင်းရဲစည်သူသည် မိကျောင်းကြီး၏ ကိုယ်ပေါ်ရောက်





သွားခဲ့သည်နှင့် မိကျောင်းဖြူကြီးသည် ရေထဲကိုဆင်းသွားကာ ဘစ်ဖက်ကမ်းကို ကူးသွားခဲ့လေသည်။

မကြာမီ တစ်ဖက်ကမ်းကို ရောက်သွားခဲ့သည်။ သူ့ကို ပြုံးပြီးကြည့်နေကြသော လူနှစ်ယောက်။ ရှေးကျသော အဝတ်အစားများကို ဝတ်ဆင်ထားကြသော်လည်း လွန်စွာမှ သပ်ရပ်ခန့်ညားကြသည်။ အမျိုးသမီးသည် နှစ်လိုဖွယ်ရာအဆင်းနှင့် မင်းရဲစည်သူကို ဆီးပြီးကြိုဆိုသည်။ အမျိုးသားကတော့ သူ့ကို အားရကျေနပ်သော အကြည့်ဖြင့် ကြည့်နေလေသည်။

နှစ်ယောက်စလုံးကို အနီးကပ်မြင်လိုက်ရသောအခါ သူ့ရင်ထဲမှာ လွမ်းသလိုလို၊ ဆွေးသလိုလို စိတ်များဖြစ်ပေါ်လာသည်။ ပျောက်ဆုံးနေသော မိမိဆွေးသားများကို ပြန်ပြီးတွေ့လိုက်ရသလို ကြည်နူးပီတိစိတ်များ ခံစားမိလာသည်။ အမျိုးသမီး၏ ရင်ခွင်ထဲကို ပြေးဝင်သွားမိသည်က ရည်ရွယ်ချက်မရှိသလိုလို။

"သားတော်ကို ပြစရာရှိတယ်၊ လာ. . လာ"

မင်းရဲစည်သူ၏ ကျောပြင်ကိုပုတ်ကာ လေသံဖြင့်ပြောပြီး လက်ဆွဲ၍ခေါ်သွားသည်။ အမျိုးသားဖြစ်သူက ယှဉ်ပြီးမလျှောက်ပဲ နောက်မှစောင့်ရှောက်သည့်သဘောဖြင့် လိုက်သွားသည်။ မြစ်ရိုးအတိုင်း လျှောက်သွားခဲ့ကြခြင်းပင်ဖြစ်သည်။

မင်းရဲစည်သူက နောက်ကိုလှည့်ပြီးကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ မိကျောင်းဖြူကြီးသည် မြစ်ဘက်ကို ခေါင်းလှည့်ထားလေ
သည်။ ဤကား ရေကြောင်းမှရောက်လာမည့် ရန်သူကို စော
ကြည့်ကာ စောင့်ရှောက်ကာကွယ်ပေးနေခြင်းဟု သဘော
သည်။

တစ်နေရာသို့အရောက်တွင် မြင့်မားသော တောင်ကြီး
နှစ်လုံးကို တွေ့လိုက်ရလေသည်။ ထိုတောင်ကြီးနှစ်လုံး၏ကြား
အလယ်လောက်မှနေ၍ တောင်တစ်လုံးက တည်တန့်လျက်
သည်။

အမျိုးသမီးသည် အလယ်မှတောင်ကို လက်ညှိုးထိုး
ပြပြီး. . . ။

"သားတော်. . ဟောဒီတောင်ကို သေချာမှတ်ထား
ဒီတောင်ဟာ သားတော်နှင့်ပတ်သက်နေတယ်၊ တစ်ချိန်မှာ
သားတော်ဒီနေရာကို ရောက်လာရလိမ့်မယ်၊ သားတော်ရဲ့ပ
ညာဉာဏ်စွမ်းနဲ့ ဒီကျောက်တောင်ထဲမှာရှာဖွေပါ"

"ကျောက်တောင်ထဲမှာ ဟုတ်လား၊ ကျောက်တောင်
ထဲမှာ ဘာများရှိပါသလဲခင်ဗျာ"

ထိုအခါ အမျိုးသားက မင်းရဲစည်သူ၏ ပခုံးပေါ်ကို
လက်တင်လိုက်ကာ. . . ။

"သားတော်အထဲရောက်တော့ တွေ့မှာပါ၊ သားတော်
အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ထူးခြားဆန်းကြယ်မှုတွေကို မချ





မှာပါ၊ သားရဲ့ ဉာဏ်စွမ်းဉာဏ်စကိုသိချင်လို့ ကြိုပြီးတော့
မပြောထားသေးဘူး"

အမျိုးသမီးသည် မင်းရဲစည်သူကို မိခင်က သားငယ်
ပေါ်မှ ဖြန့်ကျက်သော ဂရုဏာမျက်ဝန်းများဖြင့် ကြည့်လိုက်
. . . ။

"သားတော်ပြန်တော့၊ ဒီကိုရောက်နေတာကြာပြီ၊ ပြန်
သင့်ပြီ"

"ဟုတ်ကဲ့"

ခေါင်းညိတ်လိုက်သည်။ အမျိုးသမီးက သူ၏နဖူးပြင်
ကို ကစ်ခွ်ကျ်နမ်းလိုက်သည်။ သူကလည်း အမျိုးသမီး၏ ပါး
ကို နမ်းမိလိုက်သည်။ မူလခနေရာကို ပြန်ရောက်လာရာတွင်
ကျောင်းဖြူကြီးက အဆင့်သင့် စောင့်ကြိုနေသည်။ အလာ
ကန်းကလိုပင် မိကျောင်းဖြူကြီးက သူ့ကို ကျောပြင်ပေါ်တင်
ကာ ခေါ်ဆောင်သွားခဲ့သည်။

တစ်ဖက်ကမ်းသို့ ရောက်သွားသည်။ ဒီမှာဘက်ကမ်း
ကို ပြန်ပြီးလှည့်ကြည့်လိုက်ရာ သူတို့နှစ်ယောက်စလုံးကို မတွေ့
ကြရတော့ပေ။

အသိအာရုံထဲ မှောင်အတိကျသွားကာ မြင်ကွင်းများ
အားလုံး ပျောက်ကွယ်သွားခဲ့သည်။ မျက်လုံးတွေကို ဖွင့်ကြည့်
လိုက်ရာ ခြင်ထောင်အမိုးကိုသာ မြင်လိုက်ရသည်။ သူအိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်မက်ခဲ့တာပါလားဟု အသိရလိုက်လေသည်။

➤➤➤➤➤





"အေး...သူ ကြည့်ရတာ ဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာတဲ့သူပဲဖြစ်ရမယ်၊ လမ်းဘေးမှာ စားသိုင်းက တဲ့အလုပ်မျိုးကို သူလုပ်မယ်ဆိုလို့ ငါလည်း အံ့အားသင့်သွားမိတာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း–(၆)

## ရောက်လာသော အန္တရာယ်

ထူးထူးခြားခြား အိပ်မက်နှစ်ခုကို မက်အပြီးမှာ ပြန်လည်ပြီး ဆန်းစစ်မိသည်။

"အိပ်မက်နှစ်ခုစလုံးဟာ ခပ်ဆင်ဆင်တူနေတယ်၊ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသလိုပဲ၊ ပထမအိပ်မက်ထဲက တောတောင်ရေမြေသဘာဝနဲ့ ဒုတိယအိပ်မက်ထဲက တောတောင်ရေမြေသဘာဝဟာ တစ်ပုံစံတည်းဖြစ်နေတယ်၊ ဘာဖြစ်လို့ ဒီလောက်တောင်များ တိုက်ဆိုင်နေရပါလိမ့်၊ အဖေနှင့်အမေ့ကို ပြောပြလိုက်ရင်ကောင်းမလား၊ မပြောတော့ပါဘူးလေ၊ ဒါအ





ရေးကြီးတာမှမဟုတ်တာ"

ဆက်ပြီး မစဉ်းစားတော့ဘူးဟု ဆုံးဖြတ်လိုက်ပေမယ့် တောက်လျှောက်အတွေးတွေက ပေါ်လာခဲ့ပြန်သည်။

"ပထမအိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ အမျိုးသမီးကြီးနှင့် ရွှေတိဂုံဘုရားပေါ်မှာ တွေ့လိုက်ရတဲ့ အမျိုးသမီးကြီးဟာ တစ်ယောက်တည်းဖြစ်နေတယ်၊ ရုပ်ရည်တူညီနေတယ်၊ ဒါလည်း တိုက်ဆိုင်မှုတစ်ခုပဲဖြစ်မှာပါလေ"

မည်သို့ပင် ဆိုစေကာမူ ဒုတိယအိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရသည့် အမျိုးသားနှင့်အမျိုးသမီးကို အလိုလိုပင် သတိရနေမိသည်။ မိမိသွေးသားအရင်းများလို ခံစားနေရသည်။ ထပ်ပြီး စဉ်းစားမိလျှင် လွမ်းဆွတ်ကြေကွဲစိတ်များပင် ဖြစ်ပေါ်လာမိသလိုလို။ အိပ်မက်အကြောင်းကို မိဘနှစ်ပါးအား မပြောပြပေမယ့် ဇာလီမှူးဝေကိုတော့ ပြောပြမိခဲ့သည်။

"စည်သူ. . . နင့်အိပ်မက်တွေက သိပ်ပြီးဆန်းတာပဲနော်၊ တောတောင်ထဲကို ရောက်ရောက်သွားတယ်၊ အိပ်မက်ထဲမှာ အဓိကက လူသုံးယောက်၊ ပြီးတော့ သူ့ကိုယ်သူ အကြီးတော်လို့ နန်းဆန်ဆန်ပြောတဲ့ အမျိုးသမီးနဲ့ ဘုရားပေါ်မှာတွေ့ခဲ့ရတဲ့ အမျိုးသမီးဟာ ရုပ်ချင်းတူနေတာ ပိုပြီးအံ့အားသင့်စရာ မကောင်းဘူးလား"

"ဟုတ်တယ်နော်. . ဇာလီ၊ ဒါပေမယ့် စိတ်ကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ တိုက်ဆိုင်မှုတွေပါ"

"မဟုတ်သေးဘူး. . စည်သူ၊ နင်ဒီလို ပေါ့ပေါ့မတွေးနဲ့၊ တချို့ အိပ်မက်တွေဟာ အဓိပ္ပါယ်ရှိတယ်၊ ဘဝအဆက်အသွယ်တွေရှိတယ်၊ ပတ်သက်နေကြတယ်"

"ငါလက်ဆောင်ရလာခဲ့တဲ့ မိကျောင်းဖြူရုပ်လေးကို အိပ်မက်မက်တာကတော့ စွဲလန်းမှုပဲပေါ့၊ ဒီမိကျောင်းဖြူရုပ်ကို ငါက သဘောကျနေတာကိုး၊ အိပ်မက်ထဲမှာ မိကျောင်းဖြူကြီးဖြစ်နေပြီး သူ့ကို ငါကစီးလို့၊ ငါ့ထက် အသက်ကြီးလိမ့်မယ်ထင်ပြီး ဂါရဝထားမိလိုက်သေးတယ်"

"ဒီမှာ. . စည်သူ၊ ဘာကိုမှ အမှုမဲ့ အမှတ်မဲ့မထားပါဘူးထား၊ တချို့ အိပ်မက်တွေက အဓိပ္ပါယ်ရှိတယ်၊ ဆက်စပ်မှုရှိတယ်ဆိုတာလေ"

"ထားပါတော့လေ၊ ငါက နင်ပြောတာကို မယုံဘူးလို့ ပြောတာမှမဟုတ်တာ၊ လူတိုင်းဟာ အိပ်မက်မက်ကြတာပဲမဟုတ်လား၊ အိပ်မက်သုတေသနပြုကြတဲ့သူတွေက မွေးကင်းစကလေးတွေလည်း အိပ်မက်မက်ကြတယ်တဲ့၊ ပြီးတော့ ခွေးကြောင်အစရှိတဲ့ တိရစ္ဆာန်တွေလည်းပဲ အိပ်မက်မက်ကြတယ်ဆိုတာ လူကြီးသူမတွေ ပြောဖူးကြတာကို ငါမှတ်သားမိပါသေးတယ်"

"ဪ. . ဒီကနေ့ ငါ့မွေးနေ့၊ နင်နှင့်ငါ ရွှေတိဂုံဘုရား





ကို သွားကြရအောင်လား စည်သူ၊ ငါ့ကို လိုက်ပို့ပေးပါလား"

မင်းရဲစည်သူက အဖြေမပေးမီ ဒေါ်မြတ်သီက အနားကိုရောက်လာသည်။

"ဇာလီက ဘုရားကို သွားချင်တယ်လို့ပြောတာ မေမေကြားလိုက်ပါတယ်၊ သားက လိုက်ပို့လိုက်လေ၊ သူ့ခမျာ အဖော်မရှိလို့ သားကို အကူအညီတောင်းတာပဲမဟုတ်လား"

"သားလည်း မေမေနှင့်ဖေဖေ့ကို ခွင့်တောင်းပြီး ပို့ပေးလို့ပါပဲ"

"အန်တီ! သမီးရဲ့ မွေးနေ့မို့ ဘုရားမှာ ကုသိုလ်ကောင်းလေး လုပ်ချင်လို့ပါ"

"ကောင်းတာပေါ့ သမီးရယ် သာဓု. . သာဓု. . သာဓု၊ ...နေစောင်းနေပြီ၊ မိုးတော့ သိပ်မချုပ်ကြစေနဲ့နော်"

သူတို့နှစ်ဦးအတွဲကို မိဘနှစ်ဦးစလုံးက လိုက်ဖက်ညီသည်ဟု ထင်နေကြသည်။

"ကို. . စောစောက သားနှင့်ဇာလီတို့ ဘာအကြောင်း...များ ပြောနေကြသလဲ၊ သိလား"

"သိကြားခဲ့လို့လား၊ သိပြောမှသိမှာပေါ့"

"အိပ်မက်အကြောင်းတွေ ပြောနေကြတာ"

"အိပ်မက်. . ဟုတ်လား၊ အဲဒါဘာဖြစ်သလဲ"

"ဪ. . ကိုကလည်း စကားဆုံးအောင်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ သားရဲ့ အိပ်မက်အကြောင်းတွေကို ပြောပြနေတာ၊ သ
အိပ်မက်တွေက ဒီလို. . . ”

ဒေါ်မြတ်သီသည် သူမကြားသမျှအားလုံးကို ဦးနန်
ကိုအား ပြန်ပြောပြလိုက်လေ၏။ ပြောပြနေစဉ် အချိန်တွင်
မှာ ဦးနန်းကိုမျက်နှာပေါ်မှာ အပြောင်းအလဲများစွာ ဖြစ်ပေါ်
သွားခဲ့သည်။

“ဟင်. . ဒီလိုအိပ်မက်မျိုးကို သားကမက်ခဲ့တယ်ဟုတ်
လား၊ အံ့အားသင့်စရာကောင်းတယ်၊ ထူးဆန်းတယ်၊ နိမိတ်ဆို
တာ ဒီလိုအိပ်မက်မျိုးကိုပြောတာလား၊ ဒါပေမယ့် တစ်နေ့က
ရင် သားအတွက် အပြောင်းအလဲတွေ ဖြစ်သွားမှာပါ၊ သားသိ
သင့်သိထိုက်တာတွေကို ပြောပြရမယ့်အချိန်က မကြာမီမှာ မ
လွှဲမသွေ ရောက်လာခဲ့တော့မှာပါ. . သိ”

နှစ်ဦးသားသိသော အဓိပ္ပါယ်ရှိသော စကားတွေကို
ပြောလိုက်ကြလေသည်။

➤➤➤➤➤

သူတို့နှစ်ဦး ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ ရောက်
လာခဲ့ကြသောအခါ ဘုရားဖူးပရိတ်သတ်များက ပိုမိုများပြာ
နေသည်။ သူတို့ဆိုသည်က မင်းရဲစည်သူနှင့်ဇာလီမျိုးဝေ။





“ဇာလီ. . ဒီနေ့ဟာ ပွဲတော်ရက်ပဲ၊ ဒါကြောင့်မို့ လူ
တွေက များနေတာကိုး”

“အေးဟယ်၊ ငါတို့လည်း ပွဲတော်ရက်နဲ့မှ လာပြီးတိုး
နေတယ်၊ တတ်နိုင်ဘူးလေ၊ ဒီလိုပဲ ဘုရားရှိခိုးရမှာပဲ”

ဇာလီက အင်္ဂါထောင့်မှာ ဆင်းတုတော်ကို ရေသပ္ပါယ်
နေစဉ် မင်းရဲစည်သူက မလှမ်းမကမ်းမှာ ရပ်စောင့်နေသည်။
ထိုစဉ် ထူးခြားသော အမွှေးရနံ့တစ်ခုက သူ့ဆီကိုရောက်လာ
ခဲ့သည်။ နောက်ကို လှည့်ကြည့်လိုက်သောအခါ. . .။

“ဟင်. . မမကြီး”

သူ့ကို ပြုံးပြီးကြည့်နေသူတစ်ယောက်။ တစ်ခါက ဘု
ရားပေါ်မှာ ပုတီးတစ်ကုံးပေးခဲ့သည့် မမကြီးဆိုသူအမျိုးသမီး
ကြီး။ အမျိုးသမီး၏ နုနယ်သောမျက်နှာ၊ ခန့်ညားထယ်ဝါလှ
သော ဟန်အမူအရာတို့ကြောင့် မင်းရဲစည်သူတ မမကြီးဟု
ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ တကယ်တော့ သူမ၏ အမည်အ
ရင်းသည် မမကြီးမဟုတ်ဟု ပြောခဲ့သည်ကို ပြန်ပြီးအမှတ်ရ
သွားမိသည်။

“ဘုရားဖူးလာတာလားကွယ်”

“ဟုတ်ပါတယ်. . မမကြီး”

“ဒီကနေ့ မင်းရဲ့ မွေးနေ့လည်း မဟုတ်ပါလား”

“ကျွန်တော့်သူငယ်ချင်းမိန်းကလေးကို သူ့မွေးနေ့အ



www.burmeseclassic.com

www.burmeseclassic.com



တွက် အဖော်အဖြစ် ဘုရားလိုက်ပို့ပေးတာပါ။ ဟိုမှာလေ. . မမကြီး"

မမကြီးက ဇာလီကို လှမ်းပြီးကြည့်လိုက်သည်။ မျက်
နှာပြင်ပေါ်မှာ အပြောင်းအလဲတစ်ခု ဖြစ်သွားခဲ့သည်။ မမကြီ
သည် မွှေးကြိုင်သင်းသော ဆံကေသာမျှင်များကို ကျောပြ
မှာ ဖြန့်ဝဲပြီးချထားသည်။ အဖြူရောင်အကျီလက်ရှည်၊ လှို
တွန့်လေးများပါသော ထဘီကို ဝတ်ဆင်ထားသည်။ လည
တိုင်မှာ ပုလဲပုတီးတစ်ကုံးဆွဲထားသည်။ လက်ဝတ်ရတနာမျ
မဝတ်ဆင်ထားသော်လည်း ရိုးရိုးလေးနဲ့ယဉ်ကာ မဟာဆန်
သည်။

ထူးခြားချက်တစ်ခုကတော့ ကျောပြင်မှာ အအိမ်
သော ခါးတစ်ချောင်းကို တွေ့လိုက်ရသည်။ ငွေပြားကွပ်ထာ
သော ဓားအိမ်၊ နေစကြာပုံငွေပြားအဝိုင်းလေးများကို ဖော
ကြွအဖြစ် ဖော်ထားသည်။ လက်ကိုင်ရိုးသည်လည်း ငွေသာ
စင်စစ်ပင်ဖြစ်သည်။

"မမကြီးရဲ့ ကျောပြင်ပေါ်က ဓားကိုမြင်လိုက်လို့ မ
တွေးစရာတွေ ရှိသွားခဲ့ရပြီထင်တယ်"

မင်းရဲစည်သူအံ့အားသင့်သွားခဲ့ရသည်။ သူမသိမသ
အကဲခတ်လိုက်သည်ကို မမကြီးက အမိဖမ်းလိုက်နိုင်ခဲ့သည်

"မမကြီးက သိပ်ပြီးအကင်းပါးတာပဲနော်၊ ကျွန်တေ





ဘ်ကူးကို ချက်ချင်းသိတယ်၊ ဟုတ်ပါတယ်. . မမကြီး၊ ကျွန်
ဘ်တော့ မမကြီးရဲ့ ကိုယ်ပေါ်မှာ ဒီဓားကို တွေ့လိုက်ရတာ
ည်းနည်းဆန်းနေသလားလို့ပါ"

"ဒါကတော့ မင်းမသိသေးခင်က လျှောက်တွေးနေမိ
ာပါ၊ သိသွားခဲ့ရင်တော့ ထူးဆန်းမှာ မဟုတ်တော့ပါဘူး"

"ဘယ်လိုမသိသေးခင်ကလည်းခင်ဗျာ"

"ဒီဓားဟာ အခြားကိစ္စကြောင့် ယူလာတာပါ၊ တောင်
က်မုဒ်ဘက်ကဆင်းရင် မြေကွက်လပ်ကြီးတစ်ခုကို တွေ့ရ
ဲ့မယ်၊ အဲဒီမြေကွက်လပ်မှာ မမကြီးတို့အဖွဲ့က ဓားသိုင်း
ကြမယ်လေ၊ ဒီကနေ့ဟာ တပေါင်းလပြည့်နေ့မဟုတ်လား၊
ရားဖူးလာကြတဲ့သူတွေကို မမကြီးတို့က ဓားသိုင်းအကနဲ့
ဖြေကြမှာ"

"ဪ. . ဟုတ်လား၊ ကျွန်တော်တို့ ဘုရားပေါ်က
င်းရင် ကြုံကြိုက်လို့ကတော့ ဝင်ကြည့်ပါဦးမယ်"

မင်းရဲစည်သူသည် မမကြီး၏ကိုယ်ပေါ်ကဓားကို ယူ
ည့်ချင်စိတ်များ တဖွားဖွားနဲ့ ဖြစ်ပေါ်လာခဲ့သည်။ သို့သော်
ကြည့်ရမှာ အားနာနေသည်။

"မင်း. . မမကြီးရဲ့ ဓားကို သိပ်ပြီးစိတ်ဝင်စားနေတယ်
ဘယ်၊ ယူကြည့်လေ ရပါတယ်၊ ရော့"

မမကြီးက စလွယ်သိုင်းထားသော ဓားကိုဖြုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မမကြီး၏ အကောင်းပါးပုံကို သိပြီးသည့်အတိုင်း အံ့အားမသင့်မိတော့။ ဓားကို ယူကြည့်လိုက်မိသည်။ ငွေပြား ကပ်ထားသော ဓားအိမ်ပေါ်မှ နေစကြာပုံသဏ္ဌာန် ဖောင်းကြွ အဝိုင်းကလေးများကို သူတော်တော်လေး စိတ်ဝင်စားသွားခဲ့ ရသည်။ ငွေသားစစ်စစ်ဖြစ်သော လက်ကိုင်ရိုးသည်ပင် နေ စကြာပုံသဏ္ဌာန်ဖောင်းကြွ အဝိုင်းလေးများ ပါရှိသည်။ ဓားကို အအိမ်မှ ဆွဲယူဘ်လိုက်ရာ တော်တော်လေးသည်ကိုသိရသည်။

"ဒီနေစကြာပုံ အပြားဝိုင်းလေးတွေကို ငါဘယ်မှာမြင် ဖူးခဲ့ပါလိမ့်"

သူတွေးနေဆဲမှာပင် အဖြေက ဖျတ်ကနဲဆို ခေါင်းထဲ မှာ ပေါ်လာခဲ့သည်။ အိပ်မက်ထဲမှာဖြစ်သည်။ အိပ်မက်ထဲမှာ ဝေးလံသီခေါင်သော အရပ်ကို သူရောက်သွားခဲ့သည်။ တော တောင်တွေထဲမှာ ရေစပ်စပ်နားတွင် ကျောက်တိုင်တစ်ခု။

ကျောက်တိုင်၏ထိပ်မှာ နေစကြာပုံသဏ္ဌာန် အပြား ဝိုင်း၊ တိုင်ခြေမြေကြီးထဲမှာလည်း ထိုအတူ အပြားဝိုင်းလေး တွေ့။ မှတ်မိသေးသည်။ သူ့ကို ပြသသည့်သူက အမျိုးသမီး တစ်ယောက်။ သူမကိုယ်သူမ အကြီးတော်ဟုဆိုသော အမျိုး သမီးသည် ယခုသူ့ရှေ့မှာရှိနေသော မမကြီးနဲ့ တထေရာထ တူနေသည်။

"ဒါနဲ့ မမကြီးကို ကျွန်တော်မေး. . ."





မင်းရဲစည်သူက သူသိချင်သည်ကို မေးမည်အပြုမှာ စကားမဆုံးလိုက်။

"ဟော. . ဟိုမှာ မင်းရဲ့ သူငယ်ချင်း၊ ဘုရားကိုစ္စပြီး သွားပြီထင်ပါရဲ့၊ ဟိုမှာ လာနေပြီ"

မမကြီးက မေးငေါ့ပြီးတော့ ပြောလိုက်သည်။ နောက် ကို လှည့်ကြည့်လိုက်ရာ ဇာလီသည် သူတို့ဘက်ဆီကိုလျှောက် လာနေသည်။ မင်းရဲစည်သူတစ်ယောက်တည်းဟုထင်မိရာက အမျိုးသမီးကြီးတစ်ဦးနှင့်အတူ တွေ့လိုက်ရသောအခါ အံ့အား သင့်သွားသော အမူအရာလေးက မျက်နှာပေါ်မှာ ပေါ်လာခဲ့ သည်။ ဇာလီသည် မင်းရဲစည်သူ၏ ဘယ်ဘက်မှာ ယှဉ်ပြီးဆိပ် လိုက်သည်။

မမကြီးသည် ဇာလီမျှဝေကို အကဲခတ်သည့်အနေ ဖြင့် ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"ဇာလီ. . မမကြီးဆိုတာသူပေါ့၊ ငါ့ကို ပုတီးတစ်ကုံး လက်ဆောင်ပေးခဲ့တယ်လို့ ပြောဖူးခဲ့တယ်လေ"

"သြော်. . ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မမ ကြီး၊ စည်သူက မမကြီးနဲ့မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့အကြောင်းကို ပြော ဖူးခဲ့ပါတယ်"

"မမကြီးလည်း တွေ့ရတာဝမ်းသာပါတယ်ကွယ်၊ ဇာ လီက အချောအလှလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးက ပိုပြီးတော့ချောပါတယ်၊ ဇာလီလိုက်မမီပါဘူး၊ တကယ်. . တကယ်၊ စည်သူက မမကြီးနှင့်ပတ်သက်ပြီး ပြောခဲ့တာ နည်းတောင်နည်းသေးတယ်"

"ဇာလီက သိပ်မြှောက်တတ်တာကိုး၊ တကယ်တော့ မမကြီးဆိုတဲ့ နာမည်ကို ပေးခဲ့သူက စည်သူပဲကွယ့်၊ ကဲ. . မမကြီးမှာ ကိစ္စလေးတွေရှိနေလို့ သွားလိုက်ပါဦးမယ်ကွယ်"

မမကြီးသည် နှစ်ယောက်စလုံးကို တစ်ချက်ကြည့်လိုက်ပြီး နေရာမှထွက်သွားခဲ့လေသည်။

"စည်သူ. . နင်ပြောတဲ့ မမကြီးဟာ သိပ်ပြီးခန့်ညားတာပဲနော်၊ မဟာဆန်တယ်လို့ဆိုရမယ်၊ လမ်းလျှောက်ပုံကအစ သိပ်ပြီးတော့သိမ်မွေ့တာပဲ၊ နင့်အိပ်မက်ထဲက အကြီးတော်လို့ခေါ်တဲ့ အမျိုးသမီးက သူနဲ့သိပ်တူတယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ်. . ဇာလီ၊ အကြီးတော်ဟာ မမကြီးနှင့် တစ်ပုံစံတည်းပဲ၊ တစ်ယောက်တည်းလို့ပြောရင်တောင်ရတယ်"

"ဒါပေမယ့် အိပ်မက်ဆိုတာကလည်း သိပ်ပြီးတော့ထူးဆန်းတယ်၊ ကိုယ်မမြင်ဖူးတဲ့ လူတစ်ယောက်ကိုမက်တယ်၊ အဲဒီလူက အပြင်မှာ မမျှော်လင့်ပဲ တွေ့လိုက်ရတဲ့ လူတစ်ဦးဦးနှင့် တူနေပြန်ရော"

"မမကြီးတို့က ခုလိုအခါကြီးရက်ကြီးမှာ ဘုရားဖူးတွေကို ဓားသိုင်းအကနဲ့ ဖျော်ဖြေဖို့ ရောက်လာခဲ့တာတဲ့၊ လာ. -





ငါတို့ သွားကြည့်ကြရအောင်"

"အေး. . ငါလည်း စိတ်ဝင်စားတယ်"

ထိုနောက် ရင်ပြင်တော်ပေါ်ဝယ် လက်ျာရစ်တစ်ပတ်ပတ်ကြသည်။ ထိုနောက် တောင်ဘက်မုခ်မှ ပြန်ပြီးဆင်းလာခဲ့ကြလေသည်။

အခါကြီးရက်ကြီးမို့ မိုးချုပ်လာသည့်တိုင် ဘုရားဖူးလာကြသည့်သူတွေက ပိုမိုများပြားလာခဲ့ကြသည်။ နံနက်ခင်းထက် ညနေခင်းကာလမှာ ဘုရားဖူးသမားများ အလာများကြသည်။ သူတို့နှစ်ယောက်သည် စောင်းတန်းအတိုင်း ယှဉ်ပြီးတော့ဆင်းလာခဲ့သည်။

မကြာမီ အောက်သို့ရောက်လာခဲ့သည်။ လမ်းတံဖက်ကို ဖြတ်ကူးလာခဲ့ကြသည်။ မမျှော်လင့်ပဲ ရှမ်းအိုးစည်သံများကို ကြားလာခဲ့ရသည်။

"ဒုံ. . ဒုံ. . ဒုံ. . ဒုံ"

ဟော!

"ဘာလဲ. . စည်သူ"

"ဟောဟိုမှာ ရှမ်းအိုးစည်သံကို နင်မကြားဘူးလား ဇာလီ"

"ကြားတယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

"စောစောက မမကြီးပြောခဲ့တယ်မဟုတ်လား၊ သူဓား



www.burmeseclassic.com

www.burmeseclassic.com



သိုင်းကမယ်ဆိုတာလေး အဲဒါများလားမသိဘူး"

"မမကြီးလို ရုပ်ရည်မျိုးက ဓားသိုင်းကမယ်ဆိုတာ စဉ်း စားစရာပဲ၊ သူဒီလိုအလုပ်မျိုးကို လုပ်ပါ့မလားစည်သူ"

"အေး. . သူကြည့်ရတာ ဆွေကြီးမျိုးကြီးထဲက ဆင်း သက်လာတဲ့သူပဲဖြစ်ရမယ်၊ လမ်းဘေးမှာ ဓားသိုင်းကတဲ့ အ လုပ်မျိုးကို သူလုပ်မယ်ဆိုလို့ ငါလည်းအံ့အားသင့်သွားမိတာ အမှန်ပဲ၊ ဟုတ်မဟုတ် သွားကြည့်ကြရအောင်ဟာ"

မင်းရဲစည်သူသည် ဇာလီ့အဖြေကိုမစောင့်ပဲ လက်ဆွဲ ကာ ခေါ်သွားခဲ့သည်။ လူတစ်စု ပတ်ပတ်လည်ဝိုင်းပြီးအုံနေ သော မနေရာကို ရောက်သွားခဲ့သည်။ ရှမ်းအိုးစည်သံက ပိုပြီး တော့ ကျယ်လောင်လာသည်။ မောင်းတီးသံကိုလည်း စီးချက် ကျကျ ကြားလာခဲ့ရသည်။ နှစ်ယောက်စလုံး လူတွေကြားထဲ ကို တိုးဝင်သွားခဲ့ကြသည်။ မြင်ကွင်းကို ထင်ရှားစွာဖြင့် တွေ့ လိုက်ရပါပြီ။

ရှမ်းအိုးစည် (ဗုံရှည်ကြီး)ကို ရှမ်းအမျိုးသားကြီးတစ် ယောက်က ဟန်ပါပါဖြင့် တီးခတ်နေသည်။ တစ်ယောက်က လေးလုံးတွဲကြေးမောင်းကြီးကို လက်ခက်ဖြင့် တဒူဒူရိုက်ခတ် နေသည်။ အိုးစည်သံနှင့်ကြေးမောင်းသံက သာယာနာပျော် ဖွယ်ရာ ထွက်ပေါ်လာနေသည်။

ရှမ်းအမျိုးသားကြီးတစ်ယောက်သည် ဓားတစ်လက်





ကိုကိုင်ကာ သိုင်းကွက်နင်း၍ ဟန်ပါပါကနေသည်။ ခြေအကျ ဝါးအလှ၊ ဓားအဝင့်မှာ ကိုယ်ဟန်ကတလှုပ်လှုပ်၊ တန့်နွဲ့ဖြင့် ကြွရွနေသည်။ နှုတ်ခမ်းမွေးကြီးကားကားနဲ့ ရှမ်းအမျိုးသားကြီး သည် လွန်စွာမှ တက်ကြွနေသည်။

သူတို့နှစ်ယောက်စလုံး ရိုးရာရှမ်းဓားသိုင်းအကအား ဘက်ပါဝင်စားစွာဖြင့် ငေးမျောပြီးတော့ ကြည့်နေမိသည်။ မင်း စည်သူ၏ မျက်လုံးအစုံသည် ဓားသိုင်းအဖွဲ့ထဲမှ မမကြီးကို ပိုက်ပြီး ရှာဖွေလျက်ရှိသည်။ မမကြီးကို မတွေ့ရပါ။ မမကြီး ဘယ်ရောက်နေသနည်း။

ရှမ်းအမျိုးသားကြီးဓားသိုင်းက ပြီးဆုံးသွားသည်။ သူ နေရာကို သူပြန်သွားသည်။ ချက်ချင်းလိုလိုပင် အမျိုးသမီးတစ် ယောက်က မြေကွက်လပ်ထဲကိုဝင်လာသည်။ မည်သည့်နေရာ က မည်သို့ရောက်လာမှန်းမသိပါ။ သူမသည် အခြားသူမဟုတ်။ မမကြီးပင်။ မမကြီးစည်းဝိုင်းထဲကို ရောက်လာသည်နှင့်စော စောက ရပ်ဆိုင်းသွားသော ရှမ်းအိုးစည်သံကို ပြန်ပြီးတော့ ကြားလာခဲ့ရသည်။

မမကြီးက အအိမ်ထဲမှ ဓားကိုဆွဲထုတ်လိုက်ကာ သိုင်း ကွက်နင်း၍ ကလေတော့သည်။ မမကြီး ဓားသိုင်းကနေပုံမှာ လှန်စွာမှ ကြည့်ကောင်းလှသည်။ ခန္ဓာကိုယ်လေး နွဲ့နှောင်း ပြောင်းသွားကာ ဓားကို ဟန်ပါပါနဲ့ဝေ့ဝဲကာ ကသည်။



www.burmeseclassic.com

www.burmeseclassic.com



ညာလက်မှာ ကိုင်ထားသည့် ဓားကို ဝေ့ဝိုက်ပြီး ဘယ်ဘက်လက်မောင်းအောက်က ဆွဲယူလိုက်၊ ကျောပြင်ထက်သို့ နောက်ပြန်ဝေ့ဝဲကာ ခေါင်းအထက်ကို ယူသွားလိုက်နဲ့ လိပ်ပြာလေးအတောင်ပံခတ်ပြီး ကနေသလို ကြည့်ကောင်းလှသည်။

ခန္ဓာကိုယ်လေးကလည်း မြေသို့ညင်သာစွာ နင်းကာနင်းကာဖြင့် ခြေထောက်ကလေးကို ရွှေ့ရွှေ့ပြီးကသွားခဲ့၏။ လေအဝှေ့မှာ ဖက်ရွက်ကလေး ရွှေ့သွားသလိုပင် ကဗျာဆန်လှသည်။ အိုးစည်ကလည်း မှန်မှန်တီးနေသည်။ မောင်းသံကလည်း တနောင်နောင်နဲ့ စည်းဝါးကျကျအကမှာ လူတွေ၏အာရုံက နစ်မျောနေကြသည်။

ထိုစဉ် ဝိုင်းအပြင်ဘက်မှ လူနှစ်ယောက်က လူတွေကို တိုးဝှေ့ပြီး စည်းဝိုင်းထဲကို ဝင်လာခဲ့ကြသည်။ ကုလားဒိန်တစ်ယောက်နှင့်ဗမာတစ်ယောက်။ မမကြီးသည် ဓားသိုင်းကနေရာက လှမ်းပြီးမြင်လိုက်သည်။

ကုလားဒိန်သည် လက်ထဲမှာ ဘာမှပါမလာခဲ့သော်လည်း ဖျတ်ကနဲဆို လက်ကိုလှုပ်လိုက်သည်နှင့် ခွပ်ကရိုးခေါ်ဓားကောက်ကြီးတစ်ခုက လက်ထဲကိုရောက်လာခဲ့လေသည်။ (မျက်လှည့်ဆရာဖြစ်ဟန်တူသည်။ ကိုယ်ထဲမှာ ဝှက်ယူလာခဲ့သောဓားကို မည်သူမှမမြင်လိုက်အောင် လျှပ်တပြက်ထုတ်ယူလိုက်ခြင်းဖြစ်ဟန်တူသည်။)





ကုလားဒိန်သည် လက်ထဲကို ဓားရောက်လာသည်နှင့်အနားမှာရှိနေသော မင်းရဲစည်သူ၏ လည်ပင်းနေရာကို ကိုယ်ညှိ့ကာ ပိုင်းချလိုက်သည်။

မင်းရဲစည်သူသည် ရိပ်ကနဲလှုပ်ရှားသွားသည်ကို မြင်ိုက်ရသည်။ ဦးနှောက်ထဲမှာ အန္တရာယ်ဆိုသည်ကိုလည်း အိုလိုသိသွားခဲ့ရသည်။ ထို့ကြောင့် ကုလားဒိန်က လက်ကိုမြှောက်ပြီး ကိုယ်ကိုအလှည့်မှာ ဓားကိုင်လက်ကို လက်ဖျံဖြင့်ဆီးပြီးခံလိုက်ရသည်။

ရန်သူ၏မှန်းချက်သည် ထင်သည့်အတိုင်း ဖြစ်မလာ။ ဓားသည် လေထဲမှာပင် တန့်သွားခဲ့ရသည်။ မင်းရဲစည်သူက အရွယ်နှင့်မလိုက်အောင်ပင် သန်မာဖျတ်လတ်လွန်းလှသည်။ ကုလားဒိန်၏ အရိုက်ကို ညာလက်ဖနောင့်စာကျွေးလိုက်သည်။

အွတ်!

ကုလားဒိန်အသက်ရှုမှားကာ ခါးညွတ်သွားသည်နှင့် လက်သီးတစ်လုံးက မေးဆီကို ရောက်သွားပြီး ခပ်ဆတ်ဆတ် ပစ်သွင်းလိုက်သည်။

ခွပ်!

အူး!

"စည်သူ. . သတိထား၊ နောက်မှာ"

ဇာလီ၏ အထိတ်တလန့် အော်လိုက်သံက ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ မင်းရဲစည်သူသည် သူ့ဆီကို ခုန်ဝင်လာခဲ့သော ရန်သူ၏ တိုက်ကွက်ကို တစ်ပတ်လှည့်ကာ ရှောင်လိုက်သည်။

ထိုသူသည် ခုန်လည်းဝင်အလာ၊ ဓားမြှောင်ကိုလည်း မင်းရဲစည်သူ၏ကိုယ်ပေါ်ကို စိုက်အချ၊ သူလည်း ရည်ရွယ်ချက်မမြောက်ခဲ့။ ဓားမြှောင်သည် မင်းရဲစည်သူ၏ ကျောမှကပ်ပြီးတော့ ပွတ်လွဲသွားသည်။ ထိုသူက မလျှော့သေးပဲ ဓားမြှောင်ဖြင့် လက်ပြန်အတွက်လိုက်မှာ မင်းရဲစည်သူက ထိုသူကလက်ကောက်ဝတ်ကို ဖမ်း၍ဆုပ်ကိုင်လိုက်ပြီး လိမ်ချိုးလိုက်သည်။

အား!

အော်သံထွက်ပေါ်လာပြီး လက်ထဲမှဓားမြှောင်လွှတ်ကျသွားခဲ့သည်။ လူမိုက်နှစ်ယောက်လည်း မင်းရဲစည်သူကိုသ ၊ မဲပြီးတော့ တိုက်ခိုက်နေကြသည်။ တခြား မည်သူကိုမှ ရန်မရှာကြ။ ပွဲကြည့်ပရိသတ်များသည် ပထမတော့ ကြောင်ပြီးကြည့်နေကြသေးသည်။ သရုပ်ပြသည့်ပွဲလို့များ ထင်နေကြသလားမသိ။ နောက်တော့မှ သဘောပေါက်သွားကြကာ ထွက်ပြေးနေကြလေတော့သည်။

တစ်ခုထူးခြားသည်က ရှမ်းအိုးစည်တီးသူက အနေအထားမပျက် မှန်မှန်တီးနေဆဲ၊ ကြေးမောင်းသမားကလည်း ဟန်မပျက် တီးခတ်နေသည်။ ရန်ပွဲဖြစ်နေသည်ကို မသိသလို ဝတ္တရားမပျက်ကနေသူ မမကြီးသည် မည်သူမှမထင်မှတ်သော





အပြုအမူတစ်ခုကို ပြုမူလိုက်သည်။

ဓားသိုင်းကနေရာက မင်းရဲစည်သူဆီကို ခုန်ဝင်လာပြီး လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်က. . . ။

"ဒီနေရာမှာမနေနဲ့ ကောင်မလေးကိုခေါ်ပြီး ပြေးပေတော့၊ စကားကိုနားထောင်"

မင်းရဲစည်သူလည်း ရန်သူကို ဆက်ပြီးမတိုက်ခိုက်ပဲ ဇာလီ၏လက်ကိုဆွဲကာ ထွက်ပြေးသည်။ မှောင်ရိပ်ကွယ်တစ်ခုသို့ ရောက်သောအခါ. . . ။

"ခဏနေဦး. . ဇာလီ"

"ဘာလုပ်မလို့လဲ. . စည်သူ၊ ငါတို့ ကားဆီကိုသွားကြမယ်လေ၊ ဟိုလူတွေ လိုက်လာကြဦးမယ်"

ဇာလီက စိုးထိတ်သော လေသံဖြင့် ပြောလိုက်သောအခါ. . . ။

"သူတို့ လိုက်မလာနိုင်ကြတော့ပါဘူး၊ ဟိုမှာကြည့်"

လက်ညှိုးထိုးပြလိုက်ရာ မြန်မာလူရမ်းကားတစ်ဦးနှင့် ကုလားဒိန်ကို မမကြီးနှင့်အတူ စောစောက ဓားသိုင်းကခဲ့သော လူကြီးကလည်း ဓားဖြင့်ဝင်ရောက်တိုက်ခိုက်သည်။

က,သိုင်းမှ တကယ်တိုက်ခိုက်သောသိုင်းသို့ ပြောင်းလဲသွားခဲ့သည်။ နှစ်ဦးစလုံး ရှမ်းကြီးသိုင်းဖြင့် တိုက်ခိုက်ကြသည်။ စောစောက ရန်မူလာကြသူနှစ်ယောက်မှာ မမကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ကို မည်သို့ခုခံတိုက်ခိုက်ကြရမှန်းမသိကြပဲ ဂမူးရှူးထိုးသာ ဝင်ရောက်တိုက်ခိုက်ကြသည်။

သို့သော် ရှမ်းအိုးစည်ကလည်း အတီးမပျက်။ မောင်းသမားကလည်း အတီးမပျက် ရှိနေကြလေရာ စောစောက ထွက်ပြေးသွားခဲ့ကြသော ပွဲကြည့်ပရိသတ်များသည် သိုင်းအဖွဲ့ကို ပြန်ပြီးစိတ်ဝင်စားလာခဲ့ကြပြန်သည်။ သူတို့တိုက်ခိုက်မှုကို ဝိုင်းအုံပြီးတော့ ကြည့်နေကြသည်။

မမကြီးသည် ဓားရိုးကို လက်ညှိုးပေါ်တင်ကာ ရဟတ်ပမာ လေထဲမှာ တဝီဝီဖြင့် ဝေ့ယမ်းပစ်လိုက်ပြီး. . .။

"ဟဲ့. . ကုလားဒိန်၊ နင်က ကုလားဖြူလက်ပါးစေမို့ ဘာအပြစ်မှမရှိတဲ့ကလေးကို ရန်ရှာတာလားဟဲ့၊ နင့်ကို ဘယ်သူကခိုင်းတာလဲ၊ ပြောစမ်း"

"ဘယ်သူမှမခိုင်းဘူး၊ ငါ့ဘာသာငါ ပစ္စည်းဖျက်ချင်လို့ ဝင်တိုက်တာ"

"တောက်. . ပလိစ်ချောက်ချက်နဲ့ မုသားစကားပြောတယ်၊ နင့်ကို တစ်ယောက်ယောက်က စေခိုင်းတာပဲဖြစ်ရမယ်၊ မှန်မှန်ပြောစမ်း"

"ငါမသိဘူး၊ မပြောဘူး"

ကုလားဒိန်သည် ဒေါသဖြင့် ပြန်ပြောလိုက်ပြီး မမကြီးကို ဓားကောက်ကြီးဖြင့် ဝင်ခုတ်သည်။





"တယ်. . ကောင်းကောင်းမေးတာ မဖြေချင်ဘူး၊ သေချင်ပြီထင်တယ်၊ ကဲ. . ."

ဝှစ်!

ရှပ်!

အား!

မမကြီးက ဓားကို တစ်ချက်ဝင့်လိုက်ရာ ကုလားဒိန်၏ ရင်ဘတ်မှအင်္ကျီသည် ရှပ်ကနဲကွဲထွက်သွားသည်။ အသားကိုပါ ထိသွားခဲ့လေရာ သွေးများက ရဲကနဲစွန့်ပြီး ထွက်လာခဲ့လေသည်။ ကုလားဒိန်လက်ထဲမှဓားကောက်သည် လွတ်ကျသွားခဲ့ရသည်။ ထိုနောက် 'အဘား. . အဘား'ဟု အော်ကာ နေရာမှ ထွက်ပြေးသွားလေတော့သည်။

စောစောက မြန်မာတစ်ယောက်သည်လည်း သူနှင့်ပါလာသည့်လူ အခြေအနေမလှသည်ကို သိလိုက်ရသောအခါ သူလည်း ထွက်ပြေးရန်ကြိုးစားသည်။ သို့သော် ရှမ်းအမျိုးသားကြီးက ထိုသူ၏ရှေ့မှာ ပိတ်ပြီးတော့ရပ်လိုက်သည်။

"မင်းက ဘယ်ကိုပြေးမလို့လဲ၊ ကိုယ်လုပ်ချင်ရာလုပ်ပြီးတော့ ဒီလောက်တောင် သတ္တိနည်းရသလားကွဟေ"

"ခင်ဗျားက ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ၊ သေချင်ပြီထင်တယ်၊ ဟုတ်လား"

ထိုသူကလည်း ပြေးမလွတ်မှန်း သိသောအခါ မရဲပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွဲပြစီးစီးဆိုသလို ကြောက်ကန်ကန်ပြီးတော့ ပြောလိုက်သည်။

"ဩော်. . မင်းက ကိုယ့်ဗမာအချင်းချင်းတောင် ကုလားဖြူတွေအားကိုးနဲ့ ပမာမခန့်လုပ်ချင်သတဲ့လား၊ မင်းကိုအသေမလုပ်ဘူး၊ သင်ခန်းစာတော့ပေးလိုက်မယ်၊ ကဲ. . ."

ဂုစ်!

အား!

ရှမ်းအမျိုးသားကြီးက လက်ထဲကဓားကို မည်သို့ကစားလိုက်သည်မသိ။ ထိုသူ၏ ဓားမြှောင်ကိုင်ထားသော လက်မောင်းကို မှားဦးက ထိုးစိုက်သွားခဲ့သည်။ ထိုသူက တစ်ချက်အော်လိုက်ပြီး လက်ထဲမှဓားသည်လည်း လွှတ်ကျသွားခဲ့ရ၏။

ထိုနောက် ညည်းညူကာ ထွက်ပြေးသွားခဲ့လေသည်။ မှန်မှန်တီးခတ်နေသော ရှမ်းအိုးစည်နှင့်မောင်းသမားတို့သည် ထိုအခါကျမှ ရပ်တန့်သွားခဲ့ကြသည်။ ပွဲကြည့်ပရိသတ်များသည်လည်း ထိုအခါကျမှ သက်ပြင်းကိုယ်စီချလိုက်ကြကာ နေရာမှထွက်သွားကြလေသည်။

ရှမ်းအိုးစည်တီးခတ်ကြသော အဖွဲ့သားများသည် မမကြီးအမှူးပြု၍ ဣန္ဒြေရရပင် ဘုရားပေါ်ကို တက်သွားခဲ့ကြလေသည်။

"လာ. . ဇာလီ၊ ငါတို့လည်း သွားကြရအောင်"

နှစ်ယောက်စလုံး ကားဆီကို ပြေးလာခဲ့ကြသည်။ တ





ဓကာအကြာတွင် ဘုရားမှ ထွက်ခွာနိုင်ခဲ့ကြလေပြီ။

မင်းရဲစည်သူ၏မိခင် ဒေါ်မြတ်သီသည် မိုးကုတ်အဆက်အနွယ်ဖြစ်သည်။ မိဘမျိုးရိုးကပင် ချမ်းသာကြွယ်ဝသည်။ မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းပိုက်ပြီးကာစအခြေအနေတွင် မျက်နှာဖြူများ၊ မြန်မာကြေးရေတက်ပုဂ္ဂိုလ်များမှလွဲ၍ ကားကိုစီးနိုင်ကြ။ ကားဝယ်စီးနိုင်သောသူများမှာ ရှားပါးလှသည်။ သို့သော် ဒေါ်မြတ်သီသည် အိမ်မှာကားနှစ်စီးထားနိုင်ခဲ့လေသည်။

"ဇာလီ. . နင်တော်တော်ကြောက်သွားသလား"

"ကြောက်တာပေါ့ စည်သူရဲ၊ ဒီလူတွေက ဓားကြီးတွေနဲ့ တိုက်ခိုက်ကြတာ၊ ဘာကြောင့်လဲမသိဘူးနော်"

"ငါတို့ဆီက ပစ္စည်းလိုချင်လို့များလားမှမသိတာ"

"ဟယ်. . ပစ္စည်းလိုချင်ရင် နင်တစ်ယောက်တည်းကိုပဲ ရန်ရှာရသလား၊ ငါ့ကျတော့ ဘာမှမလုပ်ဘူး၊ ပြီးတော့ လူတွေကြားထဲမှာ"

"အေး. . ငါက ပေါ့ပေါ့လေး တွေးမိလိုက်ပေမယ့် အဲဒီအချက်ကိုတော့ အလေးအနက်ထားပြီး စဉ်းစားမိတယ်၊ သူတို့က ငါတစ်ယောက်တည်းကိုပဲမဲပြီး ဘာဖြစ်လို့ ရန်ရှာရတာလဲ၊ ငါ့ကို ပြန်ပေးဆွဲချင်တယ်ဆိုရင် ဒဏ်ရာအနာတရဖြစ်အောင်မလုပ်ပဲ တစ်နေရာကို ခေါ်သွားလို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါလည်းဟုတ်တာပဲ၊ နင့်အသက်ကို ရှ
ရှာကြတာအမှန်ပဲ၊ ကြောက်စရာကြီးနော်၊ တော်သေးတာပေါ့
နင်က သိုင်းတတ်လို့"

"နင့်မွေးနေ့အတွက် ဘုရားကိုလာရင်း ခုလိုဖြစ်ရတာ
စိတ်မကောင်းပါဘူးဟာ၊ ဒါ. . ငါ့ကြောင့်ပါ"

"အံမယ်. . ငါ့ကြောင့်လို့လည်း ပြောလို့ရပါတယ်၊ ငါ
ဘုရားကိုခေါ်လာလို့ ဒီလိုဖြစ်ရတာကိုး"

"သူ့ကြောင့်ကိုယ့်ကြောင့် လုပ်မနေနဲ့ဟာ၊ သူ့ဘာသာ
သူ ဖြစ်ချင်လို့ဖြစ်တာ၊ မမကြီးသာ ဝင်ပြီးအကူအညီမပေးရင်
ဒီလူနှစ်ယောက်နဲ့ တော်တော့်ကို ရင်ဆိုင်ရမယ်"

"ဟိုနှုတ်ခမ်းမွေးကားကားနဲ့ အသားဖြူဖြူရှမ်းကြီးကို
လည်း နင်သတိပြုမိသလား စည်သူ၊ သူက မမကြီးလိုပဲ နင့်
အသက်ကို ဝင်ကယ်လိုက်တာ၊ သူ့မျက်လုံးတွေကလေ နင်တ
ခုခုဖြစ်သွားမှာကို သိပ်ပြီးစိုးရိမ်နေသလိုပဲ၊ မမကြီးလိုပဲ နင့်ကို
ဂရုစိုက်တယ်"

"ဟုတ်လား၊ ငါသတိမထားမိလိုက်ဘူး"

ညဉ့်ဦးယံကာလဖြစ်၍ ကားကို ဂရုတစိုက်ဖြင့် မောင်
နှင်လာခဲ့ရသည်။ စကားမပြောဖြစ်ကြတော့ပဲ အတွေးကိုယ်
ဖြင့် ငြိမ်သက်သွားခဲ့ကြသည်။

➤➤➤➤➤





"သားရဲ့ ပထမအိပ်မက်နှင့်ဒုတိယအိပ်မက်အကြောင်း
အိပ်မက်နှစ်ခုစလုံးက ထူးဆန်းတယ်၊ ပြီးတော့ သားရဲ့
အိပ်မက်ထဲက အကြီးတော်ဆိုတဲ့ အမျိုးသမီးကြီးဟာ
မမကြီးနဲ့ တူတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - (၇)

## ကယ်တင်ရှင်ဘယ်ကလဲ

"ဟင်. . သားကို လူနှစ်ယောက်က ရန်ရှာတယ်ဟု

လား"

"ဟုတ်တယ်. . ဖေဖေ၊ လူတွေကြားထဲမှာကို အ

လွတ်ဝင်ပြီး ရန်ရှာတာ၊ မမကြီးနဲ့သူ့ရဲ့ အဖော်လူကြီးက

သိုင်းကနေရင်းနဲ့ ဝင်ပြီးအကာအကွယ်ပေးလိုက်ကြလို့ သ

တို့သက်သာရာရသွားခဲ့ကြတာ"

"မမကြီး. . ဟုတ်လား၊ ဘယ်က. . မမကြီးလဲ၊ သူ

ဘယ်သူလဲ. . သား"

ဒေါ်မြတ်သီက စိတ်ပါဝင်စားစွာဖြင့် ဝင်မေးလိုက်



"ဘုရားပေါ်မှာ သိဖူးခဲ့ကြတာပါ၊ သားမေ့ပြီး ပုတီးပါမသွားလို့ မမကြီးက ပေးဖူးခဲ့တယ်၊ ဒီကနေ့တွေ့တာ ဒုတိယအကြိမ်ပါ မေမေ"

"သားရယ်. . မေမေရင်ထိတ်မိတယ်ကွယ်၊ သားမှာ ဒီလိုအန္တရာယ်မျိုးတွေ ဘာဖြစ်လို့ ရှိလာခဲ့ရတာလဲ၊ အေးအေးဆေးဆေးနေကြတဲ့သူတွေပဲ ဘာရန်ငြိုးရန်စမှုလည်း ရှိခဲ့ကြတာမဟုတ်ဘူး၊ ဘယ်သူနဲ့မှုလည်း အဆင်မပြေဘူးဆိုတာ မရှိခဲ့ဘူး၊ အားလုံးကို တည့်အောင်ပေါင်းခဲ့ကြတယ်"

"လူမှားပြီးရန်ရှာကြတလည်း ဖြစ်ချင်ဖြစ်မှာပေါ့ သိရယ်"

"သမီးခေါ်သွားလို့ ခုလိုဖြစ်ရတာပါ. . အန်တီ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ်၊ ဒါဟာ တိုက်ဆိုင်မှုတစ်ခုပါ၊ သမီးစိတ်မကောင်းမဖြစ်ပါနဲ့"

ဒေါ်မြတ်သီက အေးဆေးစွာဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ သူ့ဘာသာသူ ဖြစ်ချင်လို့ဖြစ်တာပါ၊ သမီးကြောင့် မဟုတ်ပါဘူး"

ဦးနန်းကိုကလည်း စိတ်ဖြေစကား ပြောလိုက်သည်။ မမကြီးဆိုသည့် အမျိုးသမီးကြီးနဲ့ စားသိုင်းအဖွဲ့ကိုလည်း ဦးနန်းကိုက စိတ်ပါဝင်စားနေမိသည်။

"ဒါနဲ့ မမကြီးဆိုတဲ့ အမျိုးသမီးက ဘယ်အရွယ်ရှိပြီလဲ. . သား၊ သူဘယ်မှာနေသလဲဆိုတာကိုကော သိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပေါ်မှာ မထင်မှတ်ပဲ ဆုံမိခဲ့ကြတာပဲ၊ တစ်ယောက်နှင့်တစ်ယောက် အမြင်ချင်းရင်းနှီးခဲ့ကြတာ၊ သားစိတ်ထဲမှာ အသက်သုံးဆယ်ဝန်းကျင်လောက်ပဲ ရှိလိမ့်ဦးမယ်ထင်တယ်၊ ဒီ့ထက်ငယ်ရင်လည်း ငယ်နိုင်တယ်၊ စကားပြောနူးညံ့တယ်၊ သိမ်မွေ့တယ်၊ သွားတာလာတာ မဟာဆန်တယ်၊ ဘယ်မှာနေတယ်ဆိုတာကတော့ သားမသိဘူး. . ဖေဖေ"

ဦးနန်းကိုသည် တစ်ခုခုကို လေးနက်စွာ စဉ်းစားနေသည်။ မျက်မှောင်ကျုံ့လျက်ရှိသည်။ သူစကားမပြောပဲ ငြိမ်သက်သွားခဲ့လျှင် အလေးအနက်ထားစရာ အကြောင်းကိစ္စတစ်ခုခုရှိနေခဲ့ပြီဟု သိထားကြသည်။

"ဖေဖေ. . ဘာစဉ်းစားနေတာလဲဟင်"

"သားဖေဖေ ဘာစဉ်းစားနေသလဲဆိုတာ မေမေသိတယ်သား၊ သားကို မေမေတစ်ခုတော့ မေးချင်တယ်"

"မေးပါ. . မေမေ၊ သားမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး"

"သမီးအိမ်ပြန်လိုက်ဦးမယ်. . အန်တီ"

ဇာလီမှုန်ဝေက အလိုက်သိစွာဖြင့် နေရာမှထမည်ပြုရာ. . .။

"သမီးရှောင်ပေးစရာ မလိုပါဘူးကွယ်၊ အန်တီတို့ပြောတာကို နားထောင်လို့ရပါတယ်"

ဇာလီက ပြန်ထိုင်လိုက်ရသည်။





"ညနေတုန်းက သားတို့ဘုရားမသွားမီ ပြောနေကြတဲ့စကားကို မေမေအမှတ်မထင် နားထောင်နေမိတယ်၊ သားရဲ့အိပ်မက်အကြောင်းပဲ၊ သား. . ဇာလီကို ပြောပြနေတာမဟုတ်လား"

"ဟုတ်ကဲ့. . မေမေ

"သားရဲ့ ပထမအိပ်မက်နှင့်ဒုတိယအိပ်မက်အကြောင်း အိပ်မက်နှစ်ခုစလုံးက ထူးဆန်းတယ်၊ ပြီးတော့ သားရဲ့ အိပ်မက်ထဲက အကြီးတော်ဆိုတဲ့ အမျိုးသမီးကြီးဟာ မမကြီးနှင့်တူတယ်ဆို"

မင်းရဲစည်သူ၏ မျက်လုံးအစုံသည် ဒေါ်မြတ်သီကို ဖျတ်ကနဲဆိုကြည့်လိုက်သည်။ ဒီအထိအောင် သိသွားပါလားဟု၍ အံ့အားသင့်သွားမိသည်။

"ဟုတ်ပါတယ်. . မေမေ၊ သားရဲ့ အိပ်မက်ထဲက အကြီးတော်လို့ သူကိုယ်သူပြောတဲ့ အမျိုးသမီးနဲ့ ခုအပြင်မှာဆုံတွေ့ခဲ့ရတဲ့ မမကြီးဟာ တော်တော်လေးကို တူနေပါတယ်၊ ဘာဖြစ်လို့လဲ မေမေ၊ မေမေတို့က သိပ်ပြီးစိတ်ဝင်စားနေလို့လား"

"ဪ. . အင်း၊ ဒီလိုပါ သားရယ်၊ ကိုယ်တစ်ခါမှမတွေ့ဖူးတဲ့ လူတစ်ယောက်ဟာ အိပ်မက်ထဲမှာ မြင်မက်ခဲ့ပြီး အပြင်မှာလည်း တစ်ကယ်ရှိနေတယ်ဆိုတော့ ထူးဆန်းနေလို့ပေါ့ကွယ်"

"ဟုတ်တယ် အန်တီရဲ့၊ စည်သူရဲ့ အိပ်မက်ကကိုက



www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာတွေ့မယ့် အမျိုးသမီးကို ကြိုပြီးသိအောင် မက်ထားသလိုဖြစ်နေတယ်လေ"

ဇာလီကပါ ဝင်ပြောလိုက်သည်။

"သီကလည်းကွယ်၊ အိပ်မက်နိမိတ်ပုံကျမ်းတွေထဲမှာ လူ၊ အရာဝတ္ထု၊ နေရာ၊ ဒေသတွေကို ကြိုပြီးတော့ မက်တတ်တယ်ဆိုတာ အကိုးအကား၊ အထောက်အထားတွေနဲ့ ပြထားတာရှိတယ်လေ၊ မသိစိတ်ရဲ့ ညွှန်ကြားရာကို သိစိတ်က လိုက်နာကြရတယ်တဲ့၊ တချို့ ဆိုရင် ကိုယ်လုံးဝမရောက်ဖူးသေးတဲ့ နေရာဒေသတွေကို အိပ်မက်ထဲမှာ မက်ထားတယ်၊ ကြိုပြီးမက်ထားတာပေါ့။ နောက် နှစ်အတန်ကြာတဲ့အခါမှာ ကိုယ်ကိုစွတစ်ခုနဲ့ ရောက်သွားတဲ့ဒေသ၊ မြို့ဟာ ကိုယ်ကြိုပြီးမက်ထားတဲ့ အိပ်မက်ထဲကဒေသ၊ နေရာတစ်ခုခုဖြစ်နေတတ်တယ်လေ"

"ဟုတ်တယ်၊ ကိုယ်ပြောသလို သီလည်း ဖတ်ဖူးလေ့လာဖူးပါတယ်၊ ဒါပေမယ့် သားအိပ်မက်နဲ့ ဆက်စပ်နေတဲ့. ."

"ကဲပါကွယ်၊ သီဦးနှောက်အခြောက်ခံပြီး တွေးမနေပါနဲ့တော့၊ တိုက်ဆိုင်မှုလို့ပဲ သဘောထားလိုက်ပါ"

ဦးနန်းကိုက စကားကိုဖြတ်လိုက်သည်။ ဒေါ်မြတ်သီလည်း ဦးနန်းကို၏မျက်နှာကို တစ်ချက်အကဲခတ်ကာ ကြည့်လိုက်သည်။ တစ်ခုခုကို သဘောပေါက်သွားသလို ထင်ရပြီး ဆက်မပြောတော့ပေ။

"ကဲ. . အန်ကယ်နှင့်အန်တီ၊ သမီးကို ပြန်ခွင့်ပြုကြပါ





ဦးနော်"

"ဩော်. . အေး. . အေးကွယ်၊ သမီးဘုရားမှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာ အန်ကယ်တို့ စိတ်မကောင်းပါဘူးကွယ်၊ အိမ်ကိုလည်း ပြန်ပြောပြဦးမှာလား သမီး"

"မပြောပြတော့ပါဘူး အန်ကယ်၊ တော်ကြာ နောက်ကို သမီးကို စိတ်မချဖြစ်ပြီး ဘယ်ကိုမှမလွှတ်ပဲနေဦးမယ်၊ စည်သူ. . ငါသွားတော့မယ်နော်"

"နေဦးလေ၊ မိုးချုပ်နေပြီ. . ဇာလီ၊ ငါအိမ်အထိလိုက်ပို့ပေးမယ်"

မင်းရဲစည်သူက ဇာလီနှင့်အတူ လိုက်သွားသည်။ ဦးနန်းကိုသည် သက်ပြင်းတစ်ချက်ကို လွှတ်လပ်စွာချလိုက်ပြီး။

"တောင်တောင်အီအီ လျှောက်ပြီးတွေးမနေပါနဲ့ သီ၊ သားအတွက် အားလုံးဟာ တိုက်ဆိုင်မှုတွေ ဖြစ်လာတယ်လို့ သဘောထားလိုက်ပါ"

"တိုက်ဆိုင်မှု. . ဟုတ်လား၊ ဒီလို အချိန်အခါမျိုးမှာ ပေါ်လာခဲ့တဲ့ အဖြစ်အပျက်တွေဟာ တိုက်ဆိုင်မှု သက်သက်ရယ်လို့ ခေါ်လို့မရတော့ဘူး. . ကို၊ ဒီမမကြီးဆိုတဲ့ အမျိုးသမီးနဲ့ အကြောင်းတစ်ခုခု ဆက်နွယ်နေကြပြီ၊ မမကြီးဟာ ဘုရားကိုသွားတိုင်းမှာ သားနဲ့ဘာဖြစ်လို့ ဆုံဆုံနေရတာလဲ သားနဲ့တွေ့ဖို့ တမင်ရောက်လာတာကော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သီ . . သားအတွက် အစိုးရိမ်လွန်ပြီး အတွေးသိပ်ခေါင်နေပြီ၊ ဒါကြောင့်မို့ သားဟာ သူ့အိပ်မက်နှင့်ပတ်သက်ပြီး သားကမပြောပြခဲ့တာ၊ သီက အစိုးရိမ်လွန်တတ်လို့လေ"

"သီဟ ားအတွက် အမြဲတမ်း အစိုးရိမ်ကြီးနေတတ်တယ်ဆိုတ ဲ့သီသားနဲ့ ခုလို အရွယ်ရောက်လာခဲ့ပြီး အသက်နှစ်ဆယ်ပြည့်ခါနီးလေလေ သီပိုပြီးခံစားရလေလေပဲ"

"သီ ဒီလိုခံစားချက်မျိုးဟာ သီတစ်ယောက်တည်းမဟုတ်ပါဘူး၊ ကိုယ်လည်း သီ့လိုပါပဲ၊ ဒါပေမယ့် အဖြစ်မှန်ဆိုတာ ဖုံးကွယ်ထားလို့ မရဘူးလေ၊ သားလေးသိသင့် သိထိုက်တာကိုတော့ ပြောကိုပြောရမှဖြစ်မယ်၊ ပြီးတော့မှ သားဘယ်လိုဆုံးဖြတ်တယ်ဆိုတာ နားထောင်ကြရုံပဲပေါ့"

"အဲဒီအချိန်ကျရင် သားလေးစိတ်မပြောင်းသွားပါစေနဲ့လို့ ဆုတောင်းရမှာပဲပေါ့"

ဒေါ်မြတ်သီက စိတ်မသက်မသာ ပြောလိုက်သည်။ ထိုစဉ် မင်းရဲစည်သူပြန်ရောက်လာ၍ စကားမပြောဖြစ်ကြတော့ပေ။

➤➤➤➤➤

တကယ်တော့ မင်းရဲစည်သူသည်လည်း လူငယ်တစ်ယောက်ပေမယ့် အတွေးအခေါ်ရှိသူဖြစ်သည်။ မိမိအပေါ်မှာ ရန်ရှာခဲ့သည့်ကိစ္စကို မေ့ဖျောက်ပစ်နိုင်ခဲ့သည်မဟုတ်ပေ။





"အိုးစည်တီးရင်း မားသိုင်းကတဲ့ မမကြီးဦးဆောင်တဲ့ အဖွဲ့ဟာ ဟိုလူတွေ ငါ့ကို တိုက်ခိုက်နေတာတောင် မားသိုင်းကမပျက်ကြဘူး၊ ဒါပေမယ့် မမကြီးနှင့်ဟိုရှုမ်းအဖိုးကြီးဟာ ငါ့အသက်ကို ဝင်ပြီးကယ်ခဲ့ကြတယ်၊ ငါနှင့်မမကြီးခုလို ဆုံမိကြတာ တိုက်ဆိုင်မှု ဖြစ်နိုင်ပါ့မလား၊ ဟိုလူတွေကတော့ ငါ့ကို လူမှားကြတာကော ဟုတ်ရဲ့လား၊ လူကြားထဲမှာတောင် တော်တော်အတင့်ရဲလှတဲ့ လူတွေပဲ"

တစ်ပတ်နှစ်ပတ်ခန့် ကြာသောအခါ ထိုအဖြစ်အပျက်တွေကို မေ့ပျောက်စပြုလာခဲ့သည်။ မိမိကိုလူမှားပြီး တိုက်ခိုက်ကြသည်ဟုပဲ ယုံကြည်လာမိသည်။

မိခင်ဒေါ်မြတ်သီသည်လည်း သားဖြစ်သူကို စိတ်ချသာနိုင်ခဲ့ရသည်။ မင်းရဲစည်သူသည် မိခင်က စိတ်ပူတတ်မှန်းသိခဲ့၍ ထိုရက်ပိုင်းအတွင်းမှာ အပြင်ကို မထွက်ခဲ့ပေ။

သို့သော် တစ်နေ့တွင် အပြင်ကိုထွက်ရန် အကြောင်းတစ်ခုက ပေါ်လာခဲ့သည်။ မိမိအိန္ဒိယတွင် ကျောင်းတက်ခဲ့စဉ် မြန်မာပြည်မှ မိတ်ဆွေသူငယ်ချင်းတစ်ယောက်နှင့်အတူတူ ခဲ့သည်။ ထိုကျောင်းသားက မင်းရဲစည်သူနှင့်တစ်ပတ်စော မြန်မာပြည်ကို ပြန်လာခဲ့လေသည်။

ထိုကျောင်းသားသည် စက်ရှင်မင်းကြီးတစ်ဦး၏သား သည်။ နာမည်မှာ မောင်ဇဂျမ်းဖြစ်သည်။ မောင်ဇဂျမ်း၏ ဘ်ဒေးပါတီပွဲသို့ လာရောက်ရန် မင်းရဲစည်သူအား ဖိတ်ကြား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းခံရသည်။

ပါတီပွဲကျင်းပမည့်အချိန်မှာ ညနေငါးနာရီဖြစ်သည်။
ထို့ကြောင့် မိခင်ကိုခွင့်ပန်ပြီး အိမ်မှထွက်လာခဲ့လေ၏။ မောင်
ဗဂျမ်း၏အိမ်သည် ရန်ကုန်မြို့လယ်ရှိ တိုက်အိမ်ကြီးတစ်အိမ်
ဖြစ်၏။ ကြီးမားသော ခြံဝင်းကြီးတစ်ခု၏ အတွင်းမှာ တည်
ဆောက်ထားသည်။

မင်းရဲစည်သူရောက်သွားသောအခါ မောင်ဗဂျမ်းက
ဖွားရဝမ်းသာဆီးကြိုလေသည်။

"စည်သူရေ. . ရောက်လာတာ ဝမ်းသာသကွာ၊ ငါက
တော့ မင်းလာမှလာပါ့မလားလို့တွေးနေတာ"

"ဖိတ်ထားမှတော့ မလာပဲနေပါ့မလား သူငယ်ချင်း
ရာ"

သူငယ်ချင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်မျာ
ကို ပြောဆိုနေကြရင်း အချိန်သည် မသိမသာ ကုန်ဆုံးလာ
သည်။ မင်းရဲစည်သူသည် မိုးချုပ်လာပြီဖြစ်၍ ပြန်ချင်ခဲ့ပြီဖြ
သည်။

ထိုစဉ် သူ၏မျက်လုံးအစုံသည် ကားဆီကိုရောက်သွ
ခဲ့သည်။ ကားကိုမှီ၍ရပ်နေသူ လူကြီးတစ်ယောက်ကို တေ
လိုက်ရသည်။ ထိုလူကြီးသည် နှုတ်ခမ်းမွေးကားကားနဲ့ ရှမ်း
မျိုးသားကြီးတစ်ဦးဖြစ်သည်။ ဆေးတံကို အကျအနခဲကာ
ရှိုက်လျက်ရှိသည်။





မီးရောင်အောက်မှာ ထင်ရှားစွာတွေ့လိုက်ရသော အ
သားအရောင်သည် ဖြူဆွတ်လျက်ရှိသည်။ ထိုလူကြီးကို မြင်
တွေ့လိုက်ရသောအခါ မင်းရဲစည်သူအံ့အားသင့်သွားခဲ့ရသည်။
ထိုလူကြီးသည် အခြားသူမဟုတ်။ မမကြီးနှင့်အတူ လိုက်ပါ
လာသော ရှမ်းအိုးစည်အဖွဲ့ထဲမှ အဖိုးကြီးပင်ဖြစ်သည်။

"စည်သူ. . မင်းဘာကို စိတ်ဝင်စားပြီး ကြည့်နေတာ
လဲကွ"

"ဟို. . ငါ့ကားကို မှီပြီးရပ်နေတဲ့လူတစ်ယောက်"

မင်းရဲစည်သူက မောင်ဗဂျမ်းကို လှည့်ကြည့်ပြီး ပြော
လိုက်သည်။

"ဘယ်မှာလဲကွ၊ မင်းကားနားမှာ ဘယ်သူမှမရှိပါဘူး
ကွ"

မင်းရဲစည်သူက လှည့်ကြည့်လိုက်ရာ. . .။

ဟင်!

စောစောကလူကြီးကို မတွေ့ရတော့ပေ။

"မင်းအမြင်မှားတာ ဖြစ်မှာပါကွာ"

"မဟုတ်ဘူး. . ဗဂျမ်း၊ ငါသေသေချာချာကို မြင်လိုက်
တာပါကွာ၊ လူကြီးတစ်ယောက်က ငါ့ကားကို မှီရပ်နေပြီးငါ
ဘက်ကို စိုက်ကြည့်နေတာကွ"

"ဒါလည်း ဆန်းသလားကွာ၊ ဧည့်ခံပွဲလာတဲ့သူတွေထဲ
က တစ်ယောက်ယောက်ပဲဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲစည်သူသည် မောင်ဗဂျမ်းပြောလိုက်မှ ဇဝေဇဝါ ဖြစ်သွားခဲ့ရပြန်သည်။ မောင်ဗဂျမ်းသည် တခြားဝိုင်းမှ လူတွေ ကို ညွှဲခဲ့လိုက်၊ မင်းရဲစည်သူဆီပြန်လာပြီး စကားပြောလိုက် နှင့် အချိန်တွေ တဖြည်းဖြည်းနဲ့ ကုန်လာခဲ့သည်။

ညဉ့်ဆယ့်နှစ်နာရီထိုးကာနီးမှ ပြန်ခဲ့လေသည်။ မွေး နေ့ပါတီပွဲလည်း ပြီးဆုံးခဲ့လေပြီ။

➤➤➤➤➤

ကားကို ဂရုတစိုက်ဖြင့် မောင်းနှင်လာခဲ့သည်။ ရွှေ ဂုံဘုရားလမ်းအတိုင်း မောင်းနှင်လာခဲ့လေရာ တစ်နေရာ ရောက်သောအခါ. . .။

ဒိုင်း!

ကားဘီးပေါက်သွားခဲ့လေရာ အရှိန်ကိုလျှော့၍ လ ဘေးမှာ ချပြီးရပ်လိုက်ရသည်။ ညကြီးမိုးချုပ်နေချိန်၊ လူသွ လူလာ၊ ကားသွားကားလာ ကျဲပါးနေချိန်မှာ ခုလိုဖြစ်ရသ အတွက် စိတ်ပျက်သွားမိသည်။

ကားပေါ်မှဆင်းကာ ဘီးကိုဆင်းကြည့်သည်။ နော ဘီးဘယ်ဘက်အခြမ်းရှိဘီးဖြစ်သည်။ စပယ်ရာအပိုဘီးပါလ ၍ ချက်ချင်းဖြုတ်လဲရန် စဉ်းစားမိစဉ်မှာ လူနှစ်ယောက် ရောက်လာခဲ့သည်။

ဖျောက်!





ဖျောက်!

ထိုလူနှစ်ယောက်သည် ကုတ်အင်္ကျီထဲမှ မောင်ပြန်ဓား နှ်ချောင်းကို ထုတ်ယူလိုက်ပြီး ခလုတ်များကို နှိပ်လိုက်ရာ ထွက်ပေါ်လာသော အသွားချွန်ချွန်ဓားများ။ ဘိုကြက်ချေးတစ် ယောက်နှင့်ကုလားဒိန်တစ်ယောက်။

“ခင်ဗျားတို့က ဘာသဘောလဲဗျ”

“မင်းတမလွန်မှာ သွားမေးပေတော့”

ဘိုကြက်ချေးကောင်က ဘိုလို(အင်္ဂလိပ်လို)ပြောလိုက် ဓားကိုင်လက်များကို လှုပ်ရှားမည်ပြုလိုက်ရာ. . .။

ဝုန်း!

ဖြောင်း!

အား!

ကားနောက်ခန်းမှတံခါးသည် ဝုန်းကနဲဆို ပွင့်ထွက် ပြီး ကုလားဒိန်နှင့်ဘိုကပြားကောင်တို့ကို ပြင်းထန်စွာရိုက် သွားခဲ့လေသည်။ နှစ်ယောက်စလုံး ပစ်လဲကျသွားခဲ့ကာ ပြင်ပေါ်မှာ ဒလိမ့်ခေါက်ကွေး ဖြစ်သွားခဲ့ရသည်။

ကားတံခါးကိုဖွင့်ပြီး ထွက်လာသောသူမှာ ရှမ်းအမျိုး းကြီးတစ်ဦးပင်တည်း။ ဖြူဆွတ်သော အသားအရောင်ရှိ လွန်စွာမှ ခန့်ညားသော လူကြီးတစ်ယောက်။ နှုတ်ခမ်းမွေး းကားနဲ့လူကြီးကို မင်းရဲစည်သူက အံ့အားသင့်စွာဖြင့် ငေး ည့်နေမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် ကားထဲကို မည်သည့်အချိန်ကတ
က ရောက်နေခဲ့မှန်းမသိခဲ့ပေ။ ဗဂျမ်း၏ မွေးနေ့ပွဲမှာ သူ
ခဲ့သော ရှမ်းကြီးပင်တည်း။

"လူလေး. . မင်းဘာမှမစိုးရိမ်နဲ့၊ ဒီကောင်တွေကို
ရီးကြည့်ရှင်းလိုက်မယ်"

ထိုလူကြီးသည် မင်းရဲစည်သူကို အေးဆေးစွာပင်
လိုက်သည်၊ ရှမ်းအိုးစည်ဝေးသိုင်းကပွဲမှာ သူ့ကို လူဆိုးတေ
ရန်မှ ဝင်ပြီးကယ်တင်ခဲ့သော လူကြီးဖြစ်မှန်း သိလိုက်ရသ

"အံမယ်. . ဒီအဖိုးကြီးက ငါတို့အလုပ်ကို ဘာ
ကြောင်းကြောင့် ဝင်ရှုပ်ရတာလဲ၊ သေချင်ပြီထင်တယ်"

ဘိုကြက်ချေးကောင်က ပြောပြောဆိုဆိုပင် လက်
မှ ဓားမြှောင်ဖြင့် ဝင်ထိုးလိုက်သည်။ သို့သော် ထိုလူကြီးသ
သိုင်းကွက်နင်းကာ ရှောင်လိုက်ပြီး ဓားကိုင်လက်ကို လ
ကောက်ဝတ်မှဖမ်းပြီး ဆုပ်ကိုင်ထားလိုက်သည်။ ထိုသူရှန်
ပိုင်ပဲရှိနေစဉ် ကုလားဒိန်က ဓားဖြင့်ဝင်ထိုးသည်။

"ဟဲကွာ"

ထိုလူကြီးသည် ... ကနဲဆို ခြေဖြင့်ကန်ပစ်လိုက်

ဖြောင်း!

အား!

ဓား ... ထွက်သွားခဲ့သည်။ ထိုသူမှာ
သောက်ဖြင့် အကန်ခံလိုက်ရသည်နှင့်မတူတော့။ ကြီးမား





...ည်ကြီးတစ်ခုဖြင့် သိမ်းကျုံးပြီး အရိုက်ခံလိုက်ရသလို
နေအောင် ခံစားလိုက်ရသည်။

ဘုန်း!

မြေပြင်ပေါ်ကို အရှိန်ပြင်းစွာဖြင့် ပစ်ကျသွားခဲ့သည်။
...ကြီး၏ လက်တစ်ဖက်ကလည်း ဘိုကြက်ချေးကောင်၏
...ကောက်ဝတ်ကို ခပ်သာသာ ညှစ်ကိုင်ပြီး လက်ဖြင့်လွဲကာ
...လိုက်သည်။

အား!

ဘိုကြက်ချေးသည် သစ်ပင်များထူထပ်သောနေရာကို
...ထွက်သွားခဲ့လေသည်။ လူကြီးသည် သူတို့နှစ်ယောက်ကို
...ဘာစွာပင် တိုက်ခိုက်သည်။ ထိုနောက် သစ်ပင်များထူထပ်
...နေရာဆီကို ပြေးဝင်သွားခဲ့လေသည်။ သူတို့နှစ်ယောက်
...သည်း ထိုလူကြီးကို အခဲမကြေဖြစ်ကာ လိုက်ဝင်သွားခဲ့
...သည်။

သို့သော် ထိုလူကြီးကို မတွေ့ရတော့ပဲ လွန်စွာမှကြီး
...သာ ရေကန်ကြီးတစ်ကန်ကို တွေ့လိုက်ရလေသည်။ (ထို
...သည် နောင်အခါ ကန်တော်မင်ပန်းခြံနေရာဟု ထင်ရှား
...မည့် ရေကန်နေရာပင်တည်း။)

ပြင်ပဓာတ်မီးတိုင်မှ အလင်းရောင်သည် ထိုနေရာဆီ
...တော်အသင့် ဝင်ရောက်လျက်ရှိနေလေရာ ပတ်ဝန်းကျင်
...သင်သလောက် မှောင်မနေခဲ့ပေ။ ရေအိုင်နှင့်သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ခြုံနွယ်များကို ကောင်းစွာမြင်သာသည်။

"ဟိုလူကြီးဘယ်ရောက်သွားသလဲကွ၊ တွေ့အောင်ရှ
စမ်း၊ ဒီတစ်ခါတော့ အပြတ်ရှင်းပစ်မယ်"

ဘိုကြက်ချေးကောင်က ကြုံးဝါးလိုက်သည်။

"ဒီကန်စပ်နားမှာတင် ပျောက်သွားတယ်ကွ၊ တော
ဟိုကောင်လေး ခေါ်လာခဲ့တာကွ၊ ဧကန္တ သူ့ရဲ့ ဘော်ဒီဂတ်
တူတယ်ကွ"

ကုလားဒိန်ကလည်း မကျေမနပ်နဲ့ပြောပြီး ရေစပ်
ကျောပေးပြီးနေသည်။ မျက်နှာချင်းဆိုင်ရပ်နေသော ဘိုကြ
ချေးကောင်သည် ကန်ရေပြင်လှုပ်ရှားသွားသည်ကို မြင်
လိုက်ရသည်။

ထိုနောက် သူတို့ဆီကိုလာနေသော ရေစီးကြောင်း
တစ်ခုကို တွေ့နေရပြီး မျက်လုံးပြူးကြီးနဲ့ ကြည့်နေစဉ်မှာ
ကျောင်းဖြူကြီးတစ်ကောင်က ရုတ်တရက်ပေါ်လာပြီး ကန်
ကို ထိုးတက်လာခဲ့လေရာ. . .။

"ဟာ. . မင်းနောက်မှာ မိ. . မိကျောင်းကြီး"

ဘိုကြက်ချေးကောင်က အလန့်တကြားဖြင့် ပြေ
လိုက်လေရာ ကုလားဒိန်က နောက်ကိုလှည့်အကြည့်. .

"ဟာ. . အမလေးဗျ"

ဖျန်း!

မိကျောင်းဖြူကြီးက သူတို့ကို အမြီးနှင့်တအားဖ





ိုက်ချလိုက်လေတော့သည်။

အား!

အား!

နှစ်ယောက်စလုံး လွင့်ထွက်သွားခဲ့သည်။

ဘုန်း!

ဘုန်း!

မြေပြင်ပေါ်ကို ပစ်ပြီးကျသွားခဲ့ကြလေသည်။ သူတို့
ကြောက်အားလန့်အားနဲ့ ထပြေးကြမည်ပြုစဉ် မိကျောင်းဖြူကြီး
ာ ကုန်းပေါ်ကို ထိုးတက်လာပြီး ခြေထောက်တစ်ချောင်းစီ
ို ငုံခဲထားလိုက်လေတော့သည်။

အား!

အား!

မိကျောင်းဖြူကြီး၏ ပါးစပ်ထဲမှ ခြေထောက်များကို
ဲ့နှုတ်ရာ ဘယ်လိုမှနှုတ်မရ၍ တအော်တည်းအော်နေကြရ
သည်။

➤➤➤➤➤

မင်းရဲစည်သူသည် သူ့ကို ရုတ်တရက်ဝင်ပြီး ကယ်တင်
ည့် လူကြီး၏နောက်ကို လိုက်သွားမည်ပြုသည်။ ထိုစဉ်
ပင်တွေကြားထဲမှ ထွက်လာသော ထိုလူကြီးကိုတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"ဦးရီး. . ဦးရီး၊ ဘာဖြစ်သွားသေးလဲ၊ ကျွန်တော်. . ဦးရီးအတွက် စိတ်ပူလို့ အခုလေးတင် လိုက်လာတော့မလို့"

"ဦးရီးဘာမှမဖြစ်ပါဘူးကွယ်၊ ကဲ. . မင်းပြန်တော့၊ ဒီ နေရာမှာ ကြာကြာနေလို့မကောင်းဘူး"

"ကျွန်တော့်ကားဘီးပေါက်နေလို့ ဘီးပြန်လဲရဦးမယ်"

"ဘီးက ဘယ်မှာပေါက်လို့လဲ၊ အကောင်းအတိုင်းပဲ ဟာ"

မင်းရဲစည်သူက ကားဘီးကို ငုံ့ကြည့်လိုက်ရာ. . .

ဟင်!

"ဘီးက ဘာမှမဖြစ်ပါလား၊ စောစောက ဒီဘီးဟာ ပေါက်သွားခဲ့တယ်"

"မင်းစိတ်ထင်လို့ ဖြစ်မှာပါကွယ်၊ ကဲ. . ကဲ. . မြန်မြ[illegible] ပြန်ပေတော့၊ ဩော်. . ဦးရီးတစ်ခု မှာစရာရှိတယ်၊ ဒီအဖြစ်အ[illegible] ပျက်တွေကို မိဘတွေ ပြန်မပြောပါနဲ့ကွယ်၊ စိတ်ပူသွားကြပ[illegible] မယ်"

"မပြောပါဘူး. . ဦးရီးရယ်၊ ဟိုတစ်ခါကလည်း အိ[illegible] က သိသွားကြလို့ ကျွန်တော့်ကို စိတ်မချဖြစ်သွားခဲ့ကြတယ်[illegible] ဦးရီးတို့ကို ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော့်ကို ကူညီတ[illegible] နှစ်ခါရှိသွားပြီနော်"

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ ဦးရီးတို့က [illegible]





ကြိုက်တုန်းမှာ ကူညီရတာပါ"

"ဒါနဲ့ ဟိုမမကြီးကော ဘယ်မှာနေသလဲဗျာ"

"မမကြီးလား၊ ခရီးထွက်သွားတယ်ကွယ်၊ အခုလည်း အတိတ်က ရေစက်ရှိခဲ့ဖူးလို့လား မသိပါဘူးကွယ်၊ မင်းကို တစ်ခါနှစ်ခါ မြင်ဖူးရုံနဲ့ သံယောဇဉ်ရှိရှာပါတယ်"

"မမကြီးနှင့်ဦးရီး ဘယ်လိုတော်စပ်ပါသလဲခင်ဗျာ၊ ခု သို့မေးမိတာ စိတ်မရှိပါနဲ့နော်"

"မိတ်ဆွေတွေပါကွယ်၊ မောင်နှမလိုပဲ ခင်မင်ရင်းနှီးခဲ့ ကြတဲ့သူတွေပါ"

"ကျွန်တော်. . ဦးရီးကို လိုက်ပို့ပေးပါရစေဗျာ"

"ဦးရီးက ရွှေတိဂုံဘုရားမှာ ညဘက်အမိဋ္ဌာန်ပုတီးစိပ် ဘယ်ကွယ့်၊ ရက်မပြည့်သေးဘူး၊ ကဲ. . ကဲ၊ ပြန်ပေဦးတော့"

"ဒီလိုဆိုရင်လည်း ဘုရားခြေတော်ရင်းအထိ လိုက်ပို့ ပေးပါရစေ"

"ဦးရီးအညောင်းပြေ လမ်းလျှောက်သွားပါ့မယ်ကွယ်၊ [illegible]. . ကဲ၊ မိုးချုပ်လို့ အိမ်ကစိတ်ပူနေဦးမယ်၊ ပြန်ပေဦးတော့ [illegible]လေး"

မင်းရဲစည်သူသည် ထိုလူကြီးကို လက်အုပ်ချီနှုတ်ဆက် [illegible] ကားမောင်းထွက်လာခဲ့သည်။ ထိုလူကြီးသည် နေရာမှ [illegible] လျှားပဲ ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ လမ်းကျွမှသ [illegible]သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . သူ့နာမည် မမေးမိလိုက်ဘူး"

ကန်စပ်မှာ ကျန်ရစ်ခဲ့ကြသော လူမိုက်နှစ်ယောက်ကို မိကျောင်းဖျူကြီးက ကိုက်ဆွဲထားသည်။ သူတို့ခြေထောက်တွေကို ဘယ်လိုမှ ရုန်းမရ။ ကြောက်အားလန့်အားနဲ့ အော်နေကြသည်။

"သေပါပြီဗျ၊ သေပါပြီဗျ"

ရုန်းကန်ရင်း အော်ရင်းဖြင့် မိကျောင်းဖျူကြီးကို အကြောက်အကန်ကြားထဲမှ ကြည့်မိလိုက်ကြရာ. . .။

"ဟင်. . မိကျောင်းကြီးလည်းမဟုတ်ဘူး"

သူတို့နှစ်ယောက်၏ ခြေထောက်တွေကို ကိုက်ဆွဲထားသည်မှာ မိကျောင်းဖျူကြီးမဟုတ်ပါ။ သစ်ပင်များပေါ်မှ တန်းလန်းကြီးကျနေသော နွယ်ပင်များနှင့်ရစ်ပတ်နေခြင်းသာဖြစ်သည်။

တကယ်တော့ နှစ်ယောက်စလုံးမှာ အရက်ကြောင်ကြောင်ကာ စိတ်ထဲမှလျှောက်၍ ထင်နေကြခြင်းပင်တည်း။

➤➤➤➤➤





"ဒါပဲရှုပ်ဒ်စာပဲ...သား၊ ဒီစာတွေကို သားကောင်းကောင်းဖတ်တတ်ပါတယ်၊ သားဖတ်ရမှာပါ၊ သားမဖတ်မီ ဖေဖေတို့ပြောမယ့်စကားကို အရင်နားထောင်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၈)

### မြေအိုးထဲက ကလေး

မင်းရဲစည်သူသည် အိမ်ကိုပြန်ရောက်လာခဲ့ပါသော်လည်း လမ်းမှာ လူနှစ်ယောက်၏ အတိုက်ခိုက်ခံခဲ့ရမှုကို မိဘများအား ပြန်မပြောပြတော့။ မိမိလည်း ဒဏ်ရာအနာတရရှိခဲ့သည်မဟုတ်ပေ။

မိမိကို ကူညီခဲ့သော ရှမ်းအမျိုးသားကြီးကိုသာ စဉ်းစား၍မရနိုင်အောင် ဖြစ်နေခဲ့ရသည်။ သူငယ်ချင်း၏ မွေးနေ့ပွဲမှာ ထိုလူကြီးကို စ၍တွေ့လိုက်ရပြီး နောက်တော့ ပျောက်သွားသည်။ ကားထဲမှာ ဘယ်လိုပါလာမှန်းမသိပေ။ မိမိကို ဒုက္ခ





ပေးသော လူမိုက်နှစ်ယောက်ကိုလည်း ဝင်ပြီးတိုက်ခိုက်ပေးခဲ့သေးသည်။

ရွှေတိဂုံဘုရား၏ ရှမ်းအိုးစည်ပွဲမှာတစ်ခါ မိမိကို လူဆိုးများ၏ရန်မှ ဝင်ပြီးအကာအကွယ်ပေးခဲ့သော လူကြီးသည် ယခု ဒုတိယအကြိမ် ဘာကြောင့်ထပ်ပြီး ဆုံရပြန်သလဲ။ မိမိ၏ ရန်ကို ကာကွယ်စောင့်ရှောက်ပေးနေသည်နှင့်တူနေသည်။

သို့မဟုတ် တိုက်ဆိုင်မှုလို့ပဲ ဆိုရလေမလား။ ရက်အတန်ကြာသည်အထိ နောက်ထပ် မမကြီးနဲ့ရော၊ ထိုအသားဖြူဖြူနှင့်လူကြီးကိုပါထပ်ပြီး မဆုံဖြစ်ခဲ့တော့ပေ။ မင်းရဲစည်သူကလည်း ရွှေတိဂုံဘုရားကို မရောက်ဖြစ်ခဲ့တော့ပေ။

မိမိကားဘီးပေါက်ခဲ့စဉ်က သေသေချာချာ သိခဲ့ပါသျက်နဲ့ ကားဘီးက အကောင်းပကတိဖြစ်နေခြင်းမှာ ထူးဆန်းခနေသည်။ (ညဘက်မှာမို့ မိမိ၏ အမြင်မှားမှုကြောင့် ကားဘီးခပါက်သည်ဟု ထင်မြင်မိခဲ့ခြင်းများလား။)

တစ်ရက်တွင် ဦးနန်းကိုနှင့်ဒေါ်မြတ်သီတို့သည် မင်းရဲစည်သူကို ထူးခြားသော စကားတစ်ခွန်းပြောလာခဲ့ကြသည်။

"သားကို ဖေဖေတို့ စကားတစ်ခွန်းပြောချင်တယ်၊ ခုပြောမယ့်စကားဟာ သားရဲ့ ဘဝအတွက် သိပ်ပြီးတော့ အရေးကြီးတယ်၊ ပြောင်းလဲမှုတစ်ခုလည်း ဖြစ်သွားနိုင်တယ်သား"

"ဖေဖေ့ရဲ့ စကားက တစ်မျိုးပဲ၊ ထူးဆန်းနေတယ်၊ သား



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုစကားပုလ္လင်ခံတာမျိုး တစ်ခါမှမကြုံဖူးသေးဘူး၊ ပြော ပါ ဖေဖေ၊ ဘာပြောမှာလဲ"

ထိုအခါ ဒေါ်မြတ်သီက. . .။

"ဒီစကားကို တကယ်တော့ မပြောချင်ပါဘူး၊ ဒါပေ မယ့် မပြောဖြစ်ခဲ့ရင်လည်း မေမေတို့ဘက်က တာဝန်မကျေ ပွန်မှာကိုလည်း စိုးရိမ်မိတယ်၊ ပြောပြီးပြန်ရင်လည်း သားက မေမေတို့အပေါ်မှာ အချစ်ပေါ့သွားမှာကို စိုးရိမ်မိတယ်ကွယ်"

"ဖေဖေနှင့်မေမေတို့ နှစ်ယောက်စလုံးဟာ အဆန်း တွေပဲ ပြောနေကြတယ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ်၊ သား မေမေနှင့်ဖေဖေတို့ကို အချစ်ပေါ့မသွားပါဘူး၊ ပြောမှာသာပြော ပါ"

ဦးနန်းကိုလည်း ဒေါ်မြတ်သီ၏ မျက်နှာကို တစ်ချက် ကြည့်လိုက်သည်။ ဒေါ်မြတ်သီက စိတ်မသက်မသာ အမူအ ရာဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်လေသည်။

ဦးနန်းကိုသည် လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး။

"ဒီလို. . သား၊ သားဟာ ဖေဖေနှင့်မေမေတို့ရဲ့ သား အရင်းမဟုတ်ဘူး"

"ဗျာ! ဘယ်လိုပြောလိုက်တယ် ဖေဖေ၊ သားဟာ မေ ဖေတို့ရဲ့ သားအရင်းမဟုတ်ဘူး ဟုတ်လား၊ ဟာ. . ဖေဖေ လည်း သားကို တမင်နောက်နေပြန်ပြီ"





"တကယ်ပြောတာ. . သား၊ သားကို နောက်နေတာ မဟုတ်ပါဘူး၊ ဖေဖေတို့ပြောတာကို သားယုံပါ"

ဒေါ်မြတ်သီ၏အနားကို မင်းရဲစည်သူက ပြောင်းပြီး ထိုင်လိုက်သည်။

"ဟုတ်သလား. . မေမေ၊ ဖေဖေပြောတာ တကယ်ပဲ လားဟင်၊ သားဟာ မွေးစားသားဆိုတာ အမှန်ပဲလား၊ ပြော ပါ. . မေမေ"

"ဟုတ်တယ်. . သား၊ သားဟာ မေမေတို့ရဲ့ သားအ ရင်း မဟုတ်ပေမယ့် သားအရင်းလိုပဲ ချစ်ခဲ့တယ်ဆိုတာ သား အသိပါပဲလေ"

"မေမေ. . သားကို ရှူမတတ်ချစ်ခဲ့ရတာပါ၊ သား ဖေဖေကလည်း သားအပေါ်မှာ မေမေ့လိုပဲ ချစ်ခဲ့ရတာပဲ မ ဟုတ်လား၊ ဒီမေတ္တာတွေကို သားနားလည်မှာပါလေ"

ဒေါ်မြတ်သီသည် တုန်ရီသော အသံဖြင့် ပြောလိုက် သည်။ ထိုအခါကျမှ မင်းရဲစည်သူသည် ပို၍လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရပြီး. . .။

"ဟင်. . လက်စသတ်တော့ မေမေတို့က သားကို တ ကယ်ပြောနေကြတာကိုး၊ ဒီလိုဆို သားဟာ မေမေတို့ရဲ့ သား အရင်းမဟုတ်တာ တကယ်ပေါ့၊ ပြောပါဦးဗျာ၊ သားကို ဘယ် သူက ဘယ်လိုယူပြီး မွေးခဲ့သလဲဆိုတာ သားသိရစေ"



www.burmeseclassic.com

"ပြောပြမယ်. . သား၊ ပြောရမယ့်အချိန်ရောက်လာ
လို့ ဒီစကားတွေကို အစပျိုးခဲ့ရတာပေါ့၊ သား. . အေးအေး
ဆေးဆေးနားထောင်ပါ"

ဦးနန်းကိုသည် ကတ္တီပါစဖြင့် ပတ်ထားသော အ
ထုပ်တစ်ထုပ်ကို ဖြည်လိုက်သည်။ အထဲမှာ ပါးလွှာသော ကြေ
ပြားပုရပိုဒ်များ သေသေချာချာရေးထားသော စာများကို တွေ့
လိုက်ရလေသည်။ သံစူးကညစ်ဖြင့် စာများကို ရေးထားသ
လက်ရေးမှာ လေးထောင့်ဆန်ဆန်ဖြစ်သည်။

ရှေးမြန်မာကြီးတို့၏ အသုံးအနှုန်းမျိုးဖြစ်သော်လည်း
စကားပြေအရေးအသား ပြေပြစ်၍ အဆင်ပြေစွာ ဖတ်ရှု
သည်။ နားလည်လွယ်သော အရေးအသားများဖြစ်လေသည်။

"ဒါပုရပိုဒ်စာပဲ. . သား၊ ဒီစာတွေကို သားကော
ကောင်းဖတ်တတ်ပါတယ်၊ သားဖတ်ရမှာပါ၊ သားမဖတ်မီ
ဖေဖေတို့ပြောမယ့်စကားကို အရင်နားထောင်ရဦးမယ်၊ ဒီလို
သား"

ဦးနန်းကိုသည် စိတ်ကို တည်ငြိမ်စွာထားပြီး အော
ပါအဖြစ်အပျက်များကို စတင်ပြီး ပြောပြခဲ့လေသည်။

➤➤➤➤➤





လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကဖြစ်သည်။ ဦးနန်းကိုသည် မြန်မာ့ပြည်မြောက်ဖျား ဒေသဘက်မှာ တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဦးနန်းကိုသည် ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သည်။ အချိန်ကား မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို နယ်ချဲ့ ဘိလူးယုတ်များက သိမ်းပိုက်ပြီးကာစ။ မြန်မာ့အချုပ်အခြာအာဏာကို စွက်ဖက်ပြီး မတရားသိမ်းပိုက်ယူထားပြီးအချိန်။ ပူပူနွေးနွေး နှစ်မကြာသေးကာလ။

မြန်မာတို့၏ တောတောင်ရေမြေ ပထဝီအနေအထားကို ဆန်းစစ်လေ့လာကာ မှတ်တမ်းပြုရသော ပညာရှင်[illegible]ကာ အနေဖြင့် မြောက်ဖျားဒေသတွင် တာဝန်ကျလေသည်။ ဘူမိဗေဒပညာရပ်များကို အိန္ဒိယပြည်၌ သင်ယူခဲ့လေသည်။

သူတို့၏ အခြေစိုက်စခန်းကား ချင်းတွင်းမြစ်ကြီး၏ တစ်ခုသော မြစ်လက်တက်နှင့်မနီးမဝေးမှာဖြစ်သည်။ တစ်ရက်တွင် ဦးနန်းကိုသည် မိမိ၏တဲအတွင်း၌ အိပ်ပျော်လျက်ရှိ၏။ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် နှုတ်ခမ်းမွေးကားကားနှင့်ဖြူဆွတ်သော အသားအရေရှိသည့် ရှမ်းအမျိုးသားကြီးတစ်ဦးက [illegible]ကိုရောက်လာပြီး. . .။

"မိတ်ဆွေကြီးထံ အကူအညီတောင်းခံရန် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းပဲဖြစ်ပါတယ်၊ ဒီကနေသွားရင် နှစ်ဖာလုံသာသာ အကွာ အဝေးလောက်မှာ မြစ်လက်တက်လေးတစ်ခုရှိတယ်၊ ရေစပ် က သစ်ပင်ကြီးတစ်ပင်အောက်မှာ မိတ်ဆွေကြီးအတွက် လက် ဆောင်ပစ္စည်းတစ်ခုကို ထားထားတာ တွေ့ရလိမ့်မယ်၊ အမြန် သွားယူပါ၊ အဖော်ခေါ်မလာပါနဲ့"

ထိုလူကြီးသည် စကားခပ်ပြတ်ပြတ်ပြောပြီး ပျောက် ကွယ်သွားခဲ့လေ၏။ ဦးနန်းကိုလည်း အိပ်ပျော်နေရာမှ လန့်နိုး လာခဲ့လေသည်။

"ဟင်. . ငါအိပ်မက် မက်နေခဲ့တာပါလား၊ ထူးခြား စွာ့အိပ်မက်ပဲ၊ ဒီလိုအိပ်မက်မျိုး တစ်ခါမှ မမက်ဖူးသေးဘူး"

အိပ်မက်မက်ပြီး ဆက်၍အိပ်ချင်စိတ်လည်း မရှိတော့ ပေ။ အိပ်မက်ထဲက လူကြီးပြောသည့်အတိုင်း တကယ်ဟုတ် မဟုတ် သွားရောက်ကြည့်ချင်သော ဆန္ဒများ ဖြစ်ပေါ်လာ သည်။

မိုးလင်းပိုင်းသို့လည်း ရောက်လာခဲ့ပြီ။ မြောက်... ဒေသ၏ ရာသီဥတုကလည်း ထုံးစံအတိုင်း ချမ်းအေးလှသည် သူထိုနေရာသို့ သွားရောက်ကြည့်ရှုမည်ဟု စိတ်ပိုင်းဖြတ်လိုက် ပြီဖြစ်သည်။ ထို့ကြောင့် သားမွေးအင်္ကျီထူထူကြီးကို အပေါ် ထပ်ပြီး ဝတ်ဆင်ကာ ခေါင်းစွပ်ကိုစွပ်လိုက်သည်။

လက်ဆောင်ရထားသော ပြင်သစ်လုပ် အမဲလိုက်...





နတ်ကြီးကို ပခုံးမှာ လွယ်လိုက်သည်။ ဓားမြှောင်ကတော့ ခါး ပတ်မှာ ချိတ်ပြီးသား။ ထိုနောက် အာလာဒင်မီးအိမ်လေးကို ဆွဲကိုင်ကာ တဲအပြင်သို့ ထွက်ခဲ့လေသည်။

ခပ်လှမ်းလှမ်းတွင် မိမိနှင့်အတူ ပါလာကြသော တဲ သုံးလုံးက အစီအရီ။ ရှက်ဖျင်တဲထဲမှ လူများက နိုးသွားကြ လျှင် စပ်စုကြမည်စိုး၍ ခပ်သုတ်သုတ်ပင် ထိုနေရာမှ ထွက် လာခဲ့လေသည်။ ထူးခြားသည်က သူဤသို့ထွက်လာခဲ့သည် ကို မည်သူမှ မသိရှိကြပေ။ နိုးလည်း မနိုးကြပေ။

အပြင်ဘက်မှာ ရာသီဥတုက ရိုးတွင်းချဉ်ဆီထိစိမ့် အောင် ချမ်းစီးလှသည်။ သို့သော် ဦးနန်းကိုသည် ဖွဲ့တင်းကာ အာလာဒင်မီးအိမ်လေး၏ အကူအညီဖြင့် လျှောက်လာခဲ့လေ သည်။

တောတောင် အန္တရာယ်များကိုလည်း သတိထားပြီး တော့ သွားနေရသည်။ ဤအရပ်ဒေသတွင် ဝံ၊ ကျားစသည် တို့ ရှိတတ်ကြသည်။ မိုးလင်းလုကာနီးဖြစ်၍ ဒီထက်မမှောင် နိုင်တော့ဟု နားလည်ကာ ဖွဲ့ကောင်းကောင်းနဲ့ လျှောက်လာ ခဲ့သည်။

မြေပြင်ရှိ ဂမုန်းထစ်များ၊ ချိုင့်ဝှမ်းများ၊ ရေအိုင်များ ကို ကျော်ဖြတ်ကာသွားနေစဉ် မည်သည့်အန္တရာယ်မှ မရောက် မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ရေသံကို ကြားလာခဲ့သည်။ မြစ်လက်တက် တစ်ခုကို ရောက်လာခဲ့ပြီကိုသိသည်။ မိုးမလင်းတလင်းအချိန် လည်း ဖြစ်လာခဲ့လေပြီ။ သူသည် အာလာဒင်မီးအိမ်ကိုမြှောက် ရေစပ်ဆီကို လျှောက်သွားခဲ့သည်။ ရေစပ်မှာပေါက်ရောက်နေ သော သစ်ပင်ကြီးသုံးလေးပင်ကို တွေ့ရသည်။ မီးအိမ်အာ မြှောက်ပြီး လိုက်ကြည့်သည်။ သစ်ပင်ကြီးတွေ တစ်ပင်ပြီးတစ် ပင်သာ ကျော်သွားခဲ့သည်။ သစ်ပင်အောက်မှာ မည်သည့်အ ရာကိုမှ မတွေ့ရပေ။

"အိပ်မက်ကို အကြောင်းပြုပြီး ငါလိုက်လာခဲ့တာဟာ ဟုတ်မှဟုတ်ပါ့မလား၊ ဘာမှလည်း မတွေ့ဘူး"

သူလှည့်ပြန်ရန် စိတ်ကူးမိလိုက်သေးသည်။ သို့သေ

ဖြန်း!

ခပ်လှမ်းလှမ်းမှ အသံတစ်သံက ထွက်ပေါ်လာသည် ရေပြင်ကို တစ်ခုခုနဲ့ ထိခတ်သွားသံဖြစ်သည်။

"ဘာပါလိမ့်"

ထိုနေရာဆီကို လျှောက်သွားကြည့်ရာ မြစ်လက်တ ၏ ကွေ့ချိုးလေးတစ်ခုတွင် ရေစပ်၌ပေါက်နေသော လမု ကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ဒီအပင်ကြီးဖြစ်မှာပဲ"

စိတ်ထဲမှာ တွေးထင်လိုက်သည့်အတိုင်း ထိုနေရာ





ကို ခပ်သွက်သွက်လေး လျှောက်သွားမိသည်။

ဟင်!

သူ့မျက်လုံးအစုံသည် ကမ်းစပ်မှာ တင်နေသော ရေ အိုးတစ်လုံးကို တွေ့လိုက်ရလေသည်။ သူအဆောတလျင်ခြေ လှမ်းများဖြင့် ရေအိုးဆီကို လျှောက်သွားခဲ့သည်။

အမှောင်ရိပ် သစ်မှင်ကြီး၏အရိပ်ထိုးကျရာ ရေပြင် သက်မှ သဏ္ဌာန်တစ်ခုသည် ရေထဲမှာ မျက်နှာကို ပေါ်ရုံသာ ဖော်ကာ သူ့ကိုစိုက်ကြည့်လျက်ရှိသည်။ ဦးနန်းကိုမသိ။

ဦးနန်းကိုသည် မီးအိမ်ကိုမြှောက်ပြီး ရေအိုးထဲကို ငုံ့ ကြည့်လိုက်ရာ လသားအရွယ် ကလေးငယ်လေးတစ်ဦးကို မ မျှော်လင့်ပဲ တွေ့လိုက်ရလေသည်။

"ဟင်. . ကလေးပေါက်စနလေးပါလား"

ကလေးငယ်သည် ဖြူဝင်းသော အသားရောင်ရှိမည် ထင်သည်။ မီးရောင်အောက်မှာ ခန့်မှန်းရမလွယ်ပေ။ ဦးနန်း ကိုသည် ကလေးမျက်နှာလေးကိုကြည့်ကာ သနားစိတ်ဝင်လာ ခဲ့သည်။ ရေအိုးကိုကောက်ယူကာ ရင်ခွင်ထဲ ပွေ့ထားမိလိုက် သည့်မှာပင်. . .။

ဖြန်း!

ဝုန်း!

"မမျှော်လင့်ပဲ ထွက်ပေါ်လာသော အသံကြောင့် ရေ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆီကို လှမ်းကြည့်လိုက်ရာ လင်းအာရုံဦးအောက်တွင် ရေ
ပြင်ထက်၌ မိကျောင်းဖြူကြီးတစ်ကောင်ကို မမျှော်လင့်ပဲ တွေ့
လိုက်ရသည်။

"မိကျောင်းဖြူကြီးတစ်ကောင်ပါလား၊ ဒီလိုမိကျောင်း
မျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ငါပဲ မျက်စိမှားသလား"

အံ့အားတသင့်ဖြင့် ရှိနေဆဲမှာပင် မိကျောင်းဖြူကြီး
သည် တစ်ကိုယ်လုံးကိုဖော်ပြီး ကူးခတ်နေသည်။ ထို့နောက်
ရေအောက်ကို ငုပ်လျှိုးကာ ပျောက်ကွယ်သွားခဲ့လေသည်။

ထို့နောက် မိုးလည်း တဖြည်းဖြည်းနဲ့ လင်းလာခဲ့
ဖြစ်၍ အိုးကိုပိုက်ကာ ထိုနေရာမှ လျှင်မြန်စွာဖြင့် ထွက်လာ
ခဲ့လေသည်။

➤➤➤➤➤

ဒေါ်မြတ်သီသည် ကလေးငယ်ကို ရင်ခွင်မှာပိုက်ထား
ဝမ်းသာကြည်နူးလျက်ရှိသည်။

"ဒါ. . သီတို့ မွေးထိုက်လို့ရတာပဲ. . ကို၊ သမ္မာဒေ
နတ်ကောင်းနတ်မြတ်တွေက သီတို့မှာ ရင်သွေးမထွန်းကား
အတွက် ပို့ပေးလိုက်တာပဲ၊ သီတော့ ဒီကလေးကို ကြီးပြင်းလာ
တဲ့အထိ မွေးမယ်၊ ကိုယ့်သားအရင်းလိုပဲ သဘောထားလို့





ပြီ"

"ကလေးက မြင့်မြတ်တဲ့မျိုးနွယ်က ဆင်းသက်လာ
တာပဲဖြစ်ရမယ်. . သီ၊ ထူးခြားတဲ့မျက်နှာ၊ အင်္ဂါရုပ်မျိုးရှိတယ်"

"ဟုတ်တယ်. . ကို၊ သားကိုပတ်ထားတဲ့ ကတ္တီပါစက
လည်း သိပ်ပြီးတန်ဖိုးရှိတာပဲ၊ ကျောက်သံပတ္တမြားတွေနဲ့ က
လေးရဲ့ ဇာတာ၊ အမည်တွေရေးထိုးထားတဲ့ ရွှေပေလွှာလည်း
ပါလာတယ်၊ ဟောဒီ ကြေးပုရပိုဒ်ထဲက စာတွေက အကြောင်း
အရာ၊ အဖြစ်အပျက်တွေကို ရေးသားထားတာပဲ ဖြစ်ရမယ်၊
သီတော့ ဖတ်ကြည့်ချင်လှပြီ"

"ဒီကလေးဟာ အိုးထဲထည့်ပြီး အမျှောခံလိုက်ရတာ
မလွဲသာလို့ပဲဖြစ်ရမယ်၊ ကတ္တီပါစပေါ်မှာ သွေးတစ်စက်စွန်း
နေတယ်၊ ဒီတန်ဖိုးရှိတဲ့ ရတနာအချို့ဟာ ဒီကလေးကို မွေး
မြူဖို့အတွက် အထောက်အပံ့ဖြစ်ရမယ်"

ထို့နောက် ကလေး၏ ကျောအောက်မှာထည့်ထားခဲ့
သော နေစကြာပုံ ရွှေပြားဝိုင်းလေးတစ်ခုကိုလည်း တွေ့ရှိကြ
သည်။ မည်သည့်အဓိပ္ပါယ်လည်းဆိုသည်ကို မသိကြရပေ။

"ကလေးဟာ လမ်းမှာ တောက်လျှောက်အိပ်ပျော်လာ
ခဲ့တာ လမ်းမှာငိုမှာစိုးလို့ ဆေးရည်တစ်မျိုးမျိုး တိုက်ကျွေးထား
ခဲ့ရတယ်၊ ဒီဆေးရည်က နှစ်ခြိုက်စွာ အိပ်ပျော်စေပြီး ကလေးရဲ့
အသံမျိုးကြားတာတောင် မနိုးတော့ဘူး၊ ဒီလိုပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးနန်းကိုက မှတ်ချက်ပေးသည်။ ညဘက်သို့ရောက်သောအခါ ကြေးပုရပိုဒ်ချပ်များပေါ်မှ စာများကို ဖတ်ရှုကြသည်။ ထူးခြားလွန်းလှသော အကြောင်းအရာ အဖြစ်အပျက်များကို ဇာတ်လမ်းအဖြစ် ဖော်ပြသွားပါမည်။





"ဟိတ်...ခွေးဖြူတွေရဲ့ အမဲရိုးကိုက် ခွေးမဲတွေ၊
နင်တို့က လည်းကိုသာမြင်ပြီး လူကိုမမြင်ဘူးပေါ့လေ၊
နင်တို့ရဲ့ သေမင်းဇာ ဒီမှာစောင့်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်သည် စစ်ကဲကြီးဗလနှင့်ဗိုလ်ကလေး အာကာတို့ဖြစ်ကြသည်။ သူတို့အားလုံးသည် မင်းသားလေး မင်းရဲကျော်ကို သစ္စာစောင့်သိကြသူများ။ တစ်ပါးကျွန်မခံလို ကြသူများဖြစ်ကြသည်။ နယ်ချဲ့ ကုလားဖြူများက မြန်မာပြည် ကို သုံးကြိမ်တိတိ စစ်ပြုပြီးမှ မတရားသိမ်းပိုက်ခံရသည်ကို ဆက်ဆတ်ထိမခံကြသူများပင်။ ကုလားဖြူတွေကလည်း အညံ့ မခံလိုသော မင်းရဲကျော်တို့ကို အပြစ်ရှာကာ ဖမ်းဆီးရန်အ တွက် ထောင်ချောက်ဆင်လျက်ရှိကြသည်။

မင်းရဲကျော်သည် ဘူတာဝါဟနစက္ကောမယန္တယားအ တတ်ပညာများကို တစ်ဖက်ကမ်းခတ် တတ်မြောက်ထားသူဟု သတင်းပြေးနေသည်။

အထိန်းတော်ကြီး ခေမာသည်လည်း ထူးခြားဆန်း ကြယ်သော ပဥ္စလက်အတတ်ပညာများကို တတ်မြောက်ထား သူ။ ရန်သူ့မျက်စိကို လှည့်စားနိုင်သော ဂမ္ဘီရအတတ်ပညာ များကို ဆရာကောင်းများထံမှ ပညာအမွေ ဆက်ခံရရှိထားသူ ဟု ကုလားဖြူများထံ သတင်းက ရောက်ပြီးဖြစ်သည်။

ထိုသူများသည် ကုလားဖြူများကို ဒုက္ခကောင်းကောင်း ပေးနိုင်ကြသူများ ဖြစ်ကြသည်။ ကုလားဖြူများကလည်း သိ သည်။ ဖမ်းဆီးနှိပ်ကွပ်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။

သို့သော် မိမိတို့ ဂိုင်းနိုင်ငံကို လုယူထားကြသည့် ကုလားဖြူတို့၏မျက် တစ်စက်ကလေးမှ မကြည့်လိုကြ





သော သူများပေမို့ နေပြည်တော်မှ တိတ်တဆိတ်ထွက်ခွာလာ ခဲ့ကြခြင်းပင်ဖြစ်ကြသည်။ မင်းရဲကျော်က. . .။

"တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီကုလားဖြူတွေကို ကျုပ်တို့ ကောင်းကောင်းကြီး တိုက်ခိုက်တွန်းလှန်ပစ်ရမယ်၊ ကျုပ်တို့ မြန်မာတစ်မျိုးသားလုံးကလည်း ခုကတည်းက ငြိမ်မ ခံကြပါဘူး၊ အားမတန်လို့ မာန်လျှော့လိုက်ရတာပ[illegible]မာ့ဓား ကတော့ ကုလားဖြူတွေရဲ့ ဇက်ပေါ်မှာ ဝဲနေကြတာပဲ၊ ဟဲ. . ဟဲ. . ဟဲ"

မင်းရဲကျော်သည် နယ်ချဲ့များအပေါ် အခဲမကျေဖြစ် ကာ မထီတရီ မျက်နှာပေးနဲ့ ခနဲ့ခဲ့သေးသည်။ သို့သော် ကု လားဖြူအလိုတော်ရိများက မင်းရဲကျော်၏ စကားမှန်သမျှ မှတ် သားပြီး သတင်းပို့ကြသည်ဖြစ်ရာ မင်းရဲကျော်ကို ပိုပြီးတော့ သတိထားလာကြရလေတော့သည်။

"မင်းရဲကျော်ဟာ ငါတို့အတွက် အန္တရာယ်ရှိတယ်၊ သူနဲ့အပေါင်းအပါတွေကို ချက်ချင်းဖမ်းဆီးပြီး အရေးယူရမယ်"

သို့သော် ကုလားဖြူတွေက မင်းရဲကျော်ကို ဖမ်းဆီးရန် စီစဉ်နေကြဆဲမှာ အဝေးကို ရောက်နေခဲ့ကြလေပြီ။

လှည်းတစ်စီးပေါ်တွင် မင်းရဲကျော်၏ ကြင်ယာတော် မင်းသမီး စောကလျာဦးက လိုက်ပါလာခဲ့သည်။ သူမသည် ခင်ပွန်းဖြစ်သူ မင်းရဲကျော်နှင့်အတူ လိုက်ပါလိုသော်လည်းပဲ နယ်သောသူဖြစ်၍ ကျန်းမာရေးထိခိုက်မည်စိုးရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ည်း‌ထဲမှာပင် လိုက်ပါလာစေခဲ့သည်။
သူတို့သည် လမ်းတွင် နန်းဝေလ(နန်းတွင်းအသုံးအ
နှုန်း)များကို မသုံးကြပေ။ ကုန်သည်ယောင်ဆောင်ပြီး ထွက်
လာခဲ့ကြသည်ဖြစ်၍ အရပ်သုံးစကားများကိုသာ သုံးနှုန်းကြ
သည်။ မင်းရဲကျော်ကလည်း ခွင့်ပြုထားသည်။
"ကျုပ်ကို စကားပြောတဲ့အခါ အဆောင်အယော
တွေထည့်ပြီးမပြောနဲ့၊ သတိထားကြပါ၊ မေ့လျော့ပြီး ပြောမိကြ
မှာစိုးလို့ ခုအချိန်မှာ ခင်ဗျားတို့ ကျုပ်တို့အားလုံးဟာ အတူတ
ပဲ၊ သွေးသောက်ညီအစ်ကိုတွေ၊ ညီအစ်မတွေပဲ၊ ကြားလား
"ဟုတ်ကဲ့၊ ကျွန်တော်တို့ သတိထားပြီးပြောပါ့မယ်
"အထိန်းတော်ကြီးကလည်း ကျုပ်ကို မင်းရဲကျော်လ
ပဲခေါ်၊ ဟုတ်ပြီလား၊ သိပ်ပြီးရိုသေပြမနေနဲ့၊ မလိုတော့ဘူး
"ကောင်းပါပြီ. . မင်းရဲကျော်"
မင်းရဲကျော်က ကျေနပ်သွားခဲ့ရသည်။ သို့သော် အ
ထိန်းတော်ကြီးဓမ္မာသာရမက ကျန်မင်းမှုထမ်းများသည် မင်
သွေးမင်းမျိုးနွယ်ဖြစ်သော မင်းရဲကျော်ကို ထိုသို့ခေါ်ရသည့်အ
တွက် စိတ်မကောင်းပါ။ နှုတ်လျှာမရဲပါ။ အခြေအနေအရသ
ဆက်ဆံရသည်ဖြစ်၍ ဤသို့ပြောင်းလဲပြီး မပြောမဆိုရလျှ
လည်း မဖြစ်နိုင်ပါ။ အခြေအနေက အရေးကြီးနေသည်မဟုတ
ပါလား။
သူတို့အားလုံးသည် မင်းရဲကျော်ကို သစ္စာခံထားကြ



သူများဖြစ်ကြသည်။ ကုလားဖြူတွေကို တစ်နေ့နေ့ တစ်ချိန်
ချိန်ကျလျှင် တွန်းလှန်တိုက်ခိုက်နိုင်ရမည်ဟုလည်း သန္နိဋ္ဌာန်
ချထားကြသည်။

တစ်ညလုံး ခရီးနှင်လာခဲ့ကြလေရာ မိုးလင်းလုအချိန်
တွင် ခရီးအတော်ပေါက်ခဲ့လေပြီ။ မြစ်ကြီးတစ်ခု၏နံဘေးကို
ရောက်လာခဲ့ကြသည်။ ထိုမြစ်ကြီးသည် ချင်းတွင်းမြစ်ကြီးနှင့်
သဏ္ဌာန်မတူသော အခြားမြစ်ကြီးတစ်မြစ်ပင်ဖြစ်သည်။

ထိုစဉ် နောက်ဆုံးမှ လိုက်လာကြသော မြင်းသည်
တော်သုံးဦးအနက် တစ်ဦးသည် မင်းရဲကျော်ဆီကို အလျင်အ
မြန် ရောက်လာခဲ့သည်။

"သခင်လေး. . သခင်လေး၊ ကျွန်တော်တို့နောက်မှာ
ကုလားဖြူတွေ လိုက်လာကြပြီ"

မြင်းသည်တော်သည် မင်းရဲကျော်သင်ထားပေးသည့်
အတိုင်း ထီးသုံးနန်းသုံးမသုံးပဲ အရပ်သူ၊အရပ်သားများစကား
ဖြင့် ပြောင်းလဲပြီးခေါ်လိုက်သည်။

"ဟင်. . ဟုတ်လား"

မင်းရဲကျော်သည် အံ့အားသင့်သွားခဲ့ရသည်။

"ငါတို့လို့ ဝှက်ပြီး ထွက်လာခဲ့ခရီးဟာ ကုလားဖြူတွေ
နားထဲရောက်အောင် ဘယ်လိုပေါက်ကြားသွားခဲ့ပါလိမ့်၊ အင်း
လေ. . သစ္စာဖောက်ဆိုတာ နေရာတိုင်းရှိတတ်တာပဲ၊ ကဲ. .
ရောင်းရင်းတို့၊ အရေးပေါ်လာပြီ၊ ကုလားဖြူတွေဟာ မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျုပ်တို့ကို မီလာခဲ့တော့မှာပဲ၊ ဒီတော့ လောလောဆယ် ဟော့ဒီလှည်းတွေကို ဖွက်ထားစေရမယ်၊ ကိုဗလနှင့်အာကာ တို့က စီစဉ်ပါ"

"ကောင်းပါပြီ . . မင်းရဲကျော်"

ချက်ချင်းမှာပင် ကိုဗလနှင့်အာကာကျော်တို့က လှည်း တန်းကြီးကို ရပ်တန့်စေလိုက်သည်။ ထိုနောက် လှည်းများ တောအုပ်ကြီး တစ်ခုအတွင်းသို့ မောင်းသွင်းစေလိုက်သည် အလျှင်အမြန်ပြုလုပ်ပြီး စီမံဆောင်ရွက်မှုကောင်းသောကြော လှည်းတပ်ကြီးကို တောအုပ်ထဲမှာ ဖျောက်ပြီးသားဖြစ်သွာ ရသည်။

အထိန်းတော်ကြီးခေမာကလည်း လှည်းများနော ကို လိုက်သွားခဲ့လေသည်။ မကြာမီ မင်းရဲကျော်၏ ကြင်ယ တော် စောကလျာဦးသည်လည်း အထိန်းတော်ကြီးနှင့်အ ပါလာခဲ့လေသည်။ ခေမာသည် မြင်းပေါ်မှဆင်းကာ လျှော လာခဲ့သည်။

"မောင်တော် . . အဲလေ၊ ကိုရဲကျော် . . အခြေအ က ဘယ်လိုဖြစ်သွားရတာလဲ"

"ကလျာ . . လှည်းထဲမှာနေလေ၊ ဘာဖြစ်လို့ လိုက် ခဲ့ရတာလဲ၊ ကုလားဖြူတွေ လိုက်လာကြပြီ၊ ဒါကြောင့်မို့ လှ တွေကို တောထဲမှာ ဖျောက်ထားလိုက်ရတာ"

"ဟင် . . ကုလားဖြူတွေ လိုက်လာကြပြီ၊ ဟုတ်လ





သင်းတို့က တော်တော်လျှင်ကြပါလား၊ သူတို့ကို ခံပြီးတိုက်ကြ ရင် ကလျာလည်း တိုက်မှာပေါ့"

"ကလျာ . . ဒီအရေးမှာ ဝင်ပြီးပါစရာမလိုဘူးကွယ်၊ ပရိယာယ်သုံးပြီး ရှောင်တွက်သွားလို့ရရင်သွားကြမယ်၊ အခြေ အနေအရ တိုက်ချင်လည်း တိုက်ကြမှာပဲ၊ ဒီတော့ ကလျာ သွားရှောင်နေပါဦး၊ ကိုယ်တို့လည်း သင့်တော်ရာနေရာကနေ သူတို့ရဲ့ အခြေအနေကို စောင့်ကြည့်နေကြမှာပါ"

"ဟုတ်ပါတယ် . . ကလျာ၊ ခုကိစ္စမှာ ကုလားဖြူတွေ ကို အရမ်းတိုက်ခိုက်လို့ မဖြစ်သေးဘူး၊ ပရိယာယ်သုံးသင့်ရင် လည်း သုံးရမယ်၊ ဒီကိစ္စ ခေမာတတ်နိုင်ပါတယ်လေ"

အထိန်းတော်ကြီးခေမာက ပြောလိုက်သည်။ ကိုဗလ နှင့်အာကာတို့လည်း ပြန်ရောက်လာခဲ့ကြသည်။

"ကုလားဖြူတွေကို စောင့်ကြည့်ဖို့ နေရာကောင်းတွေ့ သွားပါပြီ . . ကိုရဲကျော်"

"ကောင်းပြီ၊ လာ . . သွားကြရအောင်"

တခဏအကြာတွင် ထိုအနီးအနားတဝိုက်တွင် မည် သူမှ မရှိကြတော့ပဲ တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေသည်။

➤➤➤➤➤

❖ခဏအကြာတွင် မြင်းခွာသံများ တဖြောင်းဖြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြားလာခဲ့ရသည်။ မင်းသားလေး မင်းရဲကျော်နှင့်ကိုဗလ တို့သည် တောအုပ်၏တစ်ဖက် တောင်ပူစာလေးတစ်ခုပေါ်က နေ အောက်ကိုလှမ်းပြီး ကြည့်နေကြသည်။ မြင်းကွင်းကောင်း ဖြစ်သည်။ အယောက်သုံးဆယ်ခန့်ပါသော မြင်းစီးသမားတစ် စုသည် ခရီးပြင်းကိုနှင်လာခဲ့ကြသည်။ ကုလာဖြူများပင်တည်း။

လှည်းလမ်းကြောင်းတလျှောက် ခြေရာခံပြီး လိုက်လာ ခဲ့ကြသည်။ မြန်မာစကားပြန်တစ်ဦးလည်း ပါလာခဲ့လေသည်။ မြင်းတပ်ကို ဦးဆောင်လာသူမှာ ကာနယ်စလေဒင်ဖြစ်သည်။

မင်းရဲကျော်တို့နှင့်မလှမ်းမကမ်းကို ရောက်သောအခါ ရှေ့မှကင်းသမားက လက်ကို မြှောက်ပြလိုက်သဖြင့် အားလုံး ရပ်တန့်လိုက်ကြလေသည်။

"ဘာလဲဟေ့"

ကာနယ်စလေဒင်က မေးလိုက်သည်။ ထူးခြားမှုတစ် ခုခုရှိနေပြီကိုလည်း သိလိုက်သည်။

"ဒီအနားမှာ လှမ်းဘီးရာ၊ မြင်းခွာရာတွေ ပျောက်သွား ပါတယ်. . သခင်ကြီး"

"ဟေ. . အဲဒီအတိုင်း ဖြစ်နေသလား"

ကာနယ်စလေဒင်သည် မြင်းကို ထိုနေရာသို့ နှင်သွား ခဲ့သည်။ မိုးမလင်းတလင်းအချိန်ဖြစ်၍လည်း ပတ်ဝန်းကျင်က မြင်ကွင်းက မပီပြင်သေး။ မြင်းပေါ်မှနေ၍ မြေပြင်ကို ငုံ့ကြည့် လိုက်သည်။ လှည်းဘီးရာများသည် ထိုနေရာတွင် တုံးတိကြီး





ဖြတ်လျက်ရှိသည်။

(အမှန်မှာတော့ တောအုပ်ထဲကို ဝင်သွားသည့် လှည်း ဘီးရာများ၊ နွားခြေရာ၊ မြင်းခြေရာများကို သစ်ခက်များဖြင့် ပွတ်တိုက်ကာ ခြေဖျက်ထားလေသည်။ ထိုသို့ ပွတ်ချေဖျက် ရင်း တောထဲကို နောက်ပြန်ဝင်သွားခဲ့ကြခြင်းပင်ဖြစ်သည်။)

ကာနယ်စလေဒင်သည် အခြေအနေမှန်ကို ရိပ်မိသွား ခဲ့သည်။ မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး မျက်လုံးတွေက တောအုပ်ဘက်ဆီကို ရောက်သွားခဲ့သည်။

"သူတို့ ဒီတောထဲမှာပဲ ရှိကြလိမ့်မယ်၊ ဘယ်ကိုမှ မ ရောက်ဘူး၊ ငါ့လက်က ပြေးလို့လွတ်မယ်ထင်ကြသလား၊ ဟေ့ အားလုံးတောထဲကို ဝင်ပြီးရှာကြ၊ တွေ့ရင် တစ်ယောက်မကျန် သတ်ပစ်ခဲ့၊ ပါသွားတဲ့ အဖိုးတန် နန်းတွင်းရတနာတွေက အ ရေးကြီးတယ်"

ကာနယ်စလေဒင်က အမိန့်ပေးလိုက်ရာ မြန်မာစကား ပြန် မောင်ပြောက်က. . ။

"သခင်ကြီး. . သူတို့တောထဲကစောင့်ပြီး ရန်ရှာကြမှာ ကိုလည်း သတိထားပါ"

"အို. . ဒီကောင်တွေကို ဘာမှုစရာရှိသလဲ၊ ကျုပ်တို့ က သေနတ်နဲ့၊ သူတို့ကဓားနဲ့၊ ဟေ့. . အားလုံး တောထဲဝင် ရန်သူကိုရှာကြ"

လောဘရမ္မက်တက်နေသော ကာနယ်စလေဒင်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရဲမက်ဂေါ်ရာစစ်သားများကို အမိန့်ပေးလိုက်သည်။

အမှောင်ရိပ်မပျောက်သေးမီ မိုးမလင်းတလင်းအချိန်မှာ အမိန့်ကို နာခံရသော ဂေါ်ရာစစ်သားများသည် မြင်းများကို တအားဒုန်းစိုင်းပြီးနှင်ကာ တောထဲကို ဝင်သွားခဲ့ကြသည်။ ဤသို့ မဆင်မခြင် ပြုမိခဲ့တဲ့အတွက် အမှားတစ်ခု ကျူးလွန်မိလိုက်သည့်အတွက် အမှားတစ်ခု ကျူးလွန်မိလိုက်သလို ဖြစ်သွားခဲ့လေသည်။

မင်းရဲကျော်သည် ကုလားဖြူများ၏ လက်ပါးစေပဋ္ဌမ်တပ်သားများ ဝင်ရောက်လာခဲ့ကြသည်ကို သစ်ပင်အကွယ်တစ်ခုမှ စောင့်ကြည့်နေခဲ့သည်။ ဂေါ်ရာများသည် ဝှက်ထား‌သော လှည်းတစ်ချို့ကို တွေ့သွားခဲ့ကြပေပြီ။

"ဟိုမှာ လှည်းတွေ၊ ဒီကောင်တွေ ပုန်းနေကြတယ် အားလုံးရှာပြီး သတ်ပစ်ကြ"

မဆင်မချင် လှည်းတွေကို ဒုန်းစိုင်းပြီး ဝင်သွားခဲ့ကြသည်။ ထိုစဉ် မင်းရဲကျော်သည် ပိုးပုဝါနီနီကို ရင်မှာစည်းကာ ခုန်ထွက်လာပြီး. . .။

"ဟိတ်. . ခွေးဖြူတွေရဲ့ အမဲရိုးကိုက် ခွေးဝဲစားတွေ နင်တို့က လှည်းကိုသာမြင်ပြီး လူကိုမမြင်ဖူးပေါ့လေ၊ နင်တို့ သေမင်းက ဒီမှာစောင့်နေတယ်ကွ"

ရှေ့ဆုံးမှမြင်းပေါ်မှ ဂေါ်ရာစစ်သားသည် ရုတ်တရက် ခုန်ထွက်လာသော မင်းရဲကျော်ကို မြင်တွေ့လိုက်ရသောအခါ





တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလို လန့်သွားခဲ့သည်။ သို့သော် သူ၏မြင်းကို မထိန်းနိုင်တော့ပေ။

မင်းရဲကျော်သည် မြင်း၏ပါးချပ်ကြိုးကို ဆောင့်ဆွဲပစ်လိုက်ရာ မြင်းသည် မည်သို့ဖြစ်သွားခဲ့သည်မသိ။ ဒူးထောက်ပြီးတော့ လဲကျသွားခဲ့လေသည်။

ဟီး. . ဟီး. . ဟီး. . ဟီး။

အား!

ဂေါ်ရာစစ်သားသည်လည်း မြင်းပေါ်မှ လိမ့်ကျသွားခဲ့ရသည်။ ဒလိမ့်ခေါက်ကွေးဖြစ်သွား၍ သေနတ်တခြား၊ လူတခြားဖြစ်သွားခဲ့ရသည်။ သို့သော် ချက်ချင်းပြန်ထပြီး ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်နှင့် သူ့ရှေ့မှောက်ရောက်နေသော မင်းရဲကျော်၏ဓားက ဝင်းကနဲဖြစ်သွားလေရာ။

ဝှစ်!

အား!

ရန်သူသည် လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဖိအုပ်ပြီး ဲကျသွားခဲ့သည်။ ကုလားဖြူမြင်းသမားတွေက စေသည့်ကျွန်၊ ...န်သည့်နွားပမာ သခင်စေခိုင်းရာ မျက်ကန်းတစ္ဆေမကြောက် ဆောင်ရွက်ကြရသည်ဖြစ်ရကား တဟုန်ထိုးဝင်လာခဲ့ကြသည်။

သို့သော် သူတို့မှာ သေနတ်ထုတ်ရန်ပင် အချိန်မရ ...ိုက်ကြပါ။ လှည်းများထဲမှာ ပါလာကြသော အရပ်ဝတ်နှင့် ...က်များသည် ခြုံအကွယ်၊ သစ်ပင်အကွယ်များမှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပြီး ရန်သူများကို တရကြမ်း တိုက်ခိုက်ကြလေတော့သည်
မြင်းအောက်မှနေ၍ ဓားများဖြင့် ဝင့်ကာဝင့်ကာ တိုက်ခိုက်ကြ
လေရာ. . .။

ဝှစ်!

ဝှစ်!

မြန်မာ့စစ်သည်များက ဓားရေးကောင်းလှသည်။ ကု
လားဖြူပဋ္ဌမံတပ်သားများမှာ မိမိကိုယ်မိမိ ဘာဖြစ်လို့ဖြစ်သွား
မှန်းပင် မသိလိုက်ကြချေ။ တချို့ ခေါင်းတခြား၊ ကိုယ်တခြား
ဖြစ်သွားကြကာ ကုလားဖြူဗိုလ်များနှင့်အကြပ်များကို အောက်
မှနေ၍ ဓားချက်တစ်ချက်စီသာ ပေးလိုက်သည်။

ဝှစ်!

ဝှစ်!

အ!

အား!

ရင်ဝကို လက်ဖြင့်ဖိကာ အောက်ကို ပစ်ကျသွားခဲ့
သည်။ နှစ်ယောက်စလုံး ခြေနင်းကွင်းထဲမှာ ခြေထောက်များ
ငြိကာ လန့်ပြေးသော မြင်းများ၏နောက်သို့ ပါသွားခဲ့ကြ
သည်။

ဂျမဒါတစ်ယောက်သည် မြင်းကို ဒုန်းစိုင်းနှင်လျ
လှည်းတပ်ဆီကို တဟုန်ထိုးဝင်သွားသည်။ အထိန်းတော်
ခေမာသည် ဓားကို သွက်လက်စွာဖြင့် ဝင့်လိုက်ပြီး ဓားရေ





လိုက်သေးသည်။ ထို့နောက် ဂျမဒါ၏ မြင်းပေါ်ကို ဖျတ်ကနဲ
ခုန်တက်သွားသည်။

ဂျမဒါသည် သူ့နောက်မှာကပ်ပြီး ပါလာသောသူသည်
မည်သူမှန်းမသိလိုက်။

"ဟေ့. . ဟေ့. . ဒါ. . ဒါဘာလုပ်တာလဲ"

"သိရမှာပေါ့. . ခွေးဖြူရယ်၊ ကဲ. . ."

ခေမာသည် ဓားရှည်ကို ကျောထက်ရှိအအိမ်ထဲမှ ဆွဲ
ထုတ်လိုက်ပြီး လက်ပြန်ဆုပ်ကိုင်ကာ ထိုသူ၏လည်ပင်းပေါ်
ဓားတင်လိုက်သည်နှင့်. . .။

"အ. . အ. . အား"

လည်မှာထင်ထားသော ဓားသွားကို ပွတ်ဆွဲပစ်လိုက်
သည်ဖြစ်ရာ နက်ကျောသော အော်သံကြီးက ထွက်ပေါ်လာ
ခဲ့လေတော့သည်။ ဂေါ်ရာစစ်သားတစ်ယောက်သည် လှည်း
တစ်စီး၏အနားကို ရောက်သွားခဲ့သည်။ လှည်းပေါ်ရှိ ပေါင်း
မိုး၏ မျက်နှာအဝကို တင်းတိမ်စတစ်ခုဖြင့် ပိတ်ထားလေ၏။

"ဟေ့. . အထဲမှာ ဘယ်သူရှိလဲ၊ ထွက်ခဲ့စမ်း"

ထိုစဉ် တင်းတိမ်စသည် တရွပ်ရွပ်နဲ့ ကွဲထွက်သွားပြီး။

ဝှစ်!

ဝှစ်!

အား!

ဓားတစ်ချောင်းက ထွက်ပေါ်လာကာ ထိုသူ၏ရင်ဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆတ်ကနဲဆို ဓားဦးက စိုက်ဝင်သွားသည်။ စောကလျာဦး သည် လှည်းထဲမှ ခုန်ထွက်လာကာ လက်ထဲမှဓားဖြင့် အပြီး သတ် နှတ်ပိတ်လိုက်လေတော့သည်။

ဝှစ်!

အား!

တောထဲမှာ လူသံ၊ ဓားသံ၊ ညည်းညူသံ၊ အော်ဟစ် သံများက ပွက်ပွက်ညံလျက်ရှိသည်။ မင်းရဲကျော်သည် ဓားကို ဝင့်ကာဝင့်ကာဖြင့် ကုလားဖြူစစ်သားများကို မြိန်ရေယှက်ရေ ကိုက်ခိုက်လျက်ရှိသည်။

တချို့ ကုလားဖြူစစ်သားများသည် ဦးတည့်ရာကိုထွက် ပြေးကြသည်။ ရေထဲကို ဆင်းပြေးကြရာ ရေစီးသန်လှသော ကြောင့် လူရောမြင်းပါ မျောပြီးပါသွားခဲ့ကြလေ၏။ တချို့က လာရာလမ်းအတိုင်း ပြန်ပြေးကြသည်။ ကုလားဖြူစစ်သားအ နည်းငယ်သာ ကျန်တော့သည်။

➤➤➤➤➤

ကာနယ်ဇလေဒင်သည် သူ့လူတချို့ ပြန်ပြီးရောက်လာ ကြသည်ကို သိလိုက်ရသောအခါ စိုးထိတ်မိသွားခဲ့သည်။

"ဒါက ဘယ်လိုဖြစ်လာကြတာလဲ၊ ထွက်ပြေးသွားကြ တဲ့သူတွေကို ဖမ်းမလာကြဘူးလား၊ ငါ့လူတွေ ဘယ်မှာကျန်ရစ်





ခဲ့ကြသလဲ"

"အခြေအနေမကောင်းဘူး. . သခင်ကြီး၊ ရန်သူ့လက် ချက်မိလို့ ကျွန်တော်တို့လူတွေ သေဆုံးကျန်ရစ်ခဲ့ကြပြီ"

"ဘာ. . ဘာပြောတယ်၊ ငါတို့လူတွေ သေဆုံးကုန်ကြ ပြီ၊ ဟုတ်လား၊ မင်းတို့မှာ သေနတ်တွေ ပါသွားကြတယ်မဟုတ် လား၊ သေနတ်သံလည်း မကြားရပါလား"

"ကျွန်တော်တို့ သေနတ်သုံးဖို့ အချိန်တောင် မရခဲ့ပါ ဘူး. . သခင်ကြီး၊ ရန်သူက ကျွန်တော်တို့ထက် ပိုပြီးတော့လျှင် မြန်ဖျတ်လတ်ပြီး. . . ။

"တော်. . တိတ်စမ်း၊ မင်းတို့အသုံးမကျရင် အသုံးမကျ ဘူးလို့ပြော၊ ရန်သူကိုအထင်ကြီးတဲ့စကား ပြောစရာအကြောင်း မရှိဘူး၊ ခုသူတို့ဘယ်မှာလဲ"

"ဒီမှာလေ"

ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်သံ။ အသံ သာရာဆီကို သူတို့လှည့်ကြည့်လိုက်ကြသည်။ အလင်းတဝက်၊ အမှောင်တဝက် စိုးမိုးနေသောအချိန်မှာ မိန်းကလေးတစ်ဦး ကို သူတို့နှင့်မလှမ်းမကမ်းမှာ တွေ့လိုက်ရသည်။ ကြီးမားသော သံသေတ္တာကြီးတစ်လုံးကိုလည်း တွေ့လိုက်ရသည်။

ထိုအမျိုးသမီးသည် သူတို့အနားကို ဘယ်အချိန်က ဘည်းက ရောက်နေမှန်းမသိခဲ့ကြပေ။ ရှမ်းရိုးရာဝတ်စုံကိုဝတ် ဆင်ထားပြီး ကျောပြင်ထက်မှာ အအိမ်ပါသောဓားရိုး ကျော



www.burmeseclassic.com

www.burmeseclassic.com



ပိုးထားသည်။

သူမကတော့ အထိန်းတော်ကြီးခေမာ။ ခေမာကိုတွေ့
လိုက်ရသည်မှာ တစ္ဆေတစ်ကောင် ဘွားကနဲပေါ်လာသလိုမျိုး
ဖြစ်သည်။ ကာနယ်စလေဒင်ပင်လျှင် ထိတ်လန့်သလိုမျိုးဖြစ်
သွားခဲ့ရသည်။ စလေဒင်သည် ခါးကြားထဲမှ သေနတ်ကို ရုတ်
တရက်ဆွဲထုတ်ကာ ခေမာကို ချိန်ထားလိုက်သည်။

"မင်းဘယ်သူလဲ"

"အထိန်းတော်ကြီး ခေမာလေ၊ ရှင်. . ဒီနာမည်ကို
ကြားဖူးလိမ့်မယ်ထင်တယ်"

ခေမာသည် အင်္ဂလိပ်စကားဖြင့် ပီသစွာပြန်ပြောလိုက်
လေသည်။

"ခေမာ. . ဟုတ်လား၊ ပဥ္စလက်ခေမာဆိုတာ မင်း
လား"

"သိရင် အပိုတွေလုပ်ပြီး မေးမနေနဲ့၊ ရှင်တို့ နန်းတွင်
ရတနာတွေကြောင့် ကျွန်မတို့နောက်ကို လိုက်လာခဲ့ကြတာ
ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အထက်ကအမိန့်အရ ငါ
ရဲ့ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ပြီး ထွက်ပြေးကြ
မင်းသားမင်းရဲကျော်နှင့်အပေါင်းအပါတစ်စုကိုလည်း ဖမ်း
ဖို့ အမိန့်ပါလာတယ်"

"ဘာ. . ငါတို့ရဲ့ အင်္ဂလိပ်အစိုးရ၊ ဟုတ်လား၊ အဲ





ကားကို မြန်မာပြည်မှာ လာမပြောနဲ့၊ အင်္ဂလန်မှာသွားပြော၊
ဒါကျွန်မတို့နိုင်ငံ၊ ရှင်တို့က မတရားနယ်ချဲ့ပြီး အနိုင်ကျင့်သိမ်း
ပိုက်ခဲ့တာ၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့ အုပ်ချုပ်တဲ့နိုင်ငံမှာ ကိုယ့်သ
ဘောနဲ့ကိုယ် လုပ်ပိုင်ခွင့်ရှိတယ်"

"မင်းဒီလိုစကားမျိုးပြောတယ် ဟုတ်လား၊ ကောင်းပြီ၊
မင်းတို့ မကြာခင်မှာ ငါတို့အကြောင်း ကောင်းကောင်းကြီးသိ
မယ်၊ မင်းတို့ကိုဖမ်းမယ်၊ မင်းတို့ယူလာတဲ့ ပစ္စည်းတွေကိုလည်း
သိမ်းမယ်၊ ကောင်းကောင်းညှဉ်းဆဲပြီးမှ အရေးယူမယ်"

"ဟား. . ဟား. . ဟား. . ဟား၊ ရှင်က ကျွန်မတို့ကို
ဖမ်းဦးမယ်၊ ဟုတ်လား၊ ရှင်တို့ လူဆယ်ယောက်တောင်ပြည့်
သေးရဲ့ လား၊ ခုအချိန်မှာ ရှင်တို့ဟာ ကျွန်မတို့လက်ခုပ်ထဲက
ရေဖြစ်နေပြီ၊ ရှင်ပါ အသေစာရင်းထဲ အသွင်းမခံချင်ရင် ကျွန်
မကိုချိန်ထားတဲ့ သေနတ်ကို အောက်ချထားလိုက်ပါ"

စလေဒင်သည် ဘာကြောင့်ရယ်မသိ။ သူ့အသက်ကို
အလိုလိုစိုးရိမ်လာမိကာ သေနတ်ကို ချိန်ထားရာမှ အောက်ကို
ဖြည်းဖြည်းလွှဲယူလိုက်သည်။ ခေမာကို ချိန်ထားကြသော
သူ့လူများသည်လည်း သေနတ်များကို အိတ်ထဲပြန်ထည့်လိုက်
ကြသည်။ မမြင်နိုင်သော ရန်သူများသည် သူတို့ကို ဝိုင်းထား
ကြသည်ဟု ထင်နေကြသည်။

စောစောက တိုက်ပွဲအခြေအနေအရလည်း သူတို့ပြ
ဿနာ့ တပ်သားတွေ ရေရေလည်လည် ခံလိုက်ကြရသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး မှတ်မိသွားခဲ့ကြသည်။

"ဟောဒီ သေတ္တာထဲက ရတနာတွေကို ရှင်တို့အေး
အေးဆေးဆေးယူပြီးတော့ပြန်၊ မင်းသားမင်းရဲ့ကျော်က ရှင့်ကို
လက်ဆောင်ပေးလိုက်တာ၊ ရှင်အပိုင်ယူလို့ရတယ်၊ ရှင့်လူတွေ
ကိုလည်း နည်းနည်းပါးပါး ခွဲပြီးပေးပေါ့၊ ဒီရတနာတွေဟာ ရှင်
တို့နေမဝင်အင်ပါယာကြီးရဲ့ တစ်ဝက်ကိုတောင် ဝယ်လို့ရတယ်
ဘယ့်နှယ်လဲ"

ခမောဏ်စကားကြောင့် စလေဒင်၏မျက်လုံးတွေ အ
ရောင်တောက်သွားခဲ့၏။ လောဘရမ္မက်တွေ တက်လာတွေ
တက်လာသည်မှာ ထင်ရှားသည်။ သင်းတို့မျက်နှာဖြူကောင်
တွေသည် အတိုင်းတိုင်းအပြည်ပြည်ကို နယ်ချဲ့ကာ သိမ်းပိုက်
နေကြသည်။ ဓားပြကွေ့ပဲမဟုတ်လား။

"ကောင်းပြီ၊ မင်းနောက်ဆုတ်၊ ခပ်ဝေးဝေးမှာသွားနေ
ဒီသေတ္တာထဲက ပစ္စည်းတွေဟာ မင်းနဲ့ဘာမှမဆိုင်တော့ဘူး
မင်းက ဒီပစ္စည်းတွေနဲ့ ငါတို့ကို လာဘ်မထိုးလည်း ငါတို့ပိုင်ထဲ
ပစ္စည်းတွေပဲ"

စလေဒင်သည် မောက်မာသောစကားကို ပြောလိုက်
သည်။ ခမောဏ် မျက်ဝန်းတွေထဲမှာ စလေဒင်ကို မုန်းတီး
ရာသော အမူအရာများ စွန်းထင်သွားခဲ့လေ၏။ ထိုနောက်
တဖြည်းဖြည်းနဲ့ ဆုတ်သွားခဲ့လေသည်။

"ဟော့ . . . ဂျမဒါတစ်ယောက်၊ မြင်းပေါ်က ဆင်းပြီး





ဟောဒီသေတ္တာကို သွားဖွင့်စမ်း"

မြင်းပေါ်က ဂျမဒါတစ်ယောက်က အောက်သို့ဆင်း
ိုက်သည်။ သံသေတ္တာဆီကို လျှောက်လာသည်။ ခမောသည်
ူမ၏လက်ကို လှုပ်ရှားလိုက်ရာ ဂျမဒါက သေနတ်ဖြင့်ထိုးပြီး
ုန်လိုက်သည်။

"မကြောက်ပါနဲ့၊ ရှင့်ကို ဘာမှမလုပ်ဘူး၊ သော့ပေးမ
ူး"

ခမောက လှောင်ရယ်ရယ်လိုက်ပြီး သော့ကိုပစ်ပေး
ိုက်သည်။ ဂျမဒါက သော့ကို ဖမ်းယူလိုက်သည်။ ဒူးထောက်
ိုက်ကာ သေတ္တာသော့ကို ဖွင့်နေစဉ်မှာ အမှတ်မထင် လေ
ိုက်ခတ်လာသည်။ ကောင်းကင်ထက်မှာ ထွက်ပြူစပြုလာ
ော နေ၏အလင်းရောင် ရုတ်တရက်ညှိုးမှိန်သွားပြီ မိုးသား
ိမ်လိပ်များက တက်လာခဲ့လေသည်။

မထင်မှတ်သော အပြောင်းအလဲတစ်ခုကြောင့် ကာ
ယ်စလေဒင်သည် မိုးပေါ်ကို မော့ကြည့်မိလိုက်သည်။ တသုန်
ိမ်ဖြင့် တိုက်ခတ်လာသော လေကြောင့် မြင်းများပင် လန့်
ုနေကြသည်။ ဂျမဒါသည် သော့ပေါက်ထဲကို ထည့်ထား
ည့်သော့ကို ပြန်နှုတ်ယူလိုက်သည်။

"ဟော့ကောင် . . သေတ္တာကို ဖွင့်လေကွာ၊ ဘာလုပ်နေ
ာလဲ"

ချီတုံချတုံဖြစ်နေသော ဂျမဒါကို စလေဒင်က စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ရှည်သလို ဟောက်လိုက်လေရာ သူသည် သော့ပေါက်ထဲကို
သော့ထည့်ကာ ဖွင့်လိုက်သည်။ သော့ကို သေတ္တာသော့ကွင်း
ထဲမှ ဖြုတ်ယူလိုက်ပြီး သံသေတ္တာအဖုံးကို လှန်တင်လိုက်သည်
နှင့်။

သေတ္တာထဲမှာ ရတနာများမရှိ။ ရတနာများအစား မြ
မာ့ရဲမက်ရုပ်တုများနှင့်စက္ကူကာဒ်ပြားများကို အရုပ်သဏ္ဍာန်
လုပ်ကာထားသော ရဲမက်ရုပ်တုလေးများကိုသာ တွေ့လိုက်
သည်။ ထိုရုပ်တုများသည် ဓားထမ်း၊ လှံထမ်းနဲ့ အသက်ဝင်
သလိုထင်ရသည်။ အားလုံးစက္ကူနဲ့ပြုလုပ်ထားသော ရုပ်တုလေး
များပင်ဖြစ်ကြသည်။





"တော်တော်ကြီးတဲ့မိကျောင်းပဲ...ခေမာ၊ ပြီးတော့
အမြှီးရှောင်ကြီး၊ ဒီလောက်ကြီးတဲ့ မိကျောင်းကြီး
ကို ခုမှပဲ မြင်ဖူးတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၈)

## လူထူးဆန်းဦးပံသု

မင်းရဲကျော်တို့သည် လမ်းခရီးမှာ အခက်အခဲအမျိုး
ဖြင့် ကြုံခဲ့ကြပြီးသည့်နောက် စိတ်ကြိုက်နေရာကို ရွေးချယ်
ကြသည်။ မျက်နှာဖြူတို့ ခြေရာခံပြီး လိုက်မလာနိုင်ကြသော
ရာမျိုးကို ရှာဖွေကြရာ မြင့်မားသော တောင်ကြီးနှစ်လုံးကို
မျှော်လင့်ပဲ တွေ့လိုက်ကြရသည်။

တောင်ကြီးနှစ်ခုကြားမှာ ထိုတောင်ညီနောင်ထက် ကျ
င်ငယ်သော ကျောက်တောင်ကြီးတစ်ခုကို တွေ့လိုက်ရလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်နှစ်လုံး၏ တစ်ဖက်တွင် မြစ်ကြီးတစ်ခုက ကာ
လန့်ဖြတ်စီးဆင်းလျက်ရှိသည်။ ယင်းမြစ်ကြီးကို ထိပ်တိုက်
ကာ ကီပုံသဏ္ဍာန်စီးဝင်လျက်ရှိသော မြစ်တစ်ခုကလည်း
နေလေသည်။

သို့သော် မြစ်နှစ်ခုဆုံမိရာနေရာတွင် ကျောက်ဖျာ
တစ်ခုရှိနေ၍ ထိုမြစ်သည် ကျောက်ဖျာကြီးအောက်မှ စီး
သွားပြီးမှ ကန့်လန့်ဖြတ်စီးဆင်းနေသောမြစ်နှင့် အင်္ဂလိပ်အက္ခ
ကီပုံသဏ္ဍာန်ဆုံမိခြင်းပင်ဖြစ်သည်။

မင်းရဲကျော်သည် ထိုနေရာကို လွန်စွာမှသဘော
လျက်ရှိသည်။

"သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေဟာ ဒီနေရာ
ပို့ပေးလိုက်ကြတာပဲ . . ကလျာ၊ ကုလားဖြူတွေဟာ ဒီအ
လိုက်လာနိုင်ဖို့ စိတ်ကူးထဲတောင် ထည့်ဝံ့ကြမှာမဟုတ်ဘူ

"ကလျာတော့ ဒီလိုတောကြီးခေါင်ခေါင်မှာ နေရ
ကို စိုးကြောက်မိသလိုပဲ မောင်တော်၊ အဲ . . ကိုရဲကျော်"

ကလျာဦးက ထီးသုံးနန်းသုံးအခေါ်ကို ချက်ချ
ဖျောက်ပစ်နိုင်ရန်မလွယ်။ ခေါ်နေကျအတိုင်း နှုတ်ကျိုး
မောင်တော်ဟု ခေါ်မိလိုက်သည်။

"ကလျာကလည်း ဒီတောဒီတောင်ထဲမှာ ကိုရဲ
တို့ ...ကြမှာမှ မဟုတ်ပဲ၊ ကုလားဖြူတွေ



တော်လှန်နိုင်ဖို့အတွက် ခေတ္တခိုနားပြီး အင်အားစုဆောင်းရဦး
မယ်မဟုတ်လား၊ အခိုက်အတန့်ကတော့ သည်းခံပါကွယ်"

"ဟုတ်ပါတယ် . . ကလျာရယ်၊ ရွှေနန်းတော်ကြီးထဲမှာ
ပျော်စံခဲ့ပြီး ဒီလိုနေရာမျိုးမှာ ကလျာမနေချင်ဘူးဆိုတာ သိပါ
တယ်၊ ဒါပေမယ့် ကုလားဖြူတွေကို ပြန်ပြီးမနှိပ်ကွပ်နိုင်သေး
သရွေ့ ခုလိုနေရာမျိုးမှာ အတတ်နိုင်ဆုံး ခိုအောင်းနေမှ တန်
တာကျမယ်မဟုတ်လား"

အထိန်းတော်ကြီးခေမာကပါ စောကလျာဦးကို နှစ်
သိမ့်လိုက်လေသည်။

မင်းရဲကျော်သည် စိတ်အကြံကြီးသူဖြစ်သည်။ အမျော်
အမြင်ရှိသော မင်းသားတစ်ပါးပီပီ နိုင်ငံတကာ လှည့်လည်သွား
လာခဲ့ကာ ပြင်သစ်ပြည်သို့အရောက်တွင် သူ့ကိုချစ်ခင်သော
ကျောမဆရာကြီးတစ်ဦးထံမှ ဘူတာဝါဟနစကျောမယန္တယား
အတတ်ပညာကို သင်ကြားတတ်မြောက်ခဲ့လေသည်။ အိန္ဒိယ
သို့အရောက်တွင် ဂမ္ဘီရဆရာကြီး ဆန်မွတ်ဂျေးထံမှ ဂမ္ဘီရအ
တတ်ပညာ၊ ပဉ္စလက်အတတ်ပညာများကို သုံးနှစ်တိတိသင်
ကြားခဲ့လေသည်။

အထိန်းတော်ကြီးခေမာ၏ ဖခင်ဦးနှောင်းသည်လည်း
ပဉ္စလက်ဆရာကြီးတစ်ဦးဖြစ်သည့်အပြင် နန်းတွင်းသိုင်းဆရာ
ကြီးလည်းဖြစ်ရာ မင်းသားလေးမင်းရဲကျော်နှင့်ခေမာတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောင်းထဲမှ ပညာအမွေကို ရရှိကြလေသည်။

မင်းရဲကျော်တို့သည် တောင်ညီနောင်နှင့်တစ်ဖက်ကမ်း
တွင် ခြေတံရှည်တဲကြီးများကို တည်ဆောက်ကြပြီး နေထိုင်ကြ
လေသည်။ အထိန်းတော်ကြီးခေမာသည် သူတို့၏တိုင်ပင်ဖေ
တိုင်ပင်ဖက် ဖြစ်လာခဲ့သည်။

"ခေမာ. . ဟောဟိုက တောင်ညီနောင်ကြီးကြား
ကျောက်တောင်ကြီးကို သဘောကျတယ်၊ အဲဒီကျောက်တော
ကြီးထဲမှာ ရတနာပစ္စည်းတွေကို သိုဝှက်ထားရင်ကောင်းမယ်

"ဟုတ်တယ်၊ ကျွန်မလည်း ဒီကျောက်တောင်ကြီး
အလိုလို သဘောကျနေတယ်၊ အခြေအ [illegible] ည်
တယ်"

တစ်ရက်တွင် မင်းရဲကျော်၊ ခေမာနှင့်အာကာတို့သ
သစ်ထွင်းလှေတစ်စင်းဖြင့် တစ်ဖက်ကမ်းကို ကူးလာခဲ့ကြ
သည်၊ တစ်ဖက်ကမ်းမှာတော့ စောကလျာဦးနှင့် [illegible]
ရဲမက်များကို ကာကွယ်စောင့်ရှောက်ရန် ဗလကိုခေါင်းဆော
အဖြစ် ထားခဲ့လေသည်။

ရေလယ်သို့ရောက်သောအခါ လှေရှေ့မှ ဖြတ်
သွားသော မိကျောင်းဖြူကြီးတစ်ကောင်ကို တွေ့လိုက်ရလေ

"ဟာ. . မိကျောင်းဖြူကြီး"

အာကာ၏နှုတ်မှ လွှတ်ကနဲဆို ထွက်သွားခဲ့လေသ



မိကျောင်းဖြူကြီးမှာ ဦးခေါင်းတွင် သုံးတောင်ကျော်မည်ဖြစ်
သည်။ အမြီးအထိကား ပေနှစ်ဆယ်အထက်မှာပဲ ရှိလိမ့်မည်။

"တော်တော်ကြီးတဲ့မိကျောင်းပဲ. . ခေမာ၊ ပြီးတော့
အဖြူရောင်ကြီး၊ ဒီလောက်ကြီးတဲ့ မိကျောင်းကြီးကို ခုမှပဲမြင်
ဖူးတော့တယ်"

"ဟုတ်တယ်၊ ကျွန်မလည်း ခုမှမြင်ဖူးတာ၊ ရှေးလူကြီး
သူမတွေရဲ့ ဆိုစကားအရတော့ ခေါင်းသုံးတောင်ပြည့်တဲ့ မိ
ကျောင်းဟာ လူယောင်ဖန်ဆင်းနိုင်တယ်တဲ့၊ နတ်မိကျောင်းလို့
လည်း ပြောကြတယ်"

"အင်း. . မယုံချင်ပေမယ့်လည်း ရှေးလူကြီးသူမတွေ
ရဲ့ စကား [illegible] ကို၊ ပယ်ရမှာလည်းခက်နေတယ် ခေမာ"

မိကျောင်းဖြူကြီးသည် သူ့လမ်းသူသွားနေခြင်းပင်ဖြစ်
သည်။ သူတို့ကိုရန်မမူ။ ခပ်ဝေးဝေးကို ရောက်သွားသောအခါ
ကြီးမားသော သူ၏အမြီးကြီးကိုမြှောက်ကာ ရေပြင်ကို ဖျန်းက
နဲဆို ရိုက်ထည့်လိုက်သည်။

ဖျန်း!

အားအတော်ပါသောကြောင့် ကျယ်လောင်သော အ
သံကြီးဖြစ်ပေါ်လာကာ ရေပြင်သည် တမဟုတ်ချင်း လှိုင်းတ
များ ထကြွလှုပ်ရှားသွားခဲ့ရသည်။ လှိုင်းလုံးကြီးတစ်လုံးက
လှေကို လာရောက်ရိုက်ခတ်ကာ လူးလွန့်သွားစေခဲ့သည်။ မင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲကျော်တို့မှာ လှေမှောက်မသွားစေရန် အတော်လေးကို ထိန်း…
ထားလိုက်ကြရသည်။ ထိုနောက် မိကျောင်းဖြူကြီးသည် …
အောက်ကို ငုပ်လျှိုးသွားခဲ့လေသည်။

"ဒီ မိကျောင်းဖြူကြီးဟာ တမင်လုပ်သွားတာပဲ၊ ထိ…
ကောင်းလို့ လှေမှောက်တော့မလို့"

အာကာကပြောလိုက်သည်။ အာကာက လှော်တ…
ကို ဘယ်ညာသုံးကာ လှေကိုမနည်းကြီး ထိန်းလိုက်ရသည်…
မကြာမီ တစ်ဖက်ကမ်းသို့ ချောမောစွာဖြင့် ရောက်သွားခဲ့လေ…
သည်။ မြင့်မားသော တောင်ကြီးနှစ်တောင်ကို လှမ်းပြီးမြင်လေ…
လိုက်ရသည်။ တောင်နှစ်ခု၏ကြားမှာ ကျောက်တောင်ကြီးတ…
ခုက ထူးခြားစွာဖြင့် တည်ရှိနေသည်။ ထိုကျောက်တောင်ကြ…
သည် တောင်နှစ်လုံး၏ တစ်ဝက်ကျော်ကျော် မြင့်မားလျက်…
သည်ကို အနီးကပ်ကြည့်မှ သိရသည်။

လှေပေါ်မှ အရင်ဆင်းလိုက်သော မင်းရဲကျော်သ…
ကမ်းစပ်မြေပျော့ပျော့မှာ စွပ်ကြောင်းရာကြီးတစ်ခုကို မ…
မှတ်ပဲ တွေ့လိုက်ရသည်။ ငါးကြီးတစ်ကောင်ကောင်ပဲ လို…
ပုတ်မှာ ကမ်းပေါ်ကို ပစ်ကျလာပြီး လူးလှိမ့်ကာ ပြန်ဆင်းသွ…
ခဲ့လေသလား။ မိကျောင်းတစ်ကောင်လည်းဖြစ်နိုင်သည်။

ကမ်းစပ်ကို သတိနဲ့တက်လာခဲ့ကြသည်။ တောင်…
လုံးဆီကို လျှောက်လာခဲ့ကြရသည်။ တောတာ မထူသော်လ…





…သစ်ပင်ကြီးတွေက ခပ်ကျဲကျဲ ပေါက်နေကြသည်၊ မြွားတစ်
…စ်သာသာလောက်ပဲဝေးသည်။

ကျောက်တောင်ကြီးသည် အသားအပြည့်မဟုတ်ပဲ၊
…အောက်ခြေမှာ အခေါင်းပေါက်ကြီးတစ်ခုရှိနေသည်။ ငါးပေ
…နှံ့ကျယ်သော ဂူပေါက်ကြီးပင်ဖြစ်သည်။

"ဒီနေရာကို … သဘောကျသွားပြီ၊ လာ. . အထဲ
…င်ကြည့်ကြရအောင်"

အာကာက. . .။

"ကျွန်တော်အရင်ဝင်မယ်"

"လာပါ၊ အတူတူဝင်ကြတာပေါ့"

မင်းရဲကျော်ကပြောလိုက်သည်။ ခေမာသည် သူမ၏
အရှင်သခင် မင်းရဲကျော်တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်မိသည်။
ကျောက်ဂူထဲမှာ ဘာရှိလို့ရှိမှန်းမသိ။ လူကိုရန်ရှာတတ်သော
သတ္တဝါတစ်ကောင်ကောင်ရှိနေရင် မခက်ပါလား။

"သူအရင်ဝင်မယ်၊ ငါအရင်ဝင်မယ်နဲ့ ဘယ်လိုများဖြစ်
နေကြတာလဲ"

အမှတ်မထင် သူတို့နောက်ဘက်မှ ထွက်ပေါ်လာခဲ့
သော အသံတစ်သံကြောင့် အအိမ်ထဲမှ ဓားတွေကို တရှမ်း
…မ်းဖြင့် ထုတ်လိုက်ကြပြီး အသံလာရာဆီကို ချက်ချင်းလှည့်
…လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြုံးပြုံးကြီးကြည့်နေသူတစ်ဦး။ အသားက ဖြူ။ နှုတ်ခမ်းမွေးကားကား၊ ရင်ဘတ်မှာ မင်ကြောင်များထိုး ထားသည်။ လက်မှာလည်းရှိသည်။ ထူးဆန်းသော အကွ စာလုံးများနှင့်ဖော်ထားသည့် အင်းကွက်များ၊ စာလုံး၏အဓိပ္ပါ ကို မည်သူမှမသိနိုင်ကြ။ မင်ကြောင်များသည် ကျောပြင်မှာ လည်းရှိကြသည်။ အသက်ကတော့ ဆယ်ဝန်းကျင်မျှသ ပဲရှိဦးမည်။ အောက်မှာတော့ ရှမ်းဘောင်းဘီပွပွကြီးကို ဝတ် ဆင်ထားသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ကျွန်းပေါ်မှာ ဘာလုပ် တာလဲ"

မင်းရဲကျော်က မေးလိုက်သည်။

"ဒီစကားကို ကျုပ်ကမေးရမှာပါ၊ ဒီကျွန်းမှာ ကျုပ် လာတာကြာပြီ၊ ဒီဂူဟာ ကျုပ်ရဲ့ ဂူ၊ နေစရာအိမ်ပဲ၊ ခင်ဗျား က ဘယ်သူတွေလဲ၊ ဒီနေရာကို ဘာလာလုပ်ကြတာလဲ"

အပြုံးမပျက် ပြန်ပြီးမေးလိုက်သည်။ လေသံကတော နည်းနည်းတင်းသည်။ အာကာက ထိုသူ၏ရှေ့မှာဝင်ရပ်လို ပြီး. . .။

"ခင်ဗျားက ကျုပ်တို့ရဲ့ အရှင်သခင်ကို ဒီလိုပဲပြော သလား၊ ဒီနေရာဟာ အားလုံးနဲ့ သက်ဆိုင်တဲ့နေရာ၊ ခင်ဗျ တစ်ယောက်တည်း အပိုင်စီးထားလို့ ဘယ်ရမှာလဲ"



"မင်းပြောတာမှန်တယ်၊ ဒါအများပိုင်နေရာ၊ ဒါပေမယ့် ဘယ်သူမဆို ကိုယ်နဲ့အဆင်ပြေမယ့်နေရာကို အိမ်လို့သတ်မှတ် ပြီးတော့ နေကြတာပဲ၊ ကျုပ်တစ်ယောက်တည်း သက်ဆုံး ပိုင်ဆိုင်ခွင့်ရှိတယ်လို့ ပြောတာမဟုတ်ဘူးကောင်လေး"

"ခင်ဗျားက တော်တော်စကားကြောရှည်ပါလား၊ ခင် ဗျားဒီနေရာက ဖယ်ကိုဖယ်ပေးရမယ်၊ မဖယ်ပေးဘူးဆိုရင် ဇက် ပြုတ်ဖို့သာ ပြင်ပေတော့"

အာကာက ကျောထက်ရှိ အအိမ်ထဲမှ ဓားကိုဆတ်က နဲဆွဲထုတ်ကာ ထိုလူကြီးကို တိုက်ခိုက်သည်။

"ဟေ့. . ဟေ့၊ အာကာမလုပ်နဲ့လေ"

မင်းရဲကျော်က တားလိုက်သည်။ ခေမာကလည်း ဝင် မည်ပြုသည်။ မင်းရဲကျော်က တားလိုက်ပြန်သည်။

"ခေမာ. . မဝင်နဲ့"

အာကာသည် ငှက်ဖိုဓားရေးခင်းကာ ထိုလူကြီးကို တ ကြမ်းဝင်ရောက်တိုက်ခိုက်သည်။ သို့သော် လူကြီးက အပြုံး မပျက်ပဲ အာကာ၏ တိုက်ကွက်ကို ရှောင်တိမ်းကာထွက်သွား သည်။ အာကာသည် ထိုလူကြီးကို တစ်ချက်မှဓားချက်မမိသ ဖြင့် ဒေါသဖြင့် တိုက်ခိုက်လေရာ အကွက်တွေက မှားလာခဲ့ သည်။

ဝှစ်. . ဝှစ်. . ဝှစ်. . .။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် ခေါင်းကိုငုံ့ကာ၊ ကိုယ်တိမ်းကာ၊ ခါးကို
နွဲ့ကာ၊ ဗိုက်ကိုရှုပ်ကာ မားချက်တွေကို ကျွမ်းကျင်စွာရှောင်တိမ်း
ပြီး ထွက်သွားသည်။ အာကာလည်း မားရေးမည့်ပါ။ သို့သော်
ထိုလူကြီးနှင့်ယှဉ်လိုက်သောအခါ သူ၏တိုက်ကွက်တွေက က
လေးကစားသလိုဖြစ်နေသည်။

လူကြီးက သူ့ကို တစ်ချက်မှမတိုက်ခိုက်သေးပေ။ တစ်
ကြိမ်တွင် အာကာ၏ မားချက်သည် လူကြီး၏လည်ပင်းဆီကို
ထိုးပြီးတော့ ဝင်သွားခဲ့သည်။

ဟာ!

ဟင်!

မင်းရဲကျော်နှင့်ခေမာတို့၏နှုတ်မှ အာမေဋိတ်သံများ
ပင် အသီးသီးထွက်သွားခဲ့ရသည်။ အာကာ၏ လှည့်ကွက်ကို
သုံးလိုက်သော နန်းတွင်းသိုင်းကွက်တစ်ခုပင်ဖြစ်သည်။ တစ်
တော့ လူကြီးခမျာ သွားရှာပြီဟု ထင်လိုက်ကြသည်။ သို့သော်
ထင်သလိုဖြစ်မလာခဲ့။ လူကြီးသည် လည်တိုင်ကို လှုပ်ရုံလေး
သာ တိမ်းရှောင်လိုက်သည်။

မားသည် လည်တိုင်မှ ပွတ်ထွက်သွားခဲ့သည်။ လူကြီး
သည် အာကာ၏ မားကိုင်လက်ကို ဆတ်ကနဲဆို ဆုပ်ကိုင်လိုက်
ပြီး မားကိုလုယူလိုက်သည်။ ထိုနောက် အာကာ၏ဒူးထိပ်
ညာခြေဖြင့် သိမ်းကျုံးပြီး ရိုက်ထည့်လိုက်သည်။





ဖြောင်း!

အား!

မိကျောင်းတစ်ကောင်၏အမြီးဖြင့် အရိုက်ခံလိုက်ရသ
ဘစ်ကိုယ်လုံး မြောက်တက်သွားပြီး လူလည်းလွင့်သွားကာ မြေ
ပြင်ပေါ်ကို ပစ်ကျသွားခဲ့သည်။

ဘုန်း!

လူကြီးသည် လက်ထဲမှမားကို ခပ်လှမ်းလှမ်းမှာရှိသော
ကျောက်တုံးကြီးဆီကို ပစ်ပေါက်ထည့်လိုက်သည်။

ဝှစ်!

ဒေါက်!

မားသည် ကျောက်တုံး၏ ပတ်ကြားအက်ထဲမှာ သွား
စိုက်နေလေသည်။ မင်းရဲကျော်နှင့်ခေမာတို့သည် လူကြီး၏
လက်မှန်းလက်ဆနှင့်ခွန်အားကို အံ့အားသင့်သွားခဲ့ရသည်။
လူကြီးသည် သူတို့ဘက်ကို အေးဆေးစွာ လှည့်ကြည့်လိုက်ပြီး
ပင်ကိုအပြုံးနဲ့ပင်။

“မင်းတို့မှာ အခက်အခဲရှိလာကြတယ်၊ ဒီနေရာကိုရမှ
အခက်အခဲကို ဖြေရှင်းနိုင်မယ်ဆိုရင်တော့ ယူကြပါ။ ငါ့အတွက်
နေရာမရှားပါဘူး၊ ဒီကျောက်တောင်ဂူကိုလည်း ငါမမက်မော
ပါဘူး၊ ကိုယ့်အသက်ကိုတောင် ပိုင်ဆိုင်ခွင့်ရှိကြတာမှမဟုတ်
တာ၊ ငါဖယ်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် စကားကို အေးဆေးစွာပြောပြီးသည်နှ
လှည့်ထွက်သွားခဲ့သည်။

"ဦးရီး. . ဦးရီး. . ခဏနေပါဦး"

မင်းရဲကျော်ပြေးလိုက်သွားသည်။ လူကြီးက နောက်
ကိုလှည့်ကြည့်လိုက်သည်။

"ဦးရီးအမြဲနေနေကျ နေရာမှာပဲ ဆက်ပြီးနေပါ၊ ကျ
တော်တို့ ဒီနေရာကို မယူတော့ပါဘူး"

"မဟုတ်ပါဘူးကွယ်၊ ဦးရီးအတွက် အရေးမကြီးပါဘူ
ကိုယ်နေချင်တဲ့နေရာမှာ နေလို့ရပါတယ်၊ မင်းတို့ပဲ အသုံ
ကြပါ၊ ကုလားဖြူတွေရဲ့ ရန်က ရှောင်တိမ်းပြီး ပြေးလာခဲ့
တာမဟုတ်လား"

"ဟင်. . ဦးရီးဘယ်လိုသိသလဲ"

"မင်းတို့ ဒီကိုစပြီးရောက်လာခဲ့ကတည်းက ပြော
နေကြတဲ့ စကားတွေကိုထောက်ပြီး သိခဲ့တာပါ၊ ငါလည်း
လားဖြူတွေကို လုံးလုံးကြည့်မရဘူး၊ ဒီအရပ်ဟာ ဘယ်သူ
ရောက်နိုင်ကြတဲ့နေရာပဲ၊ မင်းတို့ ကုလားဖြူတွေလည်း စိတ်
ထဲတောင် လုံးဝမှန်းဆလို့မရတဲ့နေရာပဲ"

"သြော်. . ဦးရီးကလည်း ကုလားဖြူတွေကို ကြည့်
တဲ့သူကိုး၊ ကဲပါလေ. . ဒီအရပ်မှာ ကျွန်တော်တို့လည်း အ
မရှိပါဘူး၊ ဦးရီးရဲ့ အင်္ဂါရုပ်ကိုကြည့်ပြီး သဘောထားပြည့်ဝ





မယ်ဆိုတာ သိပါတယ်၊ ဒါကြောင့် အကူအညီပေးပါလို့တောင်း
ပန်ချင်တယ်"

"ကောင်းပြီလေ၊ ယုံကြည်တယ်ဆိုရင်တော့ တတ်နိုင်
သလောက် ကူညီပါ့မယ်၊ တစ်ခုတော့ မှာထားချင်တယ်၊ ဦးရီး
ကကောင်ကြွက်သမား၊ လောဘ၊ မောဟမရှိဘူး၊ ဘာကိုမှ
မက်မောဘူး၊ ဒါကိုတော့ သိထားစေချင်တယ်၊ ဘာကိုမှမမက်
မောလို့ အကျီတောင်မကပ်တာကြည့်၊ ဘောင်းဘီတောင် မ
ကောင်းတတ်လို့ ဝတ်ထားရတာ၊ ဟား. . ဟား. . ဟား"

လူကြီးက ပွင့်လင်းစွာဖြင့် ရယ်မောလိုက်သောအခါ
ပြီးတော့ ခင်မင်စရာ ကောင်းသွားခဲ့သည်။ လဲကျနေပြီး မထ
နိုင်သေးသော အာကာကို လူကြီးက ဆွဲထူလိုက်သည်။

"မင်းက ဓားရေးတော့ ကောင်းပါတယ်ကွာ၊ ဒါပေမယ့်
ဒါသကိုရှေ့ထားတော့ မှားတာပေါ့၊ ကဲ. . ကဲ၊ ထ. . ထ"

လူကြီးသည် လက်ဝါးကိုဖြန့်လိုက်သည်။ သူ၏လက်
ပြင်မှာ လေးထောင့်အင်းကွက်လေးခုကို တွေ့လိုက်ရသည်။
ကွက်ထဲမှ စာတွေကိုတော့ ဘယ်သူမှနားလည်ကြမှာမဟုတ်
ပါ။

ထိုလက်ဝါးထဲသို့ ထွီကနဲဆိုတဲ့ တတွေးထွေးထည့်
လိုက်ကာ အာကာ၏ဒူးဆစ်နဲ့ တတောင်ခွက်ကို တဖတ်ဖတ်
ရိုက်လိုက်သည်။ ထူးဆန်းလှသည်။ အာကာသည် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လိုလိုပင် သက်သာရာရသွားခဲ့ကာ မတ်တတ်ထရပ်နိုင်လေ

တော့သည်။

“ဦးရိုးက လျှင်တာလည်းပါပါတယ်ဗျာ၊ ဟကယ်တ

သာ ဦးရိုးကပြန်ပြီးတိုက်ရင် ကျွန်တော်ခံရဦးမှာ”

“အေး. . ယောကျာ်းကောင်းဆိုတာ ကိုယ်နိုင်နိုင်၊

နိုင်နိုင် ကိုယ့်အစွမ်းအစကို ထုတ်ပြီးသုံးရတယ်ကွယ့်၊ ဒါမှ

ရဲကောင်းဖြစ်မှာ”

“ဦးရိုးနာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျာ”

မင်းရဲကျော်က တလေးတစားနဲ့ မေးလိုက်သည်။

“ပံသု! ခြေသလုံးအိမ်တိုင်သမားပံသုတဲ့၊ သွားချင်

သွား၊ လာချင်ရာလာ၊ လောကကြီးရဲ့ သဘာဝကို လိုက်ပြီး

လာနေတဲ့သူပေါ့ကွာ၊ ကဲ. . ဒါတွေထားလိုက်တော့၊ ငါနေ

ကျောက်ဂူထဲကို သွားကြရအောင်”

ခေမာသည် ဦးပံသုကို ပွင့်လင်းသောလူတစ်ယော

အဖြစ် လက်ခံသွားခဲ့လေသည်။

“ဦးပံသုရဲ့ သိုင်းပညာက လေးစားလောက်ပေတ

“ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး မိန်းက

ရယ်၊ ငါ့ထက်တော်တဲ့သူတွေ တစ်ပုံကြီး”

“ခြော်. . ဒါနဲ့ ဒီနားမှာ မိကျောင်းဖြူကြီးတစ်ကေ

ကို တွေ့လိုက်ရတယ်၊ ကမ်းစပ်မှာလည်း နေသွားခဲ့ပုံပေါ်





မိကျောင်းရှိသလား. . ဦးပံသု”

“ခြော်. . အင်း. . ငါလည်း ဒီမိကျောင်းဖြူကြီးကို မ

ကြာခဏတွေ့ဖူးပါတယ်၊ ဒုက္ခတော့ မပေးတတ်ပါဘူး၊ ဒီလိုပဲ

သူ့လမ်းသူ သွားနေတာပါပဲ”

ခေမာသည် ဦးပံသုကို သင်္ကာမကင်းသော မျက်လုံး

ဖြင့် ကြည့်လိုက်သည်။ ဦးပံသုက မျက်နှာလွှဲသွားသည်။

“ဒါပေမယ့် ကျွန်မတို့ လှေနဲ့လာကြတုန်းက မိကျောင်း

ကြီးက သူ့အမြီးကြီးနဲ့ ရေပြင်ကို ရိုက်ခတ်လိုက်တာ လှိုင်း

သွားလို့ လှေမမှောက်အောင် မနည်းထိန်းလိုက်ရတယ်”

“ဒီကောင်ကြီးက ဒီလိုပဲ ကျီစားတတ်တယ်၊ လမ်းကြုံ

င် ပြောပြလိုက်ပါ့မယ်၊ နောက်ကို ဒီလိုမကျီစားပါနဲ့လို့၊ ဟား

ား. . ဟား. . ဟား”

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



"ဦးရိုးက ရေကြိုက်တယ်ထင်တယ်၊ သူများတွေ အေးလို့ အနွေးထည်ထူထူ ဝတ်ထားရတဲ့ အချိန်မှာလည်း ရေဆင်းချိုးနိုင်သေးတယ်နော်"

"ဟုတ်တယ်...ငါ့ရဲ့ကိုယ်ထဲမှာ တေဇောဓာတ်တွေများနေတယ်၊ သူများနဲ့မတူလို့ အပူဒဏ်ကို ခံနိုင်တာထင်ပါရဲ့"





## အခန်း–(၁၁)

## တောင်ညီနောင်ဗုံအပြန်

မင်းရဲကျော်နှင့်အတူ ပါလာကြသော သူများသည် တိုက်ရေးခိုက်ရေးမှာ အထူးကျွမ်းကျင်ကြသည်သာမက သခင် ဖြစ်သူအပေါ်မှာလည်း လွန်စွာမှ သစ္စာထားကြသူများဖြစ်ကြသည်။ မင်းရဲကျော်သည် သူနှင့်အတူပါလာခဲ့သည့် ရတနာသတ္တာသုံးလုံးကို ကျောက်တောင်ကြီးထဲမှာ မြှုပ်နှံမည်ဖြစ်သည်။

"နောင် ကုလားဖြူတွေကို တွန်းလှန်တိုက်ခိုက်ကြတဲ့ အခါမှာ ဒီရတနာတွေဟာ တော်လှန်ရေးအတွက် အရင်းအ



www.burmeseclassic.com

www.burmeseclassic.com



နှိုးပဲဖြစ်တယ်"

"ကောင်းတယ်၊ မင်းရဲကျော်ရဲ့ ရည်ရွယ်ချက်က
မြဟ်တယ်၊ ဒီကုလားဖြူတွေကလည်း ဒီနိုင်ငံကို
မကြီးစိုးနိုင်ကြပါဘူး၊ တစ်နေ့ကျ ခွေးပြေးဝက်ပြေး ပြေး
မှာပါ"

ကျောက်တောင်ကြီး၏ အောက်ခြေတွင် ဂူပေါက်
တစ်ခုရှိလေရာ ဂူထဲကိုဝင်သွားခဲ့လျှင် သဘာဝလှိုဏ်ဂူကြီး
ဖွယ်မြင်ရမည်ဖြစ်သည်။ ကြမ်းပြင်မှသည် ဂူမျက်နှာကြက်
ထိ ပေသုံးဆယ်ခန့်အမြင့်ရှိမည်ဖြစ်ပြီး အကျယ်မှာ ပေတစ်
ပတ်လည်ခန့်ရှိသည်။ ဦးပံသုနှစ်ပေါင်းများစွာ နေထိုင်ခဲ့သေ
ကျောက်တောင်ဖြူကြီးပင်တည်း။

"ဦးရိုး . . ဒီနေရာကို ဖယ်ပေးရတာအတွက် နှမြော
သခြင်း မဖြစ်မိဘူးလား"

"မဖြစ်မိပါဘူးကွာ၊ ငါ့မှာ နေရာအစွဲဆိုတာ မရှိပါ
မင်းတို့ အဆင်ပြေသလိုသာ အသုံးပြုကြပါ"

ကျောက်တောင်ဂူကြီးထဲမှ အမှိုက်သရိုက်များကို
လင်းပြီးသောအခါ မင်းရဲကျော်နှင့်စောကလျာဦးနေကြမ
အခန်းကိုဖွဲ့သည်။ ...နှိုးမသားဖြစ်သော အထိန်းတော် ...
မာအတွက်တစ်ခန်း။

အခန်းဖွဲ့ရန် အ...ကျွင် ဦးပံသုက ဝင်ရော



...ညီလေသည်။ ရတနာပစ္စည်းများထားရန်အတွက် ဂူအောက်
ကြမ်းပြင်ကို ဖောက်ထွင်းပြီး အခန်းပြုလုပ်ရသည်။

မင်းရဲကျော်သည် ဘူတာဝါဟနယန္တယား အတတ်ပ
ညာဖြင့် စက်ရုပ်များကို တီထွင်ကာ အစောင့်အဖြစ်
ထားသည်။ ယန္တယားလက်နက်များကိုလည်း တပ်ဆင်ထား
လသည်။ ခေမာသည် ယန္တယားစက်ရုပ်များကို ဖန်တီးရာ
တွင် ပါဝင်တပ်ဆင်သောအလုပ်ကို လုပ်သည်။

အံ့အားသင့်စရာကောင်းသည်က ဦးပံသုမှာ စက္ကော
က်ရုပ်များကို ဖန်တီးရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်
သောသူဖြစ်နေ၍ပင်တည်း။

သူတို့အားလုံး တစ်ဖက်ကမ်းမှ တောင်ညီနောင်ရှိရာ
ဘက်ကမ်းကို ပြောင်းရွှေ့လာခဲ့ကြသည်။ ဝလ၊ အာကာနှင့်
မက်များသည် ကျောက်တောင်ကြီးထဲမှာ မနေကြပါ။ အပြင်
ဘက်မှာ သီးခြားနေကြသည်။

မင်းရဲကျော်သည် မိမိခေါ်ဆောင်လာသော သူများကို
ကိုယ်ချင်းစာမိသည်။ သူတို့သည် နေရပ်ကို ပြန်ချင်လှပြီဖြစ်
သည်။ မိသားစုနှင့်နေထိုင်ကြသူများဖြစ်၍ မင်းရဲကျော်ကို မ
ပြောရဲကြ၍သာ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် တစ်နေ့တွင် မင်းရဲကျော်သည် ဗလ၊ အ…
ကာနှင့်ရဲမက်များကို အစည်းအဝေး ခေါ်လိုက်သည်။ မင်း…
ကျော်၏အနားတွင် စောကလျာဦး၊ အထိန်းတော်ကြီး ခေ…
နှင့်ဦးပံသုတို့ရှိနေကြသည်။

"မင်းတို့ကို အခုလိုခေါ်ယူရခြင်း အကြောင်းရင်းက…
တော့ တခြားမဟုတ်ဘူး၊ မင်းတို့လည်း ဒီနေရာကို ငါနှင့်အ…
လိုက်လာခဲ့တာ နှစ်နှစ်ရှိခဲ့ပြီ၊ မင်းတို့အားလုံး ငါ့အပေါ်မှ…
သစ္စာလည်းရှိကြတယ်၊ တာဝန်လည်း ကျေပွန်ကြပါပေတယ်…
ရက်တွေကြာလာပြီဖြစ်တဲ့အတွက် မင်းတို့လည်း မိသားစု…
သတိရနေမှာပဲ၊ မိသားစုကလည်း မင်းတို့အပေါ်မှာ တစ်…
ပြန်လာနိုးနဲ့ မျှော်လင့်စောင့်စားနေကြမှာပဲ"

"အဲဒီတော့ ဒီမှာလည်း ပြုဖွယ်ကိစ္စရှိတာတွေကို အ…
လုံးပြီးစီးအောင် ဆောင်ရွက်ပြီးခဲ့ကြပြီ၊ မင်းတို့ရဲ့ တာဝန်လည်…
ကုန်ဆုံးခဲ့ပြီမို့ ငါနေရပ်ကို ပြန်လွှတ်မယ်၊ ငါတစ်ခုမှာချင်တ…
က ဒီနေရာကို ရန်သူတွေ မသိကြပါစေနဲ့၊ ရန်သူပွေ့ဆို…
ကုလားဖြူတွေနဲ့လက်ပါးစေတွေကိုပြောတာ၊ သူတို့ဟာ န…
ခဲ့ ကျူးကျော်သူတွေမို့ [illegible] ကောင်းကျိုးပေးကြမှာ





ဟုတ်ဘူး"

ထိုအခါ ဗလက. . .။

"ကျွန်တော်တို့ သခင်လေးမင်းရဲကျော်နဲ့ မခွဲမခွာအတူနေချင်ပါတယ်၊ ဒါပေမယ့် ခုလိုမလွှဲသာလို့ ခွဲခွာကြရမှာဖြစ်တဲ့အတွက် စိတ်မကောင်းပါဘူး"

"စိတ်မကောင်းမဖြစ်ကြပါနဲ့၊ တွေ့ကြုံဆုံကွဲ၊ ဓမ္မတာပါပဲ၊ မင်းတို့နေရပ်ကို ပြန်ရောက်ကြရင် ကုလားဖြူတွေရဲ့ ရန်က လွတ်အောင်ရှောင်ပါ၊ ဒီကပြန်သွားကြတဲ့သူတွေအားလုံး တစ်နေရာတည်း စုမနေကြပဲ၊ တကွဲတပြားနဲ့နေကြပါ၊ ကိုယ့်ဇာတ်ကို မြှုပ်ထားကြပါ"

"စိတ်ချပါ၊ ကျွန်တော်တို့ကို မသက်သာလို့ ရိုက်ပြီးမေးလည်း သေတောင်အမှန်ကို မပြောပါဘူး"

"မနက်ဖြန်မနက်ကျရင် မင်းတို့ကို ဦးပံသုက လှိုဏ်ဂူ ဝှက်လမ်းကနေ လိုက်ပို့ပေးလိမ့်မယ်၊ မင်းတို့အမှုထမ်း တာဝန်ကျေတဲ့အတွက် တစ်သက်ရင်းနှီးစားနိုင်လောက်အောင်ပေးလိုက်မယ်၊ မနက်ဖြန်မနက် ခရီးထွက်မယ်၊ ပြင်ဆင်ထားကြပါ"

မင်းရဲကျော်သည် ဗလကို ညွှန်နေရာ၏ လှိုဏ် ဝှက်မြေပုံနှင့်နေစကြာပုံသဏ္ဌာန်အပြားပိုင်းတစ်ခုကို ပေးလိုက်သည်။

"နေပြည်တော်မှာ ထူးခြားတဲ့ အဖြစ်အပျက်တွေရှိခဲ့ရင် သိပ်အရေးကြီးမှသာ လာအကြောင်းကြားပါ၊ ကုလားဖြူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို တွန်းလှန်တိုက်ခိုက်နိုင်မယ့် အခွင့်အရေးမျိုးကို လေ့ လာထားပါ၊ တိုင်းရေးပြည်ရေးကို မျက်ခြည်မပြတ်စေနဲ့ ဗလ နှင့်အာကာ"

"အမိန့်အတိုင်း တသွေမတိမ်းလိုက်နာပါ့မယ်"

ထီးသုံးနန်းသုံးစကားကို မသုံးကြရသော်လည်း ကိုယ့် အရှင်သခင်ဖြစ်သည့် မင်းသား ... ကျော်၏စကားကိုတော့ ရှိသေစွာဖြင့် လိုက်နာကြပေသည်။

"ဟောဒီ မြေပုံနှင့်အထိမ်းအမှတ်တံဆိပ်ကို အသက် နဲ့လဲပြီး သိမ်းဆည်းထားကြပါ၊ မင်းတို့နှစ်ယောက်စလုံးမှာ တာ ဝန်ရှိတယ်၊ ရန်သူလက်ထဲ မရောက်ပါစေနဲ့"

ထိုနောက် မင်းရဲကျော်သည် တစ်ယောက်စီလိုက်ပြီး နှုတ်ဆက်လေသည်။

BURMESE CLASSIC .com

➤➤➤➤➤

နံနက်စောစော အလင်းမရောက်မီကာလ။ လှေကြီး ငါးစီးသည် မြစ်ပြင်ပေါ်မှာ တရွေ့ရွေ့ဖြင့် သွားနေလျက် သည်။ ရှေ့ဆုံးက လှေကြီးပေါ်မှာ အထိန်းတော်ကြီးခေမာနှင့် ဦးပံသုတို့ လိုက်ပါလာခဲ့ကြသည်။ လှေကြီးငါးစီးတွင် ရဲမက် အယောက်သုံးဆယ် (ဗလနှင့်အာကာ)အပါအဝင် မျှပြီးလိုက်



ပါလာခဲ့ကြသည်။

တောင်ညိုနောင်၏အနောက်ဘက် ကျောက်တောင် ကြီး၏ဘေးမှာ တောင်ပူစာအငယ်လေးတစ်ခု ရှိသေးသည်။ ယင်းတောင်ပူစာ၏ အောက်ခြေ၌ တစ်ဖက်ကို တိုးလျှိုပေါက် နေသော လှိုဏ်ခေါင်းရှည်ကြီးတစ်ခုရှိသည်။ လှေငါးစီးသည် လှိုဏ်ခေါင်းရှည်ကြီးငါ ... ပြီးသွားခဲ့ကြသည်။ တစ်ဖက်ကို ပေါက်ခဲ့လျှင် တောင်ညိုနောင်၏ ကျောဘက်ကို ရောက်သွား ခဲ့ကြပြီးသားဖြစ်သည်။

ဤလမ်းကို ဦးပံသုတစ်ဦးတည်းသာသိသည်။ လှေအ ပါတစ်စင်းကို နောက်ဆုံးမှလိုက်ပါလာသော လှေ၏နောက်တွင် ဘွဲချည်ကာ လိုက်ပါလာစေသည်။ အထိန်းတော်ကြီးခေမာနှင့် ဦးပံသုတို့၏ အပြန်ခရီးအတွက်ဖြစ်သည်။ မင်းရဲကျော်နှင့်ဖော ကလျာဦးတို့ကား နောက်မှာ ကျောက်ဂူတောင်တွင် နေရစ်ခဲ့ ကြလေသည်။

လှေကြီးငါးစီးသည် ကျွန်းကြီးကျွန်းကြားတွင် လှည့် ပတ်ပြီး လှော်ခတ်လာခဲ့ပြီးသည့်နောက် ကျွန်းများပေါ်မှ မြင့် မားသော သစ်ပင်ကြီးများကြောင့် တောင်ညိုနောင်ကို တဝက် သာသာလောက်ပဲ မြင်ရတော့သည်။ ကျောက်တောင်ကြီးက တော့ လုံးဝပျောက်ကွယ်သွားခဲ့လေပြီ။ အားလုံးတိတ်ဆိတ်စွာ ဖြင့် လိုက်ပါလာခဲ့ကြသော်လည်း ဗလနှင့်အာကာအပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်များမှာ မိမိတို့နှစ်နှစ်ကြာ နေခဲ့ကြသည့် နေရာကို ပြန်ပြီး လွမ်းဆွတ်နေခဲ့ကြသည်။ သူတို့၏ အရှင်သခင်မင်းသားလေး မင်းရဲကျော်နှင့်စောကလျာဦးတို့ကိုလည်း သတိရနေခဲ့ကြ၏။ သို့သော် မတတ်နိုင်တော့ပြီ။ မိမိတို့သည် ရှေ့ကိုသာဇွတ်တိုး ပြီး သွားရတော့မည်မဟုတ်ပါလား။

မိုးကား မလင်းသေးချေ။ လမ်း[illegible]မ်းသော ဦးပံသုက ဦးဆောင်ပြီးခေါ်သွား၍သာ ရေပြင်ပေါ်မှာ လှေများကိုဖြောင့် ဖြောင့်သွားနိုင်ကြခြင်းဖြစ်သည်။ ကမ်းနံဘေးဝဲယာရှိ ကျွန်းများ ပေါ်မှာ မည်းမည်းနှင့်[illegible]င်မှောင်သာရှိသေးသော သစ်တော အုပ်ကြီးများသည် ရေ[illegible]က်ပိုင်းဒေသ၏ နက်ရှိုင်းသော တော သဘာဝကို ဖော်ပြနေလျက်ရှိကြသည်။

ထိုစဉ် ရှေ့ဆုံးက လှေဦးပေါ်မှာ လိုက်ပါလာခဲ့သော ဦးပံသု၏အမူအရာသည် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။

"ဟိတ်. . ရှေ့မှာ လူရိပ်တွေတယ်"

သတိပေးစကားကြောင့် ရှေ့ဆုံးကလှေမှတဆင့် အ[illegible] နောက်ကို တဆင့်ပြီးတဆင့် အကြောင်းကြားလိုက်ကြသည်။

အားလုံးသော မျက်လုံးတွေသည် ဦးပံသုအသံတိတ် လက်ညှိုးညွှန်ရာဆီကို စူးစိုက်ပြီးတော့ ကြည့်လိုက်ကြသည်။ ချက်ချင်းတော့ ဘာမှမမြင်ရ။ အတော်လေးကြာမှ သူတို့ဘက် ဆီကိုဦးတည်ကာ မျက်နှာချင်းဆိုင် ရွေ့လျားလာနေကြသော





မည်းမည်းသဏ္ဍာန်များကို တွေ့လိုက်ကြရသည်။

(ရဲမက်များ အံ့အားသင့်သွားခဲ့ကြသည်မှာ ဤမျှဝေး ကွာသော နေရာဆီကို လှမ်းပြီးမြင်နိုင်သည့် ဦးပံသု၏မျက်လုံး များပင်ဖြစ်သည်။ လူသာမာန်တို့ထက် ပိုပြီးစူးရှသော အမြင် ရှိသည့် ဦးပံသု၏မျက်လုံးများက အံ့သြစရာကောင်းလှပေစွ တကား။)

"ကုလားဖြူတွေဟေ့၊ ဒီဘက်ကို ဘယ်လိုကြောင့် ကျွံ ပြီးဝင်လာခဲ့ကြသလဲမသိဘူး"

ဦးပံသုက အံ့အားတသင့်ပြောလိုက်ပြန်သည်။ မည် သူမည်ဝါမှန်း၊ အဖြူအမည်း သဲကွဲစွာ မမြင်နိုင်မီမှာ ဦးပံသု က ကုလားဖြူတွေဟု အတတ်ပြောနိုင်လေသည်။

ဗလ၊ အာကာနှင့်ရဲမက်များသည် ကုလားဖြူတွေဟု ကြားလိုက်သည်နှင့် တစ်ကိုယ်လုံး သွေးများပွက်ပွက်ဆူသွား ခဲ့ကြသည်။ ဓားကိုကိုင်၍ ဓားအိမ်ထဲမှ ဆွဲထုတ်ရန် အသင့် ဖြစ်သွားခဲ့ကြလေသည်။ ခေမာကတော့ စူးလက်သော မျက် လုံးများဖြင့် အမှောင်ထဲကို တည်ငြိမ်စွာ စိုက်ကြည့်လျက်ရှိ၏။ အာကာက. . .။

"ကျုပ်တို့သတင်းကို တနည်းနည်းနဲ့ရသွားကြပြီ၊ [illegible] ကြောင့်မို့ ဒီဘက်ကို လိုက်လာနိုင်တာပေါ့"

"သတင်းရလို့ ဟုတ်ချင်မှဟုတ်မယ်၊ ရှင်းသမ်းလိုက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လာကြပြီး ကျွဲဝင်လာခဲ့ကြတာပဲဖြစ်ရမယ်. . အာကာ”

ဗလသည် ကုလားဖြူလှေတွေကို ဒီနေရာက ကျော်ထွက်မသွားစေရဟု စိတ်ဆုံးဖြတ်လိုက်သည်။ အမှန်ပင် ကုလားဖြူတွေဖြစ်နေသည်။ အားလုံးလှေရှစ်စီးအပြည့်ပါလာကြသည်။ သူတို့ကို အနီးကပ်တိုက်ခိုက်ကြမည်ဟု လှေတစ်စီးနှင့်တစ်စီး အချက်ပေးပြီးဖြစ်ကြသည်။ ကုလားဖြူများ၏ လှေရှစ်စီးသည် ရေဆန်ကို လှော်ခတ်လာခဲ့ကြရာ နည်းနည်းတော့နှေးကွေးသည်။ အန္တရာယ်က သူတို့ရှေ့မှာ စောင့်ဆိုင်းနေသည်ကို မသိကြ။

လှေငါးစီးရပ်တန့်ကာ ဂမ္ဘူစွန်းအကွေ့လေးမှာ စောင့်နေကြသည်။ ရန်သူလှေရှစ်စီးသည် ပို၍ပို၍ နီးကပ်လာခဲ့ကြလေပြီ။ ထိုစဉ် အထိန်းတော်ကြီး ခေမာသည် ရှေ့မှာချထားသည့် သစ်သားသေတ္တာလေးတစ်လုံးကိုယူပြီး ပေါင်ပေါ်တင်လိုက်သည်။ ထိုနောက် သေတ္တာအဖုံးကို တဖြည်းဖြည်းနဲ့ ဖွင့်လိုက်လေသည်။

ဖလ. . .လပ်. . ဖလပ်။

သေတ္တာထဲမှ ခိုဖြူလေးများက တစ်ကောင်ပြီးတစ်ကောင် ပျံသန်းကာ ထွက်သွားခဲ့ကြသည်။ တစ်ပေပတ်လည်သေတ္တာသေးသေးလေးထဲမှ တစ်ကောင်ချင်းပျံသန်းကာ ထွက်သွားခဲ့ကြသော ခိုဖြူများသည် အကောင်ငါးဆယ်ခန့်ရှိမည်။





အံ့အားသင့်စရာကောင်းလှသော ပဥ္စလက်ပညာပင်တည်း။

ခိုဖြူလေးများသည် အမှောင်ထဲမှာ မျက်နှာဖြူများ၏လှေများဆီကို ဦးတည်ပြီး ပျံသန်းသွားခဲ့ကြသည်။

ဖလပ်. . ဖလပ်. . ဖလပ်။

“ဟာ. . ခိုဖြူတွေ၊ ခိုဖြူတွေ၊ ဘယ်ကရောက်လာခဲ့ကြပါလိမ့်”

ရှေ့ဆုံးမှာ လိုက်ပါလာကြသူမှာ ရန်သူတော်ကြီးကာနယ်စလေဒင်ပင်ဖြစ်သည်။ မင်းရဲကျော်တို့ ဖြတ်သွားရာလမ်းကြောင်းကို တဆင့်၊တဆင့်မေးမြန်းကာ စုံစမ်းရင်း အနံ့ခံကာ ယခုမှလိုက်လာနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ခေမာဆီက ခိုဖြူများပျံသန်းသွားခဲ့သည်ကို ဗလ၊ အာကာနှင့်ရဲမက်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်နေကြသည်။ ခေမာသည် ပဥ္စလက်ပညာကို အထူးတတ်မြောက်ထားသူဖြစ်၍ သူမ၏ လှုပ်ရှားမှုတစ်ခုရှိလေတိုင်း ထူးခြားမှုတစ်ခုခုဖြစ်လာသည်မှာအမှန်ပင်။

စလေဒင်နှင့်ဂေါ်ရာစစ်သားများသည် ခိုများအတွက်အနှောင့်အယှက်ဖြစ်ကြရသည်။ ခိုဖြူများက သူတို့ကို ဝင်ပြီးဘိုက်ကြသည်။

ဖလပ်. . ဖလပ်. . ဖလပ်။

ထို့ကြောင့် လက်ဖြင့်ပုတ်ကာ မောင်းထုတ်ပစ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ချက်ချင်းလိုလိုပင် ခိုဖြူများထံမှ ပေါက်ကွဲသံများက ဆက်တိုက်ဆိုသလိုပင် ထွက်ပေါ်လာခဲ့ကြလေသည်။

ဖောင်း. . ဖောင်း. . ဖောင်း. . ဖောင်း။

အား!

အား!

အား!

ကုလားဖြူစစ်သားများ၏ အလန့်တကြားအော်ဟစ်သံများသည် ဆူညံသွားခဲ့လေသည်။ ဒဏ်ရာအနာတရဖြစ်ကုန်ကြသည်။ တချို့ ချက်ချင်းလိုလို အနီးကပ်ထိမှန်းခြင်းခံလိုက်ရကာ ပွဲချင်းပြီး သေဆုံးသွားခဲ့ကြလေသည်။

တကယ်တော့ ခိုဖြူများသည် ယန္တယားအတတ်ဖြင့် ပြုလုပ်ထားသော အရုပ်များသာလျှင် ဖြစ်ကြလေသည်။ မမျှော်လင့်ပဲ တိုက်ခိုက်ခြင်းခံလိုက်ရသောကြောင့် ကာနယ်စလေဒင်၏တပ်သည် အလူးအလဲပင် ခံလိုက်ရလေသည်။ တချို့ လှေပျက်ကာ ရေထဲကို ကျသွားခဲ့ကြလေသည်။

"ရန်သူဟေ့. . ရန်သူ၊ သတိထားကြ"

စလေဒင်က ချောက်ချားသော အသံကြီးဖြင့် အော်ဟစ်လိုက်လေသည်။ သူကိုယ်တိုင်လည်း မည်းမည်းမြင်ရာကို ရမ်းသမ်းပြီး သေနတ်နဲ့ထိုးကာ ပစ်လေတော့သည်။

ဒိုင်း!





ဒိုင်း!

သို့သော် လှေများကြားရေအောက်မှ ရုတ်တရက်ပေါ်လာသူကတော့ ဦးပံသူ။ ဦးပံသူ၏လက်ထဲမှဓားသည် လှေပေါ်မှ ကုလားဖြူစစ်သားသုံးယောက်၏ အသက်ကို ခြွေယူသွားခဲ့လေသည်။

ဝုန်း. . ဝုန်း. . .။

အား!

အား!

နောက်ထပ် လှေတွေကြားထဲမှာ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြသူများကတော့ ဗလနှင့်အာကာ။ သူတို့သည် လှေများပေါ်ကို မတက်ကြပဲ ရေထဲမှပင်လျှင် လှေပေါ်မှ ရန်သူများကို သွက်လက်လျှင်မြန်စွာ တိုက်ခိုက်ပစ်လိုက်ကြသည်။

ဝုန်း. . . ဝုန်း။

အား!

အား!

အခြားသော ရဲမက်များသည်လည်း ရေထဲမှ တစ်ဦးပြီးတစ်ဦး ပေါ်လာကြကာ ကုလားဖြူစစ်သားများအလစ်မှာ တိုက်ခိုက်ကြလေသည်။

ကာနယ်စလေဒင်သည် မျက်လုံးမျက်ဆန်ပြူးကာ သူ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို မည်သို့အမိန့်ပေးရမှန်း မသိ။ ရန်သူတွေကိုလည်း မည်သို့တိုက်ခိုက်ရမှန်းမသိဖြစ်နေရသည်။ အဘယ်ကြောင့်ဆို သော် ရန်သူများသည် ကုလားဖြူစစ်သားများကို တိုက်ခိုက်ပြီး သည်နှင့် ချက်ချင်းလိုလိုပင် ရေအောက်ကိုပြန်၍ ငုပ်လျှိုးသွား ခဲ့ကြသောကြောင့်ပင်တည်း။

ငါတို့ကို တိုက်ခိုက်နေတာ လူလား၊ တစ္ဆေလား၊ မမြင် ရဘူး”

စလေဒင်က ဟိုင်ပင်လျှင် ချောက်ချားလျက် ရှိနေ လေပြီ။ မည်းမည်းပြာပြာကို သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ် လျက်ရှိသည်။

သို့ရှိနေစဉ် စလေဒင်၏လှေပေါ်ကို လူတစ်ယောက် က ရေထဲမှ ဝုန်းကနဲဆို ခုန်တက်လာသည်။ သူက ဗလ။ ဗလ သည် မြန်မာလှေသမား တစ်ယောက်ကိုသာ ချမ်းသာပေးပြီး ကျန်ကုလားဖြူစစ်သားများကို ဓားဖြင့်တိုက်ခိုက်ကာ ရှင်းပစ် လိုက်သည်။

ဒိုင်း!

ဒိုင်း!

စလေဒင်က ဗလကို သေနတ်ဖြင့် ထိုးပစ်လိုက်လေ ရာ သေနတ်ကိုင်ထားသော လက်ကို အမြောက်မှာ ဗလက ရှောင်လိုက်သော်လည်း. . .။





အား!

ရင်ဝမှာ ပူကနဲဆို ဖြစ်သွားရသည်။ ဗလသည် စလေ ဒင်၏ ကိုယ်ပေါ်ကို လဲကျသွားသည်။ ဗလ၏ ကိုယ်ထဲမှအ သုပ်တစ်ထုပ်က စလေဒင်၏ကိုယ်ပေါ်ကို ကျသွားခဲ့လေသည်။ သင်းအထုပ်ကို ကောက်ယူကာ အိတ်ထဲကိုထည့်လိုက်သည်။

ထိုစဉ် ရေထဲမှ မိကျောင်းဖြူကြီးတစ်ကောင်ပေါ်လာ ပြီး စလေဒင်ပါသောလှေကြီးကို အမြီးနှဲ့ရိုက်ချလိုက်၏။ လှေ ကြီးတစ်စီးလုံး မှောက်တက်သွားခဲ့သည်။

ဖြန်း!

စလေဒင်သည် ရေထဲကိုကျသွားသည်။

အား!

မိကျောင်းဖြူကြီးသည် စလေဒင်ဆီကို ထိုးဝင်လာခဲ့ ပြီး ပေါင်ကိုကိုက်ထည့်လိုက်လေတော့သည်။

အား!

ရေထဲသို့တဖန် ပြန်ပေါ်လာသော မိကျောင်းဖြူကြီး သည် သူ၏အမြီးကြီးဖြင့် လှေများကို တဖျန်းဖျန်းနဲ့ ရိုက်ခတ် ကာ မှောက်ပစ်လိုက်လေသည်။

ဖျန်း!

ဖျန်း!

ကုလားဖြူစစ်သားများသည် လှေတခြားလှေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြကာ ရေထဲကို ကျသွားခဲ့ကြလေသည်။

ဗွမ်း!

ဗွမ်း!

ကုလားဖြူစစ်သားများဆီကို မိကျောင်းဖြူကြီးက ထိ
ဝင်လာပြီး ကိုက်ချီကာ ခေါင်းကိုခါရမ်းပြီး လွှင့်ပစ်လိုက်သည်

အား!

ခေမာသည် သူမ၏လှေပေါ်မှ ကုလားဖြူစစ်သား
၏ လှေတစ်စီးပေါ်ကို ကူးမည်အပြုမှာ အလှမ်းကွာဝေးနေ
ထိုစဉ် မိကျောင်းဖြူကြီးသည် လှေနှစ်စီးကြားမှ ဘွားကနဲ
ပေါ်လာခဲ့သည်။ တံတားထိုးပေးထားလိုက်သလို အတန်းလိုက်
ကြီးဖြစ်နေလေရာ ခေမာသည် အကြံရသွားပြီး မိကျောင်း
ကြီးပေါ် ခုန်ဆင်းသွားကာ တစ်ဖက်လှေပေါ်ကို ကူးသွား
လေသည်။

ကုလားဖြူများသည် လှေပေါ်ကို ရုတ်တရက်ခုန်ကူ
လာသော အမျိုးသမီးတစ်ဦးကို အံ့အားသင့်ပြီး ချောက်ချားစွ
ဖြင့် ကြည့်နေဆဲမှာပင် ခေမာ၏ လက်ထဲမှဓားက လျှပ်ပြက်
သလို လှုပ်ရှားသွားခဲ့လေရာ. . .။

ဝှစ်!

ဝှစ်!

အား!



BURMESE CLASSIC .com



အား!

မိုးလည်း တဖြည်းဖြည်းနဲ့ လင်းလာခဲ့လေပြီ။ ရေပြင်
မှာ မှောက်ခုံဖြစ်နေသော လှေတချို့။ တရွေ့ရွေ့ဖြင့် ရေစီး
တလျှောက် မျောပါသွားနေကြသော ကုလားဖြူစစ်သားတို့၏
အလောင်းများ။ ရဲမက်တစ်ယောက်နှစ်ယောက်၏ အလောင်း
များကို မြင်တွေ့နေကြရသည်။

အာကာသည် ရဲမက်အလောင်းများကို လှေနှင့်ကပ်
ပြီး ဆယ်ယူမည်ပြုသေးရာ ခေမာက တားလိုက်သည်။

"မဆယ်ပါနဲ့တော့. . အာကာ၊ သူတို့ဘာသာ သူတို့
သွားကြပါစေတော့၊ သူတို့ဟာ တာဝန်ကျေပွန်ခဲ့ကြပါပြီ၊ သူရဲ
ကောင်းပီသစွာနဲ့ ကျဆုံးသွားခဲ့ကြပြီမို့ ဂုဏ်ယူစရာပါပဲလေ"

အထိန်းတော်ကြီးခေမာ၏အသံသည် တုန်ရီလျက်ရှိ
သည်။ ရေအောက်မှ ဘွားကနဲပေါ်လာသော ဦးပံသုသည်
ခေမာ့ဆီကို ရောက်လာခဲ့သည်။ သို့သော် ဦးပံသုတစ်ဦးတည်း
မဟုတ်။ ဗလကို ထမ်းထားသည်။

"ဟင်. . ဦးပံသု၊ ဗလ. . ဗလဘာဖြစ်သွားတာလဲ"

"စလေဒင်ရဲ့ လက်ချက်နဲ့သေပြီ၊ စလေဒင်လည်း မိ
ကျောင်းအကိုက်ခံရလို့ သေသလား၊ ရှင်သလားမသိဘူး၊ သူ့ကို
လည်း လိုက်ရှာတာမတွေ့ဘူး"

"ဟင်. . ဗလ. . ဗလ ဖြစ်ရလေတယ် ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရီးတလျှောက်လုံး တက်ကြွစွာနဲ့ ရှိနေခဲ့ပြီးမှ အ
ခရီးမှာ ကံခေသွားခဲ့ရပါလားကွယ်။ ခေမာသည် ဗလကို
နာစွာနဲ့ ကြည့်ပြီး ငိုရှိုက်မိလိုက်လေသည်။ မိမိတို့၏လေ
ကို ကမ်းသို့ပြန်ကပ်စေသည်။ ဗလကို မြေပြင်ထက်မှာ ချ
လိုက်ကြကာ ခေမာသည် တစ်စုံတစ်ရာကို သတိရသွား
လို ဗလ၏ကိုယ်ထဲမှာ ရှာဖွေရာ. . .။

"မရှိတော့ဘူး၊ မင်းရဲကျော်ပေးလိုက်တဲ့ ပစ္စည်း
မရှိတော့ဘူး"

မြေပုံနှင့်နေစကြာပုံအပြားဝိုင်းလေးပါသောပစ္စ
ဗလ၏ ကိုယ်ထဲမှာမရှိတော့။ အာကာက. . .။

"ဗလဟာ စလေးဒင့်လှေပေါ်ကို ခုန်ကူးသွားပြီး
ခိုက်တာကို မြင်လိုက်ရတယ်၊ စလေဒင်က ဗလကို သေ
ပစ်လိုက်တာ ဗလလဲကျသွားတာနဲ့ သူ့ကိုယ်ထဲကပစ္စည်း
ထွက်ကျသွားခဲ့တာဖြစ်မှာပေါ့၊ အဲဒီအချိန်နမှာ မိကျော
ကြီးရုတ်တရက်ပေါ်လာပြီး စလေဒင်ပါတဲ့ လှေကြီးကို
မီးကြီး . . . ချသွားတာကိုလည်း မြင်လိုက်ရတယ်။ စလေ
လည်း လှေပေါ်က ကျသွားတယ်၊ နောက်တော့ ဘာဖြစ်
သလဲ မပြောတတ်ဘူး"

"အင်း. . မိကျောင်းဖြူကြီးက အလိုလိုရောက်လ
ငါတို့ဘက်ကနေပြီး ကုလားဖြူတွေကို ကူတိုက်သွားခဲ့





တော်တော်အံ့အားသင့်ဖို့ကောင်းတာပဲ"

ခေမာက တစ်ကိုယ်တည်း ပြောသလိုပင် ပြောလိုက်လေ၏။ ဦးပံသုက မိကျောင်းအကိုက်ခံလိုက်ရသည့် စလေဒင်ကို မြင်လိုက်ရသည်ဆို၍ အာကာ၏စကားနဲ့ ကိုက်ညီသွားခဲ့လေသည်။

ထိုနောက် ခရီးဆက်ထွက်လာခဲ့ကြရာ မကြာမီ မင်းရဲကျော်တို့နှင့်အတူ မှုလကလာခဲ့ကြသောနေရာကို ပြန်ရောက်လာခဲ့ကြလေ၏။ အထိန်းတော်ကြီးခေမာက. . .။

"ကဲ. . ဟောဒီ မြစ်အတိုင်း စုန်ဆင်းသွားရင် အောက်ပြည်အောက်ရွာကို ရောက်သွားကြလိမ့်မယ်၊ အဲဒီကျရင် လူစုခွဲကြပြီးတော့ လိမ္မာသလို ကြည့်နေရစ်ကြပေတော့၊ မိမိတို့ရဲ့ ဇာတိရုပ်ကိုဖျက်ပြီး တခြားအလုပ်အကိုင်တွေကို ရှာဖွေပြီးလုပ်ကြ၊ ရတနာပုံနေပြည်တော်ဘက်ကိုတော့ မကူးကြနဲ့ဦး၊ အထက်ဘက်ကို မတက်ကြနဲ့၊ ငါတို့လည်း အခါအခွင့်ကိုစောင့်ပြီး ကုလားဖြူတွေကိုတော်လှန်ဖို့ရှိနေမယ်၊ ကဲ. . သွားကြပေဦးတော့"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး. . မမခေမာ"

အာကာသည် ခေမာ့ကို နှုတ်ဆက်လိုက်သည်။

"ကောင်းပါပြီကွယ်၊ ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဤခရီးကိုဦးဆောင်ကာ ရဲမက်များကို ခေါ်သွားရမည်
ဖြစ်သော အာကာသည် ဇလမရှိတော့ပြီဖြစ်၍ အားပျက်သွား
မိသည်မှာအမှန်။ သို့သော် သူတို့သည် တရွေ့ရွေ့ဖြင့် ဓေ
များနှင့်အတူ ထွက်ခွာသွားခဲ့ကြလေပြီ။

ခေမာနှင့်ဦးပံသုတို့သည် အာကာတို့၏ လှေများမြ
ကွင်းထဲမှ ပျောက်ကွယ်သွားကြတော့မှ သူတို့လှေနှင့်အတူ လ
ရာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြသည်။ လမ်းမှာ ခေမာက. .

"ဦးပံသု"

"ဗျာ"

"မိကျောင်းဖြူကြီးက ကျွန်မတို့ကို မတိုက်ခိုက်ပဲ အ
ဖြစ်လို့ ကုလားဖြူတွေကိုမှ ရွေးပြီး ကိုက်ခိုက်ရတာလဲ"

"မသိဘူးလေ၊ ကုလားဖြူတွေကို မုန်းလို့နေမှာပေါ့
ဟဲ. . ဟဲ"

ခေမာက မျက်စောင်းတစ်ချက်ကို ထိုးလိုက်လေ၏

➤➤➤➤➤





"ကျုပ်ကြားဖူးတာတော့ရှိတယ်၊ မိကျောင်းရဲ့ ခေါင်း
ဟာ သုံးတောင်ပြည့်ရင် လူယောင်ဖန်ဆင်းလို့ရသတဲ့၊
နတ်မိကျောင်းများ ဖြစ်နေမလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၂)

### အထီးကျန်ခေမာ

အထိန်းတော်ကြီးခေမာနှင့်ဦးပံသုတို့သည် တော်င် နောင်နှင့်ကျောက်တောင်ဆီကို ပြန်ရောက်လာခဲ့ကြသည်။ ပျက်ခဲ့သမျှအလုံးစုံကို မင်းရဲကျော်အား ပြောပြလိုက်လေ

"တောက်! ခရီးတလျှောက်လုံး အားကိုးအားထာ ခဲ့ရတဲ့ ဗလတစ်ယောက်ကတော့ ကုလားဖြူစလေဒင်ရဲ့ လ ချက်နဲ့ သေပွဲဝင်သွားခဲ့ပါပကော၊ သမ္မောစရာကောင်းလို တာ ဗလရယ်၊ နို့. . ဒီစလေဒင်ကလည်း ဒီလောက်ထေ သဲကြီးမဲကြီးဖြစ်ပြီး လိုက်လာခဲ့တာ အပြီးအတေးတယ်ကြ ကိုး"





မင်းရဲကျော်သည် ဗလအတွက် ယူကျုံးမရဖြစ်သွားမိသည်။ ဗလသည် မိခင်အိုကြီးကို လုပ်ကျွေးနေသူဖြစ်သည်။ မိမိတို့ နေပြည်တော်မှ ထွက်လာခဲ့စဉ်က နောက်ပိုင်းမှာ ကျန်ရစ်ခဲ့ကြသူများကို အသပြာငွေကြေး လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့သည်။ ယခု ဤငွေကြေးများ ကုန်ခန်းသွားလျှင် ဗလ၏မိခင်သည် မိမိ[illegible]အသက်ကို မည်ကဲ့သို့မွေးမည်နည်း။

ဗလနှင့်အ[illegible]သေဆုံးသွားခဲ့ကြသော ရဲမက်အချို့၏ မိသားစုသည်လည်း ဒုက္ခရောက်ကြရှာရောမည်။

"ဖြစ်ပြီးတာလည်း ပြီးဆုံးခဲ့ပါပြီ. . မင်းရဲကျော်၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့တော့၊ ကုလားဖြူတွေလည်း အသက်မသေ ရှင်ကျန်ရစ်ခဲ့ကြတာမရှိဘူး"

ခေမာက ဖြောင်းဖျလိုက်သည်။ ဦးပံသုက. . .။

"စလေဒင်ဟာ မိကျောင်းဖြူကြီးအကိုက်ခံလိုက်ရပါတယ်၊ ရေထဲကျသွားတယ်၊ အသက်ရှင်ကျန်ရစ်ဖို့ သိပ်မလွယ်လှဘူး"

မိကျောင်းဆို၍ မင်းရဲကျော်၏ မျက်နှာသည် တည်သွားခဲ့သည်။

"ဒီမိကျောင်းဖြူကြီးဝင်လာပြီး ကုလားဖြူတွေကို တိုက်ခိုက်တာ ထူးဆန်းတယ်၊ ဦးပံသု. . မိကျောင်းကြီးနှင့်ပတ်သက်ပြီး ဘယ်လိုမြင်သလဲ"

"အင်း. . ကျုပ်လည်း သိပ်သဘောမပေါက်ခဲ့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com


လူနှင့်နီးစပ်တဲ့ သတ္တဝါမျိုးလည်းမဟုတ်တော့ သူ့အပြုအမူ
နားလည်ရခက်တယ်၊ ဒါပေမယ့် သူဟာ ကျုပ်တို့ဘက်က
ပြီး ကူညီခဲ့တာတော့အမှန်ပဲ"

"ကျုပ်ကြားဖူးထားတာတော့ရှိတယ်၊ မိကျောင်းရဲ့ဦး
ခေါင်းဟာ သုံးတောင်ပြည့်ရင် လူယောင်ဖန်ဆင်းလို့ရသ
နတ်မိကျောင်းများ ဖြစ်နေမလားဗျာ"

"မဖြစ်နိုင်ပါဘူး. . မင်းရဲကျော်"

"ဘာကြောင့်လဲ. . ဦးပံသု"

"ရှေးလူကြီးတွေရဲ့ ဆိုရိုးစကားတွေပါ၊ မှန်တယ်၊ မမှ
ဘူးဆိုတာ ဘယ်သူမှ အတိအကျမပြောနိုင်ကြပါဘူး၊ သည်မိ
ကျောင်းဖြူကြီးဟာ တစ်ဦးတစ်ယောက်ရဲ့ ငယ်စဉ်ကတည်းက
မွေးမြူထားခြင်းခံရတဲ့ သတ္တဝါပဲဖြစ်မှာပဲ၊ ကြီးလာတော့ သဘာ
ဝအလျောက်နေချင်လို့ မြစ်ထဲရောက်လာခဲ့တာ၊ လူနဲ့နေခဲ့ဖူး
တဲ့အတွက် အသိဉာဏ်ပိုကြွယ်ဝပြီး တတ်သိနားလည်တဲ့ မိ
ကျောင်းတစ်ကောင်ဖြစ်နေတာပေါ့"

ဦးပံသုရှင်းပြသည်ကို မင်းရဲကျော်က တဝက်လောက်
သာ လက်ခံလေသည်။ ထိုနောက် ဦးပံသုကို အကဲခတ်သလို
လို ကြည့်နေလသည်။ ဦးပံသုကလည်း ခပ်ရဲရဲပင် ပြန်ပြီးတော့
ကြည့်နေဆိုက်လေသည်။ ခေမာက. . .။

"ဗလနှင့်အတူပါသွားတဲ့ မြေပုံနှင့်နေစကြာပုံအပိုင်း
လေး ပျောက်ဆုံးသွားခဲ့တာ စိုးရိမ်မကင်းဖြစ်သွားရပြီ၊ ဒီပစ္စည်း

တွေကို စလေဒင်ရသွားခဲ့ရင် ဒီနေရာကို သိသွားနိုင်တယ်"

"ဒီပစ္စည်းတွေဟာ ရန်သူတွေနဲ့တိုက်ခိုက်ကြရင်း ရေ
ထဲလည်း ကျပျောက်သွားနိုင်တယ်၊ စလေဒင်ကလည်း ဦးပံသု
ပြောတဲ့အတိုင်းဆိုရင် မိကျောင်းဖြူကြီးရဲ့ အကိုက်ခံထားရလို့
ဒဏ်ရာရပြီး သေသွားနိုင်တာပဲ၊ ခေမာက ဒီလောက်ကြီးအစိုး
ရိမ်မကြီးပါနဲ့၊ ရန်သူတွေ ရောက်လာလည်း ဒီနေရာကို ဘယ်
သူမှ မသိမမြင်အောင် ကျုံပြီးတော့ စီရင်ထားပြီးသားပါ"

"ဟုတ်ပါတယ်လေ၊ မင်းရဲကျော်ရဲ့ အစီအမံတွေက
ကောင်းပါတယ်၊ ဒီအထဲကို ရန်သူတွေမတော်တဆရောက်လာ
ခဲ့ရင်လည်း သူတို့မထင်မှတ်တဲ့ ဘေးအန္တရာယ်မျိုးစုံနဲ့ တွေ့
ကြုံရမှာပဲ"

ကျောက်ဂူထဲမှာ တပ်ဆင်ထားသော ယန္တယားလက်
ကွက်များအကြောင်းကို မင်းရဲကျော်၊ အထိန်းတော်ကြီးခေမာ၊
ဘကလျာဦးနှင့်ဦးပံသုတို့ကလွဲ၍ မည်သူမှမသိကြချေ။ ဦးပံ
သုသည် မင်းရဲကျော်၏ လူယုံတော်တစ်ဦးဖြစ်သွားခဲ့လေပြီ။

ဦးပံသုသည် လောဘသက္ကရအလျှဉ်းမရှိ။ ဘာကိုမှမ
မျှော်မောပဲ မင်းရဲကျော်၏ ကိစ္စမှန်သမျှ အားကြိုးမာန်တက်
ဆောင်ရွက်လုပ်ကိုင်ပေးခဲ့သည်က ချီးကျူးစရာပဲဖြစ်သည်။

စောကလျာဦးကတော့ ပင်ကိုယ်သဘာဝအရ အေး
အေးဆွာနေထိုင်တတ်သူဖြစ်သည်။ စားရေးထက်သော်လည်း
စစ်ရေးစွမ်းပညာကို လိုအပ်သော အခါကျမှသာ ထုတ်သုံးလေ

www.burmeseclassic.com

သည်။ စောကလျာဦးသည် မင်းရဲကျော်နှင့်ရသောကိုယ်ဝန်ကို
လွယ်ထားရပြီဖြစ်သည်။

ယခင်က နေပြည်တော်မှ လိုက်ပါလာကြသော ဗလ
အာကာတို့နှင့်ရဲမက်တွေ စည်စည်ကားကားနဲ့ အားတက်ဖွယ်
ရာဖြစ်သည်။ ယခုတော့ သူတို့လေးဦးတည်းနဲ့ ပျင်းခြောက်
ရာအတိ ဖြစ်နေရလေပြီ။

ဦးပံသုက ရိက္ခာစို၊ ရိက္ခာခြောက်များကို ရှာဖွေပေး
သည်။ အထိန်းတော်ကြီးခေမာက အချက်အပြုတ်ကောင်းလှ
သည်။ မင်းရဲကျော်၊ ခေမာနှင့်ဦးပံသုတို့သည် ကင်းတာဝန်ကို
အလှည့်ကျ စောင့်ကြရလေသည်။ ကိုယ်ဝန်လွယ်ထားရသော
စောကလျာဦးကိုတော့ မည်သည့်တာဝန်မှ မပေးပါလေ။

တစ်နေ့တွင် စောကလျာဦးသည် မင်းရဲကျော်ကို. .

"ကလျာ. . ရွှေငါးကြင်းသားစားချင်တယ်၊ ကိုယ်ဝ
ကြောင့် သွေးသားကများ တောင်းသလားမသိဘူး"

"အဲဒီအတွက် မပူပါနဲ့ကလျာ၊ ကလျာဆန္ဒပြည့်ဝရ
စေ့မယ်"

မင်းရဲကျော်သည် သူ့အားကိုးရသော ဦးပံသုကိုတိုင်
ပင်လေရာ. . .

"ဟောဒီမြစ်ကြီးထဲမှာ ရွှေဝါငါးကြင်းတွေ အများကြီး
ရှိပါတယ်. . မင်းရဲကျော်၊ မိန်းကလေးရဲ ဆန္ဒပြည့်ဝရစေ့မယ်"

ဦးပံသုသည် မြစ်ဘက်ကိုထွက်သွားသည်။ ကျောက်





ဆောင်များ၏အကွယ်သို့ရောက်သွားသောအခါ မတွေ့ရတော့။
သို့သော် ဦးပံသုသည် ငါးဖမ်းကိရိယာများမပါပဲ ရေအောက်
ကို ငုပ်လျှိုးသွားခဲ့လေသည်။

အထိန်းတော်ကြီးခေမာသည် ဦးပံသုနောက်ကို လိုက်
လာခဲ့သည်။ ကျောက်ဆောင်ဆီကိုရောက်သောအခါ ကျောက်
ဆစ်များကိုနင်းပြီး အပေါ်ကို တက်လာခဲ့လေသည်။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



ဦးပံသုသည် ရွှေဝါငါးကြင်းကြီးတစ်ကောင်ကို ပိုက်ကာ ကမ်းပေါ်ကို တက်လာခဲ့သည်။ သူရေထဲကို ဆင်းသွားခဲ့သည်က တစ်နေရာ၊ တက်လာခဲ့သည်က တစ်နေရာဖြစ်သည်။

"ဘယ့်နှယ်လဲ. . ဦးပံသု၊ ဒီငါးကြင်းကြီးကို ငါးဖမ်းကိရိယာမပါပဲနဲ့ ဘယ်လိုဖမ်းလာခဲ့တာလဲ"

"ဟင်. . ခေမာ၊ ဒီနေရာကို ရောက်နေတာကိုး၊ အဟဲ. . ကျုပ်က ရေအောက်က သားငါးတွေကို လက်နက်ကိရိယာတွေနဲ့ ဘယ်တော့မှ မဖမ်းဘူးဗျ၊ ဟောဒီလက်နဲ့ ခွန်အားနဲ့သုံးပြီးတော့ဖမ်းတယ်၊ ဒါပေမယ့် ဒီရွှေဝါငါးကြင်းကြီးကိုတော့ မိကျောင်းဖြူကြီးရဲ့ ပါးစပ်ထဲက လုယူခဲ့တာဗျ၊ ဒီကောင်ကြီးစိတ်ဆိုးပြီး ကျန်ရစ်ခဲ့တယ်"

"ဒီလိုမှ ပြောပါ့မလားလို့၊ ဦးပံသုက ကြမ်းကြမ်းတမ်းတမ်းသမားဆိုတော့ မိကျောင်းကိုလည်း ဘယ်ကြောက်မလဲ"

"မင်းကော. . မိကျောင်းကို မကြောက်ဘူးလား"

"အံမယ်. . ဘာလို့ကြောက်ရမှာလဲ၊ ခုနေ လာရဲလာကြည့်၊ ကျွန်မနဲ့တွေ့သွားမှာပေါ့"

"ခြိမ်းခြောက်လှချည်လား. . ခေမာရယ်၊ ခုလောက်ဆို မိကျောင်းက ခေမာ့စကားကိုကြားပြီး လန့်ပြေးလောက်ပြီ"

ခေမာကလည်း ဦးပံသု၏ စကားကြောင့် တခစ်ခစ်ဖြင့် ရယ်မောလိုက်သည်။ ဦးပံသု၏ ကိုယ်အထက်ပိုင်းမှာ အဝတ်အစားမရှိပေ။ ဗလာကိုယ်ထည်းဖြစ်၏။ သို့သော် အင်း





ကွက်များ၊ အရုပ်စာများက အပြည့်ဖြစ်သည်။ ခေမာသည် ထိုအရာများကို စိတ်ဝင်စားနေခဲ့သည်မှာ ကြာလေပြီ။

"ဒီအင်းကွက်တွေ၊ စာတွေက ဘာတွေလဲ ဦးပံသု"

"သေသေချာချာကြည့်လေ၊ ဖတ်တတ်ရင်ဖတ်ပေါ့"

ခေမာက ဦးပံသု၏အနားသို့တိုးသွား၏။ ထိုနောက် ရင်ဘတ်မှ အရုပ်စာများကို လက်ညှိုးဖြင့်ထောက်ကာ လိုက်၍ကြည့်နေသည်။ ဦးပံသုသည် ခေမာ့ကို အခုလိုအနီးကပ်မြင်လိုက်ရသောအခါ ခန္ဓာကိုယ်ထဲရှိသွေးများ ပူနွေးလာခဲ့ရလေသည်။ ခေမာ၏ ခါးကျင်ကျင်လေးကို ရုတ်တရက်လက်တစ်ဖက်ဖြင့် ဖက်လိုက်လေရာ. . .။

"ဟင်. . ဦးပံသု၊ ဒါ. . ဒါဘာလုပ်တာလဲ"

ဦးပံသုသည် ခေမာမေးသည်ကိုမဖြေ။ ခေမာ့ကိုယ်လုံးလေးကို ကောက်ယူကာ ပွေ့ချီလိုက်လေတော့သည်။

"ဦးပံသု. . ဦးပံသု. . ဒီလိုမလုပ်နဲ့"

သို့သော် ဦးပံသုမှာ ခေမာ၏စကားကို မကြားမိသလို ခေမာသည် ရုန်းရင်းကန်ရင်းမှ ဦးပံသုခေါ် ဆောင်ရာကို လိုက်သွားခဲ့ရလေတော့သည်။

➤➤➤➤➤

ရွှေငါးကြင်းသားကိုမှ စားချင်သည်ဟု ချဉ်ခြင်းဖြစ်မိ



www.burmeseclassic.com

www.burmeseclassic.com



သော စောကလျာဦးသည် ဦးပံသုရှာဖွေလာသည့် ရွှေငါးကြ
သားကိုစား၍ သွေးသားဆန္ဒများပြည့်ဝသွားခဲ့ရလေသည်
"ကျေးဇူးတင်လိုက်တာ ဦးပံသုရယ်၊ ကလျာက ကို
စားချင်တဲ့ အစားအစာကို လွယ်လွယ်နဲ့ မရနိုင်ဘူးလို့ ယူ
ထားတာ"
"ကျေးဇူးတင်စရာ မလိုပါဘူးလေ၊ ကျုပ်မှာ ကူညီ
မယ့် ဝတ္တရားရှိပါတယ်၊ တခြားသူတွေမှမဟုတ်ကြတော့ပဲ
ရင်းနှီးဆုံးလူတွေလည်း ဖြစ်နေကြပြီပဲမဟုတ်လား"
အထိန်းတော်ကြီးခေမာက. . .။
"ဦးပံသုက ဒီရွှေငါးကြင်းကြီးကို မိကျောင်းဖြူကြီး
ပါးစပ်ထဲက လုယူခဲ့တာတဲ့. . ကလျာရဲ့"
"ဟင်. . ဟုတ်လား၊ အန္တရာယ်များလှပါတယ်. .
သုရယ်"
"ကိစ္စမရှိပါဘူး၊ ကျုပ်က ဒီမိကျောင်းဖြူကြီးနဲ့ က
နေကျပါ၊ ခုလည်း သူ့ပါးစပ်ထဲက လုယူသွားတဲ့အတွက်
ဆိုးပြီး ကျန်ရစ်ခဲ့လေရဲ့"
"ဟုတ်တယ်၊ ဦးပံသုက သူများမပေးတဲ့ပစ္စည်းကို
ယူတာမျိုး ဝါသနာပါပုံရတယ်"
ခေမာက အဓိပ္ပါယ်ရှိသော မျက်စောင်းတစ်ခုထိုး
တော့ ပြောလိုက်သည်။ မင်းရဲကျော်က. . .။
"ကျွန်တော်တို့မှာ လူကနည်းသွားလေတော့ ဒီလူ





ယောက်ပဲ၊ အပြန်အလှန် ယုံကြည်မှုထားကြရမှာပဲ၊ တစ်နေ့
နေ့ တစ်ချိန်ချိန်ကျရင် ပြန်သွားကြတဲ့ ရဲမက်တွေထဲကတချို့
ပြန်ရောက်လာကြလိမ့်မယ်လို့ ထင်တယ်လေ"
မင်းရဲကျော်သည် သူ့လူများကို မျှော်လင့်တကြီးဖြင့်
ယုံကြည်စိတ်ချနေမိခဲ့လေသည်။

➤➤➤➤➤

စောကလျာဦး၏ ကိုယ်ဝန်သည် တဖြည်းဖြည်းနဲ့ လ
ရင့်လာခဲ့ပြီဖြစ်သည်။ ဦးပံသုသည် လှည်းများဖြင့် ပါလာကြ
သော နွားမများကို အထူးကျေး ူးစောင့်ရှောက်ခဲ့လေရာ နွား
သားပေါက်ပြီး နွားနို့များကိုလည်း လှိုင်လှိုင်ရရှိခဲ့လေ၏။ စော
ကလျာဦးသည် နွားနို့များကို သောက်ရသောကြောင့် အား
အင်များပြည့်ဖြိုးလာခဲ့ရသည်။
မင်းရဲကျော်သည် တောကြီးတောင်ကြီးထဲမှာ လက်
သည်မရှိပဲ မွေးဖွားရမည့် ဇနီးအတွက် စိတ်ပူပန်မိလေသည်။
"စိတ်မပူပါနဲ့. . မင်းရဲကျော်၊ ခေမာဟာ အပျိုတစ်
ယောက်ဖြစ်ပေမယ့် နေပြည်တော်မှာ နေခဲ့စဉ်က ဝမ်းဆွဲအ
တတ်ပညာကိုလည်း သင် ခဲ့ပါတယ်၊ ကလျာ့အတွက်
တာဝန်ယူပါတယ်"
"ဟင်. . ဟုတ်လား၊ ဝမ်းသာလိုက်တာ ခေမာရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ကလျာ့အတွက် စိတ်အေးရပြီ၊ ကလျာက မွေးဖွား
ကိစ္စအတွက် သိပ်ပြီးစိုးရိမ်နေတာ"

"မိန်းမချင်းမို့ ကလျာ့ကိုလည်း အကျိုးအကြောင်းပြော
ပြထားပြီးပါပြီ၊ ကလျာလည်း စိတ်ချပြီးနေနေပါတယ်"

တစ်ရက်တွင် စောကလျာဦးသည် ဓမ္မတာအရ မွေး
ဖွားကာနီးမို့ ကမ္ဗလေလှုပ်ခတ်လာခဲ့လေသည်။

"ကလျာ မွေးဖွားကာနီးနေပြီ၊ မင်းရဲကျော်အပြင်
ထွက်ပေးပါ"

"ဩော်- အင်း. . အင်း၊ ထွက်ပေးပါ့မယ်၊ ကလျ
ကိုသာ ကောင်းကောင်းဂရုစိုက်လိုက်ပါနော်"

မင်းရဲကျော်သည် အပြင်ကို ထွက်ပေးခဲ့၏။ ကျော
ဂူထဲရှိ အခန်းထဲမှာ မိန်းမသားနှစ်ဦးတည်းသာ ကျန်ရစ်ခဲ့
လေသည်။

"ကလျာ. . မကြောက်နဲ့နော်၊ အထိန်းတော်ကြီးမှ
ာယ်၊ ကလျာ့အတွက် တာဝန်ယူတယ်၊ သိလား"

"အထိန်းတော်ကြီး. . ဒီလိုအားပေးတာ ကလျာအား
ရှိလိုက်တာ၊ အင်း. . ကျွတ်ကျွတ်"

စောကလျာဦးက မျက်နှာလေး ရှုံ့မဲ့ပြီးတော့
လိုက်သည်။ ခေမာသည် စောကလျာဦးအတွက် လိုအပ်သ
ကို ဆောင်ရွက်ပေးလျက်ရှိသည်။ မကြာမီမှာပင်လျှင်. . .

"အူဝဲ. . အူဝဲ. . အူဝဲ"



ကလေးငိုသံကို ကျောက်ဂူကြီး၏အပြင်ဘက်မှ သဲ့သဲ့
ကြားလိုက်ရလေသည်။

"ဟော. . ကလေးငိုသံပဲ၊ ကလျာမွေးပြီထင်တယ်"

မင်းရဲကျော်သည် ဣန္ဒြေပင်မဆည်နိုင်ပဲ ကျောက်ဂူ
ကြီးထဲကို ပြေးဝင်သွားမည်ပြုသည်။

"မင်းရဲကျော်. . မသွားနဲ့ဦးလေ၊ ကလေးကို ခေမာ
ခေါ်လာမှာပါ၊ သူလုပ်ကိုင်စရာရှိတာတွေ လုပ်ပါစေဦး"

ဦးပံသုက တားဆီးလိုက်ရာ အလျင်စလိုဖြစ်သွားခဲ့ရ
သည့် မင်းရဲကျော်လည်း သဘောပေါက်သွားခဲ့လေသည်။

ခဏအကြာတွင် ခေမာသည် လွန်စွာမှချစ်စရာ
ကောင်းသည့် သားယောကျ်ားလေးတစ်ဦးကို ကတ္တီပါပိုးစဖြင့်
ထုတ်၍ မင်းရဲကျော်ဆီကို ခေါ်လာခဲ့လေသည်။

"သားတော်လေး! အဲ. . သားလေးက ချစ်စရာလေး
မင်းရဲကျော်၊ ဒီမှာကြည့်ပါဦး"

ထီးသုံးနန်းသုံးမသုံးမိစေရန် ဟန့်တားထားသည့်ကြား
မှ သုံးမိလိုက်သေး၍ စကားကိုပြန်ပြင်ပြီး ပြောလိုက်ရသည်။
မင်းရဲကျော်သည် ခေမာ၏လက်ထဲမှကလေးကို ယူလိုက်ပြီး။

"သားလေးက တစ်တုံးတစ်ခဲကြီးပါလား၊ ဖြူဖြူဖွေးဖွေး
နဲ့ ချစ်စရာကြီး၊ အားရလိုက်တာ၊ ဒါနဲ့ ကလျာကော နေကောင်း
ရဲ့လား. . ခေမာ"

"ကောင်းပါတယ်၊ ကဲ. . ကလျာ့ကို ဝင်ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



စောကလျာဦးသည် အိပ်ယာထက်မှာ မင်းရဲကျော်
ပြုံးပြုံးလေးကြည့်နေသည်။ မျက်နှာလေးကတော့ နွမ်းနယ်
သော်လည်း အလှမပျက်ပါ။

"ကလျာ. . နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်၊ သားလေးက ချစ်စရာလေးနေ
ချမ်းသာစွာ မွေးပေးခဲ့တဲ့ အထိန်းတော်ကြီးရဲ့ ကျေးဇူးက
များလှပါပေတယ်"

"ဟုတ်တယ်၊ ခေမာဟာ စွယ်စုံတတ်မြောက်တဲ့
အားကိုးလောက်ပါပေတယ်"

ဦးပံသုသည် ကလေးငယ်မွေးသည့်အချိန်၊ နက္ခတ်
လာဘ်တို့ကိုကြည့်ပြီး မင်းရဲစည်သူဟု အမည်ပေးခဲ့လေသည်

"မင်းရဲစည်သူ. . မင်းရဲစည်သူ၊ ကောင်းတယ်၊
မည်ကိုကြိုက်တယ်၊ ဦးပံသုကလည်း ဒါမျိုးတွေရသကိုး၊
ပါပေတယ်ဗျာ၊ ခေမာ့လိုပဲ စွယ်စုံရတယ်"

"အို. . မင်းရဲကျော်ကလည်း သူတော်တာ ခေမာ
ဘာဆိုင်လို့လဲ၊ ဟွန်း"

ခေမာက မလုံမလဲဖြစ်သွားပြီး ဦးပံသုကို မျက်စော
ထိုးလိုက်သည်။

"ဟောဗျာ၊ မင်းရဲကျော်က နှစ်ယောက်စလုံးတော်
တော်တယ်ပြောတာ ခေမာက ဘာဖြစ်လို့ လက်မခံရတာ

မင်းရဲကျော်သည် သူတို့နှစ်ယောက်ကို သက်ာမက





ကြည့်လိုက်လေသည်။ တစ်ယောက်နှင့်တစ်ယောက်အချိတ်
အဆက်ရှိနေကြသည် မဟုတ်ပါလား။

➤➤➤➤➤

တစ်ညတွင် မိုးသက်လေပြင်းက ကျလျက်ရှိသည်။
ပင်လယ်ပြင်မှာလည်း လှိုင်းတန်ပိုးများက ထကြွနေသည်။ သစ်
ပင်ကြီးငယ်တို့သည် လေပြင်းတိုက်ခတ်သည့်ဒဏ်ကြောင့် ယိမ်း
နွဲ့ကိုင်းညွတ်နေကြသည်။

ထူးခြားသည်က တောင်ညီနောင်နှင့်အတော်ခပ်လှမ်း
လှမ်းအကွာမှာ မိကျောင်းတချို့ က ကူးခတ်နေကြသည်။ ပင်
လယ်ထဲမှ ရေကြောင်းများကာ လိုက်ပါလာကြသည့် မိကျောင်း
များလေလား။

ထိုအချိန်တွင် ဦးပံသုသည် ကမ်းခြေမှာ ရောက်ရှိနေ
သည်။ လေကြမ်းကြမ်း၊ မိုးထန်ထန်၊ လှိုင်းရမ်းရမ်းထဲမှာ ဦးပံ
သုသည် ကျောက်ဂူထဲကို မဝင်နိုင်သည်က အကြောင်းတစ်ခု
ခုများ ရှိနေ၍လား။

သိပ်မကြာလိုက်ပါ။ ကျောက်ဆောင်အကွယ်တစ်ခုမှ
လူနှစ်ယောက်ထွက်လာကြသည်။ ဦးပံသုဆီကို ဦးတည်ပြီးလာ
နေကြသည်။ နှစ်ယောက်စလုံး ကြေးနီရောင်မျက်နှာမျိုးရှိကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ရောက်လာမယ်ဆိုတာ ငါသိတယ်၊ ဒါကြော
မို့ ငါစောင့်နေတာ၊မိုးကြီးလေကြီးကျနေတာ လမ်းမှာအန္တရာ
တွေနဲ့ မကြုံခဲ့ဘူးလား"

"မကြုံခဲ့ပါဘူး၊ ဒီနေရာကို ကျွန်တော်တို့လာတာ သ
သူမှမသိဘူး"

"ကောင်းပြီ၊ မင်းတို့ အခုလာတဲ့ကိစ္စကဘာလဲ၊ အ
ကြီးသလား"

"အရေးကြီးတယ် . . ဆရာကြီး၊ ကျွန်တော်တို့ပိုင်
ထဲကို ငနက်ကြီးဆိုတဲ့ မိကျောင်းကြီးတစ်ကောင်က ဝင်ရော
တိုက်ခိုက်ပြီး လုယူဖို့ ကြိုးစားနေတယ်"

"ဟုတ်လား၊ ဒီကောင် သိပ်ပြီးအတင့်ရဲနေပါလာ
သူအကြောင်း ကောင်းကောင်းမသိသေးဘူးထင်တယ်၊ကော
ပြီ၊ မနက်ဖြန်ကျရင် ငါလာခဲ့မယ်၊ မင်းတို့ အရင်ပြန်နှင့်
"မနက်ဖြန်ကျမှ ဆရာကြီးနဲ့ အတူတူပြန်တော့
မိုးတွေလေတွေနဲ့"

"ဘာလဲ၊ မင်းတို့က ငါမလိုက်ဘူးထင်လို့လားကွ
ကိစ္စငါသိပါတယ်၊ အေးလေ. . ဒါဆိုရင်လည်းပြီးရော၊ င
အတူတူ သွားချင်သပဆိုရင်လည်း သဘောပဲပေါ့ကွာ"

"ကျွန်တော်တို့စောင့်နေမယ်"

ထိုသူနှစ်ယောက်လည်း ဦးပံသုကိုနှုတ်ဆက်ကာ
သွားခဲ့ကြလေသည်။ နောက်တစ်နေ့နံနက်တွင် ကျောက်ဂူ





ဝမှ ကျောက်စားပွဲပေါ်မှာ ဦးပံသုရေးထားခဲ့သော စာတစ်
စောင်ကို ဖတ်ရှုလိုက်ကြရလေ၏။

"ကျုပ်ကိစ္စတစ်ခုရှိလို့ ခရီးထွက်သွားတယ်၊ ဆွေမျိုး
တွေရှိတဲ့အရပ်ကို အရေးကြီးလို့သွားတာပါ၊ ပြဿနာတွေဖြေ
ရှင်းပြီးရင် ချက်ချင်းပြန်လာခဲ့မယ်၊ ကျုပ်ကိုစိတ်ချပါ"

သစ္စာဖြင့်. . . ။

ပံသု။

➢➢➢➢➢

"ဟင်. . ဦးပံသုခရီးထွက်သွားပါလား၊ ဘယ်လိုအ
ကြောင်းများ ပေါ်လာလို့ပါလိမ့်"

မင်းရဲကျော်က စာကိုဖတ်ပြီး စဉ်းစား၍မရအောင်ဖြစ်
သွားခဲ့ရသည်။ အထိန်းတော်ကြီးခေမာသည်ပင် ဦးပံသုတစ်
ယောက် မည်ကဲ့သို့သော ပြဿနာမျိုးနှင့် ကြုံတွေ့ခဲ့ရ၍ ယခုလို
ထွက်သွားခဲ့ရသည်ကို နားမလည်ခဲ့ပါ။

"ဦးပံသုဟာ သေရေးရှင်ရေးကိစ္စတစ်ခုခုကြောင့်ထွက်
သွားတာပဲ၊ ညက လေကြီးမိုးကြီးကျတယ်၊ မနက်မိုးလင်းပိုင်း
အထိ မိုးလေကမစဲသေးဘူး၊ ဒီလိုအချိန်မျိုးမှာမှ သူကထွက်
သွားခဲ့တယ်၊ သူ့ဆွေမျိုးတွေရှိတဲ့ အရပ်ဆိုတာ ဘယ်နေရာလဲ၊
သေသေချာချာလည်း ရေးမထားခဲ့ဘူး၊ သိပ်လျှို့ဝှက်တာပဲ"

ခေမာသည် ဦးပံသုကို မကျေမနပ်ဖြစ်လျက်ရှိသည်။

➢➢➢➢➢



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးရတနာရရှိခဲ့ပြီဖြစ်သော မင်းရဲကျော်နှင့် ကလျာဦးတို့သည် လွန်စွာမှ ပျော်ရွှင်လျက်ရှိကြသည်။ သာ ရတနာ မင်းရဲစည်သူကို ကြည့်မဝရှုမဝ၊ ပျော်ရွှင်မဆုံးတ ပြုံးနဲ့ ရှိနေခဲ့ကြလေသည်။

ခါတိုင်းဆိုလျှင် ရိက္ခာအတွက် ဦးပံသုက တော ထွက်ပြီး ရှာပေးနေကျဖြစ်သည်။ ယခု ဦးပံသုမရှိသောအ မင်းရဲကျော်က ထွက်ရှာရလေသည်။ သားကောင်များကို မြှားလက်နက်များဖြင့်ပစ်ကာ ဖမ်းရသည်။

တစ်ရက်တွင် ကံကြမ္မာက ဖန်လာခဲ့၏။ မင်းရဲကျေ သည် တောထဲသို့ ထွက်သွားခဲ့လေရာ ဒရယ်တစ်ကောင် တွေ့၍ လိုက်သည်။ လေးနှင့်ပစ်ခတ်လိုက်ရာ ဒရယ်ကိုထိမ သွားခဲ့သည်။

မြှားဆိပ်တက်၍ လဲကျသွားသော ဒရယ်၏နောက် ပြေးအလိုက်မှာ မြွေပွေးတစ်ကောင်ကို အမှတ်မထင်နင်းလို မိရာ မြွေပွေးက မင်းရဲကျော်ကို ပေါက်ထည့်လိုက်လေတော သည်။

အား!

မင်းရဲကျော်လဲကျသွားခဲ့သည်။ မြွေပေါက်ခံရသည် သိလိုက်သည်နှင့် ခေါင်းမှာစည်းထားသော ပုဝါကိုဖြုတ်ကာ မြွေပေါက်ခံရသည့် ဒဏ်ရာအထက်မှ စည်းနှောင်လိုက်သည် မြွေဆိပ်အထက်သို့ မတက်စေရန်ဖြစ်သည်။ ထိုနောက် ဒဏ်





ပေါ်မှ ဓားသေးသေးလေးဖြင့်ခွဲကာ ခြေသလုံးရှိ မြွေစွယ် ပေါက်မှ ပါးစပ်ဖြင့်စုပ်ယူသည်။ ချက်ချင်းပင် နေရာမှထပြီး ောက်ဂူဆီကို ပြန်ပြေးလေသည်။

ထိုအချိန်တွင် အထိန်းတော်ကြီးသည် စောကလျာဦး အနားမှာရှိနေသည်။ ဂူထဲသို့ ဒယိမ်းဒယိုင်ဖြင့်ဝင်လာသော င်းရဲကျော်ကို မြင်တွေ့သွားခဲ့ကြသည်။

“ဟင်. . ကိုရဲကျော်၊ ဘယ်. . ဘယ်လိုဖြစ်လာတာလဲ”

“ပိုး. . ပိုး. . ထိလာလို့”

“ဟင်. . ပိုးထိလာလို့၊ ဟုတ်လား၊ အမလေး. . လုပ် ဦး. . အထိန်းတော်ကြီးရယ်”

ထိုအခါကျမှ ခေမာသည် ပျာပျာသလဲဖြစ်သွားခဲ့ရ၏။ အဆိပ်ဖြေဆေးကိုပြေးယူပြီး မင်းရဲကျော်ကို ချက်ချင်းပင်တိုက် ကျွေးသည်။

“ဒီအဆိပ်ဖြေဆေးကို မြန်မြန်သောက်လိုက် မင်းရဲ ကျော်”

မင်းရဲကျော်သည် အဆိပ်ဖြေဆေး ထည့်ထားသော နှ်း ပါးစပ်နားသို့ရောက်ကာမှ ဇက်ကျိုးပြီးကျသွားခဲ့လေ၏။ စောကလျာဦးသည် သားငယ်ကို ကျောက်ကုတင်ထက်မှာထား စ်ခဲ့ပြီး မင်းရဲကျော်၏အနားကို ချက်ချင်းပြေးချလာသည်။

“ကိုရဲကျော်. . ကိုရဲကျော်၊ အမလေး. . အသက်မရှိ တော့ဘူး၊ လုပ်ပါဦး. . အထိန်းတော်ကြီးရဲ့၊ ဖြစ်မှဖြစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲကျော်ရယ်၊ အဟီး. . ဟီး"

မင်းရဲကျော်ကို တင်းတင်းဖက်ကာ ငိုလေတော့သည်။

"ကလျာ. . ကလျာ၊ သတိထားမှပေါ့. . ကလျာရယ်"

ခေမာသည် စောကလျာဦးကို စိုးရိမ်တကြီးဖြင့်ဖက်ကာ သတိပေးလိုက်သော်လည်း သူမသည် မင်းရဲကျော်ကို တင်းတင်းဖက်ထားလျက်က မလှုပ်ပါလေတော့။ ငြိမ်သက်သွားခဲ့လေပြီ။

"ဟင်. . ကလျာ၊ ကလျာ၊ အမလေး. . အကျိုးတော်နည်းကုန်ပါပြီ"

လွန်စွာမှ စိတ်ဓာတ်ခိုင်မာသော အထိန်းတော်ကြီးခေမာသည် မည်သို့မှ ယင်မထားမိသည့် ကုသိုလ်ကံကြမ္မာရိုင်းကြောင့် နှစ်ယောက်စလုံးကို ဖက်တွယ်ကာ ကြုံကြုံပါအောင် ငိုကြွေးလေတော့သည်။ စောကလျာဦးသည် မင်းရဲကျော်၏ အဖြစ်ကို မြင်လိုက်ရသည်နှင့်နှလုံးကြေကွဲကာ သွေးနုသားနုမို့ သွေးတက်ပြီး သေဆုံးသွားခဲ့ရလေပြီ။

"ဟင်း. . ရည်ရွယ်ချက်မပြည့်မီမှာ အကြွေစောသွားခဲ့ပြီလား. . မင်းရဲကျော်နှင့်ကလျာတို့ရယ်၊ ဘာမဟုတ်လောက်တဲ့ အန္တရာယ်လောက်နဲ့ အသက်ပါ ပေးဆပ်လိုက်ရတယ်လို့ ကုလားဖြူတွေနဲ့ အပွဲပွဲနွှဲလာပြီး ဒဏ်ရာတစ်ချက်မရခဲ့တာ မြွေခဲလို့ သေရတယ်တဲ့"

ခေမာမှာ ဆောက်တည်ရာမရဖြစ်ပြီး အလူးအလဲပင်



ခံစားနေရလေတော့သည်။ ထိုနောက် သားငယ်မင်းရဲစည်သူကို ပွေ့ချီထွေးပိုက်ကာ. . .။

"သားငယ်လေးရယ်. . ကံဆိုးလိုက်တာကွယ်၊ ဒုက္ခအချိန်လေးအတွင်းမှာပဲ အမိရော၊အဖပါ မဲ့ခဲ့ရပြီ၊ သားလေးရဲ့ မိဘနှစ်ပါးစလုံးက တို့ကိုစိတ်ချလက်ချ ထားပစ်ခဲ့ကြပြီကွယ်"

ခေမာသည် လသားအရွယ်ကလေးလေးကို ပွေ့ချီကာ နှလုံးကြေကွဲကာ တဟီးဟီးဖြင့် ရှိုက်ငိုနေမိပါတော့သည်။

➤➤➤➤➤

ယခုလို မရှုနိုင်မရိုက်နိုင် အခြေအနေမျိုးနဲ့ ကြုံကြိုက်လာရသည့်အခါ ခေမာသည် ဦးပံ့သုကို သတိရမိသည်။

"သင်းသာရှိရင် မင်းရဲကျော်လည်း တောထဲကိုဝင်ရမှာမဟုတ်ဘူး၊ မြွေခဲပြီးသေရမှာလည်းမဟုတ်ဘူး၊ ကလျာကလည်း ဒီစိတ်နဲ့ မင်းရဲကျော်နောက်ကို ချက်ချင်းလိုက်သွားမှာမဟုတ်ဘူး၊ ငါလည်း ဒီလိုစိတ်ဆင်းရဲရမှာမဟုတ်ဘူး၊ ခုတော့"

တောဆီးလို့တောင်ကာ နေပြည်တော်နှင့် လွန်စွာမှ ဝေးကွာသော မြောက်ဖျားဒေသမှာ ခေမာတစ်ယောက်တည်းမို့ အားငယ်မည်ဆိုရင်လည်း အားငယ်စရာပင်။

သို့သော် အထိန်းတော်ကြီးခေမာသည် လွန်စွာမှစိတ်ဓာတ်ခိုင်မာသောသူဖြစ်သည်။ မိန်းမသားဆိုသည့်စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မသိစိတ်ထဲမှာ တမင်ဝှက်ထားသော အားငယ်စိတ်ကလေးက ဖြစ်ပေါ်လာခဲ့သော်လည်း အသိဝင်လာသောအခါ ပြန်ပြီးဖျောက်ဖျက်ပစ်လိုက်နိုင်ခဲ့သည်။ ခိုင်ကျည်သော သံမဏိစိတ်ဓာတ်က ပြန်ပြီးဝင်လာခဲ့လေသည်။

"ငါဒီလို ပူဆွေးနေလို့မဖြစ်ဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ်၊ သားလေးမင်းရဲစည်သူအတွက် ငါ့မှာတာဝန်ရှိသေးတယ်၊ ငါပါနှလုံးကြေကွဲပြီး သေသွားခဲ့ရင် ဒီကလေးဟာ လိုတောခေါင်ခေါင်ကြီးထဲမှာ အသက်ရှင်ဖွယ်ရာမရှိနိုင်တော့ ..."

နည်း

ခေမာ၏စိတ်ဓာတ်သည် ပြန်ပြီးတော့ တင်းမာလာ သည်။ ရှေးဦးစွာ သားငယ်လေးကို နွားနို့ကြိုကာ တိုက်ကျွ သည်။ မျက်လုံးများ ပွင့်နေပြီဖြစ်သော သားငယ်လေးသည် ခေမာ့ကိုကြည့်ပြီး ရွှန်းနှင့်ခပ်ကာ တိုက်သော နွားနို့ကိုသောက် လေသည်။ သားငယ်လေး၏ ညာဘက်ချိုင်းအောက်မှာ လက် သည်းခွံခန့်ရှိ အမှတ်တစ်ခုပါရှိသည်ကို ယခုမှသတိပြုမိကာ ကြည့်မိလိုက်သည်။ သားငယ်လေးနှစ်ခြိုက်စွာ အိပ်ပျော်သွား သောအခါ အိပ်ယာထက်မှာ သိပ်ထားလိုက်လေသည်။

➤➤➤➤➤

ကျောက်ဂူကြီးသည် လွန်စွာမှ ကျယ်ဝန်းလှသည်။ မြေအောက်လှိုဏ်ခေါင်းကျယ်ကြီးများနှင့်အတူ အခန်းကျယ်





ကြီးများသည်လည်း သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိ၏။ မင်းရဲကျော်တို့ ဤကျောက်တောင်ကြီးကို ရရှိခဲ့သည်မှာ လွန် စွာမှ ကံကောင်းလှသည်။

ကျောက်တောင်ကြီး၏ မြေအောက်လှိုဏ်ဂူတစ်ခုထဲမှာ ရတနာသပ္ပည်းသေတ္တာကို သိမ်းဆည်းထားသည်။ ထိုအ ခန်းထဲသို့ ဝင်ရန်မလွယ်။ ယန္တယားလက်နက်များကို တပ်ဆင် ထားသည်။ ဓား၊ လှံ၊ မြားစသည့် လက်နက်မျိုးစုံ၊ အဆိပ်လက် နက်မျိုးစုံသည် နေရာအမျိုးမျိုးမှ ရောက်ရှိလာနိုင်လေသည်။ ယန္တယားထောင်ချောက်များ၊ ခလုတ်များမည်သည့်နေရာတွင် သည်ကို မြေပုံနှင့်တကွ အတိအကျ မှတ်သားထားလေ၏။

အထိန်းတော်ကြီးခေမာသည် ပဥ္စလက်ဆရာကြီးဦး နောင်း၏သမီးဖြစ်သည်။ ဖခင်ထံမှ ပညာအမွေကို ဆက်ခံရ ခဲ့သည်။ မင်းရဲကျော်သည်လည်း ထိုအတတ်ပညာအား ဦး နောင်းထံမှ သင်ယူတတ်မြောက်ခဲ့သည်။

ပညာချင်းဖလှယ်သည့် အနေဖြင့် မင်းရဲကျော်ထံမှ သည်း ဘူတာဝါဟနယန္တယားအတတ်ပညာများကို ခေမာက င်ကြားတတ်မြောက်ခဲ့လေသည်။ ခေမာသည် ဤကျောက် တောင်ကြီးအတွက် တာဝန်ရှိခဲ့လေပြီ။ ရန်သူများ မဝင်ရောက် င်ရန်အတွက် အကာအကွယ်၊ အစီအရင်များကို သူထပ်ပြီး လုပ်ရပေတော့မည်။

ခေမာသည် သဘာဝကျောက်လှေကားထစ်များအ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း အောက်ကိုဆင်းလာခဲ့သည်။ အခန်းတစ်ခုထဲကိုဝင်သွား သည်။ ကျောက်ကုတင်ကြီး တစ်လုံးပေါ်မှာ မှန်အခေါင်းထဲ ထည့်ထားသော မင်းရဲကျော်နှင့်စောကလျာဦးတို့ကို ယှဉ်ပြီး တော့ချထားသည်။ အစွမ်းထက်မြက်သော ဆေးများကိုဖော် စပ်ကာ သူတို့နှစ်ဦး၏ကိုယ်ထဲ (သွေးကြောထဲသို့) ထိုးသွင်း ပြီးဖြစ်သည်။

မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ရှာဖွေဖော်စပ်ထားသော ဘယဆေးများက အစွမ်းထက်လှသည်။ ဤရုပ်အလောင်းနှစ် လောင်းသည် နောင်နှစ်ပေါင်းများစွာကြာသည်အထိ မပျက်မ စီးပဲ အကောင်းပကတိရှိနေလိမ့်မည်ဟု ထင်ပါသည်။

စွယ်စုံအတတ်ပညာများကို ဂုရုဆရာများထံမှ သင် ယူဆည်းပူးခဲ့သော ပဥ္စလက်ခေမာသည် ငြိမ်သက်စွာဖြင့် လဲ လျောင်းနေကြသော မင်းရဲကျော်နှင့်စောကလျာဦးတို့ကို ကြည့် နေရင်းက ကြေကွဲလာခဲ့သည်။ မျက်ရည်များက တွေတွေစီးက လာခဲ့သည်။

“သားတော်လေးအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ စိတ် ပြီးတော့သာနေကြပါ၊ ခေမာ့အသက်နှင့်ခန္ဓာကိုယ် မြဲနေ ရွေ့ သူ့ဘဝအတွက် ကာကွယ်စောင့်ရှောက်သွားပါ့မယ်”

ခေမာသည် စကားကို ဆက်မပြောနိုင်တော့။ ထိန် ထားသည့်ကြားက ရင်ထဲဆို့နင့်လာခဲ့သည်ဖြစ်၍ အခန်းထဲမှ ချာကနဲဆို လှည့်ထွက်လာခဲ့သည်။ အပေါ်သို့ရောက်သော





ခါ ကျောက်နံရံတစ်နေရာမှ မထင်မရှားအဖုလေးတစ်ခုအား လက်ဖြင့် နှိပ်လိုက်သည်နှင့်။

ဖျောက်. . ဖျောက်. . ဖျောက်။

ပထမလက်ခုပ်တီးသံလိုလို ထွက်ပေါ်လာခဲ့သည်။

ဂျိမ်း. . ဂျိမ်း. . ဂျိမ်း။

နောက်တော့ ဂူထဲမှာ မိုးခြိမ်းသံလိုလို တခဲနက်ထွက် ပေါ်လာခဲ့သည်။ မကြာမီမှာပင် ကျောက်ထရံကြီးတစ်ချပ်က အောက်ခြေမျက်နှာပြင်ကျောက်သားထဲမှ တရွေ့ရွေ့ထွက်ပေါ် လာကာ အမိုးအထိတက်သွားပြီး တံခါးသဖွယ် ပိတ်ထားလိုက် လေတော့သည်။

➤➤➤➤➤

အထိန်းတော်ကြီး ခေမာသည် သားငယ်လေးမင်းရဲ စည်သူကို ပွေ့ပိုက်ကာ ကမ်းခြေတစ်နေရာရှိ ကျောက်တောင် တစ်ခုပေါ်မှာ ထိုင်နေလျက်ရှိစဉ်။

“ဒီကလေးနှင့်ဘဝခရီးကို ငါတစ်ယောက်တည်း ဘယ် လိုလျှောက်ရပါ့မလဲ၊ ကြာရင် ဒီကလေးရဲ့ ဘဝဟာ ဘာမှဖြစ် မလာပဲ လူညွန့်တုံးသွားလိမ့်မယ်၊ သားလေးရယ်. . . ကံဆိုး လိုက်တာကွယ်”

မည်မျှပင် စိတ်မာဟန်ခိုင်မာသော မိန်းကလေးဖြစ်စေ ကာမူ ယခုလို အထီးကျန်ဘဝမျိုးကို ရောက်နေသောအခါမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်းမို့ အားငယ်နေမိ၏။ သူမနှင့်ပတ်သက်သော
သူများသည် စောစီးစွာပင် ခွဲခွာသွားခဲ့ကြလေပြီ။ ယခင်ထ
မိမိလူများစွာနှင့်စည်ကားခဲ့သော ဤနေရာသည် သူမတစ်ဦး
တည်းသာလျှင် ရှိတော့သည်။

ထိုစဉ် သူမ၏အနားကို အရိပ်တစ်ခုက ထိုးပြီးထေ
ကျလာခဲ့သည်။ ခေမာသည် ခေါင်းကိုမော့ကြည့်လိုက်သော
အခါ ဆာဒူးကြီးတစ်ပါးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်
ဆာဒူးကြီးသည် ရှည်လျားသော မုတ်ဆိတ်မွေးများရှိသည်
ဆံပင်ကိုကျစ်ကာ ထိပ်မှစုပြီးတော့ထုံးထားသည်။ အသား
တော့ အညိုရောင်ဖြစ်သည်။ သူသည် ခေမာကို ဆူးလက်သေ
မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ မျက်လုံးတွေထဲမှာ
အားအပြည့်ရှိသည်။ အကြင်နာတရားအပြည့်ရှိသည်။

မည်သည့်အကြောင်းကြောင့်လည်းမသိ။ ဆာဒူးကြ
၏ မျက်နှာကို မြင်လိုက်ရသည်နှင့် ခေမာရင်ထဲမှ သောက
ရိဒေဝတို့သည် တစ်ဝက်မျှကင်းစင်သွားသည်ဟု ထင်လိုက်
သည်။

"သမီးစိတ်သောကတွေ ရောက်နေသလား၊ ဖြစ်ပျ
သမျှအားလုံးကို ကံစီမံရာလို့ သတ်မှတ်လိုက်ပါ၊ ကံတရား
တာ လူသတ္တဝါတွေအပေါ်မှာ သတ်မှတ်ချက်တစ်ခုခုထား
တယ်၊ ကန့်သတ်မှုတွေ ထားထားပေးတယ်၊ အဆိုးအကော
တွေနဲ့ ရောထွေးနေတဲ့ ဒီလောကကြီးထဲမှာ ဘယ်သူမဆို





တစ်လှည့်၊ ကောင်းတစ်လှည့် ခံစားနေကြရမှာပဲ"

ခေမာသည် ဆာဒူးကြီး၏စကားကြောင့် အနည်းငယ်
အံ့အားသင့်သွားခဲ့ရသည်။ သူမဘာတွေဖြစ်နေသလဲဆိုသည်
ကို ဆာဒူးကြီးက သိနေ၍ပဲလား။ မျက်နှာပေါ်မှာ ပူပန်မှုရုပ်
လက္ခဏာကိုဖတ်ပြီးတော့ အထင်နှင့်ပြောလိုက်ခြင်းပေလား။

"ဘာဘာက ကျွန်မဘာဖြစ်နေလဲဆိုတာသိလို့လား"

"သိတာပေါ့. . သမီးရယ်၊ သမီးမှာ ချစ်ခင်တဲ့သူ၊ သံ
ယောဇဉ်ရှိနေတဲ့သူတွေကို ဆုံးရှုံးခဲ့ရတယ်၊ ငါအတိုချုံးပြီးတော့
ပြောမယ်၊ ဟောဒီ သားငယ်လေးရဲ့ မိဘနှစ်ပါးကလည်း မကြာ
ခင်ကမှ သေဆုံးသွားခဲ့ကြပြီမဟုတ်လား၊ သမီးဟာ ဒီကလေး
ငယ်လေးကို ထိန်းသိမ်းပြုစုစောင့်ရှောက်ဖို့အတွက် အခက်အ
ခဲတစ်ခုဖြစ်နေပြီ၊ ဒီလိုတွေးနေတယ်မဟုတ်လား"

"ဟုတ်ပါတယ်. . ဘာဘာ၊ ကျွန်မ. . ဒီကလေးကို သံ
ယောဇဉ်ရှိပါတယ်၊ ကိုယ့်သားအရင်းလိုပဲ မွေးထားချင်ပါတယ်၊
ပါမယ့် ဒီတော၊ဒီတောင်ထဲမှာ သမီးတစ်ယောက်တည်းမို့
ကလေးရဲ့ ဘဝတိုးတက်ရေးကို ဘယ်လိုဖန်တီးနိုင်မှာလဲရှင်"

"သမီးမှာ အဲဒီအခက်အခဲတွေရှိနေလို့ ငါလာခဲ့တာ
ငါအကြံဉာဏ်ပေးတာကို လက်ခံနိုင်မလား"

"လက်ခံပါ့မယ်. . ဘာဘာ၊ပြောပါ၊ ဒီကလေးကောင်း
းရေးအတွက်ဆို ဘာမဆိုလုပ်ပါ့မယ်"

"ကောင်းပြီ၊ ဒီကလေးကို ရေအိုးတစ်လုံးထဲမှာထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျှော်လိုက်ပါ"

"ဟင်. . ဘာ. . ဘာ. . ဘာဘာကြီး"

"နေဦး. . သမီး၊ ငါပြောမယ်၊ ဒီကလေးရဲ့ တိုးတ

ရေးအတွက် သမီးလိုလားတယ်ဆို၊ သမီးဘာမှစိတ်မပူပါနဲ့

ကလေးဟာ သူတော်ကောင်းရဲ့ လက်ထဲကို ရောက်သွားခဲ့

ပါ၊ သူကြီးပြင်းလာတဲ့အခါကျမှ ပညာကောင်းကောင်းသ

မယ်၊ ပညာတတ်ကြီးဖြစ်မှ ဘဝကိုရင်ဆိုင်နိုင်မယ်၊ လူရာ

မှာပေါ့. . သမီးရယ်"

"ဘာဘာကြီးက ဒီကလေး အတွက်

ဝန်ယူနိုင်မလား"

"တာဝန်ယူပါတယ်. . သမီးရယ်၊ ဘာမှမဖြစ်စေ

ဘူး၊ ကောင်းသောအကြံဉာဏ်ပေးခြင်းကို လက်ခံရတယ်

ပြီးတော့ ဒီကလေးရဲ့ သတင်းကို သမီးမကြာမကြာ ကြား

ပါ၊ အဆက်မပြတ်စေရပါဘူး"

ခေမာသည် အတန်ကြာတွေဝေနေခဲ့ပြီးမှ. . .

"ဒီကလေးကောင်းစားမယ်ဆိုရင် ဘာဘာအကြံ

တာကို လက်ခံပါတယ်"

သို့သော် မျက်ဝန်းမှာ သီသီဝေ့လာသော မျက်

များကို မျက်တောင်ကော့လေးများက အလျှင်မီအောင်

ထုတ်ပစ်နိုင်ခဲ့၏။

➤➤➤➤➤





"ငနက်ကြီးလက်က ပြေးလို့လွတ်မတဲ့လား၊ ငါ့ကို ဒဏ်ကျရအောင်လုပ်သွားတဲ့ကောင်ကို အပိုင်းပိုင်းပြတ်သွားအောင် ကိုက်သတ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၁၃)

## အစဖျောက်ခြင်း

ပင်လယ်ပြင်နှင့်မနီးမဝေး တောစပ်တစ်နေရာ
ပင်လယ်ရေများစီးဝင်လိုက်၊ ထွက်သွားလိုက်ဖြင့် ရေအတ
အကျရှိနေသော ချောင်းကြီးတစ်ခုရှိနေသည်။ ရွှံ့နွံများထူ
သည့်နေရာဖြစ်သည်။

မိကျောင်းကြီးတစ်ကောင်သည် ကမ်းစပ်မှာမေး
ကာ နေစာလှုံလျက်ရှိသည်။ ထိုမိကျောင်းကြီးသည် နေက်
ဖြစ်သည်။ ပင်လယ်မှတက်လာသော ပင်လယ်မိကျော
ပင်ဖြစ်သည်။

ငနက်ကြီးသည် ထိုအနီးအနားရှိ ကျေးရွာမှလူများ





ာမက ယင်းနေရာတဝိုက်တွင် နဂိုကကျက်စားနေသော မိ
ကျောင်းများကိုပင် တိုက်ခိုက်ဗိုလ်ကျလျက် ရှိသည်။ ငါးဖမ်း
က်သော တံငါလှေများ၊ ကုတို့လှေများကို ငနက်ကြီးက တိုက်
က်ကာ လူများကို ကိုက်ချီ၍ယူသွားလေ့ရှိသည်။

စီးပွားရှာကြသူများသည်ပင် ငနက်ကြီး၏ရန်ကြောင့်
င်လယ်ပြင်ကို မထွက်ရဲကြတော့။ ငါးဖားမရှာနိုင်ကြသော
ခါ စီးပွားလည်း ပျက်လျက်ရှိသည်။ ငနက်ကြီးကို မိကျောင်း
း်သမားများက ဝိုင်းစုပြီးဖမ်းကြရာတွင် ငနက်ကြီးမှာ ပျောက်
က်သားကောင်းနေသည်။ အပုန်းကောင်းနေသည်။

ထိုသူများ မရှိသောအခါကျမှ ငနက်ကြီးက ပြန်ပြီး
ာက်လာတတ်သည်။ လူတွေကို ပြန်ပြီးဒုက္ခပေးစမြဲပင်။ မိ
ကျောင်းအချင်းအချင်း ဒုက္ခပေးစမြဲ။ တချို့က ငနက်ကြီးကို
ယ်ဖျောက်တတ်သူဟု၊ နတ်မိကျောင်းဟု ပြောချင်သလိုပြော
ာခဲ့ကြသည်။ ပိုပြီးတော့ အထိတ်တလန့်ဖြစ်လာကြသည်။

မကြာမီမှာပင် သူတို့ရွာကို လူတစ်ယောက်ရောက်လာ
သည်။ ထူးခြားသော ရုပ်ရည်ရှိသည်။ အသားကဖြူဆွတ်နေ
ည်။ နှုတ်ခမ်းမွှေးကားကားနဲ့ ကြည့်ကောင်းသည်။ ဥပတိ
ာ ခန့်ညားသည်။ ယောက်ျားပီသသူဖြစ်သည်။ ပင်နီတိုက်
ာကျီကို အသီးမတပ်ပဲဝတ်ထားသည်။ အဝတ်လစ်လပ်နေ
ာ ရုပ်ဘတ်ပေါ်မှာ မင်ကြောင်များကို မြင်တွေ့နေရသည်။
သူကား ဦးပံသ။



www.burmeseclassic.com

www.burmeseclassic.com



ဦးပံသုရောက်လာသည့်ရွာကား မိကျောင်းတက်…
(တခြားတစ်မြို့ တစ်ရွာတွင် မိကျောင်းတက်ရွာ ဆင်ဆင်… သော ရွာနာမည်များရှိချင်ရှိနိုင်ပါသည်။ ရှိသည်ဟုထင်… သည်။)

မိကျောင်းတက်ရွာသူရွာသားများသည် ဦးပံသု… လာခဲ့သည့်အတွက် ဝမ်းသာနေကြသည်။ ဦးပံသုနှင့်အ… လာခဲ့ကြသော မိကျောင်းတက်ရွာသားတချို့ကတော့ ဦး… ကို ခေါ်လာခဲ့ကြသည့်သူများပင်။

"ဆရာကြီးရောက်လာပြီဟေ့၊ ငနက်ကြီးကို နှိမ်… ဆရာကြီးဦးပံသုရောက်လာခဲ့ပြီကွ"

မိကျောင်းတက်ရွာသူရွာသားများမှာ အားရဝမ်… ဖြစ်နေကြသည်။ ငနက်ကြီးကို ဦးပံသုက အပြတ်နှိမ်နှ… နှိမ့်မည်ဟု ယုံကြည်ထားခဲ့ကြသည်မဟုတ်ပါလား။

"ဆရာကြီး.. ဒီငနက်ကြီးဟာ ကျွန်တော်တို့ကို… ပေးနေတာကြာပါပြီ၊ ဆရာကြီးနှိမ်နှင်းမှပဲ ဒီကောင်ကြီး… မှာပါ"

"ကျုပ်တို့ရွာသားတွေကို မတရားဝင်ရောက်စော်… တဲ့ ငနက်ကြီးကို ခုချက်ချင်းလိုက်ရှာပြီး အပြတ်ရှင်းပ… ကုလားဖြူရုန်ကတမှောင့်၊ သင်းကတမျိုးနဲ့၊ ဇာတ်တူသား… ချင်တဲ့ကောင်၊ ကိုင်း.. ကျုပ်ကို လှံတစ်ချောင်းသာပေး… နောက်က ဘယ်သူမှလိုက်ဖို့မလိုဘူး"





ဦးပံသုလှံတစ်ချောင်း ရလိုက်သည်။ သူ့ခါးမှာတော့ …းမြှောင်ကြီးတစ်ချောင်းကို ချိတ်ဆွဲပြီးသား။ မိကျောင်းဖမ်း …တွင် သန္တတ်ကဲ့သို့သော လက်နက်မျိုးဖြင့် မဖမ်းဆီးပဲ လှံ …စ်ချောင်း၊ ဓားတစ်လက်ကိုသာ ယူဆောင်ပြီး ထွက်သွားခဲ့ …ည့် ဦးပံသု။

မိကျောင်းတက် ရွာသူရွာသားများသည် သီးခြားရပ် …ည်နေသော ရွာတစ်ရွာပင်ဖြစ်သည်။ အနီးဆုံးရွာသည်ပင် …ယ်မိုင်ခန့်ကွာဝေးသည်။ ရွာသူရွာသားများက သဘောအ …န်းကောင်းသည်။ မည်သူ့ကိုမှလည်း အနှောင့်အယှက်မပေး။ …ရာယ်လည်း မပြုကြပေ။ မိကျောင်းတက်ရွာသို့ လာလည် …သောသူများကို ငါးအစို၊ ငါးအခြောက်များကို လက်ဆောင် …ပြီး ပေးတတ်သည်။ အစဉ်ပြုံးချိုနေကြသော မျက်နှာထား …ရှိကြသည်။ တော်ရုံလူများသည် မိကျောင်းတက်ရွာကို …က်မလာတတ်ကြပါ။

သူတို့ရွာမှာနေထိုင်သော ဦးပံသုသည် အစဉ်နေထိုင် …ည်မဟုတ်။ အကြောင်းအမျိုးမျိုးဖြင့် ခရီးထွက်နေတတ်၏။ …ရေးအကြောင်းရှိ၍ လိုက်ခေါ်လျှင် ပြန်လာတတ်သည်။ ဦး …သည် သူ့လူများနှင့်အမြဲတမ်း အဆက်အသွယ်ရှိသည်။

➤➤➤➤➤

ငနက်ကြီးသည် မြစ်ဘက်ကို မေးတင်ကာ မှေးစင်း …တ်ရှိသည်။ ဤသည်မှာ သူ့မှာရန်သူရှိနေကြောင်းကိုသိ၍



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီးနေခြင်းပင်ဖြစ်သည်။ ရန်သူမိကျောင်းသည် မြ
ဘက်မှ လာတတ်သည်မဟုတ်ပါလား။

မိကျောင်းက မြစ်ဘက်ကို အမြီးပေးပြီး ကုန်းဘ
ကို မျက်နှာမူထားလျှင် ရန်သူမရှိဟု အဓိပ္ပါယ်ရ၏။ မိကျော
၏သဘာဝကို လေ့လာကြသူများက ဆိုကြပါသည်။

နေကြီးသည် သူ့မှာရန်သူရှိနေပြီကို ကောင်းစွာ
နေပြီဖြစ်သည်။ ရန်သူသည် မြစ်ဘက်ကလာနိုင်သည်။ သူ
ဒေသခံမိကျောင်းများကရော၊ လူတွေကပါ၊ မကျေမချမ်းဖြ
လိုက်ပြီးရှာဖွေ တိုက်ခိုက်လျက်ရှိနေကြလေပြီ။

သို့သော် ဒီတစ်ခါတော့ နေကြီးတွက်ကိန်းမှားသွ
ခဲ့ရသည်။ ရန်သူသည် မြစ်ဘက်ကမလာ။ ကုန်းပေါ်မှာရော
နေသည်။ သူ့နောက်တည့်တည့်မှာ ရောက်နေသည်။ ထို
သည် ခြေသံလုံစွာဖြင့် တဖြည်းဖြည်းလျှောက်လာခဲ့ခြင်းကြော
မသိ။ သူကတော့ ဦးပံသုဖြစ်သည်။

ကမ်းစပ်မှာ မေးတင်ပြီး မှေးစက်နေသော နေကြ
ကို ဦးပံသုက အသလွှတ်မတိုက်ခိုက်လို။ ပြောင်စိမ်ခေါ
တိုက်ခိုက်လိုသည်။ ထို့ကြောင့်. . . ။

"ဟိတ်. . နေကြီးဆိုတာ မင်းလားကွ"

ဦးပံသု၏အသံက ကမ်းခြေတလျှောက် ဟိန်းထွ
သွားခဲ့သည်။ နေကြီးသည် ရုတ်တရက်ထွက်ပေါ်လာသေ
အသံကြောင့် လန့်သွားပြီး ရေထဲကိုဆင်းပြေးမည်အပြု ဦ





သု၏ လက်ထဲမှလှံတံသည် နေကြီးဆီကို ပစ်လွှတ်လိုက်
လေရာ. . . ။

ဝှစ်!

ဒုတ်!

လှံသွားသည် ညာလက်ဖြင့် နောက်ကျောပြင်နှင့်ဘေး
တစ်ဆက်တည်းရှိသောနေရာမှာ သွားစိုက်လေသည်။ လှံပစ်
အားကောင်းလှသည်ဖြစ်ရကား အခွံမာလှသော နေကြီး၏
ကိုယ်ထဲ တော်တော်နက်နက်အထိ စိုက်ဝင်သွားခဲ့လေသည်။
ဒဏ်ရာရသွားသော နေကြီးသည် ရေထဲကို ထိုးပြီးတော့
ဆင်းသွားခဲ့သည်။

ဝုန်း!

"ဟား. . ဟား. . ဟား၊ မင်းဒီလိုပြေးလို့ လွတ်မတဲ့
သားကွ၊ ငါ့ပိုင်နက်ထဲကို မင်းကဝင်ရောက်ကျူးကျော်ပြီး လူ
တွေကို မကရားဗိုလ်ကျသေးတယ်၊ နေရာကိုလည်းလုပြီး အ
ပိုင်စီးထားသေးတယ်၊ မင်း. . ငါ့လက်က လွတ်အောင်သာပြေး၊
ပြေးနိုင်မှ လွတ်မယ်ကွနော်"

ဦးပံသုသည် ရေထဲကို ပြေးဆင်းသွားပြီး ရေအောက်
သို့ ငုပ်လျှိုးသွားခဲ့လေတော့သည်။ ရေ့တွင် နေကြီးမှာ
တောက်လျှောက်ရေငုပ်ပြီး ပြေးသွားနေသည်။

သူ့နောက်က လျှင်မြန်သော အဟုန်ဖြင့် လိုက်လာ
သောသူမှာ ဦးပံသုပင်တည်း။ ငါးတစ်ကောင်လောက်နီးနီး၊ မိ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတစ်ကောင်လောက်နီးနီး ရေကူးကျွမ်းကျင်သူဖြစ်၏။ ဒဏ်ရာနှင့်လျှင်မြန်စွာ ကူးပြေးနေသော ငနက်ကြီးကို မီအောင် လိုက်လာနိုင်ခဲ့သည်။ ဦးပံသုသည် ငနက်ကြီး၏အမြီးကို ဆွဲကာ ကျောပေါ်ကိုတက်မည်ပြုစဉ် ငနက်ကြီးကလည်းသိသည်။ သူ၏အမြီးကြီးကို တစ်ချက်တည်းနဲ့ ယမ်းခါပစ်လိုက်သည်။

သို့သော် ဦးပံသုက လွှင့်ထွက်မသွားပါ။ ငနက်ကြီး၏ အမြီးကိုဖက်တွယ်ကာ ကပ်ပါသွားသည်။ ထိုနောက် တဆင့် တက်လိုက်ရာ ငနက်ကြီး၏ကျောပြင်ပေါ်ကို ရောက်သွားခဲ့လေသည်။ ငနက်ကြီးသည် သူ၏အန္တရာယ်ကိုသိလိုက်သည်။

ဦးပံသုသည် ခါးကြားထဲမှ ဓားမြှောင်ကိုထုတ်လိုက်ကာ ငနက်ကြီး၏ မျက်လုံးတွေကို ထိုးဖောက်တော့မည်အပြုမှာ ငနက်ကြီးက သူ၏ကိုယ်လုံးကြီးကို ယမ်းခါပစ်လိုက်သည်။ အစွမ်းကုန်ယမ်းခါပစ်လိုက်သည့်အတွက် ဒီတစ်ခါတော့ ဦးပံသုက ငနက်ကြီး၏ ကိုယ်ပေါ်မှ လွှင့်ကျသွားခဲ့သည်။

➤➤➤➤➤

ဒေါသကြီးလှသော ငနက်ကြီးသည် သူ့ကိုယ်ပေါ်မှာ လှုံ့တန်းလန်းနဲ့မို့ ပိုပြီးတော့ ခက်ထန်ကြမ်းတမ်းလာခဲ့သည်။ ဒဏ်ရာက ချက်ကောင်းကိုမိထား၍ ပိုပြီးတော့ နာကျင်လာသည်။ အနေရခက်လာသည်။ သူသည်ပြေးရန်မကြိုးစားတော့ပါ။ သူ့ကို ဒဏ်ရာရအောင် တိုက်ခိုက်သွားသည့် သူကိုသာ ဖမ်းမိအောင်ကြိုးစားသည်။





ငနက်ကြီးသည် ဦးပံသုကို ရေထဲမှာ လိုက်ပြီးတော့ ...ာဖွေလျက်ရှိသည်။ ဦးပံသုဘယ်ရောက်သွားလဲမသိပါ။ သူ့ ...ကိုကြောက်ပြီး ထွက်ပြေးသွားသည်ဟုထင်မိသည်။

"ငနက်ကြီးလက်က ပြေးလို့လွတ်မတဲ့လား။ ငါ့ကိုဒဏ် ...ာရအောင်လုပ်သွားတဲ့ကောင်ကို အပိုင်းပိုင်းပြတ်အောင်ကို ...ိုက်သတ်ပစ်မယ်"

ငနက်ကြီး၏ရင်ထဲက ထိုကဲ့သို့များ ကြိမ်းဝါးနေသ ...ားမသိ။ သဲကြီးမဲကြီးကို လိုက်ရှာနေသည်။ တဖြည်းဖြည်း ... ရေအောက်မှနေ၍ ပင်လယ်ဘက်သို့ ရောက်လာခဲ့သည်။ ...ီးပံသုကတော့ ငနက်ကြီးကိုကြောက်ပြီး ကုန်းပေါ်ကို တက် ...ြေးသွားပြီဟု ငနက်ကြီးထင်ကောင်းထင်ပေလိမ့်မည်။

သို့သော် ငနက်ကြီးဘယ်လိုပဲထင်ထင်။ အခြေအနေ ...တစ်ခုက မမျှော်လင့်ပဲ ရောက်လာခဲ့သည်။ တစ်ခုသော ရေ ...အောက်ကျောက်ဆောင်ကြီးနှစ်ခုကြားထဲမှ သဏ္ဌာန်တစ်ခုက ...ိုးထွက်လာခဲ့လေသည်။ တရှိန်ထိုးကူးလာခဲ့သောအရာကား ...ကျောင်းဖြူကြီးတစ်ကောင်ပင်တည်း။

မိကျောင်းဖြူကြီးမှာ ငနက်ကြီးထက် နှစ်ဆကြီးမား ...သော ခန္ဓာကိုယ်ရှိသည်။ ခန္ဓာကိုယ်ကြီးသည် တုတ်ခိုင်ကြီး ...းလှသည်။ ငနက်ကြီးသည် ပင်လယ်မိကျောင်းကြီးဖြစ်သော် ...ည်း ယခုဤမျှလောက်ကြီးမားသော မျိုးကွဲ၊ အသွေးရောင် ...ခြဲ မိကျောင်းဖြူကြီးကို သူတစ်ခါမှ မမြင်ဖူးပါ။ ခုမှသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



နဖူးတွေဒူးတွေ မြင်ဖူးလိုက်ရခြင်းပင်တည်း။

ငနက်ကြီးက သတ္တိကောင်းလှသည်။ (ရှောင်ပြေးရန် မလွတ်၍လားမသိပါ။) မိကျောင်းဖြူကြီးက သူ့ဆီကို တရှိန်ထိုးဝင်လာခဲ့သည်နှင့် မျက်နှာချင်းဆိုင် ရင်ဆိုင်ကာ တိုက်ခိုက်လေတော့သည်။

ဖျောင်း!

ဝုန်း!

တစ်ဦးပါးစပ်ကို တစ်ဦးကိုက်မိကြသည်။ ကိုယ်လက်အင်္ဂါများကိုလည်း ပုတ်ခတ်ထိခတ်မိကြသည်။ သဲကြီးမဲကြီး တိုက်ခိုက်ကြရာတွင် မိကျောင်းဖြူကြီးက အရှောင်အတိမ်းကောင်းသည်။ တိုက်ခိုက်သတ်ပုတ်မှုမှာ ပိုပြီးတော့ကျင်လည်၏။ နှစ်ကောင်စလုံး လုံးထွေးပြီးသတ်ပုတ်နေရာမှ မိကျောင်းဖြူကြီးက သူ၏ကြီးမားသော ပါးစပ်ကြီးကိုဖြဲကာ ငနက်ကြီး၏အမြီးကို ကိုက်ဖြတ်ချလိုက်လေတော့သည်။

ငနက်ကြီးမှာ နာကျင်မှုကို ပြင်းထန်စွာ ခံစားလိုက်ရပြီး ဆွေ့ဆွေ့ခုန်သွားခဲ့ရလေသည်။ မိကျောင်းဖြူကြီးသည် ပက်လက်လန်သွားသော ငနက်ကြီး၏ ဝမ်းဗိုက်ကို သူ၏ချွန်မြည့်ရှည်လျားသော လက်သည်းကြီးများဖြင့် ထိုးခွဲပစ်လိုက်သည်။ ရေအောက်မှာ နီရဲသော သွေးရောင်များက စွန်းထင်းသွားခဲ့သည်။

➢➢➢➢➢





ငနက်ကြီး၏ကိုယ်ပေါ်မှ လွင့်ထွက်သွားခဲ့သော ဦးပံသုသည် ရေအောက်မှ မျက်နှာပြင်ပေါ်ကို တရှိန်ထိုးတက်လာခဲ့သည်။ ကုန်းပေါ်ကို ရောက်သွားသောအခါ အမောပြေလျက်ရှိသည်။

ခဏအကြာတွင် မိကျောင်းတက်ရွာသူရွာသားများသည် ဦးပံသုဆီကို ရောက်လာခဲ့သည်။

"ဆရာကြီး. . ဆရာကြီး၊ ကျွန်တော်တို့က စိတ်ပူလို့ လိုက်လာခဲ့တာ၊ ငနက်ကြီးနဲ့ကော တွေ့မိသေးလား"

"မင်းတို့ ငါ့နောက်က ဘာဖြစ်လို့ လိုက်လာခဲ့တာလဲ၊ ငါ့အသက်ကို မစိုးရိမ်ပါနဲ့၊ ငနက်ကြီးကတော့ သူ့ကြမ္မာသူစီရင်သွားပြီ၊ ကဲ. . ငါသွားမယ်"

ဦးပံသုက မိကျောင်းတက်ရွာသားများကို နှုတ်ဆက်ပြီးတော့ ထွက်လာခဲ့သည်။ ခဏအကြာတွင် ရေပြင်ပေါ်ကို ရေအောက်မှ အရာကြီးတစ်ခုက တဖြည်းဖြည်းနဲ့ ပေါ်လာခဲ့သည်။ အမြီးတစ်ပိုင်းပြတ်လျက်ရှိသော မိကျောင်းကြီးပင်တည်း။

"ဟာ. . ငနက်ကြီးဟေ့၊ ငနက်ကြီး၊ ဒီကောင်ကြီးသေပြီကွ၊ ဆရာကြီးလက်ချက်နဲ့ ဒီကောင်ကြီးမပြန်လမ်းကို ရောက်သွားခဲ့ပြီကွ"

ရွာသူရွာသားများက အားရဝမ်းသာဖြင့် အော်ကာပြောလိုက်သည်။ သူတို့အပေါ်မှာ ဗိုလ်ကျစိုးမိုးခဲ့သော ငနက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကား သေဆုံးခဲ့လေပြီတည်း·

မိကျောင်းဖြူကြီးက ဦးပံသုကိုဝင်ကူပြီး နေက်ကြီးအား ဝင်ရောက် တိုက်ခိုက်သွားလေခြင်းလား။ ဦးပံသု၏မိတ်ဆွေ သည် မိကျောင်းဖြူကြီးလား။ ဦးပံသုမွေးမြူထားခဲ့သော အ ကောင်ကြီးပေလား။ သို့မဟုတ်လျှင်. . .။

➤➤➤➤➤

တောလမ်းတလျှောက် ဦးပံသုတစ်ယောက်မှာ သွက် လက်သော ခြေလှမ်းများဖြင့် လျှောက်လာလျက်ရှိ၏။ တောင် ညီနောင်ဆီကိုရောက်ရန် ကုန်းလမ်းခရီး၊ ရေလမ်းခရီးအဆင့် ဆင့် ဖြတ်သန်းလာခဲ့ရသည်။ မိမိနေထိုင်ခဲ့သော မိကျောင်း တက်ရွာသည် မြောက်ဖျားဒေသ တောင်ညီနောင်မှ လွန်စွာ ကွာဝေးသောအရပ်မှာ တည်ရှိနေသည်။

မိကျောင်းတက်ရွာသူရွာသားများနှင့် တခြားသောရွာ သူရွာသားများကို ရန်ရှာခဲ့သော ပင်လယ်မိကျောင်းနေက်ကြီး ကို သူနှိမ်နှင်းပစ်ခဲ့ပြီးလေပြီ။ ဦးပံသုသည် တောင်ညီနောင် သို့ အပြန်ခရီးတွင် စိတ်လေးလျက်ရှိသည်။ ဘာကြောင့်ရယ် မသိ။ မပူပန်တတ်သောသူသည်ပင် စိတ်ပူပန်မှုတွေ ဖြစ်ပေါ် လာနေသည်။

"ငါ့စိတ်တွေ လေးနေပါလား၊ မင်းရဲကျော်တို့၊ ခမော တို့ နေမှကောင်းကြရဲ့လား၊ တစ်ခုခုများ ဖြစ်နေကြသလား၊



အန္တရာယ်တွေမကပ်ညှိကြပါစေနဲ့"

သူဆုတောင်းရင်း ဆက်လျှောက်လာခဲ့လေရာ တော ကြီးမျက်မည်းထဲမှ ဆာဒူးကြီးတစ်ဦးထွက်လာသည်။

"မောင်ပံသု"

"ဟင်. . ဘာဘာကြီး"

ဦးပံသုသည် ဆာဒူးကြီးကို မမျှော်လင့်ပဲ တွေ့လိုက် ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။ ဆာဒူးကြီးက ရပ်ပြီး စောင့်နေလေရာ ရိုသေလေးစားစွာဖြင့် အနားလျှောက် သွားခဲ့လေသည်။

"မောင်ပံသု. . မင်းခရီးလွန်နေတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော့်ရဲ့ ဆွေမျိုးတွေကို ဒုက္ခပေးနေ တဲ့ မိကျောင်းကြီးတစ်ကောင်ကို သွားပြီးနှိမ်နှင်းနေလို့ပါ ခင် ဗျာ"

"အေး. . ဇာတ်တူသားစားတဲ့ကောင်တော့ သူ့လမ်း သူသွားပြီမဟုတ်လား၊ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလွှမ်း နေတဲ့ ဒီဝဋ္ဋရာကြီးထဲမှာ ဒီလို လောကီအရှုပ်အထွေးတွေက တော့ ရှိနေဦးမှာပဲ လူကလေး"

ဆာဒူးကြီးသည် ဦးပံသုကို လူငယ်လေးတစ်ယောက် ပမာ ဆက်ဆံလျက်ရှိသည်။ သူ၏အသက် မည်မျှရှိခဲ့ပြီကို မည်သူမှ မခန့်မှန်းနိုင်ပါ။ ဆာဒူးကြီးသည် ဦးပံသုနှင့်မည်သို့ ပတ်သက်နေလေသနည်း။ ဦးပံသုကား ဆာဒူးကြီး၏စကားကို

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးစွာ နားထောင်လျက်ရှိသည်။

"မင်းဟာ သူတစ်ပါးရဲ့ အကျိုးကို စိတ်ပါလက်ပါ ကူညီဆောင်ရွက်နေတဲ့သူပဲ၊ အတ္တဟိတကို ရှေ့မတင်ပဲ၊ ပရဟိတကို ရှေ့တင်ခဲ့တဲ့သူဆိုတော့ မင်းရဲ့ စိတ်ထားကြောင့် ကောင်းကျိုးချမ်းသာတွေ အများကြီးရဦးမှာပါ"

ဆာဒူးကြီးသည် နေရာအနှံ့ခရီးသွားနေသူဖြစ်သည်။ ဆိုဆုံးမသင့်သည့်သူကို ဆုံးမသည်။ တရားပြသင့်သည့်သူကို တရားပြခဲ့သည်။ သူသည် လောကကြီးထဲမှာ မြှုပ်လိုက်ပေါ်လိုက်နဲ့ရှိနေသည်၊

"မင်းရဲ့ မိတ်ဆွေတွေ ဒုက္ခရောက်နေကြပြီ၊ တစ်ဦးကလည်း အထီးကျန်ဖြစ်နေရှာတယ်၊ မင်း. . သူ့ကို ကူညီရလိမ့်မယ်၊ ဒါအရေးကြီးတဲ့ကိစ္စပဲ"

"ဟင်. . သူတို့ ဘယ်လိုတွေဖြစ်ကုန်ကြပြီလဲ. . ဘာဘာကြီး"

(ဆာဒူးကြီးသည် အဖြစ်အပျက်အလုံးစုံကို ပြန်ပြောပြလိုက်လေသည်။

"ဒီလိုဆိုရင် ကလေးအတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်. . ဘာဘာ၊ အချိန်မီသွားမှဖြစ်ပါလိမ့်မယ်"

"သိပ်လည်း စိတ်လောမကြီးပါနဲ့၊ အစစအရာရာအားလုံး အဆင်ပြေသွားမှာပါ"

ဦးပံသုသည် ဆာဒူးကြီးကို လက်အုပ်ချီ ကန်တော့





လိုက်သည်။ ပြီး. . နေရာမှ လျှင်မြန်စွာဖြင့် ထွက်လာခဲ့သည်။

➤➤➤➤➤

အထိန်းတော်ကြီး ခေမာသည် လသားအရွယ် သားငယ်မင်းရဲစည်သူကို အိုးထဲထည့်ကာ ရေမှာမျှောခဲ့ပြီးသည့်နောက် ရင်မှာမချိတင်ကဲ ခံစားနေခဲ့ရသည်။

"သားလေးမင်းရဲစည်သူ. . မင်းကို အထိန်းတော်ကြီးက ဘယ်ဘဝရောက်ရောက် အကာအကွယ်ပေးပြီး စောင့်ရှောက်ပေးချင်ပါတယ်ကွယ်၊ သားလေးရဲ့ အသက်နှင့်ခန္ဓာကို သူတော်ကောင်း၊သူမြတ်ကောင်းတို့က စောင့်ရှောက်ကျွေးမွေးကြပါစေ၊ သားရင်းပမာချစ်ခင်တွယ်တာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်"

အထိန်းတော်ကြီးခေမာသည် ရင်ထဲမှာဖြစ်ပေါ်လာခဲ့သော ဝမ်းနည်းကြေကွဲမှုတို့ကို မတားဆီးနိုင်တော့သည်နှင့် ကြုံကြုံပါအောင် ငိုကြွေးပစ်လိုက်သည်။ မည်မျှပင် စိတ်မာတကြံခိုင်သောသူဖြစ်ပါစေ မိန်းမသားသည် မိန်းမသားပင်မဟုတ်ပါလား။

ထိုနောက် အထိန်းတော်ကြီးခေမာသည် ကျောက်တောင်ကြီးကို အငြိုင်ဘက်မှကြည့်ကာ. . ။

"မင်းရဲ့ကျော်နှင့်. . . . ချာဦးတို့ ထာဝရလဲလျောင်းရာ နေရာဖြစ်တဲ့အတွက် သူတို့တတွေ ဘေးမသီရန်မခ. . . .



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသာစွာ နေသွားကြမယ့် "ဝိဉာဉ်စံပျော်ရာကျော
တောင်"လို့ ခေါ်တွင်ရမယ်၊ ငါလည်းပဲ ဒီကျောက်တောင်
ထဲမှာ ငါ့ရဲ့ အရှင်သခင်တွေနှင့်အတူ ရတနာပစ္စည်းတွေ
ကာကွယ်စောင့်ရှောက်ရမယ်"

ခေမာသည် တစ်ဦးတည်း မိမိစိတ်နှင့်မိမိကိုယ်
ပြောရင်းက ကျောက်ဂူကြီးထဲကို ဝင်သွားခဲ့လေရာ. . .

"ခေမာ. . ခေမာ"

ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်လေရာ သူမ
ပြေးလာနေသော ဦးပံသုကို တွေ့လိုက်ရသည်။

"ဟင်. . ဦးပံသု၊ ရှင်. . ရှင်ပြန်လာသေးတယ်
ဒီမှာတော့ အားလုံးဆုံးရှုံးမှုတွေဖြစ်ကုန်ပြီ၊ သားလေးမင်းရဲ့
သူလည်း. . ."

"ခေမာ. . . ဒါတွေ အားလုံးကို ငါသိပြီးပါပြီ၊ ငါ
တော်စင် ဆာဒူးကြီးနဲ့လည်း လမ်းမှာတွေ့ပြီးခဲ့ပြီ၊ သူပြော
သိခဲ့ရပြီ"

"ဟင်. . ဟုတ်လား၊ သား. . သားတော်လေး"

"ခေမာ. . သားတော်လေးဟာ သူတော်စင်ကြီး
တဲ့အတိုင်း ဖြစ်လာမှာပါ။ သူ. . သူ့ကိုချစ်မယ့် လူကောင်း
ရဲ့လက်ထဲကို ရောက်သွားမှာပါ"

"ရှင်. . ရှင်က ဘယ်လိုသိသလဲ"

"ဒီကိစ္စတွေကို ငါစီစဉ်ဆောင်ရွက်ဖို့ သူတော်စင်





က စေခိုင်းခဲ့တာပဲလေ"

"ဟင်! ဒါ. . ဒါဆိုရင်. . ."

"ခေမာ. . မင်းသဘောပေါက်ပါတော့၊ ငါလည်း ငါ့
ကိစ္စတွေ ရှင်းနေရတာနဲ့ ဒီကိုအချိန်မီ ပြန်မလာနိုင်ခဲ့ဘူး၊ ငါ့
ကို အဖြစ်အပျက်အလုံးစုံ အသေးစိတ်ပြောပြပါလားကွာ"

"ပြောပြမယ်၊ ပြောပြမယ်၊ ဒါပေမယ့် ခုလောလော
ဆယ် အရေးကြီးတဲ့ကိစ္စ လုပ်စရာရှိသေးတယ်"

"ဘာကိစ္စလဲ. . ခေမာ"

"ဟောဒီ ကျောက်တောင်ကြီးကို ကွယ်ဖျောက်ပစ်ရ
မယ်၊ တစ်နေ့ ကုလားဖြူတွေဟာ ဒီနေရာကို ရောက်မလာနိုင်
ဘူးလို့ မပြောနိုင်ဘူးလေ၊ ဗလကိုပေးခဲ့တဲ့ မြေပုံလမ်းညွှန်က
လည်း တစ်ယောက်ယောက်ရဲ့ လက်ထဲကို ရောက်သွားနိုင်
တယ်မဟုတ်လား"

"မင်းပြောတာမှန်တယ်. . ခေမာ၊ ဒီကုလားဖြူကောင်
တွေကိုလည်း ငါကြည့်မရဘူး၊ သင်းတို့ဟာ မိစ္ဆာဘီလူးယုတ်
တွေ"

နှစ်ယောက်စလုံး ဂူထဲကို ဝင်လိုက်ကြသည်။ ခဏ
အကြာတွင် ကျောက်တံခါးကြီးသည် အပေါ်မှ တဖြည်းဖြည်း
နဲ့ ကျလာခဲ့သည်။ ဂူပေါက်ဝလည်း ပိတ်သွားခဲ့လေသည်။
ခဏအကြာတွင် ကျောက်ဂူထဲမှ ယန္တယားခလုတ်ကိုဆွဲချ
လိုက်လေသလားမသိ။ တီပုံသဏ္ဌာန် ထိပ်တိုက်ဆံချက်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သော မြစ်ဆုံနေရာမှ ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာ ခဲ့သည်။

ဝုန်း!

ထိုအခါ မြစ်ကြီးထဲမှ ရေများသည် ကျောက်တောင် ဘက်ကို စီးဆင်းသော မြစ်ခွဲဘက်ဆီသို့ အရှိန်အဟုန်ပြင်းစွာ ဖြင့် တရဟော၊ အလုံးလိုက်အရင်းလိုက် စီးဝင်လာခဲ့ကြသည်။ မြင့်မားသော ကမ်းနဖူးပြိုကွဲသွားခဲ့သည်ဖြစ်၍ တားမနိုင်ဆီးမ ရ ကြောက်ခမန်းလိလိ စီးဝင်လာခဲ့သော ရေများသည် တောင် ညီနောင်နှင့်ကျောက်ဂူကြီး၏ အောက်ခြေကို ရေလှိုင်းကြီးများ က ဖုံးလွှမ်းသွားခဲ့ကြသည်။

ကမ်းခြေအထိ ရေများက တရဟောတက်လာခဲ့၏။ မြစ်ကြီးနှင့်တစ်ဆက်တည်းရှိသော ပင်လယ်ဘက်မှ ရေများ သည်လည်း မြစ်ကြီးထဲကို ဝင်ရောက်လာခဲ့ကြလေရာ ပင်လယ် မှ မြစ်ကြီး၊ မြစ်ကြီးမှ မြစ်ခွဲအဆင့်ဆင့် ဝင်ရောက်လာခဲ့ကြ သည်။ ရေများသည် တောင်ညီနောင်တစ်ဝက်အထိ ဖုံးလွှမ်း သွားခဲ့သည်။

ကျောက်တောင်သည်လည်း ရေဖုံးလွှမ်းခံခဲ့ရပြီး ထိပ် ဖျားလောက်သာ ခေါ်နေလေတော့သည်။ တစ်ကယ်တော့ မိမိတို့၏ နေရာကို အစဖျောက်လိုက်ခြင်းပင်တည်း။

➤➤➤➤➤





"မေ့နိုင်ပါ့မလား...ဇာလေးရယ်၊ နင်က ငါ့အချစ်ဆုံး သူငယ်ချင်းပဲဟာ၊ နင်ကသာ ငါ့ကို မေ့မသွားပါနဲ့၊ ဟို ဘိုကြက်ချေးမလေးတွေနှင့်ပေါင်းပြီး ငါတို့ပဲ့တွေဆီ လျှောက်လိုက်မနေနဲ့ ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း — (၂၄)

## ဇာတ်ကြောင်းပြန်အပြီး

(ပုရပုဒ်စာများထဲတွင် မင်းရဲစည်သူလေးကို အိုး
ထည့်ကာ ရေမှာမျှောခဲ့သည်အထိသာ မှတ်တမ်းတင်ခဲ့သည်
ကျန်နောက်ဆက်တွဲ အဖြစ်အပျက်များသည် ယင်းဒေသ
လိုက်သွားခဲ့ကြသော မင်းရဲစည်သူတို့က အကြောင်းတစ်ခု
ကြောင့် သိသွားခဲ့ကြခြင်းပင်ဖြစ်သည်။)

ကျွန်ုပ်သည် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ
စီကာပတ်ကုံး မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။

ကုလားဖြူများကို ဆန့်ကျင်၍ ရှောင်တိမ်းလာခဲ့သေ
ကုန်းဘောင်မင်းဆက် မင်းသားလေးတစ်ပါးဖြစ်သည့် မင်း





ကျော်သည် မိစ္ဆာကုလားဖြူများကို မတွန်းလှန်နိုင်မီ ကွယ်လွန်
အနိစ္စရောက်ခဲ့သည်။ သူ၏ကြင်ယာတော် စောကလျာဦးသည်
သည်း သားတော်လေးမင်းရဲစည်သူကို ခွေးဖွားပြီး မကြာမီမှာ
င်လျှင် မင်းရဲကျော်နှင့်တစ်နေ့တည်း ကွယ်လွန်အနိစ္စရောက်
ခဲ့ရသည်။

ကျွန်ုပ်မှာ ဤကလေးကို ကျွေးမွေးပြုစုစောင့်ရှောက်
နိုင်သော မိဘများ၏ လက်ထဲသို့ ရောက်ရှိနိုင်ပါစေရန် ဆု
တောင်းပြီး ရေမှာမျှောခဲ့ခြင်းပင်ဖြစ်သည်။

ဤကလေးကို ကျွေးမွေးပြုစု စောင့်ရှောက်ကြသော
မိဘနှစ်ပါးသည် သားငယ်ကို မင်းရဲစည်သူဟုပင် အမည်ခေါ်
ကြင်စေ။ (မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။) ဤကလေးကြီးပြင်း
လာပါက ဘူမိဗေဒဘာသာ၊ ရှေးဟောင်းပစ္စည်းများကို လေ့
လာသော ပညာရပ်များကိုသာ လေ့လာသင်ကြားပေးစေလို
ပါသည်။

သားငယ်နှင့်အတူ ဝိဉာဉ်ပျော်စံရာတောင် တည်ရာ
ဒေသရှိ မြေပုံလမ်းညွှန်ကိုလည်း တစ်ပါတည်း ထည့်ပေးလိုက်
ပါသည်။ အထူးအရေးကြီးသော နေစကြာပုံသင်္ကေတန်အပြား
ပိုင်းကြီးသည် ကျောက်ဂူထဲသို့ဝင်ရန် အဆက်အသွယ်တစ်ခု
ဖြစ်ပါသည်။

ဤပုရပိုဒ်စာများကို မွေးစားမိဘနှစ်ပါးသာ ဖတ်ရှုခွင့်
ရှိသည်။ မင်းရဲစည်သူအသက်နှစ်ဆယ်ပြည့်သောနေ့တွင် ဤ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များကိုသိပါစေ။ ပုရပိုဒ်မှ မှတ်တမ်းများကိုဖေ
၍ ဖတ်ရှုခိုင်းပါလေ။ မင်းရဲစည်သူဆန္ဒရှိက ဝိဥာဉ်ပျော်စံရ
တောင်ဆီကို မြေပုံလမ်းညွှန်အရ လာရောက်နိုင်ပါသည်။

ကလေးငယ် အရွယ်မရောက်မီ ကွယ်လွန်သွားပါ
သစ္စာကိုစောင့်ထိန်းသော မိဘနှစ်ပါးသည် ဤမြေပုံလမ်းညွှ
ကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါ။ ကလေးငယ်ကို ကျွေးမွေးစော
ရှောက်ရန်အတွက် ရတနာပစ္စည်းအချို့ကို ထည့်ပေးလိုက်
သည်။

ကျွန်ုပ်အထိန်းတော်ကြီးခေမာသည် သားငယ်မင်း
စည်သူကို မိမိရင်သွေးပမာ စောင့်ရှောက်လိုပါသည်။ မိမိ
အရှင်သခင်များလည်း လောကကြီးထဲမှာ မရှိကြတော့၍
သက်ရှင်၍ မနေချင်ပြန်။ သားငယ်လေးကြီးပြင်းလာသည်
ထိ မြင်လိုလှသော်လည်း ကံတရားက ကျွန်ုပ်ကို မည်သို့စော
ရှောက်မည်ကို မပြောပြနိုင်ပါ။ ကျွန်ုပ်သည် ဤဝိဥာဉ်ပျော်
ရာ ကျောက်တောင်ကြီးထဲမှာပဲ ဘဝနိဂုံးချုပ်ခဲ့တော့မည်လား
မိမိ၏စိတ်ကို နိုင်နှင်းစွာ မဆုံးဖြတ်နိုင်ပါ။

သစ္စာကို ဦးထိပ်ပန်ဆင်သော
ခေမာ. . .

➤➤➤➤➤





မင်းရဲစည်သူသည် ပုရပိုဒ်မှစာများကို ကြိုးစား၍ဖတ်
ရှုပြီးစီးသွားသောအခါ သက်ပြင်းတစ်ချက် ချလိုက်မိသည်။
မိဘနှစ်ပါးဖြစ်ကြသော ဦးနန်းကိုနှင့်ဒေါ်မြတ်သီတို့က သား
ကို တစ်ချိန်လုံးအကဲခတ်ကာ ကြည့်နေခဲ့သည်။

"သားတော့ ဒီလိုအဖြစ်အပျက်မျိုးတွေကို သိလာခဲ့ရ
လိမ့်မယ်လို့ လုံးဝမမျှော်လင့်မိခဲ့ဘူး. . ဖေဖေ၊ ခုတော့ မယုံ
ကြည်နိုင်လောက်အောင်ပါပဲလား၊ သားမှာ မိဘအရင်းတွေ
ရှိဖူးခဲ့ကြတယ်ဆိုတာ သိရတော့ အိပ်မက်မက်နေသလိုပဲ၊ တ
ကယ်မှဟုတ်ရဲ့လားလို့တောင်ထင်ရတယ်"

"အားလုံးဟာ တကယ်အဖြစ်အပျက်ပါပဲသား၊ ဖေဖေ
တို့ကတော့ ဒီပုရပိုဒ်ကစာတွေကို ဖတ်ပြီးခဲ့ပါပြီ၊ သားကို ဖေ
ဖေတကယ်ပဲ ကောက်ယူမွေးစားခဲ့တာပါ၊ ဒီလိုပြောလိုက်လို့
စိတ်မကောင်းဖြစ်မသွားပါနဲ့၊ ဒီပုရပိုဒ်ထဲမှာ အထိန်းတော်ကြီး
ခေမာဆိုတဲ့ အမျိုးသမီးရေးခဲ့တာ အမှန်တွေပါပဲလို့ ယုံကြည်
ထားလို့ ပြောပြရတာပါ"

"ဟုတ်ပါတယ်. . သား၊ ဖေဖေပြောခဲ့တာတွေဟာ
အားလုံးအမှန်တွေပါပဲ၊ ဒါပေမယ့် သားကိုစပြီးမွေးဖွားလာက
တည်းက သားသမီးအရင်းပမာ ရင်မှာချစ်မြတ်နိုးပြီးမွေးခဲ့တာ
ပါလို့ မေမေသစ္စာပြုပါတယ်၊ ဖေဖေနှင့်မေမေတို့ဟာ သား၏
မွေးစားမိခင်တွေဖြစ်နေကြလို့ သားအချစ်ပေါ့သွားမှာကိုသာ
စိုးရိမ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီမိဘနှစ်ပါးကလည်း သားရဲ့မိဘအရင်းတွေလိုပဲ သားခံစားပြီး ချစ်နေရတာ၊ သားရဲ့ စိတ်ထားက ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူး၊ ခုလိုဘဝဇာတ်ကြောင်းမျိုးရှိလာခဲ့မယ်လို့ မထင်ခဲ့မိတာကိုပဲ ထူးဆန်းစွာ ခံစားနေမိရတာပဲရှိပါတယ်. . မေမေ"

"သားမှာ ဒီလိုခံစားချင်မျိုးရှိနေတာ ဝမ်းသာပါတယ်ကွယ်၊ မေမေတို့ကလည်း ဒီအတိုင်းပဲ ဖြစ်စေချင်တာ"

ဒေါ်မြတ်သီသည် သားကိုဖက်ကာ အားရဝမ်းသာဖြင့် ပြောလိုက်လေသည်။

"ကဲ. . သား၊ ဖေဖေတို့မှာ ဝတ္တရားရှိတဲ့အတိုင်း သည်ပုရပိုဒ်စာတွေကို သားကိုဖတ်စေခဲ့ပြီ၊ သားရဲ့ သဘောဆန္ဒကဘယ်လိုရှိလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါ"

ဦးနန်းကိုသည် မင်းရဲစည်သူကို အကဲခတ်ကာကြည့်ပြီး မေးလိုက်သည်။ မင်းရဲစည်သူ၏ မျက်နှာပေါ်တွင် တက်ကြွနေသော အမူအရာများကို တွေ့နေရသည်။

"သားကတော့ အထိန်းတော်ကြီး ခေမာရေးထားတဲ့အတိုင်း သားရဲ့ဆန္ဒရှိရင် ဝိဉာဉ်ပျော်စံရာတောင်ကို မြေပုံညွှန်းအရ လာရောက်နိုင်တယ်ဆိုတော့ လာစေချင်တဲ့သဘောမျိုးလည်းပါတယ်ထင်တယ်၊ သွားလည်းသွားချင်တယ် ဖေဖေ"

"အေး. . အဲဒီလို ပွင့်ပွင့်လင်းလင်းပြောတာမျိုးကို ဖေဖေသဘောကျတယ်၊ သွားမယ်ဆိုရင်တောင် ဒီလကုန်မှာသွား



င် အကောင်းဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက အဲဒီ ာက်ကို ရောက်ဖူးလို့သိတာ၊ ဒီအချိန်မှာ ရာသီဥတုက သိပ် းမဆိုးရွားသေးဘူး၊ အအေးပေါ့တယ်၊ ခံနိုင်ရည်ရှိတာပေါ့ ာ့ယ်"

ဒေါ်မြတ်သီက. . .။

"သီကတော့ ဒီလောက် ခက်ခဲကြမ်းတမ်းတဲ့ ခရီးကို ွားဖို့ သားအဖနှစ်ယောက်စလုံးကို စိတ်မချချင်ဘူး၊ ဒါပေ ယ့် မသွားပါနဲ့လို့လည်း မတိုက်တွန်းချင်ဘူးလေ"

"သားတို့အတွက် စိတ်ချပါမေမေ၊ ကိုယ့်ကိုယ်ကိုစောင့် ရောက်ပြီးသွားပါ့မယ်၊ ရတနာသုံးပါးကို ဦးထိပ်ထားပြီး သွား ကြမှာပါ၊ ဘေးမသီရန်မခမှာ ကျိန်းသေပါတယ်၊ သားတို့ကျန်း ာန်းမာမာနဲ့ ပြန်လာကြမှာပါ"

"ဟုတ်ပါတယ်. . သီရယ်၊ သားရဲ့ဆန္ဒကို ဖြည့်ဆည်း ေးလိုက်ပါ၊ ကိုယ်လည်း သားကို ကောင်းကောင်းမွန်မွန်စောင့် ရောက်သွားမှာပါ၊ မပူပါနဲ့"

"ခုခရီးထွက်မယ့်ကိစ္စဟာ ပေါ့သေးသေး မဟုတ်ဘူး နော်. . ကို၊ ပုရပိုဒ်ထဲမှာ စစ်ကဲကြီးဗလရဲ့ လက်ထဲက မြေပုံ ွန်းဟာ ပျောက်နေတယ်လို့ရေးထားတယ်၊ ရန်သူတစ်ဦးဦး လက်ထဲကိုရောက်သွားပြီး ဝိဉာဉ်ပျော်စံရာတောင်ကို လိုက် ကြမယ်၊ သီတို့နှင့်အကြုံတူညာဏ်တူ ဖြစ်သွားခဲ့ရင်. . ."

"ဟုတ်တယ်၊ ကိုလည်း ဒါကိုထည့်တွက်ပြီးထားပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုတို့ဟာ ဒီပုရပိုဒ်ထဲက အကြောင်းအရာတွေကို အနှစ်နှ
ဆယ်ကြိုပြီး သိထားကြသူတွေဆိုတော့ တကယ်လို့သာ အဲ
နေရာကိုသွားခဲ့ရင် ဖြစ်ပေါ်ကြုံတွေလာရမယ့် အန္တရာယ်
ကိုလည်း ကြိုပြီးတွက်ထားပြီးသားပါ"

မင်းရဲစည်သူသည် သူ၏ခေါင်းထဲကို အဖြစ်အပျ
တချို့က မထင်မှတ်ပဲ ဝင်လာခဲ့သည်။

ရွှေတိဂုံတောင်ဘက်မုဒ် မျက်လှည့်ပွဲမှာ မိမိကို
နှစ်ယောက်က အသလွတ်ဝင်ပြီး ရန်ရှာကြပုံ။ သူငယ်ချင်း
ဂျမ်း၏ မွေးနေ့ပွဲမှအပြန် လမ်းတွင် သူ့ကိုတိုက်ခိုက်ကြသူ
ဦး။ သူ့ကို အသားဖြူဖြူနဲ့ ရှမ်းအဘိုးကြီးလိုလို လူကြီးတစ်
က ဝင်ရောက်ကယ်တင်လိုက်ပုံများကို ပြန်ပြီးမြင်ယောင်လ
မိသည်။ ထိုနောက် မမကြီးဆိုသည့် အမျိုးသမီးကြီး"

"သား. . ဘာတွေစဉ်းစားနေတာလဲ"

ငြိမ်သက်နေသော မင်းရဲစည်သူကို ဦးနန်းကိုက
လိုက်သည်။

"ဒီလိုပါ. . ဖေဖေ၊ သားကို ရွှေတိဂုံတောင်ဘက်မု
က မျက်လှည့်ပွဲမှာ လူနှစ်ယောက်က ရန်မူတိုက်ခိုက်ခဲ့တ
အဖေတို့ သိပြီးပြီနော်"

"အေးလေ. . သားပြောပြလို့ ဖေဖေတို့သိပြီးပြီပဲ၊ သ
ကို မမကြီးဆိုတဲ့ အမျိုးသမီးနှင့်ဟိုအသားဖြူဖြူ ရှမ်းလိုလို
ကြီးတစ်ဦးက ဝင်ပြီးကယ်တင်ခဲ့တယ်ဆိုတာလေ"





"ဟုတ်တယ်၊ နောက်တစ်ခါလည်း သားကို လူနှစ်ဦး
က အန္တရာယ်ပြုခဲ့သေးတယ်". ဖေဖေ"

ထိုအခါ ဒေါ်မြတ်သီက မျက်လုံးပြူးသွားခဲ့ရပြီး. . ။

"ဟင်. . ဟုတ်လား၊ ဘယ်တုန်းကလဲ. . သား"

"ဟုတ်ကဲ့၊ သားရဲ့ သူငယ်ချင်းဗဂျမ်းရဲ့ မွေးနေ့ပွဲကို
သွားတဲ့နေ့ကပေါ့"

မင်းရဲစည်သူသည် နှုတ်ခမ်းမွှေးကားကားနဲ့ လူကြီး
တစ်ဦးက မွေးနေ့ပွဲမှာ သူ့ကားအနားကိုကပ်လာပုံ။ ကားဘီး
ပေါက်သွားစဉ် ကုလားဒိန်နှစ်ယောက်က ဝင်ပြီးတိုက်ခိုက်ရာ
ထိုအသားဖြူဖြူ နှုတ်ခမ်းမွှေးကားကားနဲ့လူကြီးကပင် ဝင်ကူ
ညီသွားခဲ့ပုံများကို ပြောပြလိုက်သည်။

"ဟင်. . ဟုတ်လား၊ သားက မေမေတို့ကို ပြောမှမ
ပြောပြပဲ၊ ဒါဆိုရင် သားကို လိုက်ပြီးလုပ်ကြံနေကြတာ အ
ကြောင်းမဲ့ မဟုတ်နိုင်တော့ဘူး၊ အကြောင်းတစ်ခုခုကတော့
ရှိနေပြီ၊ ဒီမှာ. . ကို၊ သားကို စပြီးတွေ့ခဲ့စဉ်က ကို့အနားမှာ
ဘယ်သူတွေရှိကြသေးလဲ"

မင်းရဲစည်သူကို မြေအိုးထဲမှ စပြီးတွေ့ခဲ့စဉ်က အခြေ
အနေကို ဒေါ်မြတ်သီက မေးလိုက်ခြင်းပင်ဖြစ်သည်။ ဦးနန်း
ကိုလည်း သဘောပေါက်သည်။

"သားကို အိုးထဲက ထုတ်ယူလိုက်ချိန်မှာ သူဟာ
အိပ်မောကျနေတုန်းပဲ၊ အဲဒီအချိန်မှာ ကိုယ့်ရဲ့ အနားမှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာဖြူကပြားရစ်ချတ်ဆိုတဲ့ လူတစ်ယောက်ရှိနေခဲ့တယ် . . သိ
ရစ်ချတ်ကပါ သားကိုဝိုင်းကူပြီးချီတယ်၊ ပြီးတော့ အိုးထဲမှာပါ
လာတဲ့ ပစ္စည်းတွေကို သူကိုယ်တိုင်ထုတ်ယူပေးတယ်"

ဦးနန်းကိုက လွန်ခဲ့သော အနှစ်နှစ်ဆယ်က အဖြစ်
အပျက်များကို မှတ်မိခဲ့သည့်အတိုင်း ပြန်ပြီးတော့ပြောပြလေ
သည်။

➤➤➤➤➤

ဦးနန်းကိုလည်း မြေအိုးထဲမှာထည့်ထားသော သား
ငယ်ကို သူ့လူတွေအများရှေ့မှာ ထုတ်ယူလိုက်သည်။

"ဟာ . . မစ္စတာနန်းကို၊ ဒီကလေးကို ဘယ်ကရလာ
တာလဲဗျ"

ဘူမိအဖွဲ့၏ ဒုတိယခေါင်းဆောင်ဖြစ်သော ရစ်ချတ်
ကမေးလိုက်ရာ . . .။

"ကျုပ်ပြီးတော့မှပြောမယ်၊ အပြင်မှာ သိပ်ပြီးအေး
တယ်၊ ကလေးက ဒဏ်ခံနိုင်မှာမဟုတ်ဘူး၊ ရွက်ဖျင်တဲထဲကို
ခေါ်သွားရမယ်"

ဦးနန်းကိုက ကတ္တီအာစဖြင့် ထုတ်ထားသောကလေး
ကို ရွက်ဖျင်တဲထဲသို့ ခေါ်သွားခဲ့သည်။ အားလုံးက အံ့အား
သင့်ပြီး ဦးနန်းကို၏နောက်က လိုက်သွားခဲ့ကြလေသည်။ ရစ်
ချတ်က အိုးကိုမယူလာခဲ့သည်။





"ဟာ . . အိုးထဲမှာ ပစ္စည်းတွေပါတယ်ဗျ"

ရစ်ချတ်သည် အိုးထဲမှ ပစ္စည်းများကို တစ်ခုစီထုတ်
ယူလိုက်သည်။ ပုရပိုဒ်၊ ရတနာများထည့်ထားသောဗူးနှင့်နေ
ကြာပုံသဏ္ဌာန်ရှိ အပြားဝိုင်းလေးတစ်ခု။ အားလုံးကို ...တင်
ခုံပေါ်မှာ တင်ထားလိုက်သည်။

"ဒီကလေးကို ရလာပုံကတော့ ဒီလိုဗျ"

အိပ်မက်ထဲမှာ ရှမ်းအမျိုးသားကြီးလိုလို လူကြီးတစ်
ဦးက သူ့ဆီကိုရောက်လာပြီး ကလေးရှိသည့်နေရာကို ညွှန်ပြ
ပေး၍ သွားယူရပုံကို အတိုချုံးရှင်းပြလိုက်သည်။

"ဦးနန်းကို၊ ဒါ . . ခင်ဗျားနဲ့ထိုက်လို့ရတာဗျ၊ ခင်ဗျား
တို့လင်မယားမှာလည်း ကလေးမရှိကြဘူးမဟုတ်လား၊ ရင်သွေး
လည်း လိုချင်နေကြတာဆိုတော့ ဟန်ကျသွားတာပေါ့ဗျာ"

ဦးနန်းကိုထက် ရာထူးတစ်ဆင့်ငယ်သော ဦးဖိုးမောင်
က ပြောလိုက်သည်။

"အေးဗျ၊ သီကလည်း ကလေးရူးရူးနေတယ်ဆိုတော့
ဒီကလေးကိုမြင်ရင် သိပ်ချစ်သွားမှာဗျ"

ရစ်ချတ်ကတော့ ကလေးကို သိပ်ပြီး စိတ်မဝင်စား။
ပုရပိုဒ်စာများ၊ ရတနာဗူးနှင့်နေစကြာပုံအပြားဝိုင်းကိုသာစိတ်
ဝင်စားလျက်ရှိသည်။

"ဒီပစ္စည်းတွေကို ကလေးအတွက် ထည့်ပေးလိုက်ကြ
တာဖြစ်မှာဗျ၊ ဒီပုရပိုဒ်ထပ်ကြီးကတော့ ကလေးနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဖြစ်အပျက်တွေကို ရေးထားတာပဲဖြစ်ရမယ်၊ ရတနာဗူး
ထဲမှာလည်း ရတနာတွေက အပြည့်ပဲ၊ ဒါလည်း ကလေးအ
တွက်ပဲ၊ ဒါပေမယ့် ဒီနေစကြာပုံအပြားဝိုင်းက ဘာအဓိပ္ပါယ်
လည်းမသိဘူး၊ အကြောင်းတော့ရှိရမယ်ဗျ"

ဦးနန်းကိုသည် ရစ်ချတ်က သိပ်ပြီးစပ်စုလွန်းနေသည်
ဟုထင်မိသည်။ သူ့အမူအရာကို မကြိုက်ပေ။ ဦးနန်းကိုက
ရစ်ချတ်ကို လှမ်းကြည့်လိုက်ရာ ထိုအကြည့်ကို ရစ်ချတ်လည်
သဘောပေါက်သွားခဲ့လေသည်။ နောက်ထပ် မည်သည့်စကာ
မှ မပြောတော့ပေ။

➤➤➤➤➤

ဦးနန်းကိုသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်က အဖြ
အပျက်တချို့ကို မှတ်မိသမျှ ပြန်ပြီးပြောပြလိုက်လေသည်
ဒေါ်မြတ်သီက. . .။

"အဲဒီရစ်ချတ်ဆိုတဲ့လူဟာ သာမန်စပ်စုတာမျိုးလည်
ဖြစ်ချင်ဖြစ်မှာပါ၊ ဒီလောက် နှစ်တွေကြာခဲ့ပြီးမှ ဒီလူဟာ သာ
ကိုရခဲ့တဲ့နေ့က အဖြစ်အပျက်မျိုးကို ပြန်ပြီးသတိရချင်ရတော
မှာပါ၊ ဒါပေမယ့် သားကို လူတစ်စုက လုပ်ကြံတယ်ဆိုတာ
တော့ ထူးဆန်းတယ်၊ အံ့အားသင့်စရာပဲ၊ ရစ်ချတ်ဆိုတဲ့လူ
ဘယ်လိုမှ ပတ်သက်စရာအကြောင်းမရှိဘူး"

"ကဲ. . သီ၊ ဦးနှောက်အခြောက်ခံပြီးတော့ စဉ်းစာ





နေပါနဲ့တော့၊ ဆက်စပ်မှုရှိရှိ၊ မရှိရှိ၊ တစ်ချိန်ချိန်မှာ အဖြေဆို
တာ ပေါ်လာဦးမှာပဲ၊ ခုလောလောဆယ်မှာတော့ သားရဲ့ ဆန္ဒ
အရ ခရီးထွက်ဖို့ စီစဉ်ရတော့မယ်"

ဒေါ်မြတ်သီသည် ရတနာဗူးလေးကိုယူလာပြီး မင်းရဲ
ည်သူကို ဖွင့်ပြလိုက်သည်။

"ဒီပစ္စည်းတွေဟာ သားနှင့်အတူ ပါလာခဲ့တာကွယ့်၊
သာဒီ နားဒောင်း၊ ဘယက်၊ ပတ္တမြားလည်ဆွဲ၊ လက်ကောက်
င့်လက်စွပ်တွေကတော့ သားရဲ့ မိခင်စောကလျာဦးရဲ့ လက်
တ်ရတနာတွေပဲဖြစ်ရမယ်၊ ရွှေဒင်္ဂါးတွေလည်း ပါလာတယ်
ွယ့်၊ မေမေတစ်ပြားတစ်ချပ်မှမသုံးပဲ အားလုံးကိုသိမ်းထား
ယ်၊ ဟောဒါကတော့ သားကိုထွေးပိုက်ထားခဲ့တဲ့ ကတ္တီပါ
ောင်"

"လက်ဝတ်ရတနာတွေကိုကြည့်ပြီး ရင်ထဲမှာ တစ်မျိုး
စ်မည် ခံစားလာခဲ့ရတယ်. . မေမေ၊ သားရဲ့ ဒုတိယမြောက်
ိပ်မက်ထဲမှာလည်း နန်းဝတ်နန်းစားနဲ့ သိပ်ပြီးချောတဲ့ အမျိုး
မီးတစ်ဦးက ကျောက်တောင်ကြီးတစ်တောင်ကို လက်ညှိုး
ိုးပြပြီး ဒီတောင်ဟာ သားနှင့်ပတ်သက်နေတယ်၊ တစ်ချိန်
သားဒီနေရာကို ရောက်လာရလိမ့်မယ်လို့ ပြောဖူးတယ်၊
င်းညီမင်းသားနဲ့ အမျိုးသားကလည်း ကျောက်တောင်ကြီးဟ
သားအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ထူးခြားဆန်ကြယ်မှုတွေ
တွေရမှာပါတဲ့၊ အဲဒီအမျိုးသမီးက သားကိုလည်းမှာမ်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ မေမေနဲ့ဖေဖေများဖြစ်နေမလား မသိဘူးနော်"

"ကဲပါ . . သားရယ်၊ သားရဲ့ မိဘတွေလို့ စိတ်ထဲ ထင်မိခဲ့ရင်လည်း အဝေးကနေ မေတ္တာပို့ပေးနေပေါ့ကွယ်၊ တို့အတွက်လည်းကောင်းတယ်၊ သားလည်း ကုသိုလ်ရပါတယ် လေ"

"မေမေတို့က အတ္တကိုချိုးနှိမ်ပြီး သားရဲ့ မိရင်းဖ ကို ပြောပြခဲ့တယ်၊ သားကို အပိုင်စီးလိုတဲ့စိတ်နဲ့ မကွယ် ခဲ့ဘူး၊ မေမေတို့က သားကိုမွေးစားခဲ့တယ်ပဲထား၊ သားလေ ကိုယ့်မိရင်းဖရင်းလိုပဲ သဘောထားနေဆဲပါ"

"ဝမ်းသာလိုက်တာ . . . သားရယ်၊ မေမေတို့က သားက ဒီမိဘတွေအပေါ်မှာ အချစ်ပေါ့သွားလိမ့်မယ်လို့ နေကြတာ"

"သိရယ် . . သားမှာ ဒီလိုစိတ်ထားမျိုး မရှိနိုင်ဘူး တာ ကိုယ်က ကြိုပြီးသိပြီးသားပါကွယ်"

ဦးနန်းကိုသည် မြေအိုးကြီးတစ်လုံးကို မယူလာ ပြောလိုက်လေသည်။

"ဒါ . . သားကိုထည့်ထားခဲ့တဲ့ မြေအိုးပေါ့၊ သားဒီ အိုးထဲကနေ လိုက်ပါလာခဲ့တာပေါ့"

ကြီးမားသော မြေအိုးကြီးတစ်လုံးပင်ဖြစ်သည်။ ရဲစည်သူသည် အိုးကို စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်သ အိုးထဲကိုလည်း လက်နှိုက်ကြည့်သည်။ အိုး၏အောက်ခြေ





ဟင်္သာပြဒါးရောင်ရှိနေသဖြင့် အိုး၏ဘောင်မှအရောင်နှင့်မတူပဲ တမူထူးခြားနေသည်။

"ဖေဖေ . . အိုးရဲ့ အောက်ခြေက ပိုပြီးတော့ နူးညံ့နေသလိုပဲနော်"

"ဟုတ်လား . . မှန်းစမ်း၊ ဘယ်လိုလုပ်ထားပါလိမ့်"

ဦးနန်းကိုက လက်နှင့်နှိုက်ကြည့်ရာ အောက်ခြေအေား ပတ်ပတ်လည်တွင် တစ်ခုခုကို ကပ်ထားသည်ဟုထင်ရသည်။ ထို့ကြောင့် တဖြည်းဖြည်းဆွဲခွာကြည့်ရာ အချပ်လိုက်ကွာထွက်လာခဲ့လေသည်။ လျှို့ဝှက်စွာကပ်ထားသော ကတ္တီပါအသားစတစ်ခုပင်တည်း။ အစတစ်ဖက်ကို လှန်ကြည့်လိုက်ရာ . .။

"ဘူတာဝါဟနယန္တယားခလုတ်များ၊ ထောင်ချောက်များတပ်ဆင်ထားသည့်နေရာများ၊ အန္တရာယ်လမ်းပြမြေပုံ"

"ဟင် . . ဒါကျောက်တောင်ကြီးထဲမှာရှိတဲ့ စက်ကြောမ အတတ်ပညာနဲ့ တပ်ဆင်ထားတဲ့ အန္တရာယ်ထောင်ချောက်တွေကိုပြထားတဲ့ မြေပုံအညွှန်းပဲ"

"ဟုတ်တယ် . . ဖေဖေ၊ သားတို့ ဒါတွေကို ကျေညက်အောင် ကြည့်ထားရမယ်၊ ဒါမှ တကယ်လို့ ကျောက်တောင်ဂူကြီးကိုတွေ့လို့ အထဲကိုဝင်တဲ့အခါမှာ သတိထားနိုင်တာပေါ့"

မြေပုံညွှန်းထဲမှာ ကျောက်တောင်ဂူကြီးထဲမှ အပြင် ဘက်ကို ပစ်ခတ်သည့် လက်နက် ထားသော နေရာများ၊ ခလုတ်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေလည်း ဒီအိုးထဲမှာ ဒီလျှို့ဝှက်မြေပုံတစ်ခုတ
ဆင်ထားလိမ့်မယ်လို့ မထင်ဘူး၊ ဒါအထိန်းတော်ကြီးခေမာ
အကြံအစည်ပဲဖြစ်ရမယ်"

"ဒါဆိုရင် ကိုတို့အဲဒီနေရာကို လျှို့ဝှက်ပြီးသွားကြ
ဖြစ်မယ်ထင်တယ်၊ ဘယ်သူ့ကိုမှ အသိပေးလို့မဖြစ်ဘူးနော်"

"ဟုတ်တယ် . . သီ၊ ကိုယ်တို့ကလည်း လျှို့ဝှက်ပြီး
တော့မှ သွားကြမှာပါပဲ၊ အကြံတူ ရန်သူရှိမရှိဆိုတာ သေသေ
ချာချာ လေ့လာရဦးမယ်လေ"

ဒေါ်မြတ်သီသည် မသိမသာသက်ပြင်းချမိလိုက်သေ
သည်။ သူမ၏ရင်ထဲက တစ်ကယ်ဆန္ဒကတော့ မသွားစေချင်

➢➢➢➢➢

"ဟင် . . နင်တကယ်ပဲ မိုးကုတ်ကို ပြောင်းတော့မ
လား . . စည်သူ"

"ဟုတ်တယ် . . ဇာလေး၊ ပြောင်းတာမဟုတ်ဘူး၊ ခ
သွားနေမှာပါ၊ မေမေက မိုးကုတ်သူဆိုတော့ သူ့အရပ်ဒေ
ကို သွားချင်တယ်လေ၊ မေမေ့မှာ မိဘတွေက ရှိသေးတ
မရောက်တာလည်း ကြာပြီမဟုတ်လား"

"ဩော် . . ဒီလိုလား၊ သိပါဘူးဟယ်၊ ငါက နင်တို့
ပြီးများ ပြောင်းသွားကြမလားလို့ ရင်ထဲမှာ ထိတ်သွားတာ

ဇာလီမှုံဝေသည် ရင်ပြင်ကို လက်ဝါးလေးနှစ်ဖ





ဖြင့် ဖိကပ်ကာ ပြောလိုက်လေသည်။ သက်ပြင်းလေးလည်း
မသိမသာချမိလိုက်သည်။

"နင် . . ဟိုမှာ တစ်လလောက်သွားနေမယ်ဆိုတော့
ငါ့ကို မေ့သွားမှာပဲနော်"

"မေ့နိုင်ပါ့မလား . . ဇာလေးရယ်၊ နင်က ငါ့အချစ်ဆုံး
သူငယ်ချင်းပဲဟာ၊ နင်ကသာ ငါ့ကိုမေ့မသွားပါနဲ့၊ ဟို . . ဘို
ကြက်ချေးမလေးတွေနဲ့ပေါင်းပြီး ပါတီပွဲတွေ လျှောက်လိုက်မ
နေနဲ့ဦးနော်"

"ငါ . . သူတို့နဲ့ပေါင်းတာက အပေါ်ယံကြောပါဟာ၊
မကောင်းတတ်လို့ပါ၊ နင့်ကိုလည်း ငါတစ်သက်လုံး မေ့မသွား
ဘူး"

ဇာလီမှုံဝေက မျက်ဝန်းလေးထောင့်ကပ်ပြီး ပြော
လိုက်သည်။ အကြည့်ချင်းဆုံသွားခဲ့လေသည်။

"ဩော် . . ဇာလေး၊ နင့်ကို ငါတစ်ခုမှာခဲ့ချင်တယ်"

"ဘာမှာချင်တာလဲ . . စည်သူ၊ ပြောလေ"

"ဩော် . . ငါတို့ မိုးကုတ်ကိုသွားရင် လူစိမ်းသူစိမ်း
တွေ လာမေးတဲ့အခါ မသိဘူးလို့သာ ပြောလိုက်နော်"

"ဘာဖြစ်လို့လဲ . . စည်သူ"

"အမှန်ကိုမပြောတာ အကောင်းဆုံးပေါ့ကွာ၊ ဟိုတစ်
ခါ ငါတို့ကို လူတစ်စုက ရန်ရှာခဲ့ဖူးကြတယ်မဟုတ်လား၊ အဲဒီ
တော့ ကြိုတင်ပြီး ရန်ကိုရှောင်တိမ်းတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူစိမ်းသူစိမ်းတွေ လာမေးရင် ငါမသိဘူးလို့ ပြော လိုက်မှာပေါ့ဟာ၊ နင်ပြောတာ ငါသဘောပေါက်ပါပြီ၊ ငါ့မိဘ တွေကိုလည်း ပြောထားလိုက်ပါ့မယ်"

ခွဲခွာရကာနီး သူငယ်ချင်းနှစ်ယောက်တို့သည် မင်း စည်သူ၏ ခြံကြီးထဲမှာ အေးဆေးစွာဖြင့် စကားပြောနေ လေသည်။

➤➤➤➤➤





"ရှစ်ချက်...ဒီခရီးကို ထွက်လာခဲ့တာ မင်းကြောင့်ပဲကွ၊ မင်းကိုအားထားပြီး ထွက်လာခဲ့ရတာရော၊ ငါ...အဲဒီ ကျောက်တောင်ဆီကိုရောက်ဖို့ ကြိုးစားခဲ့တာ နှစ်ခါရှိ ပြီ၊ မအောင်မြင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - (၁၅)

## အတိတ်သို့ခရီး

လူတစ်စုသည် မြောက်ဖျားဒေသဆီကို တရွေ့ရွေ့ ဖြင့် ခရီးနှင်လျက်ရှိသည်။ ရထားတစ်တန်၊ သင်္ဘောတစ်တန် ကားတစ်တန်ဖြင့် ခရီးအတန်တန် နှင်လာခဲ့ကြသည်။

လူတစ်စုဆိုသည်မှာ ဦးနန်းကို၊ မင်းရဲစည်သူနှင့်လမ်း ပြကြီးဦးဇော်မှိုင်းတို့ပင်ဖြစ်သည်။ ဦးဇော်မှိုင်းသည် ဦးနန်းကို ၏ သစ္စာရှိမိတ်ဆွေ မုဆိုးကြီးတစ်ဦးလည်းဖြစ်သည်။ ဦးနန်း ကို မြောက်ဖျားဒေသဘက်ကို တာဝန်ကျခဲ့စဉ်က ခင်မင်ရင်းနှီး ခဲ့သောသူပင်ဖြစ်သည်။

ယခု သူတို့ရောက်နေသော နေရာသည် မြစ်ကြီးနား





ခိုင်၏ မြောက်ဖက်အစွန်ဖြစ်သလို မြစ်ဆုံဟုခေါ်သော မေခ နှင့်မလိခမြစ်၊ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့၏ မြစ်ဖျားခံရာ ဒေသတွင်ဖြစ်သည်။

ရာသီဥတုကအေးသည်။ ရန်ကုန်နှင့်ဘာမှမဆိုင်။ ထို့ ကြောင့် ထူထဲသော အနွေးထည်များ၊ သားမွေးဦးထုပ်များကို ဆောင်းထားကြလေသည်။ ဦးဇော်မှိုင်းတစ်ယောက်သာလျှင် ဦးနန်းကိုတို့သားအဖလောက် မထူထဲသော အပေါ်ကိုဝတ် ဆင်ထားကြသည်။

ဦးဇော်မှိုင်းကို ထိုက်တန်သော ငွေကြေးများကိုပေး ကာ ကချင်ရွာလေးတစ်ရွာမှ ခေါ်လာခဲ့သည်။ ခရီးက ပြန် လာသည့်အခါ ထပ်မံပြီးချီးမြှင့်ဦးမည်ဖြစ်သည်။ သို့သော် ဦး ဇော်မှိုင်းသည် ငွေကြေးကို မက်မောဟန်မတူပေ။ ဦးနန်းကို နှင့်အတူလိုက်ပြီး ခရီးထွက်ရသည်ကိုပင် ပျော်နေဟန်တူ၏။ လမ်းပြခရရှိထားသော ငွေများကိုလည်း သူ၏ဇနီးမိသားစုအား ပေးပစ်ခဲ့လေသည်။

"သား . . ပင်ပန်းနေပြီလား၊ ခရီးဆက်နိုင်သေးလား"

"သားသွားလာလို့ ကောင်းပါတယ်ဖေဖေ၊ ဘာမှမဖြစ် ပါဘူး၊ ဖေဖေ့အတွက်သာ သားကစိုးရိမ်မိတာပါ"

"ဖေဖေက ဒီဘက်ကို ရောက်ဖူးပြီးသားပါ သားရယ်၊ ခရီးလမ်းအခြေအနေကိုလည်း သိထားတယ်လေ သား ခု ဒီခရီးမျိုးကို ဒီတစ်ခါပဲ ထွက်ဖူးသေးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သားက ကျန်းမာရေးလေ့ကျင့်ခန်းတွေ ယူထားတဲ့အတွက် ဒီခရီးကို ကောင်းကောင်းသွားနိုင်ပါတယ် ဖေဖေရဲ့"

"ဦးနန်းကိုရဲ့ သားက စိုးရိမ်စရာ မလိုလောက်အောင် ကျန်းမာရေးပြည့်စုံပြီးသားပါဗျာ၊ လူကလည်း လူချော၊ ကာယဗလကလည်း တောင့်တောင့်တင်းတင်းဆိုတော့ ဒီခရီးကို ခံနိုင်ရည်ရှိလိမ့်မယ်လို့ ကျုပ်ယုံကြည်ပြီးသားပါဗျာ"

ဦးဇော်မှိုင်းက ပြောလိုက်လေသည်။

တစ်နေရာသို့ ရောက်ကြသောအခါ မြေပုံညွှန်အား ကြည့်ကြပြန်သည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ဆီက မြေပုံဖြစ်သော်လည်း စကေးအကွာအဝေးကအစ တိကျစွာ ဆွဲထားသော မြေပုံဖြစ်သည်။ ခေတ်မီသော အသုံးအနှုန်းများကို သုံးထားသည်။

တချို့နေရာများတွင် တောင်၊ ရေအိုင်၊ စသည်တို့ကို အင်္ဂလိပ်စာလုံးများဖြင့် ညှပ်ပြီးသုံးထားလေကာ ဤမြေပုံရေး ဆွဲသူသည် ခေတ်ပညာကိုလည်း ကောင်းစွာတတ်မြောက်ထား သူဖြစ်ပါပေမည်။

မင်းရဲကျော်သည်လည်းကောင်း၊ အထိန်းတော်ကြီး ခေမာသည်လည်းကောင်း၊ တစ်ဦးဦးဖြစ်နိုင်သည်။ နှစ်ယောက် ပူးပေါင်းပြီး ရေးဆွဲသည့်မြေပုံလည်းဖြစ်နိုင်သည်။

"ဦးနန်းကို. . ဒီမြေပုံညွှန်းအရ ဆိုရင်တော့ ခရီးက အနောက်မြောက်ဘက်ကို ဦးလှည့်သွားတယ်၊ ကျုပ်တို့ ဒီနေ





ရာကနေပြီး ခရီးလမ်းကြောင်းပြောင်းမှဖြစ်မယ်"

"ဟုတ်တယ်. . ဦးဇော်မှိုင်း၊ ကျွန်တော်လည်း သဘောပေါက်တယ်၊ ဒါဆို ကျွန်တော်တို့ ဖောင်တစ်ခုဖွဲ့မှ ဖြစ်တော့မယ်"

ခဏနားကာ စားသောက်ကြပြီး တောထဲမှ ဝါးပင်များကို ခုတ်ကြသည်။

"သား. . မလုပ်နဲ့၊ လားကိုသွားစောင့်နေ၊ တော်ကြာ ကြိုးပြတ်ပြီး ထွက်ပြေးသွားဦးမယ်"

"လားကို သစ်ပင်မှာ ကြိုးနဲ့သေသေချာချာ ချည်ထားပြီးသားပါ. . ဖေဖေရဲ့၊ သားလည်း ဖေဖေတို့၊ ဦးရိုးတို့နှင့်အတူ ဝိုင်းပြီးလုပ်မှာပေါ့"

"ဦးရိုးတို့ တတ်နိုင်ပါတယ်ကွယ်၊ ငါ့တူကသာ အတွေ့အကြုံနည်းသေးလို့ သိပ်ပြီးပင်ပန်းနေပါဦးမယ်"

"ရပါတယ်. . ဦးရိုးရာ၊ ကျွန်တော်က လူငယ်တစ်ဦးပါ"

မင်းရဲစည်သူသည် အားလုံးဝိုင်းပြီး တားမြစ်နေသည့်အထဲက ဝါးပင်များကိုခုတ်သည်။ အကိုင်းများကို ချိုင်သည်။ ဒီကလေးသည် အကြမ်းရောအနုပါရသည်။ သူများလုပ်ကိုင်သည်ကို အမြင်နှင့်ပင် တတ်မြောက်သောသူဖြစ်သည်။ ဉာဏ်ကောင်းသူဖြစ်သည်။

ရောက်သည့်နေရာမှာ အခြေအနေအရ တစ်ညနား



www.burmeseclassic.com

www.burmeseclassic.com

ခိုကြရသည်။ ရွက်ဖျင်တဲကြီးတစ်ခုတည်းမှာပင် သုံးယောက်စုပြီး အိပ်ကြရသည်။ ညဘက် တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကြသည်။ မီးပုံကြီးတစ်ပုံကို ဖိုထားရသည်။ ကင်းစောင့်သည် ဆိုရာ၌လည်း တဲထဲမှနေ၍ အမဲလိုက်သေနတ်ကို ပေါင်ပေါ်သို့တင်ကာ တဲအစပ်မှာ ထိုင်၍စောင့်ခြင်းပင်ဖြစ်သည်။ ည၏ အအေးဓာတ်သည် ပို၍သိပ်သည်းလာခဲ့ချေပြီတကား။

တစ်ညလုံး အနှောင့်အယှက်ကင်းကင်းနဲ့ အနားယူခဲ့ပြီးသည့်နောက် မနက်မိုးလင်းသည်နှင့် ဗိုက်ထဲသို့ ကော်ဖီမှုန့်များဖြည့်ကာ အာဟာရမှီဝဲကြရသည်။ ထိုနောက် တောင့်တင်းသော ဝါးဖောင်ကြီးပေါ်ကို လားတစ်ကောင်နှင့်ဝန်စည်စလည်ပစ္စည်းအိပ်များကို တင်ဆောင်ကြသည်။

ထိုခဏအကြာမှာပင် အနောက်မြောက်ဘက်ခရီးကို ဖောင်နှင့်ထွက်လာခဲ့ကြလေသည်။ နောက်ပိုင်းတွင် သူတို့မသိကြသေးသော အခက်ကြောင်းတစ်စုံတစ်ခုကား. . .။

➤➤➤➤➤

ခရီးတစ်နေရာတွင် မင်းရဲစည်သူတို့လိုပဲ တောင်တက်တောင်ဆင်း တလှုပ်လှုပ်ဖြင့် ခရီးသွားနေကြသူတစ်စု။

ရှေ့ဆုံးမှလူသည် ထမ်းစင်ဖြင့်သွားနေသည်။ တိုင်းရင်းသားလေးယောက်က ထမ်းစင်ကို ရှေ့နောက်နှစ်ယောက်စီ ထမ်းသွားခဲ့ကြသည်။ ထိုသူကား လူကြီးတစ်ယောက်အသွင်





ရောက်နေပြီဖြစ်သော ကာနယ်စလေဒင်ပင်ဖြစ်သည်။ သူ၏ခြေထောက်တစ်ဖက်သည် ဒူးဆစ်အောက်ကပြတ်နေသည်။ ခြေတုတပ်ထားရသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ကျောင်းဖြူကြီးတစ်ကောင် အကိုက်ခံရ၍ဖြစ်သည်။

ယခုအခါ သူသည် ဒုက္ခိတဘဝကို ရောက်နေပြီဖြစ်သည်။ မျက်နှာဖြူစစ်တပ်မှလည်း အနားယူခွင့်ပေးလိုက်လေပြီ။

သို့သော် စလေဒင်သည် မင်းရဲကျော်တို့ကို ယခုထက်တိုင် အခဲမကျေဖြစ်နေသည်။ ယင်းတို့နောက်ကိုလိုက်ရင်းမှ ယခုလိုဖြစ်ခဲ့ရသည်မဟုတ်ပါလား။ စလေဒင်သည် မင်းရဲကျော်ကို ဖမ်းမိဖို့ထက် အတူပါသွားသော ရတနာများကို ပိုပြီးတောင့်တဝင်စားနေသည်။ လောဘရမ္မက်တက်ကာ လိုချင်မက်မောနေဆဲ။

စလေဒင်သည် ဗလကို သေနတ်ဖြင့် ပစ်လိုက်စဉ်က ဗလကိုယ်ထဲမှ ထွက်ကျလာသော မြေပုံညွှန်းနှင့်နေစကြာပုံအပြားဝိုင်းကို ရထားသည်။ မြေပုံညွှန်းကြောင့် မင်းရဲကျော်တို့ရှိသော တောင်ညီနောင်ကို သိသွားခဲ့လေသည်။

ဒဏ်ရာရအပြီး နှစ်နှစ်အကြာတွင် မြေပုံညွှန်းအရ သူစုပြီး တောင်ညီနောင်ရှိရာသို့ ခရီးထွက်ကြပါသေးသည်။ လိုက်ကြသေးသည်။

သို့သော် မြေပုံညွှန်းအရ သွားကြပေမယ့်လည်း လမ်း


www.burmeseclassic.com

www.burmeseclassic.com

တွေမှားပြီး သားစားတောကောင်များ၏ အန္တရာယ်တွေနဲ့ ကြုံ
တွေ့ကြရကာ လမ်းတစ်ဝက်မှာတင် လှည့်ပြီးပြန်ခဲ့ကြရသည်
ယခုခရီးသည် ရစ်ချတ်ကို အကြောင်းပြုပြီး ထွက်လာသော
ခရီးပင်ဖြစ်သည်။ ရစ်ချတ်သည် စလေဒင်၏တူဖြစ်သည်။

(ရစ်ချတ်သည် ဦးနန်းကိုတို့ ဘူမိဗေဒသမားများထဲမှ
ဒုတိယခေါင်းဆောင်ဖြစ်ခဲ့ဖူးသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်
ဆယ်က ကလေးငယ်ကို ဦးနန်းကိုက အိုးထဲမှ ကောက်ရခဲ့
သည်။ ရစ်ချတ်လည်း ဦးနန်းကိုနှင့်အတူ ရှိခဲ့ဖူးသည်။ အိုးထဲ
မှာပါလာသော ပုရပိုဒ်စာများ၊ ရတနာဗူးနှင့်နေစကြာပုံအပြာ
ဝိုင်းလေး ပါရှိခဲ့သည်ကို ရစ်ချတ်က သိရှိခဲ့လေသည်။)

လမ်းခရီးတွင် စလေဒင်နှင့်ရစ်ချတ်တို့ ပြောဆိုနေကြ
သည့် စကားတွေက ဤသို့ဖြစ်သည်။

"ရစ်ချတ် . . ဒီခရီးကို ထွက်လာခဲ့ရတာ မင်းကြောင့်
ပဲကွ၊ မင်းကို အားထားပြီး ထွက်လာခဲ့ကြရတာနော၊ ငါအဲဒီ
ကျောက်တောင်ဆီကိုရောက်ဖို့ ကြိုးစားခဲ့တာ နှစ်ခါရှိပြီ၊ မ
အောင်မြင်ခဲ့ဘူး"

"ဒီတစ်ခါတော့ အောင်မြင်ရမှာပါအန်ကယ်၊ ရစ်ချတ်
ပဲဟာ တခြားသူမှတ်လို့၊ ဟဲ . . ဟဲ"

"မင်းက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကသာ ဒီ
အဖြစ်အပျက်တွေကို ငါ့ကိုသာပြောပြခဲ့ရင် ပွဲကပြီးပြီ၊ ခုမှသိ
ရတာ နာသကွာ၊ ငါခြေတစ်ဖက်ပြတ်ခဲ့တာ အရင်ရော၊ အတိုး





ပါ ပြန်ပြီးတော့ယူရမယ်ကွ၊ ဒါနဲ့ မင်းပြောခဲ့တဲ့အကြောင်းအ
ရာတွေဟာ ခိုင်လုံပါတယ်နော်"

"ဪ . . အန်ကယ်ကလည်း ကျွန်တော့်ရှေ့မှာဖြစ်
ပျက်ခဲ့တဲ့ ကိစ္စတွေပါ၊ ဦးနန်းကိုဟာ ဒီကလေးကို အိုးထဲကရ
ခဲ့တာ အိုးထဲမှာပါလာတဲ့ ပစ္စည်းတွေအကြောင်းကိုလည်း အန်
ကယ့်ကို ပြောပြခဲ့ပြီပဲ"

"အေး . . ဒီကလေးကို ပထမတော့ ငါလည်းသံသယ
မဝင်မိဘူးကွ၊ နေစကြာပုံပါတဲ့ အပြာဝိုင်းလေးကြောင့်သာ
တွေးစရာတွေဖြစ်သွားခဲ့တာ၊ ငါ့ဆီမှာလည်း ဒီပစ္စည်းက တစ်ခု
ရှိနေတာကိုး၊ မဟုတ်မှလွဲရော ဒီကလေးဟာ မင်းရဲကျော်တို့
နဲ့ပတ်သက်တဲ့ ကလေးပဲဖြစ်ရမယ်၊ ကျောက်တောင်ကြီးထဲမှာ
ရတနာတွေ အများကြီးရှိတယ်ကွ၊ ဒီရတနာတွေဟာ ကလေး
နှင့်ပတ်သက်နေတယ်၊ ဒီကလေးကို ငါအပြတ်ရှင်းခိုင်းတာ မင်း
တို့က အောင်မြင်အောင် မလုပ်နိုင်ခဲ့ကြဘူး၊ ဒီကောင်လေးက
တစ်နေ့နေ့ကျရင် အဲဒီနေရာကို အရောက်သွားနိုင်တယ်ကွ၊
ရတနာတွေကို သူရသွားမှာ"

"ဟုတ်တယ် . . အန်ကယ်၊ ကျွန်တော်လည်း ဦးနန်း
ကိုတို့ရဲ့ သားဖြစ်နေလို့ ကိုယ်တိုင်လုပ်ကြဲလို့မဖြစ်ဘူးလေ၊ ငွေ
ပေးပြီးခိုင်းတာ မအောင်မြင်ခဲ့ဘူး၊ ဒီကောင်လေးဘက်က ဝင်
ပြီးကူညီတဲ့ လူကြီးတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်
ကြောင့် အားလုံးတလွဲတချော်တွေ ဖြစ်ကုန်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူနှစ်ယောက်ကိုပါ အပြတ်ရှင်းပစ်လိုက်ကြပ
လား၊ မင်းကောင်တွေက ခပ်တုံးတုံးတွေပဲ၊ မြို့ လယ်ခေါင်မှာ
လည်း မိကျောင်းမြင်လို့မြင်နဲ့၊ ဂန်ကျာ(ဆေးခြောက်)သမားတွေ
မူးရူးပြီးလျှောက်လုပ်တော့ ကင်းလိပ်ရှောကိုတောင် မိကျောင်
လို့ထင်ကြမှာ"

"သူတို့ကို ကျွန်တော်မသုံးတော့ပါဘူး၊ အရေးကြီးတာ
က ကျောက်တောင်ထဲက ရတနာပစ္စည်းတွေကို ကျွန်တော်ထ
အရင် လက်ဦးအောင် ရသွားဖို့ပဲ၊ နောက်တစ်ခုက ဒီကျောက်
တောင်ထဲက ရတနာပစ္စည်းတွေကို သူတို့က စိတ်ဝင်စားမှာ
မဟုတ်ကြပါဘူး"

"မင်းက ဘာကြောင့်ဒီလောက်ပြောနိုင်ရတာလဲ"

"ဦးနန်းကိုရဲ့ ဇနီးက ချမ်းသာတယ်လေ၊ မိုးကုတ်အ
ဆက်တွေပဲ၊ နောင်ဆယ်သက်တောင် သုံးမကုန်ဘူးလို့ ပြော
တယ်၊ ဦးနန်းကိုက ဝါသနာအရသာ လခစားအလုပ်ကို ဆက်
လုပ်နေတာ"

"အေး. . မင်းပြောတာလည်း သဘာဝကျတယ်၊ ဒါ
နောက်ကြောင်းလည်း အေးရတာပေါ့ကွာ၊ အေး. . တစ်ခု
တယ်၊ မင်း. . ဟိုကောင်လေးကို လိုက်ပြီးဖျောင်တာကို တ
ယောက်ယောက်များ ရိပ်မိသွားခဲ့ရင် ငါတို့အပေါ်မှာ ပြဿနာ
ကောင်းကောင်း တက်လာနိုင်တယ်ကွ"

"ဘယ်သူမှ မသိနိုင်ပါဘူး. . အန်ကယ်၊ အငြိုးတစ်





ခုကြောင့် ဝင်ပြီးရန်ရှာကြတယ်လို့ ထင်ကြမှာပါ၊ ဒါတော့မပူ
ပါနဲ့"

"မင်းအလုပ်ကထွက်ပြီး ငါနဲ့လာပူးပေါင်းတာကောင်း
တယ်၊ စောစောကတည်းက ငါ့ဆီကိုလာဖို့ကောင်းတာ"

"ဒီကိစ္စတွေကို ကျွန်တော်မှမသိတာ၊ အန်ကယ်က စ
ကားစပ်မိလို့ပြောရင်း သိရတာပဲမဟုတ်လား၊ ဒါပေမယ့် အ
ချိန်ကတော့ မနှောင်းသေးပါဘူး. . အန်ကယ်"

"အေး. . ကောင်းတယ်၊ ကောင်းတယ်၊ ငါတို့ ဒီခရီး
ဟာ အထူးလျှို့ဝှက်ခရီးကွ၊ ခုလိုထွက်လာတာလည်း ဘယ်သူ
မှမရိပ်မိကြဘူးမဟုတ်လား၊ အဲဒါအကောင်းဆုံးပဲကွ"

စလေဒင်သည် သူ့တွက်ကိန်းနှင့်သူ ကျေနပ်နေသည်။
ယခု သူခေါ်လာသော လမ်းပြသည် မောင်ပြောက်ပင်ဖြစ်၏။
လွန်ခဲ့သော အနှစ်နှစ်ဆယ်ကတည်းက စလေဒင်သုံးခဲ့သော
မောင်ပြောက်သည် ယခု လူကြီးပိုင်းသို့ ရောက်နေလေပြီ။ စ
လေဒင်သည် ရှေ့မှသွားနေသော မောင်ပြောက်ကို ထမ်းစင်
ပေါ်မှနေ၍. . .။

"မောင်ပြောက်. . ဒီတစ်ခါ အမှားအယွင်းမရှိစေနဲ့ကွ၊
မင်းက လမ်းကျွမ်းပြီး တကယ့်အရေးကျရင် လမ်းကပျောက်
ပျောက်နေတယ်၊ ငါတို့ပစ္စည်းမရပဲ မပြန်ဘူးကွ"

"စိတ်ချပါ. . သခင်ကြီး၊ ဒီတစ်ခါတော့ ကျွန်တော်မျိုး
ဘာဝန်ကျေနိုင်အောင် ကြိုးစားပါ့မယ်၊ သခင်ကြီးရဲ့ဆန္ဒပြည့်ဝ



www.burmeseclassic.com

www.burmeseclassic.com



ရပါစေ့မယ်"

မောင်ပြောက်ကလည်း သခင်အားရကျွန်စာဝဆို

လို ကတိပေးလိုက်သည်။ သစ္စာဖောက် လောက်ကောင်မျာ

သည် ကျွန်သက်ကိုရှည်အောင် လုပ်နေကြသလိုပင်တည်





"သခင်ကြီး…သားကောင်ကျားဆိုရင် လားတွေ၊ ဆင်တွေ လန့်ကျကြလိမ့်မယ်၊ ခုတော့ သူတို့က ဘာမှမဖြစ်ကြဘူး၊ ကျွန်တော်ထင်တာတော့ ကျားမဟုတ်ပဲ လူဖြစ်နေမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၁၆)

## ထူးဆန်းသော ခြေသံ

မင်းရဲစည်သူတို့စီးကာ လိုက်ပါလာခဲ့သော ဖောင်ကြီး သည် ရေအတန်အသင့်စီးဆင်းလျက်ရှိသော လက်ဝဲဘက် ချောင်းရိုးတစ်ခုထဲသို့ ထိုးဆင်းသွားခဲ့သည်။

"ဦးနန်းကို. . ကျုပ်လမ်းပြလုပ်လာတာကြာပြီ၊ မြောက် ပိုင်းဒေသအနှံ့ ရောက်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဒီနေရာကစပြီး ကျုပ်ဟိုဘက်ကို မရောက်ဖူးသေးတာတော့ ဝန်ခံတယ်၊ ဒေသ သစ်လိုဖြစ်နေတယ်"

"ကိစ္စမရှိပါဘူး. . ဦးဇော်မှိုင်း၊ ကျွန်တော်တို့က မြေပုံ ညွှန်းနဲ့ သွားနေတာပဲဗျာ၊ မရောက်ဖူးတဲ့ဒေသလည်း ဖောက်



ပြီးတော့ ဝင်ရမှာပဲမဟုတ်လား"

"ဟုတ်တယ်၊ အတွေ့အကြုံအသစ်ရတာပေါ့ဗျ။ ရှေ့ မှာ ဘာဖြစ်မလဲဆိုတာ တွေးမနေပဲ၊ အခြေအနေကို ရင်ဆိုင် ရမှာပဲမဟုတ်လား"

ဦးနန်းကိုက ထိုးဝါးကိုထိုးရင်း ပြောလိုက်သည်။ မင်း ရဲစည်သူကလည်း ထိုးဝါးတစ်ချောင်းနဲ့ အလုပ်ရှုပ်ရင်း တည် ငြိမ်စွာ လိုက်ပါလာခဲ့သည်။ လမ်းခရီးကို ဆိုးသည်၊ ကောင်း သည် ဝေဖန်ခြင်းမပြုပေ။ တကယ်တော့ ဤခရီးကို သူစိတ် ဝင်စားစွာဖြင့် လိုက်ပါခဲ့ခြင်းဖြစ်သည်။ တကယ်လည်း တက် ကြွလျက်ရှိသည်။

အအေးဓာတ်က ပိုပြီးတော့ စိမ့်ဝင်လာခဲ့သည်။ ဘေး ဘီဝဲယာမှာ သစ်ပင်များထူထပ်သော တောင်ကုန်း၊ တောင်ဂ မှများက ဝန်းရံလျက်ရှိကြ၏။ တောင်တန်းကြီးများနှင့်တောင် ကြောတစ်လျှောက်လုံးမှာ ဆီးနှင်းများ၊ နဂါးငွေ့များက ဝေ့ရစ် ကာ သိုင်းခြုံလျက်ရှိသည်။ လူသူအရောက်အပေါက်နည်းလှ သော ထူးခြားနယ်မြေတစ်ခုဖြစ်နေသည်ကို ဦးနန်းကိုရော၊ ဦး ဇော်မှိုင်းပါ ကောင်းစွာ သတိပြုမိလာခဲ့သည်။

သူတို့၏ဖောင်ကြီးသည် ရေစီးတလျှောက် ရွှေ့လျား သွားနေရာက ရှေ့မှာဝဲယာလမ်းနှစ်သွယ်ကို တွေ့လိုက်ရသည်။ မြေပုံညွှန်းထဲမှာ လမ်းတစ်သွယ်ပဲ ဖော်ပြထားသည်။ ယခုနေ တော့ လမ်းက လေးခွသဏ္ဍာန် နှစ်ခွဖြစ်နေသည်။ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကို လိုက်ရမှန်းမသိပေ။

"ခက်ပြီ. . ဦးဇော်မှိုင်းရေ၊ ဒီနေရာမှာ လမ်းနှစ်ခွဖြ
နေတယ်၊ ဘယ်လမ်းကို လိုက်ရမှန်းမသိဘူး"

"ဟုတ်တယ်၊ လမ်းမှားသွားရင် ကိုယ်ဦးတည်ပြီးသွ
ရမယ့်နေရာလည်း လွဲသွားနိုင်တယ်"

ဦးဇော်မှိုင်းလည်း ကြံရာမရဖြစ်သွားသည်။

"ဖေဖေ. . ဖောင်ကို ရေလယ်မှာတန့်ထားပြီး တစ်
ကို ဆုံးဖြတ်မလား၊ အချိန်က သိပ်မရှိတော့ဘူး"

မင်းရဲစည်သူက ပြောလိုက်သည်။

"အေးကွယ်၊ အဲသလိုပဲလုပ်ရင် ကောင်းလိမ့်မယ်
တယ်"

ဦးနန်းကို၏စကား ထပ်ဆက်ဖြစ်တော့။ အကြော
မှာ ဖောင်နှင့်ပေနှစ်ဆယ်ခန့်အကွာမှာ ရေပြင်ထက်တွင် ဖြ
မားသော ရေဃက်ကြီးတစ်ခု ဖြစ်ပေါ်လာသောကြောင့်
တည်း။

ဝုန်း!

ဟာ!

ဟာ!

ဦးနန်းကိုရော၊ ဦးဇော်မှိုင်းရော သူတို့၏ နှုတ်ဖျား
အာမေဋိတ်သံ အသီးသီးထွက်ပေါ်လာခဲ့ကြသည်။ မင်းရဲ
သူကတော့ ရေပြင်ကို စိတ်ပါဝင်စားစွာဖြင့် ကြည့်နေဆဲ





မိကျောင်းဖြူကြီးတစ်ကောင်က ရေအောက်မှ ဘွားကနဲဆိုပေါ်
လာခဲ့လေသည်။ လွန်စွာမှကြီးမားသော မိကျောင်းဖြူကြီးတစ်
ကောင်ပင်ဖြစ်သည်။

မင်းရဲစည်သူ၏ ဦးနှောက်ထဲကို ချက်ချင်းဝင်လာခဲ့
သည်က ဤမိကျောင်းဖြူကြီးကို သူမြင်ဖူးခဲ့သည်။ အိပ်မက်
ထဲမှာ ကောင်းစွာမြင်ဖူးခဲ့ခြင်းပင်တည်း။ မိကျောင်းဖြူကြီးက
သူတို့ကို အန္တရာယ်မပြုပဲ လမ်းနှစ်သွယ်ရှိသည့်အနက် လက်
ယာဘက်လမ်းဆီကို အေးဆေးစွာပင် ကူးသွားခဲ့လေသည်။

"မိကျောင်းဖြူကြီးကို ရှားရှားပါးပါးမြင်လိုက်ရတယ်၊
ည်းတဲ့ကောင်ကြီး မဟုတ်ပါလားဗျာ"

"ဟုတ်တယ်. . ဦးနန်းကို၊ ကျုပ်တသက်မှာ မိကျောင်း
ဖြူဆိုတာကို ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ ထူးဆန်းလိုက်တာ
ဗျာ"

ဦးဇော်မှိုင်းကလည်း အံ့အားသင့်သော မျက်လုံးများ
ဖြင့် မလှုပ်မယှက်ပင် ကြည့်နေမိသည်။

"ဖေဖေ. . ကျွန်တော်တို့ လမ်းရွေးရခက်နေတယ် မ
ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် မိကျောင်းဖြူကြီးရဲ့ နောက်ကို လိုက်
သွားကြရင်ကောင်းမယ်၊ သူက အန္တရာယ်ပြုမှာမဟုတ်ပါဘူး"

မင်းရဲစည်သူပြောသည်ကို ဦးနန်းကိုလည်း သဘော
ပေါက်သွားသည်။

"ဟုတ်တယ်၊ ဒီမိကျောင်းဖြူကြီးရဲ့ နောက်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြတာပဲကောင်းပါတယ်၊ ကံတရားပေါ့ဗျာ"

"ကျုပ်လည်း လက်ခံတယ်"

ဦးဇော်မှိုင်းကပါ သဘောတူသည်။ ထို့ကြောင့် ထိုးဝါး
အသီးသီးဖြင့် ထောက်ကာကန်ကာ ဖောင်လမ်းကြောင်းအား
ညာဘက်သို့ လွှဲပစ်လိုက်သည်။ ရေစီးအားကလည်း ပိုပြီးတော
ကောင်းနေသည်။ ဖောင်သည် စွတ်ကနဲဆို ညာဘက်လမ်
ကြောင်းထဲသို့ တမဟုတ်ချင်း ဝင်သွားခဲ့လေသည်။

သို့သော် စောစောတုန်းက သူတို့မြင်လိုက်ရသည့် မိ
ကျောင်းဖြူကြီးကိုတော့ မတွေ့လိုက်ရတော့ပါ။ ရေအောက်
ပဲ ပြန်ပြီးငုပ်လျှိုးသွားခဲ့လေသလားမသိပါ။ ပျောက်ကွယ်သွာ
ခဲ့လေပြီတည်း။

"ဟင်. . စောစောက မိကျောင်းဖြူကြီး မရှိတော့ပါ
လား၊ ဘယ်ရောက်သွားပါလိမ့်"

ဦးဇော်မှိုင်းသည် မိကျောင်းဖြူကြီးကို ဘေးဘီဝဲယာ
လိုက်ပြီးတော့ ကြည့်နေသေးသည်။ ဖောင်နောက်၊ ဖောင်ဘေ
မှ လိုက်ပါလာလေမလားဟု အစအန၊ အရိပ်အယောင်ကိုမှ
မတွေ့ရတော့ပါ။

"ကျွန်တော်တို့သုံးယောက်စလုံး မြင်လိုက်ရတာပဲ၊ အ
လိုနေရာမျိုးမှာ မိကျောင်းရှိတယ်ဆိုတာကတော့ အံ့ဩစရာ
ပဲဗျာ"

အံ့အားတသင့်ဖြင့် ပြောလိုက်သည်။ သူတို့မျက်စိမှာ



င်း မဟုတ်သည်ကတော့ သေချာသည်။ ဦးဇော်မှိုင်းသည်
ဤခရီးကို လိုက်ပါလာခဲ့သော်လည်း ဦးနန်းကိုက အဖြစ်အ
ပျက်အလုံးစုံကို ပြောထားခြင်းမရှိသေးပါ။ လျှို့ဝှက်ကိစ္စတစ်
ခုဟုသာ သိထားခဲ့သည်။ သစ္စာရှိသော ဦးဇော်မှိုင်းကလည်း
ရီးထွက်နေလျှင် ကျေနပ်နေသူဖြစ်သည်။ သူလည်းမမေးပါ။
ဖောင်သည် ရေစီးအားကောင်းစွာဖြင့်သွားနေသည်။

သို့ရှိစဉ် သူတို့၏နောက်မှ မျက်နှာဖြူစလေဒင်တို့လိုက်
ပါလာခဲ့ကြသည်ကိုလည်း မင်းရဲစည်သူတို့မသိပါ။ စလေဒင်
တို့ လမ်းခရီးတွင် ကြုံတွေ့ခဲ့ရသည့် အခြေအနေကား. . .။

➤➤➤➤➤

စလေဒင်တို့အဖွဲ့သည် လမ်းပြမောင်ပြောက်အပါအ
ဝင် အားလုံးဆယ့်ခြောက်ယောက်ဖြစ်၏။ ရေတစ်တန်၊ ကုန်း
တစ်တန်ဖြင့် ခရီးပြင်းကို နှင်လာခဲ့သည်။ ဆင်သုံးကောင်၊ လား
ခြောက်ကောင်နှင့်သူမွေးထားသော လက်နက်ကိုင်တပည့်များ၊
ဗပြားများ၊ မျက်နှာဖြူများပါလာကြသည်။ ဝန်စည်စသည်များ
ကို ဆင်များ၊လားများပေါ်မှာ တင်ဆောင်လာခဲ့ကြသည်။

လမ်းပြမောင်ပြောက်သည် ဤခရီးကို မလိုက်လိုသော်
လည်း စလေဒင်က မရမကခေါ်လာခဲ့သည်။ စလေဒင်က ဆင်
ပေါ်တစ်လှည့်၊ ထမ်းစင်ပေါ်တစ်လှည့် လိုက်လာခဲ့သည်။ အမ
ဲလိုက်သေနတ်ကြီးကိုလည်း ပေါင်ပေါ်မှာ အမြဲတင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com





စလေဒင်၏ လက်ထဲမှာလည်း မြေပုံအညွှန်းကို ကိုင် ထားသည်။ လမ်းခရီးတွင် ကျားတစ်ကောင်၏ တိုက်ခိုက်မှု ကြောင့် သူတို့လူတစ်ယောက် ကျားကိုက်ခံခဲ့ရပြီး သေဆုံးခဲ့ သည်။ ထိုအချိန်ကစပြီး သားကောင်များ၏ရန်ကိုလည်း သတိ ထားလာခဲ့ကြရသည်။

အအေးဒဏ်ကိုအံတုကာ ရှေ့ခရီးကို တိုးလာခဲ့ကြစေ မယ့် အားလုံးမှာ အကြောင်းမရှိပဲ အလိုလိုပင် လန့်လာခဲ့ကြ ရသည်။ နောက်ကြောင်းမအေးသလို ဖြစ်နေကြသည်။ သူတို့ နောက်မှ တစ်ဦးဦး၊ သို့မဟုတ်၊ လူတစ်စုရောက်နေကြသည် ထပ်ချပ်မကွာ လိုက်ပါလာကြသည်ဟု ထင်နေကြသည်။ ခြေ သံတွေလိုလို၊ တောတိုးသံလိုလို တဖျတ်ဖျတ်၊ တဖြောင်းဖြောင်း တဂျွတ်ဂျွတ်ဖြင့် ကြားလာခဲ့ရသည်။

ဖျတ်. . ဖျတ်. . ဖျတ်။

ဖြောင်း. . ဖြောင်း။

ထမ်းစင်ဖြင့် လိုက်ပါလာသော စလေဒင်သည် မမျှော် လင့်ပဲ အသံဗလံများကို ကြားလိုက်ရသဖြင့်. . . ။

"ဟော. . တောတိုးသံလား၊ သားကောင်လိုက်လာတဲ့ အသံလား၊ သတိထားကြဟေ့၊ အရေးကြီးတာကကျားပဲ၊ ငါတို့ ကို ချောင်းမြောင်းပြီး လိုက်နေသလားမသိဘူး"

ပြောပြီး သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ားသည်။ ခြောက်လုံးကျည်တစ်တောင့်ကို ထည့်လိုက်ပြီ ထိုင်လျက်က ပတ်ချာလှည့်ပြီးတော့ လိုက်ကြည့်နေသည်။ ဝန် စည်များကို တင်ဆောင်ထားသည့် လားများကတော့ လန့်ဖျတ် ခြင်းမရှိပေ။ စလေဒင်နှင့်အတူ ဘေးမှယှဉ်ပြီး သွားနေသော လမ်းပြမောင်ပြောက်က. . . ။

"သခင်ကြီး. . သားကောင်ကျားဆိုရင် လားတွေ၊ဆင် တွေ လန့်ကြလိမ့်မယ်၊ ခုတော့ သူတို့က ဘာမှမဖြစ်ကြဘူး၊ ကျွန်တော်ထင်တာကတော့ ကျားမဟုတ်ပဲ လူဖြစ်နေမလားလို့"

"လူ. . ဟုတ်လား၊ သူခိုးလား၊ ဓားပြလား၊ ဘာကြောင့် ကြီးပဲလာလာကွာ၊ ငါ့သေနတ်စာမိသွားမယ်"

သို့သော် စလေဒင်သည် သူ့စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာခဲ့သည်ဖြစ်၍. . . ။

"ဟေ့. . ငါဆင်ပေါ်ကနေလိုက်မယ်၊ ငါ့ကို ဆင်ပေါ် ပြောင်းတင်ပေးကြ"

စလေဒင်ကို ဆင်တစ်ကောင်ပေါ်ကို ပြောင်းတင်ပေး လိုက်သည်။ ငှားလာသော အထမ်းသမားများ လွတ်လပ်ခွင့် ရသွားကြ၍ ဝမ်းသာသွားခဲ့ကြလေသည်။

တကယ်တော့ စလေဒင်မှာ အလိုလိုနေရင်းကြောက် စိတ်ဝင်လာသောကြောင့်ပင်ဖြစ်သည်။ သူသည် စိတ်ကိုတင်း ထားမိသော်လည်းမရ။ အသွေးအသားထဲမှ စိမ့်ပြီးသိမ်ငယ် လာမိသည်။ ထို့ကြောင့် ထမ်းစင်နှင့်မလိုက်ရဲတော့ပဲ ဆင်ပေါ် တက်ခဲ့ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်. . ဖျတ်. . ဖျတ်။

ဖျောက်. . ဖျောက်. . ဖျောက်။

အသံတွေက ထွက်လာခဲ့ပြန်သည်။ သူတို့လူတစ်စု၏ သွားလာလှုပ်ရှားနေသည့် အသံများမဟုတ်ပဲ သီးခြားထွက်ပေါ်လာသော အသံပင်ဖြစ်သည်။ သူတို့ခြေသံများအားလုံးကို လွှမ်းမိုးနေသည့်ခြေသံ။ ခြေသံရှင်သည် မည်သည့်အကြောင်းကြောင့် အားလုံးအပေါ် သိသာစွာ ကျော်လွှားနေရပါသနည်း။

သို့သော် ဤလူတစ်စုကသာ အသံကိုကြားကြရသည်။ အတူပါလာသော ဆင်များနှင့်လားများမှာမူ ကြားကြဟန်မတူ။ ပုံမှန်လှုပ်ရှားကာ ဣအေးဆေးစွာဖြင့် သွားနေကြသည်။

လမ်းပြမောင်ပြောက်ကတော့ တောခြောက်သည်ဟု ထင်နေမိသည်။ (တောထဲမှာ လူမမြင်ရပဲ အသံဗလံများကြားရတတ်သည်။ စကားပြောသံတွေ၊ လှည်းသံ၊ နွားသံ၊ ကလေးငိုသံတွေလိုမျိုးတွေ ထွက်ပေါ်လာတတ်သည်။ တောဝင်သောမုဆိုးများ၊ ထင်းခုတ်သမားများ တစ်ခါတစ်လေ ကြုံရတတ်၏)

အတူပါလာကြသော တိုင်းရင်းသား အထမ်းသမားများကလည်း အတွေ့အကြုံရှိဖူးထားကြသူများပေမို့ ဒီလိုပဲသဘောပေါက်ထားကြလေသည်။ သို့သော် စလေဒင်ကို မပြောရဲကြ။ ဒီလူသည် လူမျိုးခြား၊ ဘာသာခြားမို့ ဒါမျိုးတွေယုံကြည်မှာမဟုတ်။ သိသာသည်ကတော့ ခြေသံရှင်သည် ထက်မြက်လိမ့်မည်။ အားလုံးကိုကျော်ပြီး ထင့်ရှားသော မိမိ၏ခြေသံကို





သာ ထွက်ပေါ်စေသောသူ။

ထိုစဉ် အလင်းရောင်သည် ရုတ်တရက်အားနည်းသွားသည်။ တောထဲမှာ မှောင်ရီသန်းသလို ဖြစ်သွားခဲ့ရသည်။ နေ့လည်ခင်းအလို အချိန်မျိုးမှာ ချက်ချင်းခုလိုဖြစ်သွားသည်ကို စဉ်းစား၍မရကြ။ မလုံမလဲသော စိတ်တွေဖြင့် ဘေးဘီနောက်ကျောဘက်တွေကို ပိုပြီးတော့ ဂရုစိုက်ကာ ကြည့်လာခဲ့ကြလေသည်။

ဖျတ်. . ဖျတ်. . ဖျတ်. . ဖျတ်။

အသံနှင့်အတူ အရိပ်တစ်ခုသည် သူတို့နှင့်မလှမ်းမကမ်းမှ ဖြတ်ပြေးသွားသည်။ လူလိုလို၊ တိရစ္ဆာန်လိုလို၊ သေသေချာချာ မြင်လိုက်ကြရသူတချို့က ဆံရှည်နဲ့မိန်းကလေးတစ်ယောက်ဟု သိလိုက်ကြသည်။ လက်ခံလိုက်ကြသည်။ ထိုသူတွေအထဲတွင် စလေဒင်လည်းပါသည်။ ဆင်ပေါ်မှလိုက်ပါလာသော စလေဒင်သည် ထိုမိန်းကလေး၏ ကျောပြင်ထက်မှ ဓားကိုပါ မြင်လိုက်ရသည်။ ဆင်ဦးကင်းထက်မှ ဆင်သမားများသည်လည်း ထို့အတူပင် မြင်လိုက်ကြရလေသည်။

"ဟာ. . လူ. . လူ၊ သခင်ကြီး. . မိန်းကလေးတစ်ဦး"

တစ်ယောက်၏နှုတ်မှ လွတ်ကနဲဆို ထွက်သွားခဲ့၏။ ဖြတ်ပြီးပြေးသွားပုံမှာ မြန်လိုက်သည်ဖြစ်ခြင်း။ လျှပ်ပြက်လိုက်သလိုပင်။ ခြေထောက်နှင့်မြေပြင် ထိမှထိပါလေစ။

ဖျတ်. . ဖျတ်. . ဖျတ်။



www.burmeseclassic.com

www.burmeseclassic.com

ခြေသံက ထွက်ပေါ်လာခဲ့ပြန်သည်။ သဏ္ဌာန်သည် ပြန်ပြီးတော့ လှည့်လာသည်။ စောစောက ဘယ်ဘက်ဘေးမှ ဖြတ်ပြေးသွားသည်။ ယခု ညာဘက်ဘေးမှ ဖြတ်ပြီးတော့ပြေး သွားသည်။

ဒိုင်း!

စလေဒင်သည် ရိပ်ကနဲဆို မြင်လိုက်သည်နှင့် သေနတ်ဖြင့် ထိုးပြီးပစ်ချလိုက်သည်။ သေနတ်သံသည် တစ်တောလုံး၊ တစ်တောင်လုံး ဟိန်းထွက်သွားစေခဲ့သည်။ သို့သော် အရာမထင်ခဲ့ပါ။ ထိမှန်ခြင်းလည်းမရှိသလို ထူးခြားမှုတစ်စုံတစ်ရာမရှိခဲ့။ အတူလိုက်ပါလာကြသူများပင်လျှင် ကျယ်လောင်သောသေနတ်သံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ သေနတ်ခါးကိုချိုးပြီး နောက်ထပ်ကျည်တစ်တောင့်ထပ်ထည့်လိုက်သည်။

"ဟေ့ကောင်တွေ. . မင်းတို့ မျက်လုံးတွေကလည်း သွာရင်းလာရင်းကြည့်ကြ၊ မျက်လုံးကိုအသုံးချ၊ ငါတို့အကြံအစည်ကို သိသွားကြတဲ့သူရှိနေပြီ၊ နောက်ကနေ လိုက်ချောင်းနေတာပဲဖြစ်ရမယ်"

စလေဒင်က ဂဏှာမငြိမ်သော မျက်လုံးတွေဖြင့် ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေကာ သေနတ်တရမ်းရမ်းဖြင့်ပြောလိုက်သည်။ အလင်းရောင်ကပျောက်ကွယ်နေသည်။ နေ့ခင်းကြောင်တောင်မှာပင် အမှောင်ရိပ်ကသန်းနေသည်။ ခုလိုမျိုး





ပြောင်းလဲသွားသော အခြေအနေကို သူတို့သဘောမပေါက်ကြပါ။

"အန်ကယ်. . လူဟုတ်ချင်မှ ဟုတ်မှာပါ၊ ကျွန်တော်တွေလိုက်တာကတော့ မျောက်ဝံတစ်ကောင်လို့ ထင်မိတာပဲ"

ရစ်ချတ်က နောက်ကနေပြောလိုက်ရာ. . .။

"ဟေ့ကောင်. . ငါမြင်လိုက်တာ အမျိုးသမီးတစ်ဦးကွ၊ ဆံပင်ဖားလျားနဲ့၊ မျောက်ဝံက ဆံပင်ဖားလျားနဲ့ရှိပါ့မလားကွတယ်လေ. . ငါမပြောလိုက်ချင်ဘူး"

ဆင်ပေါ်မှနေ၍ ဒေါသဖြင့် ကျူးကာအော်လိုက်၏။ တချို့က ဖြတ်ပြေးသွားသောသဏ္ဌာန်သည် ဒရယ်တစ်ကောင်ဟုမြင်လိုမြင်၊ ကျောရိုးရှည် သတ္တဝါတစ်ကောင်ဟု အမျိုးအမည်မသတ်မှတ်နိုင်ပဲ မြင်လိုမြင်နဲ့ အမျိုးမျိုးပင် မြင်နေကြ၏။

စလေဒင်ခေါ်လာသော မျက်နှာဖြူတချို့နှင့်ကပြားကောင်များသည် ခြောက်လုံးပြူးသေနတ်ကိုယ်စီကိုင်ကာ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်ရင်း လိုက်ပါလာခဲ့ကြသည်။

ထိုစဉ် သူတို့နဲ့ ကိုက်သုံးဆယ်ခန့် အကွာအဝေးမှာ တစ်ဝီးဝီးနဲ့ အသံများထွက်ပေါ်လာခဲ့သည်။

ဝီး. . ဝီး. . ဝီး. . ဝီး။

အသံများနှင့်အတူ နှင်းကမ္ဘာလာကြီးတစ်ခုက ရုတ်တရက် ကျရောက်လာခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဘယ်လိုဖြစ်တာလဲ၊ ဒီနားမှာတင် အမျိုးမျိုး ဖြစ်နေတယ်"

စလေဒင်သည် သူ၏လူများ၊ ဆင်၊ လားများကိုရှေ့သို့ဆက်ကာ မသွားစေတော့ပဲ လက်ပြကာ ရပ်စေလိုက်သည်။ အားလုံးရောက်ရာနေရာမှာပင် ရပ်တန့်လိုက်ကြသည်။

ဝီး. . ဝီး. . ဝီး. . ဝီး။

တဝီဝီနဲ့ အသံကြီးက ပိုပြီးတော့ ကျယ်လောင်လာခဲ့သည်။ အားလုံးချောက်ချားသော မျက်နှာများဖြင့် အသံလာရာဆီသို့ ကြည့်နေကြလေပြီ။

အူး!

ဟီး. . ဟီး. . ဟီး. . ဟီး။

တိုက်ဆင်တို့၏အော်သံများ၊ တိုက်မြင်းတို့၏ အော်သံများကို ကြားလာခဲ့ကြရသည်။

မိမိတို့နှင့်အတူ ပါလာကြသော ဆင်များ၊လားများက လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့လေသည်။ ထိုစဉ် နှင်းကမ္ဘလာထုကြီးထဲမှ မီးခိုးလိုလို၊ မြူခိုးလိုလို၊ အခိုးအငွေ့များ ထွက်ပေါ်လာခဲ့သည်။ ထိုအခိုးအငွေ့များသည် သူတို့ဘက်သို့ တလူလူဖြင့် လွင့်လာခဲ့သည်။ ကန့်နံ့လိုလို၊ စိမ်းရွှေရွှေရနံ့လိုလို၊ ဘဲဥပုပ်နံ့လိုလို အနံ့အသက်များကို ရှူရိုက်ကြရသည်။

နှင်းလွှာထုထဲတွင် သူတို့မြင်လိုက်ကြရသည်ကား လူရိပ်သဏ္ဌာန်များပင်တည်း။ သေသေချာချာ ကြည့်လိုက်သော





အခါ တိုက်ဆင်၊ တိုက်မြင်းများပေါ်မှာ သော်လည်းကောင်း၊ မြေပြင်ထက်မှာသော်လည်းကောင်း မြန်မာရဲမက်များကို ဒိုင်း၊ လှံ၊ ဓား၊ ကာ၊ လေး၊ မြား၊ ဓားလှံလက်နက်မျိုးစုံကို ကိုင်ဆောင်လျက် တွေ့လိုက်ကြရသည်။

"ကုလားဖြူတွေကို တိုက်ကြဟေ့၊ နယ်ချဲ့ ကောင်တွေကို အသေတိုက်ကြ၊ မျိုးဖြုတ်ပစ်ကြ"

တိုက်ဆင်ပေါ်မှ စစ်သူကြီးတစ်ယောက်သည် ဓားရှည်ကြီးကိုကိုင်ကာ အော်ဟစ်ပြီးတော့ အမိန့်ပေးလိုက်သည်။ တိုက်မြင်းများပေါ်မှ စစ်ကဲကြီးများ၊ စစ်ကဲလေးများ၊ ဗိုလ်မင်း၊ ဗိုလ်မှူးအဆင့်ရှိသူများသည် သူတို့၏ လက်နက်များကိုကိုင်ဆောင်ကာ ရန်သူများကို ရှာဖွေနေသည်။

ထိုစဉ် မျက်နှာဖြူဗိုလ်အချို့သည် သူ၏ဂေါ်ရာစစ်သားများကို ဦးဆောင်ကာ တစ်နေရာမှ ထွက်ပေါ်လာခဲ့ကြပြီး မြန်မာစစ်သည်များကို မီးပေါက်လက်နက်(သေနတ်)များဖြင့် တိုက်ခိုက်မည် ပြုလိုက်သည်နှင့် မြန်မာစစ်သည်များ တစ်နေရာမှဘွားကနဲဆို ထွက်ပေါ်လာကြပြီး ကုလားဖြူများကို တိုက်ခိုက်ကြလေတော့သည်။

အား!

အား!

မြန်မာတို့က လက်ဦးမှုရသွားခဲ့ကြသည်ဖြစ်၍ ကုလားဖြူများမှာ အထိနာသွားခဲ့ကြရလေသည်။ ဓားလှံလက်နက်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခေါင်းတခြားကိုယ်တခြား ဖြစ်သွားကြကာ သေဆုံးကျ
ကြရသည်။

သို့ရှိနေစဉ် မြင်းတစ်ကောင်သည် လွှားကနဲဆိုရော
လာခဲ့သည်။ မြင်းပေါ်မှာ အမျိုးသမီးတစ်ယောက်၊ ဓားတစ်
လက်ဖြင့် မြင်မြင်ရာ ကုလားဖြူများကို ပိုင်းချနေသည်။ စ
ဒင်သည် ထိုအမျိုးသမီးကို မြင်တွေ့လိုက်ရသောအခါ မျက်လုံ
တွေ ပြူးကျယ်သွားခဲ့ရသည်။

"ပဥ္စလက်ခေမာ. . ခေမာ"

သူ၏နှုတ်မှ အလန့်တကြား ထွက်သွားခဲ့သည်။ အ
ထိန်းတော်ကြီးခေမာသည် ရှည်လျားသော ဆံပင်များကို
နှောင်ထားခြင်းမရှိပဲ ကျောပြင်မှာ ဖြန့်ချထားသည်။ သူမ
လက်ထဲမှ ဓားတစ်ချောင်းဝင့်လိုက်တိုင်းမှာ ဆံပင်တွေက
ထဲမှာ ပျံ့လွင့်သွားခဲ့ကြသည်။

မြင်းကွင်းသည် ရုပ်ရှင်ထဲမှာလို အနေးပြကွက်မျိုး
ဖြစ်နေသည်။ အားလုံးမြင်နေကြရသည်။ သူတို့အံ့အားသင့်
မဆုံးမီမှာပင် တိုက်ဆင်တစ်စီးပေါ်မှ စစ်ကဲကြီးတစ်ယော
က မြင်းပေါ်မှ ကုလားဖြူစစ်ဗိုလ်တစ်ဦးကို လှံတစ်ချောင်း
ပစ်ထည့်လိုက်သည်။

ဝုန်!

အား!

ကုလားဖြူစစ်ဗိုလ်သည် မြင်းပေါ်မှ လဲကျသွားခဲ့





ထိုစစ်ကဲကြီးသည် ဗလပင်တည်း။ သို့ရှိနေစဉ် မြင်းကိုယ်စီနှင့်
လူနှစ်ယောက်သည် တ ကြွမ်း ဖောက်ဝင်လာနေကြသည်။
မင်းရဲကျော်နှင့်ဗိုလ်လေးအာကာ။ ကုလားဖြူမြင်းတပ်ထဲကို
အတင်းထိုးဖောက်ဝင်လာကြကာ ဓားများဖြင့် တိုက်ခိုက်ကြ
လသည်။

ဗုန်. . ပုန်. . ဝုန်။

အား!

အား!

မြန်မာ့ရဲမက်များသည် ကုလားဖြူမှန်သမျှ မည်သူကို
မှ အသက်ချမ်းသာမပေးပဲ တရကြမ်းဝင်ကာ ထိုးခုတ်တိုက်
ခိုက်ကြသည်။ မြင်းပေါ်မှ ဆွဲချကြပြီး အသက်ကိုချွေ သွား
ခဲ့ကြသည်။ တိုက်ဆင်၊တိုက်မြင်းများပေါ်မှ ဗိုလ်မင်း၊ စစ်ကဲ
လေးများသည် လှံတို၊ လှံရှည်များ၊ လေးမြှားများဖြင့် ပစ်ခတ်
ကြ သည်။

မင်းရဲကျော်နှင့်အထိန်းတော်ကြီးခေမာ သည် သူ
ကို သေနတ်ဖြ ဘဒိုင်းဒိုင်း ပစ်ခတ်နေကြသော ကုလားဖြူ
ဗိုလ်မှူးတစ်ယောက်ကို ရှေ့နောက်ညှပ်ကာ ဓားများဖြင့်ပိုင်း
ချလိုက်လေသည်။

အား!. . . ဗိုလ်မှူး. . . ။

ကုလားဖြူဗိုလ်မှူးများ မြ းပေါ်မှ အောက်ကိုထိုးကျ
ကြသည်။ မြေပြင်ပေါ်မှာ ကုလားဖြူစစ်သားများက အ



www.burmeseclassic.com

www.burmeseclassic.com



တုံးအရှန်းလဲကျကာ သေဆုံးနေကြသည်။ သေနတ်ထိမှန်ကြသော မြန်မာရဲမက်တချို့ သည်လည်း ကုလားဖြူအသေကောင်များ၏ ကိုယ်ပေါ်မှာ ထပ်လျက်ရှိနေကြသည်။

စလေဒင်သည် မင်းရဲကျော်နှင့်ခေမာတို့၏ လက်ချက်ကြောင့် သေဆုံးသွားခဲ့ကြသော ကုလားဖြူဗိုလ်မှူးကိုလည်း ကောင်းကောင်းမှတ်မိသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က မင်းရဲကျော်ခေါင်းဆောင်သော ကုလားဖြူဆန့်ကျင်ရေးသမား (တော်လှန်ရေးသမား)တချို့ သည် တောတွင်းတစ်နေရာမှနေ၍ ကုလားဖြူတပ်ခွဲတစ်ခွဲကို အလစ်မှာဝင်ပြီးတော့ တိုက်ခိုက်ကြသည်။

ကုလားဖြူစစ်ဘက်ခေါင်းဆောင်မှာ ဗိုလ်မှူးပီတာဖြစ်သည်။ ပီတာနှင့်သူ့လူအားလုံး သေဆုံးကုန်ကြသည်။ မင်းရဲကျော်တို့သည်လည်း ကိုယ်ယောင်ဖျောက်ကာ မြန်မာပြည်မြောက်ပိုင်းဒေသကို တိမ်းရှောင်သွားခဲ့ကြသည်။

စလေဒင်သည် ယခုဤမြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့လိုက်ရသောအခါ အံ့သြထိတ်လန့်သွားခဲ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အဖြစ်အပျက်များသည် ယခု သူတို့ရှေ့မှောက်မှာ ပြန်ပေါ်လာခဲ့ကြရပါသလဲ။ စလေဒင်သည် ဗိုလ်မှူးပီတာကို မည်သူ့လက်ချက်ကြောင့် ကျဆုံးသွားခဲ့ရသည်ကို မမြင်ခဲ့ပါ။ မသိခဲ့ပါ။ မင်းရဲကျော်တို့၏ လက်ချက်ဆိုသည်ကိုတော့ ရိပ်စားမိခဲ့သည်။





အကြောင်းအရာတစ်ခု၊ အဖြစ်အပျက်တစ်ခုက ဖြစ်ပျက်ခဲ့ပြီးသော်လည်း တစ်ချိန်ချိန်မှာ ဖြစ်ပျက်ခဲ့သော နေရာမှာပင် ပြန်ပြီးတော့ ပေါ်လာတတ်၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပကတိဖြစ်ပျက်နေသည့်အတိုင်း ဖြစ်ပျက်နေခြင်းပင်ဖြစ်သည်။

မှတ်တမ်းများအရ အနောက်နိုင်ငံတချို့ ၏ ထင်ရှားခဲ့သော စစ်ပွဲကြီးများသည် နှောင်နှစ်နှံ့ချီပြီး ကြာခဲ့သောအခါ မူလတိုက်ပွဲဖြစ်ခဲ့သည့် နေရာမှာပင် ပြန်ပြီးပေါ်လာခဲ့သည်။ ထိုတိုက်ပွဲပဲဖြစ်သည်။ သေနတ်နှံ့ပစ်ခတ်သံများ၊ စစ်သားများ၏ လှုပ်ရှားပြုမူနေကြပုံများ၊ အရာရှိ၏ အမိန့်ပေးသံများ၊ အော်ဟစ်နေကြသံများသည် တသဝေမတိမ်း တူညီနေကြသည်။

တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်သွားခဲ့သည်မှာ နှစ်ပေါင်းရှစ်ဆယ်နီးပါး ရှိခဲ့ပြီဖြစ်သော်လည်း ယခုတိုင် တစ်ခါတစ်ရံမှာ ပင်လယ်ပြင်ထဲ၌ တွေ့နေရဆဲ။ သင်္ဘောကြီးအား အကောင်းအတိုင်း မပျက်စီးမီ တွေ့ဖူးခဲ့ကြသလို ရေခဲတောင်ကြီးကို ဝင်တိုက်မိအပြီး ပျက်စီးကျိုးပဲ့သွားသော အနေအထား၊ ရေထဲကျရောက်နေသူများ၏ ကယ်ပါယူပါ တစာစာဖြင့် အကူအညီတောင်းခံနေသံများအား အခြားသော ပင်လယ်ကူးသင်္ဘောပေါ်မှ သင်္ဘောသားများက မြင်တွေ့ခဲ့ဖူးကြသည်ဟု ကိုယ်တွေ့မှတ်တမ်းများ ရှိခဲ့သေလည်။

ယင်းသည် သိပ္ပံပညာရှင်များသည် ရူပစွမ်းအင်အရ



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်စက်ကွင်းထဲသို့ ဖျော့ဆောက်ခဲ့ခြင်းကြောင့် အကြောင်းအရာ၊ အဖြစ်အပျက်များသည် နောင်ကာလမည်မျှကြာသည်အထိ ပြန်ပြန်ပြီးတော့ ပေါ်လာခဲ့ရသည်။ မူလဖြစ်ပျက်ခဲ့ပုံအခြေအနေအတိုင်း မြင်နိုင်ကြသည်ဟု ဆိုကြသည်။

စလေဒင်သည် ယခုသူ၏ရှေ့မှောက်မှာ ဖြစ်ပျက်နေသော အဖြစ်အပျက်များသည် အတိတ်ကာလက အခြေအနေများပင်ဖြစ်ကြောင်း သိလိုက်ရသည်။ သူတို့ကို တစ္ဆေခြောက်ခဲ့ပြီဟုလည်း ယုံကြည်မိခဲ့လေရာ. . .။

"ဟေ့ကောင်တွေ. . ငါတို့ကို တစ္ဆေခြောက်ပြီကွ၊ ဒါဒါဟာ ဟိုတုန်းကဟာတွေ၊ ပစ်. . ပစ်ကြ"

ဒိုင်း!

ကဲကွာ!

ဆင်ပေါ်မှနေ၍ သေနတ်ဖြင့် စပြီးပစ်ခတ်လိုက်၏။ နောက်ထပ် ကျည်တစ်တောင့်ထိုးပြီး ပစ်သည်။

ဒိုင်း!

ကဲကွာ!

အားမရသောအခါ ခါးကြားထဲမှ ခြောက်လုံးပြူးသေနတ်ကိုထုတ်ကာ ဆက်တိုက်ပစ်ချသည်။

ဒိုင်း. . ဒိုင်း. . . "

စလေဒင်က သွေးရူးသွေးတန်းဖြင့် ပစ်နေသဖြင့် ပါလာကြသော သူလူများသည်လည်း သေနတ်များဖြင့် ပစ်ခတ်





ကြလေတော့သည်။

ဒိုင်း!. . ဒိုင်း!

သို့သော် စလေဒင်တို့ဘက်က မည်မျှပင် ပစ်ခတ်ကြပါစေ၊ ထိရောက်မှုမရှိလှပါ။ တစ်ဖက်မြင်ကွင်းထဲမှ လူများသည် သူတို့ကို မည်သို့မျှ မတုန့်ပြန်ကြ။ ကုလားဖြူများအားလုံး ကျဆုံးသွားခဲ့ကြသောအခါ မင်းရဲကျော်၊ ဗလ၊ အာကာနှင့် အထိန်းတော်ကြီးခေမာတို့သည် သူတို့၏ဓားများကိုမြှောက်ပြီး၊

"အောင်ပြီ. . အောင်ပြီ. . အောင်ပြီ"ဟု ကြွေးကြော်လိုက်ကြသည်။ ထို့အတူ ရဲမက်များသည်လည်း ဇာတိမာန်အပြည့်ဖြင့် ကြွေးကြော်လိုက်ကြလေသည်။

"ဘာအောင်တာလဲကွ၊ ကဲကွာ. . ကဲကွာ"

ဒိုင်း!. . ဒိုင်း!

စလေဒင်က မြင်းပေါ်မှနေ၍ တဒိုင်းဒိုင်းဖြင့် ပစ်ချလိုက်လေသည်။ ထိုစဉ်မှာပင် မြင်ကွင်းထဲမှ လူများသည် မှုန်ဝါးဝါးဖြစ်လာကြကာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့လေသည်။

သို့သော် မြင်းနက်ကြီးကိုစီးကာ နောက်တစ်ခါရောက်လာသူကား အထိန်းတော်ကြီးခေမာပင်တည်း။ ခေမာသည် သူမ၏ဆံပင်များကို ကျောပြင်မှာ ဖြန့်ပြီးတော့ချထားသည်။ ခေမာသည် ကျောပြင်ထက်ရှိ အအိမ်ထဲမှ ဓားကိုထုတ်လိုက်ကာ စလေဒင်ဆီကို ဓားဦးဖြင့် တည့်တည့်ထိုးထားလိုက်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



"စလေဒင်. . နင်လောဘဇောတိုက်ပြီး လာခဲ့တဲ့ခရီး ကို နောက်ပြန်ဆုတ်လိုက်ပါ၊ ပြောတဲ့အတိုင်းမလုပ်ရင် ကိုယ့် သေတွင်းကို တူးနေကြသလို ဖြစ်သွားမယ်၊ ငါတို့ တိုင်းပြည်ထဲ က အခုချက်ချင်းထွက်သွားပါ၊ ဖွတ်တိုးလာခဲ့ရင်တော့ ငါ. - နင်တို့ကို တစ်သက်လုံး လိုက်ပြီးနှောင့်ယှက်နေမယ်၊ ဟား. - ဟား. . ဟား. . ဟား"

ခေမာသည် ထည်ဝါသောအသံဖြင့် ရယ်မောလိုက်ပြီး သည့်နောက် မြင်းကိုချာကနဲလှည့်ကာ ဒုန်းစိုင်းနှင်သွားခဲ့လေ သည်။

"နင်. . နင်. . ခေမာမဟုတ်ဘူး၊ မကောင်းဆိုးဝါး အစိမ်းသရဲမ၊ ခေမာဆိုတာ ခုအချိန်မှာ မရှိနိုင်တော့ဘူး၊ သ သေပြီ၊ သေပြီ၊ မှော်နည်းနဲ့ ပဥ္စလက်နည်းနဲ့ ငါတို့ကို လှည့်ဖြား နေတာ၊ မသွားဘူးဟေ့၊ ငါ့အကြံအစည် မအောင်မြင်ပဲ ဘယ် တော့မှ လှည့်မပြန်ဘူး၊ ကဲကွာ. . ကဲကွာ"

ဒိုင်း!. . ဒိုင်း!

ကြောက်ရွံ့ တုန်လှုပ်နေပြီဖြစ်သော စလေဒင်သည် သေနတ်ဖြင့် ဆက်တိုက်ပင် ပစ်ချနေလေတော့သည်။

➤➤➤➤➤





"သားကို ကျည်းခဲ့တဲ့ မမကြီးနှင့်ဟိမ္မာထိုင်နေတဲ့ လူကြီး ဟာ ဘယ်လိုကြောင့် ဒီနေရာကို ရောက်နေကြသလဲမ သိဘူး၊ သားတို့ကို မီးအိမ်နှင့်လမ်းပြပေးနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၅)

### စီးအိုင်လှမ်းပြ ဘယ်သူလဲ

မင်းရဲစည်သူဟိုင်းလာသော ဖောင်ကြီးသည် တစ်
သော လမ်းကိုရွေးချယ်ပြီး မျောပါနေလျက်ရှိသည်။ အမှန်မှာ
တော့ ထူးဆန်းသော မိကျောင်းဖြူကြီးတစ်ကောင်က လမ်းမှ
သွယ်အနက် လမ်းတစ်လမ်းကို ရွေးချယ်ပေးလိုက်သလိုဖြ
သွားခဲ့ရသည်။

မင်းရဲစည်သူသည် အိပ်မွှေယတွင် ပညာသွားသင်စဉ်
ဆရာဦးကြီးတစ်ဦးပေးခဲ့သည့် မိကျောင်းဖြူရုပ်ကို ပြန်ပြီးတော
သတိရလာခဲ့သည်။





"သား . . ဒီမိကျောင်းရုပ်လေးကိုယူထား။ ဒီအရုပ်လေးဟာ မင်းဘဝရဲ့အစိတ်အပိုင်းတစ်ခုပဲ၊ မင်းအတွက် မိကျောင်းရုပ်လေးဟာ ခွန်အားသတ္တိပေးပြီး ကူညီခဲ့တယ်၊ မင်းဟာ မကြာမီအချိန်အတွင်းမှာ ခရီးရှည်ကြီးတစ်ခုကို ထွက်ရလိမ့်မယ်၊ ဘာကြောင့်ခရီးထွက်ရသလဲဆိုတာ မင်းဘာသာမင်း သိလာလိမ့်မယ်"

တိုက်ဆိုင်မှုကြောင့်လား။ ဘာလားတော့မသိ။ ယခု မိကျောင်းဖြူကြီး တစ်ကောင်ကို သူတစ်ဦးတည်းမဟုတ်ပဲ သုံးဦးစလုံး မြင်လိုက်ကြရသည်။ ဖြစ်လိုရာဖြစ်ဆိုပြီး မိကျောင်းဖြူကြီးသွားသော လမ်းတစ်ခုမှ လိုက်လာခဲ့ခြင်းပင်။

ကိုစဉ် နားပါးသော ဦးဇော်မှိုင်းသည် ညာဘက်နားနောက်ကို လက်ဝါးဖြင့်အုပ်ကာ နားစွင့်နေလိုက်သည်။

"သေနတ်သံတွေ ကြားနေရသလိုပဲ. . ဦးနန်းကို"

"ဟုတ်လား. . ဦးဇော်မှိုင်း"

ဦးနန်းကိုရော၊ မင်းရဲစည်သူပါ နားကိုစွင့်ထားလိုက်ကြသည်။ သေနတ်သံများကို ကြားလိုက်ကြရသည်။ အတော်ခပ်ဝေးဝေးမှလာနေသော သေနတ်သံများပင်ဖြစ်သည်။

"ဟုတ်တယ်ဗျို့၊ အဖဲလိုက်မုဆိုးတွေများလားဗျာ"

"စုပြုံပြီးဝိုင်းပစ်နေကြတဲ့ အသံတွေဗျ၊ အမဲကောင်ကို ပစ်နေကြတာတော့ မဟုတ်ပေဘူး၊ တိုက်ပွဲတစ်ခုမျှား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသလားပဲ"

"ကုလားဖြူတွေများလား၊ တောပုန်းဓားပြတွေနဲ့ တေ

နေကြပြီထင်တယ်"

မင်းရဲစည်သူက ထင်ကြေးဖြင့်ပြောလိုက်သည်။

"သားပြောတာဖြစ်နိုင်တယ်၊ ဒါပေမယ့် ကုလားဖြူတေ

က ဖေဖေတို့ရဲ့ သတင်းကိုရသွားပြီး လိုက်လာကြလေသလာ

ဒါမှမဟုတ် ဒီခရီးမှာ အကြံတူ၊ဉာဏ်တူ ရန်သူများရှိနေမလာ

ဘယ်ဟာမှ မကောင်းဘူး၊ သတိတော့ထားရမယ်"

သူတို့ကြားနေရသော သေနတ်သံများသည် စလေ

တို့ ပစ်ခတ်နေကြသော အသံများပင်တည်း။ ဖောင်ပေါ်မှ

လိုက်ပါလာသော လားသည် လှုပ်လှုပ်ရှားရှားမရှိ၊ ပကတိအေ

ဆေးစွာပင် လိုက်ပါလာလျက်ရှိသည်။ မိကျောင်းဖြူကြီးအာ

မြင်ခဲ့သော်လည်း လန့်ဖျတ်ခြင်းမရှိခဲ့ပေ။ မြေပုံလမ်းကြောင်

သည် ဆုံးကာနီးပြီဖြစ်သည်။

ယခုအချိန်ကျမှ မည်သည့်အနှောင့်အယှက်မျိုးကိုမှ

မတွေ့ကြုံလိုကြ။ နောက်ကြောင်းပြန်လှည့်ကြရန်လည်း စိတ်

မကူးကြ။ သူတို့စိတ်ထဲမှာတော့ နောက်မှလိုက်လာကြသည့်

ရန်သူတချို့ ရှိနေကြပြီဟု ထင်နေကြသည်။

ဖောင်သည် ကျဉ်းမြောင်းသော ချောင်းကလေးအ

တိုင်း တရှိန်ထိုးစီးဆင်းလျက်ရှိသည်။ တစ်ခါတစ်ရံမှာ ချောင်





သည် မြွေလိမ်မြွေကောက်သဏ္ဌာန် စီးဆင်းလျက်ရှိနေလေရာ

ထိုနေရာမျိုးမှာ ရေစီးအားက ပိုပြီးတော့ သန်လာသည်။ ထူး

ခြားသည်က ကျောက်ဆောင်တချို့ ရှိနေကြခြင်းပင်။

ဖောင်ကို ကျောက်ဆောင်နှင့်ပစ်ပြီး တိုက်သွားမှာကို

စိုးရိမ်နေကြသည်။ အတွေ့အကြုံ ပိုပြီးကြီးမားသော ဦးဇော်

မှိုင်းက ထိုးဝါးတစ်ချောင်းဖြင့် ဖောင်ကိုထိန်းသွားသည်။ မင်း

ရဲစည်သူနှင့်ဦးနန်းကိုတို့သည်လည်း ထိုးဝါးတစ်ချောင်းစီဖြင့်

ဦးဇော်မှိုင်းကို ဝိုင်းပြီးကူကြရသည်။

"ဖေဖေ. . ကျွန်တော်တို့ လမ်းမှားနေပြီလားမသိဘူး၊

ခုထက်ထိ တောင်ညီနောင်ကိုလည်း မတွေ့ရသေးပါလား"

"ဟုတ်တယ်. . သား၊ ဖေဖေတို့ လမ်းကြောင်းလွဲလာ

ခဲ့ပြီနဲ့တူတယ်၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ ဟောဒီဘက်က မြေအ

နေအထားအရ တောင်ညီနောင်ဟာ ဒီဘက်ခြမ်းမှာပဲ ရှိနေ

လိမ့်မယ်"

"သားလည်း ဖေဖေ့လိုပဲ တွေးမိတာပဲ၊ ဒါပေမယ့် ဖြစ်

နိုင်ပါ့မလားလို့"

ဘူမိဗေဒပညာရှင်များပီပီ မြေအနေအထားအရ ခန့်

မှန်းပြီး ပြောနေကြခြင်းပဲဖြစ်သည်။ ဦးဇော်မှိုင်းကတော့ ငွေး

ဆနေဟန်တူသည်။ သုံးယောက်စလုံး ဖောင်ကိုထိန်းနေကြရ

သည့်အတွက် စကားမပြောနိုင်ကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လားကို ကြိုးတစ်ချောင်းနဲ့ဖောင်တွဲပြီး ချည်နှောင်ထား
သည်။ လူတွေရှိနေ၍လားမသိ။ ကြောက်လန့်သည့် လက္ခဏာ
မျိုးမရှိ။ အားကိုးအားထားရှိနေ၍ ဘာကိုမှမကြောက်ပဲ စိတ်
ချနေဟန်တူသည်။

ရေစီးတလျှောက် ဖောင်က သွားချင်ရာသွား၊ လိုက်
ပါနေကြရသည့်သဘောပင်။ မင်းရဲစည်သူသည် ဖောင်ပေါ်မှာ
ဒူးထောက်ပြီး ရေကိုစမ်းကြည့်ရာ ချက်ချင်းပင် လက်ကိုပြန်
ပြီး ရုတ်လိုက်ရသည်။

"ဖေဖေ. . ရေက အေးစက်နေတာပဲ၊ ရေခဲအတိုင်းပဲ"

"ဟုတ်လား. . သား၊ ဒါထူးခြားချက်ပဲ၊ ရှိသင့်ရှိထိုက်
တဲ့ အနေအထားထက် ဘာဖြစ်လို့ ပိုပြီးအေးနေရတာလဲ၊ လမ်း
မှာလည်း လူသူတစ်ယောက်မှ မတွေ့ခဲ့ရဘူး၊ တော်တော့်ကို
ခေါင်တဲ့နေရာပဲ"

ထိုစဉ် ရုတ်တရက်နှင်းတွေကကျလာသည်။ ပတ်ဝန်း
ကျင်ကို တောက်လျှောက်ဖုံးလွှမ်းသွားခဲ့သည်။ ရှေ့ဆယ်ကိုက်
ထက်ကျော်ပြီး ဘာကိုမှမမြင်နိုင်တော့။ အအေးဓာတ်ကလည်း
ပိုပြီးတော့ စိမ့်လာခဲ့သည်။ လွန်ကဲလာသည်။ သူတို့ဝတ်ဆင်
ထားသော သားမွေးအကျီရှည်ကြီးများနှင့်ပင် မလုံလောက်ချင်
တော့။

"သတိထားကြဟေ့၊ ကျောက်ဆောင်ကိုဝင်တိုက်လို့





ဖောင်ပျက်စီးသွားရင် လူတွေပါ ရေထဲကို ကျသွားလိမ့်မယ်၊
ရေက ရေခဲသမျှ အေးစက်နေတယ်၊ ကျသွားလို့ကတော့ကွာ
ကြာကြာကူးနိုင်မှာတောင်မဟုတ်ဘူး၊ သေသွားခဲပြီးတော့ သေသွား
နိုင်တယ်"

ဦးဇော်မိုင်းကပြောလိုက်သည်။ အေးလွန်း၍လားမ
သိ။ မတ်တတ်ရပ်နေသော လားသည်ပင် ဒူးထောက်ပြီးကျ
သွားကာ တအီအီဖြင့် ညည်းနေရှာသည်။

"ကျုပ်တော့ ဒီလိုအခြေအနေမျိုးကို ဒီတစ်ခါပဲကြုံဖူး
သေးတယ်၊ ဘယ်လိုနေရာမျိုးများ ရောက်လာခဲ့ပါလိမ့်"

လမ်းပြဦးဇော်မိုင်းပင်လျှင် ဝန်ခံရသည်။ နောက်ထပ်
စကားမပြောနိုင်တော့။ ဖြေပြင်ပေါ်ကို ကျလာခဲ့ကြသော သား
မွေးလာကြီးက လမ်းခရီးကို အနှောင့်အယှက်ပေးလာခဲ့ပြီဖြစ်
သောကြောင့် ဖောင်သည် တစ်ခုခုနဲ့ဝင်ပြီးတိုက်မည်ကို စိုးရိမ်
နေရပြီဖြစ်သည်။

ထိုစဉ် သူတို့ရှေ့မှာ အလင်းရောင်တစ်ခုက ရုတ်တ
ရက် ပေါ်လာခဲ့သည်။ အလင်းရောင်နှင့်အတူ လှေတစ်စီးကို
ပါ တွေ့လိုက်ကြရသည်။ လှေပေါ်မှာ သတ္တဝါန်နှစ်ခု။ အပေါ်
ဆင်းမှာ အကျီဝလာနှင့်လူတစ်ယောက်သည် ပဲ့ပိုင်းတွင်ထိုင်ပြီး
လှော်တက်တစ်ချောင်းဖြင့် လှော်နေသည်။ တစ်ယောက်က
မတ်တတ်ရပ်အနေအထားဖြင့် အမျိုးသမီးတစ်ဦး၏သဏ္ဌာန်၊



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော ဆံပင်များကို ကျောပြင်မှာ ဖြန့်ချပြီးချထား၏။ လက်ထဲမှာ မီးအိမ်တစ်လုံးကို ကိုင်ထားသည်။ အာ... လာဒင်မီးအိမ်မျိုးဖြစ်သော်လည်း လိုအပ်သည်ထက် ပိုပြီးတော... လင်းထိန်လျက်ရှိသည်။ ထိုကြောင့် လှေပေါ်မှလူနှစ်ဦးအား... ကောင်းစွာမြင်နေရသည်။

သူတို့သည် နောက်ကို လုံးဝလှည့်မကြည့်ကြပေ။ မီး... အိမ်မှ အလင်းရောင်က ရေပြင်ပေါ်သို့ပင် ဖြာကျလျက်ရှိ... ထို့ကြောင့် ဖောင်သွားရာလမ်းကို ကောင်းစွာမြင်နိုင်သည်... ဖြူဆွတ်သော နှင်းကမ္ဗလာတတိုင်းကြီးကို အလင်းရောင်... ကောင်းစွာ ထိုးဖောက်နိုင်ခဲ့သည်။

မင်းရဲစည်သူသည် ဖောင်နှင့်အလှမ်းမကွာဝေးသော... လှေပေါ်မှ လူနှစ်ယောက်ကိုကြည့်ပြီး အံ့အားသင့်သယော... ဖြစ်သွားခဲ့ရသည်။ သူ့ကို ရန်ကုန်မှာ ကူညီခဲ့ကြသည့် မမ... နှင့်အသားဖြူဖြူလူကြီးကို ပြန်ပြီးတော့ သတိရသွားခဲ့သည်...

"မမကြီး. . မမကြီး"

မင်းရဲစည်သူ၏နှုတ်မှ အသံထွက်သွားခဲ့သည်။ ... ညင်းစွာ ပြောလိုက်သော်လည်း ဖောင်ပေါ်မှ အမျိုးသမီး... ကြားသွားဟန်တူသည်။ နောက်ကို မသိမသာ လှည့်ပြီး... ကြည့်လိုက်သည်။

"ဟုတ်တယ်. . မမကြီးပဲ၊ ဘယ်လိုကြောင့် ဒီလို...





...မျိုးကို ရောက်နေကြပါလိမ့်၊ ဟိုလူကြီးလည်း ငါ့အပေါ်မှာ ကူညီထားတဲ့ ကျေးဇူးရှိတယ်"

"သား. . သူတို့ကိုသိလို့ ခေါ်လိုက်တာလား" သ...

လှေပေါ်မှလူနှစ်ယောက်ကို အံ့အားတသင့်ဖြင့်ကြည့်နေကြသော ဦးနန်းကိုနှင့်ဦးဇော်မိုင်းတို့အနက် ဦးနန်းကိုက မေးလိုက်သည်။

"သားကို ကူညီခဲ့တဲ့ မမကြီးနှင့်ဟိုမှာထိုင်နေတဲ့လူကြီး ...ဘာ ဘယ်လိုကြောင့် ဒီနေရာကို ရောက်နေကြသလဲမသိဘူး၊ ...သားတို့ကို မီးအိမ်နဲ့ လမ်းပြပေးနေကြတယ်"

"သူတို့နှစ်ယောက်ဆိုတာ ကျိန်းသေလို့လား သား"

"သိပ်ကိုတူပါတယ်. . ဖေဖေ၊ မလွဲနိုင်ပါဘူး၊ သား ခေါ်လိုက်လို့တောင် မမကြီးက နောက်ကို လှည့်ကြည့်လိုက် ...သေးတယ်"

"သူတို့လည်း ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြမှာပေါ့ ...တယ်"

ဤအဖြေမှလွဲ၍ တိကျသောအဖြေကို မပေးနိုင်ပါ။ ...မိတို့ နားမလည်နိုင်ကြသည့် အကြောင်းအရာတွေ များစွာ ...င်ရှိကြသေးသည်မဟုတ်ပါလား။

ရေစီးတလျှောက်မှာ သူတို့၏ရှေ့မှလှေသည် ဖောင် ...င့်များစွာ ကွာဝေးသွားသည်။ လှေပေါ်မှလူများကိုမမြင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့၊ ဖြူဆွတ်လင်းလက်သော မီးအိမ်အလင်းရောင်ကိုသာ မြင်နေကြရသည်။

မီးထိုစဉ် လှေပေါ်မှ အလင်းရောင်သည် ချက်ချင်းလိုလို ပျောက်ကွယ်သွားခဲ့သည်ကို တွေ့လိုက်ကြရသည်။

"ဟင်. . အလင်းရောင်ပျောက်သွားပြီ၊ လှေလည်းမရှိ တော့ဘူး"

မင်းရဲစည်သူက အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

"တစ်နေရာမှာ ကမ်းကပ်ပြီး လိုရာခရီးကို ထွက်သွား ကြပြီထင်ပါရဲ့"

ဦးဇော်မိုး်က ဖောင်ကိုထိန်းရင်း အေးဆေးစွာပြော လိုက်သည်။ သို့သော် တခဏအတွင်းမှာပင် သူတို့ထင်နေကြ သည်က တလွဲဖြစ်သွားခဲ့သည်။ အကြောင်းမှာ ဖောင်ကြီး၏ ရှေ့က တောင်ကြီးတစ်လုံးကို မမျှော်လင့်ပဲ ရင်ဆိုင်လိုက် သည်။ တောင်ကြီး၏အောက်ခြေတွင် ဂူပေါက်ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။

ဖောင်သည် ဂူပေါက်ထဲကို စွတ်ကနဲဆို ဝင်သွားခဲ့ သည်။ တကယ်တော့ တောင်ကြီး၏အောက်ခြေမှာ ဂူလှိုဏ် လမ်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ ယင်းလမ်းသည် တောင်တစ်ဖက်အထိ ဖောက်လျှောက်ကြီးပေါ်နေသော ဘာဝလမ်းကြောင်းကြီးပင်တည်း။





ဖောင်က ဂူထဲကိုဝင်သွားခဲ့သည်နဲ့ ရုတ်တရက် ဘာ ကိုမှ မမြင်ကြရတော့၊ ပကတိ မည်းမှောင်သွားခဲ့သည်။ အား လုံး မမြင်မကမ်းနဲ့ ဖြစ်သွားခဲ့ရသည်။ ဖောင်သည် တစ်စုံတစ် ခုနဲ့ ဝင်ပြီးတိုက်မိလေတော့မလားဟု စိုးထိတ်သွားခဲ့သေးသည်။

သို့သော် သူတို့ထင်နေကြသလို ဖြစ်မလာခဲ့ပါ။ အ ကြောင်းမှာ ဖောင်၏ရှေ့တွင် ဖြူဆွတ်သော အလင်းရောင် ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။ ထိုအလင်းရောင်သည် ငြိမ်သက်စွာမနေပဲ ရွေ့လျားလျက်ရှိနေသည်။

တကယ်တော့ သူတို့၏ရှေ့မှ လှေငယ်ပေါ်ရှိမီးအိမ် မှ ထွက်ပေါ်နေသော အလင်းရောင်ပင်ဖြစ်သည်။ မီးအလင်း ရောင်သည် ဂူလှိုဏ်ထဲမှာ ပိုပြီးတော့ လင်းထိန်လျက်ရှိသည်။ လှေပေါ်မှလူကို မတွေ့ရသလိုပင်။ လှေပေါ်မှာ မီးအိမ်ကြီးတစ် လုံးကိုတင်ပြီး ရွေ့လျားနေသည်နှင့်တူသည်။ လူမပါသလိုဖြစ် နေသည်။ လှေပေါ်မှလူနှစ်ယောက်သည် ဘယ်ရောက်သွား ကြပါသလဲ။

သို့သော် ထိုသူနှစ်ယောက် ပျောက်မသွားကြပါ။ လှေ ပေါ်မှာပဲ ရှိနေကြပါသည်။ မီးအလင်းရောင်အားကောင်းခြင်း ကြောင့် လူနှစ်ယောက်ကို ကွယ်ဖျောက်ထားသလိုဖြစ်နေခြင်း ပါ။

အမျိုးသမီးသည် လှေပေါ်မှာ မတ်တတ်ရပ်ကာ လက်



www.burmeseclassic.com

www.burmeseclassic.com



မှာ မီးအိမ်ကို ကိုင်ထားဆဲပင်။ အသားဖြူဖြူနှင့်လူကြီးကလည်း လှေကို ရေစီးကြောင်းတလျှောက် တက်၍ ထိန်းကာ လိုက်ပါနေဆဲပင်။

ဂူလိုဏ်ထဲမှာ အတော်လေးကြာအောင် မျောပါနေကြပြီးမှ ပို၍လင်းထိန်သော အလင်းရောင်ကို အားလုံးတွေ့လိုက်ကြရသည်။ ယင်းအလင်းရောင်တိုးပြီးဝင်လာသော နေရာသည်ကား ဂူပေါက်၏ အဝပင်တည်း။ ဖောင်သည် ရေစီးကြောင်းအတိုင်း ဂူအပြင်ဘက်ကို ထွက်သွားခဲ့သည်။ လှေကိုလည်း မတွေ့ကြရတော့။ သဘာဝရှုခင်းတွေက ပြောင်းလဲသွားခဲ့သည်။ သို့သော် သူတို့တွေ့လိုက်ကြရသောအရာသည်ကား

➤➤➤➤➤





“ဒီလို ဝင်ပေါက်ဆိုတာ အောက်ခြေတာပဲ ဂိုဏ်းမှာပေါ့ကွာ၊ ငါတို့ပြောတဲ့အတိုင်းဆိုရင် ကျောက်တောင်ကြီးကို ရေလှမ်းမိုးတယ်ပဲကွာ၊ ဂူပေါက်ကိုလည်း ရှင်ရှင်တယ်ပဲကွာ၊ ဒီရေတွေဟာ ဂူထဲကို အလုံးလိုက်ကြီး သရင်းလိုက် ဝင်သွားနိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



အခန်း - (၁၈)

## ဝိဉာဉ်တောင်လျှို့ဝှက်ချက်

သူတို့တွေ့လိုက်ရသော အရာသည်ကား မြစ်၏ညာ

ဘက်တွင် လွန်စွာမှမြင့်မားသော တောင်ကြီးနှစ်လုံးသည် ယှဉ်

လျက်သားရှိနေကြသည်။ တောင်နှစ်လုံး၏တစ်ဖက်တွင်တော

ကျောက်တောင်ငယ်လေးတစ်လုံးကို မြင်တွေ့လိုက်ရသည်

သို့သော် ရေပြင်ကြီးတစ်ခုလုံးသည် တောင်၏အခြေပတ်လည်

ကို ဖုံးလွှမ်းလျက်ရှိသည်။ ကမ်းခြေဟူ၍မရှိချေ။

ခပ်လှမ်းလှမ်းဆီ[illegible]တော့ ဆီးနှင်းများဖုံးလွှမ်းလျက်

သော တောင်စဉ်တောင်တန်းကြီးများကို မြင်တွေ့ကြရသည်





တောင်ထွတ်များသည် ဆီးနှင်းများဖြင့် ဖြူဖွေးလျက်ရှိသည်။ လွန်စွာမှ အအေးပိုသောနေရာပင်ဖြစ်သည်။ ဦးနန်းကိုက . ။

"မြေပုံညွှန်းအရဆိုရင်တော့ ဒီနေရာဟာ ခရီးလမ်းဆုံးပဲ၊ ဒါပေမယ့် ဝိဉာဉ်ပျော်စံရာ တောင်ညီနောင်ဆိုတာ ဘယ်မှာလဲ၊ ဟောဟိုက တောင်နှစ်လုံးပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ ဒါပေမယ့် ဒါတွေဟာ ပုရပိုဒ်ထဲမှာ ဖော်ပြထားသလောက် မမြင့်မားကြဘူး"

"တောင်ညီနောင်နဲ့ကပ်လျက် ကျောက်တောင်ဆိုတာကလည်း တောင်ပူစာသေးသေးလေးလိုဖြစ်နေတယ်၊ နှစ်နှစ်ဆယ်အတွင်းမှာ ဘာဖြစ်လို့ ဒီလောက်တောင် ကွာခြားသွားခဲ့ရတာလဲ"

"ဖေဖေ. . ကျွန်တော်အိပ်မက်ထဲမှာ မက်ခဲ့တဲ့တောင်ညီနောင်နဲ့ ကျောက်တောင်ဟာ ဒီတောင်တွေပဲ ကျိန်းသေပါတယ်၊ ဒီနေရာဟာ အကြောင်းတစ်ခုခုကြောင့် ရေလွှမ်းမိုးသွားတာပဲဖြစ်ရမယ်"

"သား. . ဒီလိုဆိုရင် ဟောဟိုကျောက်တောင်ဟာ မူလက အမြင့်ကြီးပဲပေါ့၊ သည်အထဲမှာ ဖေဖေတို့သိချင်တဲ့ အကြောင်းအရာတွေ၊ သားနှင့်ပတ်သက်တဲ့ ကိစ္စတွေဟာ ရှိနေလိမ့်မယ်၊ ဖေဖေတို့ ဝင်ဖို့ကိစ္စကခက်နေပြီ၊ ဘယ်မှာလဲ ဝင်ပေါက်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဇော်မှိုင်းက. . .။

"ဂူရဲ့ဝင်ပေါက်ဆိုတာ အောက်ခြေမှာပဲရှိမှာပေါ့ဗျား ခင်ဗျားတို့ပြောတဲ့အတိုင်းဆိုရင် ကျောက်တောင်ကြီးကို ရေလွှမ်းမိုးထားတယ်ပဲထား၊ ဂူပေါက်ကိုလည်း ဖွင့်နိုင်တယ်ပဲထား ဒီရေတွေဟာ ဂူထဲကို အလုံးလိုက်၊အရင်းလိုက် ဝင်သွားနိုင်တယ်"

"ဦးဇော်မှိုင်းပြောတာမှန်တယ်၊ အဲဒီလိုသာဆိုရင် ကျွန်တော်တို့လည်း ကျောက်တော ်ကြီးထဲကို ဝင်လို့ရကြမှာမဟုတ်ဘူး"

"မေမေ. . ကျွန်တော်တို့ ၎ည်းလမ်းရှာကြရလိမ့်မယ်၊ ကျောက်တောင်ဂူကြီးထဲကို ဝင်နိုင်တဲ့အဖြေမျိုးကတော့ တစ်နေရာမှာရှိနိုင်တယ်"

"ကဲ. . သည်နေရာကို ခက်ခက်ခဲခဲနဲ့ ရောက်လာကြပြီးမှတော့ လွယ်လွယ်နဲ့တော့ လက်လျှော့ပြီး မပြန်ပါဘူးလေ၊ ခုလောလောဆယ် ခရီးကလည်း ပန်းလာကြပြီမို့ စခန်းချအနားယူဖို့ အရင်စီစဉ်ကြမယ်"

ဦးဇော်မှိုင်းက သဘောပေးလိုက်သည်။ ထိုအခါကျမှပဲ ကောင်းကင်ထက်မှာ နေနည်းနေပြီကို သိလိုက်ကြရသည်။ စောစောက တောင်ကို ထွင်းဖောက်ထားသည့် ရေလမ်းခရီးသည် မှောင်အတိကျခဲ့သည်။



ယခု ဒီနေရာရောက်တော့ ဖြစ်နေတာ ကုန်ဆုံးသွားတော့မည့် အခြေအနေအရ တစ်ကယ့်ကို မှောင်လာတော့မည်။ သဘာဝအမှောင်သည် ကျရောက်လာတော့မည်။ မှောင်သည် ကမ်းခြေတစ်နေရာမှာ အလိုလိုရပ်နားပြီးသား ဖြစ်သွားခဲ့ရသည်။

မင်းရဲစည်သူသည် စောစောက မီးအိမ်ရှင်လမ်းပြသည့် အမျိုးသမီးကို လိုက်လံရှာဖွေနေမိသည်။ မမကြီးမှမမကြီးအစစ်ပါ၊ တောင်ကြီးတစ်ဖက်ကို ရောက်သောအခါကျမှ လူတွေရော၊ လှေကိုပါ မတွေ့ကြရတော့။ ထူးဆန်းနေသည်။

သုံးယောက်ကောင်းကောင်း တစ်ပေါင်းတည်းနေလို့ရသည့် ရွက်ဖျင်တဲကြီးတစ်လုံးကို အလျင်အမြန် တည်ဆောက်လိုက်ကြသည်။ သားကိုပါ ရွက်ဖျင်တဲထဲကို ထည့်ထားနိုင်လေသည်။

ဦးဇော်မှိုင်းသည် လမ်းတလျှောက်လုံး အန္တာခံကာလိုက်ပါလာခဲ့သည်။ လားလေးကို အစာကောင်းစွာကျွေးမွေးသည်။ ရေတိုက်သည်။ ဆေးဝါးလည်းတိုက်ကျွေးပေးသည်။ ကောင်းစွာအနားပေးလိုက်သည်။ တဲရှေ့မှာလည်း မီးပုံကြီးတစ်ပုံကို ဖိုလိုက်သည်။

ကောင်းစွာမမှောင်မီပင်လျှင် ဝါးကျည်တောက်များဖြင့် ထမင်းချက်သည်။ ရေနွေးကြိုသည်။ ပါလာသော ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်များဖြင့် ညစာကို လျှင်မြန်စွာဖြင့် စားလိုက်ကြသည်

ရာသီဥတုက ဘော်တော်လေးကို အေးလာခဲ့သည် အနောက်မြောက်ဒေသ၏ အစွမ်းကို ပြပြီထင်သည်။ သူတို့ ဤနေရာကို ရောက်လာခဲ့ခြင်းကို အိပ်မက်လို့ပဲ ထင်နေမိ မြေပုံညွှန်းသည် တကယ်ပင် မှန်နေပါလားဟု၍။

ယင်းမပြတ်ထည့်ထားသော မီးပုံကြီးမှ အပူရှိန်သည် လုံလောက်သော အနွေးဓာတ်ကိုရစေသည်။ ထုံးစံအတိုင်း ရွက်ဖျင်တဲထဲမှာ အမဲလိုက်သေနတ်ကိုကိုင်ကာ တစ်ယော တစ်လှည့်စီ ကင်းစောင့်ကြသည်။ ရှေးဦးစွာ တာဝန်ယူသူ ဦးဇော်မှိုင်း။

"ကျုပ်အရင်စောင့်မယ်၊ ခင်ဗျားတို့ စိတ်ချလက်ချ အိ ကြပါ"

သန်းခေါင်ယံမှာ ဦးနန်းကို၊ သူ့နောက်မှာ မင်းရဲစ သူ။ ထိုနောက် မီးဖိုမှအနွေးဓာတ်ကိုယူကာ ကောင်းစွာအိ စက်ကြသည်။ မကြာမီမှာပင် အိပ်မောကျသွားခဲ့ကြလေသည်

➤➤➤➤➤

ရေအောက်မြင်ကွင်းသည် ကြည်လင်ရှင်းလင်းလျ ရှိသည်။ သန္တာကျောက်တန်းများ၊ ကျောက်ခက်ဖြူဖြူများ





မှော်ပင်များကို ထင်ရှားစွာဖြင့် မြင်နေရသည်။ အရွယ်အမျိုး စုံလင်သော ငါးများသည် ကူးခတ်သွားလာလျက်ရှိသည်။

မင်းရဲစည်သူသည် ရေအောက်ကြမ်းပြင်နှင့်ကပ်ပြီး ကူးနေလျက်ရှိသည်။ သူသည် ရေအောက်မှာ တစ်ခုခုကိုလိုက် ရှာနေသည်။ သူ့ကိုယ်ပေါ်မှာ ရေအောက်မှာ သွားလာနိုင်ရန် အထောက်အကူ ကိရိယာလုံးဝမပါ။ သို့သော် သူသည် ရေကို ကောင်းစွာငုပ်နိုင်လျက်ရှိသည်။

ကျောက်တိုင်ကြီးဆီကို မင်းရဲစည်သူရောက်သွားခဲ့၏။ ဤကျောက်တိုင်ဖြူဖြူကြီးသည် မူလက ရေပေါ်မှာ ရှိဟန်တူ သည်။ အကြောင်းတစ်ခုခုကြောင့် ရေအောက်ကိုရောက်သွား ဟန်တူသည်။ မင်းရဲစည်သူသည် ကျောက်တိုင်ကြီး၏အောက်



www.burmeseclassic.com

www.burmeseclassic.com



ခြေမှာ ပစ္စည်းတစ်ခုခုရှိနေလိမ့်မည်ကို အလိုလိုပင်သိနေ၏။ ထို့ကြောင့် လက်နှင့်ယက်ကာ ဘူးဖော်ကြည့်မိသည်။ မကြာမီမှာပင် သတ္တုကဲ့သို့သော ပစ္စည်းအချို့ကို စမ်းမိလာခဲ့သည်။

တစ်ခုပြီးတစ်ခု ဆွဲထုတ်လိုက်သည်။ အပြားပိုင်းလေးခုတိတိကို သူရခဲ့သည်။ ပုံသဏ္ဌာန်က နေစကြာပုံ။ အချင်းခြောက်လက်မခန့်ရှိမည်ဖြစ်ပြီး ထုမှာလက်မဝက်ခန့်ရှိသည့် အလေးချိန်ရှိသည်။ ထိုပစ္စည်းများကိုယူပြီး ရေပြင်ပေါ်ကိုတက်လာခဲ့လေသည်။

သို့သော် တစ်နေရာကိုရောက်သောအခါ သတိထားစရာတစ်ခုကို မြင်တွေ့သွားခဲ့ရသည်။ ယင်းကား ရေအောက်မှာ နစ်မြုပ်နေသော ကျောက်တောင်ကြီးတစ်ခု၏ အစိတ်အပိုင်းပင်ဖြစ်သည်။

ထိုနေရာဆီကိုလှည့်ပြီး မင်းရဲစည်သူကူးသွားခဲ့သည်။ ကျောက်တောင်ကြီး၏အနီးကို ရောက်သောအခါ အောက်ခြေတွင် ပိတ်ထားသော သံမဏိတံခါးကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ဒီကျောက်တံခါးကြီးဟာ အထဲမှာ ဂူကြီးလိုရှိနေမှာပဲ၊ ဂူတံခါးက ပိတ်ထားတော့ ဘယ်လိုဖွင့်ပြီးဝင်မလဲ"

ထိုသို့ စဉ်းစားမိလိုက်စဉ်မှာပင် ဂူတံခါးနှင့်မလှမ်းမကမ်းမှာ စက်ဝိုင်းသဏ္ဌာန် ထွင်းထုထားသော အရာတစ်ခုကို





တွေ့လိုက်ရသည်။ စောစောက သူရရှိထားသည့် နေစကြာပုံစက်ဝိုင်းပြားလေးခုထဲမှ တစ်ခုကို ကျောက်တောင်နံရံမှ အပေါက်ထဲကို ထည့်ကြည့်လိုက်ရာ မထူးခြားပေ။ တစ်ခုပြီးတစ်ခု ထည့်ကြည့်မိသည်။

နောက်ဆုံးတစ်ခုကျမှ ထူးခြားမှုက ထွက်ပေါ်လာခဲ့သည်။ (နေစကြာပုံသဏ္ဌာန် စက်ဝိုင်း၏အလယ်တွင် ဖားရုပ်လေးတစ်ခုပါရှိသည်။ ကျန်အပြားဝိုင်းသုံးခုတွင် မြွေရုပ်၊ ကျားရုပ်နှင့်ကျိုင်းရုပ်ဘ်ာ်ႏ ဒ ပါရှိလေသည်။)

ဖားရုပ်လေးပါရှိသော အပြားဝိုင်းလေးက အပေါက်ထဲမှာ အံဝင်ဂွင်ကျဖြစ်သွားခဲ့သည်နှင့် ရေပြင်သည် ပို၍လှုပ်ရှားလာခဲ့သည်။ အောက်ကို ညင်သာစွာဖြင့် တဖြည်းဖြည်းနိမ့်ဆင်းသွားခဲ့သည်။

သို့သော် အရှိန်ပါသောကြောင့် ရေဆွဲအားနောက်ကိုလိုက်ပါမသွားရစေရန် ကျောက်တောင်နံရံမှ ထိုးထွက်နေသော ကျောက်စွန်းများကို ကပ်တွယ်ထားရသည်။ မင်းရဲစည်သူသဘောပေါက်သွားသည်။ ယင်းကား ဘူတာဝါဟနယန္တယားအတတ်ဖြင့် စီရင်ထားခြင်းပင်ဖြစ်သည်။

"ရေတွေဟာ ယန္တယားအတတ်နဲ့ စီရင်ထားတဲ့ ရေတံခါးတစ်ခုကနေ ပင်လယ်ထဲကို ပြန်ပြီးထွက်သွားကြမှာပဲ ရေတံခါးဟာ လျှို့ဝှက်တစ်နေရာမှာ ရှိနေလိမ့်မယ်၊ တော်တော့



www.burmeseclassic.com

www.burmeseclassic.com



ကို ဆန်းပြားပါလား"

ရေသည် တဖြည်းဖြည်းနဲ့ နိမ့်ဆင်းသွားခဲ့လေသည်။ နောက်ဆုံးမှာတော့ ကျောက်တောင်ကြီး၏ အောက်ခြေအထိ ရောက်ရှိသွားခဲ့ရသည်။ ဂူမှာပိတ်ထားသော သံမဏိတံခါးကြီးကို ထင်ရှားစွာဖြင့် မြင်လိုက်ရလေသည်။

ထိုစဉ်မှာပင်လျှင် မင်းရဲစည်သူသည် အိပ်ပျော်နေရာက နိုးလာခဲ့သည်။ တကယ်တော့ သူအိပ်မက်မက်နေခြင်းပင်တည်း။

➤➤➤➤➤

"အဲဒါပဲ. . ဖေဖေ၊ ကျွန်တော့်အိပ်မက်ထဲမှာ မြင်မက်ခဲ့ရတာကတော့ ရှင်းနေတာပဲ"

မနက်မိုးလင်းသောအခါ မင်းရဲစည်သူက ဦးနန်းတိုးအား သူ၏အိပ်မက်အကြောင်းကို ပြန်ပြောပြသည်။

"သားရဲ့ အိပ်မက်က ထူးခြားတယ်၊ ကိုယ့်ရဲ့ စိတ်ဆန္ဒက ပြင်းပြနေတဲ့အခါ မသိစိတ်က လမ်းညွှန်ပြီးပြတတ်တယ်။ ဒီကျောက်တောင်ကြီးဟာ မူလကတော့ ရေပြင်ထက်မှာ ထိုးလုံးလျားလျား ပေါ်နေတာပဲ၊ ဒါပေမယ့် စကြာမအတတ်ပညာနဲ့စီရင်ပြီး ပင်လယ်ရေပြင်နဲ့ ဟောဒီမြစ်ကြီး ဆက်စပ်တဲ့ နေရာကို လျှို့ဝှက်ရေတံခါးတပ်ဆင်ထားတာပဲ၊ ဒါကြောင့်





မို့ ကျောက်တောင်ကြီးကို ဖုံးကွယ်နေတဲ့ ရေတွေကိုသွင်းလိုက်၊ ထုတ်လိုက်နဲ့ လုပ်လို့ရတာပဲမဟုတ်လား"

"ဒီအဝိုင်းပြားလေးတွေပေါ်မှာ ထွင်းထားတဲ့ အရုပ်လေးတွေကတော့ သင်္ကေတပဲ၊ သူ့အရုပ်နဲ့အံဝင်မှ အလုပ်လုပ်တယ်၊ ကျန်တဲ့ အရုပ်လေးတွေကတော့ သူ့နေရာနဲ့သူ အသုံးဝင်ကြမှာပဲ၊ အားလုံးကို ပယ်လိုက်လို့ကတော့မရဘူး"

"ဖေဖေ. . ကျွန်တော်တော့ ရေအောက်ထဲဆင်းငုပ်ပြီးကြည့်ချင်တယ်"

"ဟုတ်တယ်၊ ကျုပ်လည်း ရေအောက်ကိုဆင်းပြီးရှာချင်တယ်"

စကားကို တိုတောင်းစွာပြောတတ်သော ဦးဇော်မှိုင်းကလည်း ဆန္ဒရှိနေသည်။ ဦးနန်းတိုကိုယ်တိုင်ကလည်း စမ်းချင်သော သဘောရှိနေလေရာ. . .။

"ကောင်းပြီလေ၊ ကျွန်တော်လည်း သဘောတူပါတယ်၊ အခွင့်အရေးရှိတုန်း စမ်းကြည့်တာပေါ့"

နံနက်စာကို ဖြစ်သလို စားသောက်ကြရင်း နေထွက်ချိန်ကို စောင့်နေကြသည်။ မကြာမီ နေထွက်လာသည်။ နှင်းလည်းကွဲလာသည်။ အဖော်ပါလာသော လားလေးကို အစာကျွေးပြီးသည့်နောက် ထိုနေရာမှာပင်လျှင် ကြိုးရှည်ရှည်နဲ့ တိုင်တစ်တိုင်မှာချည်ကာ ထားလိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖောင်နှင့်ကျောက်တောင်ဘက်ဆီကို ကူးလာခဲ့ကြလေသည်။

>>>>>





"ဘာ့အားသင့်ရောပဲ၊ ဒီအပြားဝိုင်းလေးတွေဟာ သားရဲ့ အိပ်မက်ထဲက အတိုင်းပါပဲလား"

"ဟုတ်တယ်...ဖေဖေ၊ ဒီအတိုင်းပဲ တစ်ချက်မှမလွဲဘူး၊ ဒီအတိုင်းဆိုရင် ကျောက်ဂူထဲကိုဝင်တဲ့ တံခါးလည်း ရေအောက်မှာ အသေအချာကိုရှိလိမ့်မယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၁၉)

## ဂူတံခါးပွင့်ပြီ

ကျောက်တောင်ကြီး၏အောက်ခြေသည် ရေပြင်အတိ ဖုံးလွှမ်းလျက်ရှိသည်။ နဂိုက ဤကျောက်တောင်ကြီးမှာ ကမ် ခြေနှင့်တဆက်တည်း တစ်စပ်တည်းရှိသော်လည်း ယခုတော ကမ်းခြေနေရာမှာ ရေပြင်ကြီးအတိ ဖြစ်ပေါ်လျက်ရှိသည်။

မင်းရဲစည်သူတို့ စီးလာသောဖောင်သည် မြစ်ကိုက လန့်ဖြတ် ကူးလာ ခဲ့သည်။ ဦးဇော်မှိုင်းက ဖောင်ပေါ်မှနေ ရေပြင်ကို လက်ဖြင့်စမ်းကြည့်ရာ ပူနွေးလျက်ရှိနေသည်ကို ရသည်။ အေးစက်မနေပေ။

"ဦးနန်းကို. . ရော အေးစက်မနေပဲ ပူနွေးနေပါလာ





ဘယ်လိုသဘောပါလိမ့်"

"ဟုတ်လား. . ဦးဇော်မှိုင်း၊ ဒီလိုဆိုရင် ရေအောက်မီး တောင်တစ်ခုခုနဲ့ နီးနေလို့ပဲ၊ ဒီလိုနေရာမျိုးက သဘာဝဟာ ရေခဲတမျှ အေးစက်နေရမယ်လေ၊ တချို့နေရာမှာဆိုရင်တော့ တောင်ကြောတလျှောက် ရေခဲစပြုနေတာကို တွေ့ကြရတာပဲ မဟုတ်လား"

"ရေပြင်ကနွေးနေတော့ ရေငုပ်မယ့်အစီအစဉ်က ပို ပြီးတော့ လွယ်သွားတာပေါ့ ဖေဖေရာ၊ အေးစက်နေရင်သာ ဒုက္ခခံနိုင်မှာမဟုတ်ဘူး"

မင်းရဲစည်သူက ဖောင်ကို ထိုးဝါးဖြင့်ထိန်းရင်း ပြော လိုက်သည်။ ဖောင်သည် ကျောက်တောင်ကြီးနဲ့ တဖြည်းဖြည်း နီးကပ်လာခဲ့သည်။ နောက်ဆုံးမှာတော့ ဖောင်ဦးက ကျောက် တောင်နှင့်ထိတွေ့သွားခဲ့သည်။

ကျောက်တောင်နံရံမှာတော့ ကျောက်စွန်းတွေ။ ဆူး သဏ္ဍာန်ဖြစ်ပေါ်နေသော ကျောက်ချွန်ချွန်ကြီးတွေကို တွေ့ လိုက်ကြရသည်။ ဖောင်ကြိုးကို ကျောက်စွန်းတစ်ခုမှာ ကွင်း လုပ်ကာ စွပ်ထားလိုက်လေသည်။

မူလအစီအစဉ်မှာ သုံးယောက်စလုံး ရေထဲဆင်းကာ ငုပ်ရန်ဖြစ်သော်လည်း နှစ်ယောက်နှင့်လည်းပြီး၍ ဦးနန်းကို ကို ဖောင်စောင့်အဖြစ် ထားလိုက်ကြသည်။ မင်းရဲစည်သူက ရေကူးကျွမ်းကျင်သလို ရေလည်း ကောင်းစွာငုပ်နိုင်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးဇော်မှိုင်းသည်လည်း ရေငုပ်ကာ ငါးရှာခဲ့သူတစ်ဦး ဖြစ်သည်။ မြိတ်ဘက်တွင် ကမာလည်းငုပ်ဖူးသည်။ အထူးပြော စရာမလို။

"ကဲ . . ရေက တည်ငြိမ်နေတုန်း ကျုပ်တို့ရေထဲဆင်း ငုပ်ကြတော့မယ် . . ဦးနန်းကို"

"သား . . မင်းက အတွေ့အကြုံနုသေးတော့ ဖြစ်ပါ့မ လားကွယ်"

"ဖြစ်ပါတယ် . . ဖေဖေ၊ ကျွန်တော့်အတွက် စိတ်မပူ ပါနဲ့၊ ဖေဖေသာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပြီးတော့ နေရစ်ခဲ့ပါ"

"စည်သူ့အတွက် မပူပါနဲ့၊ ကျုပ်အသက်ပေးပြီးသော့ ရှောင်ပါ့မယ်ဗျာ"

ဦးဇော်မှိုင်းက ကတိပေးလိုက်သည်။ ထိုနောက် ရေ ငုပ်အကူကိရိယာမပါပဲ ရေအောက်သို့ ဆင်းသွားခဲ့ကြသည်။

➤➤➤➤➤

ရေအနက် ပေနှစ်ဆယ်ခန့်အရောက်တွင် မင်းရဲစည် သူကဦးဆောင်ပြီး ရှေ့ကကူးသွားသည်။ အိပ်မက်အရ မည် သည့်နေရာဆီသို့ သွားရမည်ကို သိနေသည်။ ဦးဇော်မှိုင်းက နောက်ကလိုက်သွားသည်။ ရေအောက်မှာ ပို၍မှောင်နေသည်။





မင်းရဲစည်သူက ထိုနေရာကို လက်ညှိုးထိုးပြလိုက်သည်။

နှစ်ယောက်စလုံး ပို၍လျှင်မြန်စွာဖြင့် ကူးသွားခဲ့ကြ သည်။ ကျောက်တိုင်ဆီကိုရောက်သော် ခါးမှာစားအိမ်နှင့်ထည့် ယူလာသော ဓားမြှောင်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။ ကျောက် တိုင်၏အောက်ခြေကို တူးကြသည်။

မကြာမီ ဒင်္ဂါးပုံအပြားဝိုင်းလေးခုကို တွေ့လိုက်ကြရ သည်။ တစ်ယောက်နှစ်ခုစီယူပြီး ရေမျက်နှာပြင်ပေါ်ကို လျှင် မြန်စွာဖြင့် တက်လာခဲ့ကြလေသည်။ အသက်အောင့်ထားရ သည်မှာလည်း ကြာပြီဖြစ်သည်။ ရေအောက်မှာ သိပ်ကြာကြာ နေ၍ မရတော့ပါ။

ဖောင်နှင့်ကပ်လျက် အနီးဆုံးနေရာကို ဘွားကနဲဆို ပေါ်လာခဲ့ကြသည်။ သူတို့ကို စိုးရိမ်စွာဖြင့် စောင့်နေသော ဦးနန်းကိုသည် မင်းရဲစည်သူနှင့်ဦးဇော်မှိုင်းတို့ကို မြင်လိုက်ရ တော့မှ စိတ်အေးသက်သာ ရသွားခဲ့ပြီဖြစ်သည်။

"ရလာပြီ . . ဖေဖေ၊ ရလာပြီ"

မင်းရဲစည်သူက အော်ပြောလိုက်သည်။ ဖောင်ဆီကို ပြန်ရောက်သော် ဦးနန်းကိုက ဆွဲတင်သည်။ နှစ်ယောက်စလုံး သက်လုံကောင်းကြသည်။ ထင်ထားသလောက် မောပန်းခြင်း မရှိသည်ကိုတွေ့ရသည်။

နေစကြာအပြားဝိုင်းလေးခုသည် ကြေးပြားများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဖားရုပ်၊ မြွေရုပ်၊ ကျားရုပ်နှင့်ဖျိုင်းရုပ်အသီးသီး [cut]
ကြသည်။

"အံ့အားသင့်စရာပဲ၊ ဒီအပြားဝိုင်းလေးတွေဟာ သာ [cut]
ရဲ့ အိပ်မက်ထဲက အတိုင်းပါပဲလား"

"ဟုတ်တယ်. . ဖေဖေ၊ ဒီအတိုင်းပဲ၊ တစ်ချက်မှမ [cut]
ဘူး၊ ဒီအတိုင်းဆိုရင် ကျောက်ဂူထဲကိုဝင်တဲ့ တံခါးလည်း [cut]
အောက်မှာ အသေအချာကိုရှိလိမ့်မယ်. . ဖေဖေ"

"တစ်နာရီလောက် နားကြတာပေါ့ကွယ်၊ ဒီတစ်ခါ [cut]
အောက်ကိုဆင်းကြရင်တော့ ဖေဖေပါလိုက်မယ်"

"ကျုပ်စိတ်ထဲမှာ နောက်ကြောင်းမအေးသလို ခံ [cut]
နေရတယ်၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး"

"ဟုတ်တယ်. . ဦးဇော်မှိုင်း၊ ကျုပ်လည်း ဒီလိုပဲ ခံ [cut]
နေရတယ်၊ ဘယ်လိုကြောင့်လဲတော့မသိဘူး၊ သတိတော့ထ [cut]
ကြရမယ်"

တစ်နာရီခန့်အကြာကိုပင် အောင့်အီးကာ စောင့် [cut]
ကြရသည်။

"ကဲ. . ဆင်းကြရအောင်"

ဦးနန်းကိုက စပြီးပြောလိုက်သည်။ ကိုယ်အထက် [cut]
မှာတော့ဗလာ။ အောက်ပိုင်းမှာ ဘောင်းဘီကိုယ်စီဖြင့် ရေ [cut]
ပေါ်မှ ရေအောက်ကိုဆင်းလိုက်ကြလေသည်။ ရေမငုပ်မီ [cut]
ဆုတ်ထဲသို့ လေများကို အသက်ဝဝ ရှူသွင်းလိုက်ကြသ [cut]





[cut] တစ်ခေါက်မှာလည်း မင်းရဲစည်သူပင် ဦးဆောင်ပြီးတော့ ကူး
[cut] ဘ်သွားသည်။ ကျောက်ဂူတံခါးကြီးရှိနေသည့်နေရာကို သူ
[cut] သိနေသည်မဟုတ်ပါလား။

လျှင်မြန်စွာဖြင့် ငုပ်သွားခဲ့ကြရာ အရိပ်သဏ္ဍာန်တစ်
[cut] သည် သူတို့၏ ခေါင်းပေါ်မှ ကျော်ဖြတ်သွားခဲ့သည်။

ကျောက်တောင်ကြီး၏ အောက်ခြေကို တစ်ပတ်ပင်
[cut] ပတ်လိုက်ရ၊ ကျောက်ဂူတံခါးကြီးကို တွေ့လိုက်ရသည်။

မင်းရဲစည်သူသည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်
[cut] ည်။ သံမဏိတံခါးကြီး၏ အပြင်ဘက်တွင် ကျောက်တောင်
[cut] ရှိ စက်ဝိုင်းသဏ္ဍာန် အပေါက်ကြီးတစ်ခုကို တွေ့လိုက်ရ၏။
[cut] နေရာဆီကို ရောက်အောင်သွားကြပြီး မင်းရဲစည်သူက အ
[cut] ပါက်ဝိုင်းထဲကို ဖားရုပ်ပါနေစကြာအပြားဝိုင်းကို အံဝင်ခွင်
[cut] တပ်လိုက်သည်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ယန္တယားအတတ်ပညာဖြင့် မည်သို့ဆက်သွယ်ထားသည်မသိ။ ရေပြင်သည် တစ်ချက်လှုပ်ရှားသွားခဲ့သည်။ သိသာစွာ လှုပ်ရှားသွားခြင်းပင်ဖြစ်သည်။ သုံးဦးစလုံး တိုင်မင်ထားကြသည့်အလား ရေပြင်ပေါ်ကို ဘဟုန်ထိုးကူးကာ တက်သွားခဲ့ကြသည်။ ဖောင်ဆီကို ပြန်ရောက်လာကြသည်။

အသက်ကို ဝအောင်ရှူသွင်းလိုက်ကြကာ ဖောင်ပေါ်သို့ ပြန်တက်လိုက်ကြလေသည်။ ထိုစဉ် အတော်ခပ်ဝေးဝေးနေရာဆီမှ တဟီးဟီးဖြင့် ညည်းသံလိုမျိုးကြီး ထွက်ပေါ်လာခဲ့သည်။ ရေပြင်သည်လည်း ပိုပြီးတော့ လှုပ်ရှားသွားသည်။ အောက်ကို နိမ့်ဆင်းသွားခြင်းပင်ဖြစ်သည်။

"ရေက အောက်ကိုနိမ့်ဆင်းသွားတယ်၊ ဖောင်ကြိုးကို မြန်မြန်ဖြုတ်"

ဦးနန်းကိုက သတိပေးလိုက်သည်။ ဦးဇော်မိုင်းသည် ကျောက်တောင်စွန်းမှာ ကွင်းစွပ်လုပ်၍ ချိတ်ထားသော ဖောင်ကြိုးကိုဖြုတ်လိုက်ပြီး အောက်အဆင့်ရှိ ကျောက်စွန်းတစ်ခုမှာ ပြောင်းပြီးချိတ်လိုက်သည်။

ရေစီးကြောင်းများလည်း ဖြစ်ပေါ်လာသည်။ ရေသည် တဖြည်းဖြည်းနဲ့ သိသာစွာ နိမ့်ဆင်းလာသည်။ ဖောင်ကြိုးကို မကြာခဏဖြုတ်ကာ ကျောက်တောင်အောက်ကို ပြောင်း၍ ကွင်းစွပ်ပေးရသည်။ သတိထားပြီးမလုပ်လျှင် ဖောင်သည် ရေစီးတလျှောက် မျောပါသွားလိမ့်မည်။



(တစ်နေရာတွင် လှို့ဝှက်တံခါးပေါက်ရှိနေပြီး ရေများကို ပင်လယ်ထဲသို့ ပြန်ပြီးလွှတ်ထုတ်နေတာပဲဖြစ်ရမည်။)

ဤသို့ဖြင့် ထွက်ပေါက်မှ ထွက်သွားကြသော ရေများကြောင့် ရေသည် တဖြည်းဖြည်းနဲ့ တိမ်လာခဲ့လေရာ တစ်နေ့လုံး စောင့်ဆိုင်းနေခဲ့ကြရာ. . .။

➤➤➤➤➤

ညနေစောင်းအချိန်သို့ ရောက်သောအခါ ကျောက်တောင်ကြီးတစ်ခုလုံး၏ အောက်ခြေသည် ရေလုံးဝစစ်သွားသည်။ မူလကုန်းမြေပြန်ပေါ်လာသည်။ နွံနန်းများ၊ အနယ်အနှစ်များ၊ ကျောက်တုံးကျောက်ခဲများနှင့် ရေအောက်သစ်ပင်များသာ ကျန်ရစ်ခဲ့ကြလေသည်။

သံမဏိတံခါးပေါက်ကြီးသည်လည်း ပေါ်လာခဲ့လေသည်။ ကျောက်တောင်ကြီးထဲကို တံခါးပေါက်မှတဆင့် ရေစိမ့်ပြီးမဝင်စေရန် မည်သို့နည်းများဖြင့် စီမံထားလည်းမသိ။

"ကဲ. . ကျောက်ဂူကြီးကိုဖွင့်ဖို့ကို နည်းလမ်းရှာကြရအောင်လား"

"ဖေဖေ. . ဘူတာဝါဟာန ယန္တယားခလုတ်တွေ တပ်ဆင်ထားတဲ့နေရာတွေ၊ ထောင်ချောက်တွေကိုပြတဲ့ မြေပုံကို ပြန်ကြည့်ရင် တွေ့နိုင်လိမ့်မယ်ထင်တယ်"

"ဟုတ်သားပဲ၊ သားပြောမှပဲ သတိရတော့တယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ကြည့်ဖို့မေ့နေတယ်"

မြေအိုးထဲမှရသော မြေပုံကို ပြန်ကြည့်ကြသည်။ သံမဏိတံခါးဖွင့်ရန် ကျောက်နှာမောင်းသဏ္ဌာန်ခလုတ်တစ်ခုကို မြေပုံညွှန်းသဏ္ဌာန် ဖော်ပြထားသည်။

"ဆင်နှာမောင်းသဏ္ဌာန်ခလုတ်က ကျောက်တောင်ကြီးရဲ့ ညာဘက်၊ တံခါးမကြီးနှင့်ဆယ်ပေအကွာလောက်မှာပဲ ရှိတယ်ဆိုပါလား"

"ကျွန်တော်တို့ လိုက်ရှာလိုက်ဦးမယ်. . ဖေဖေ"

မင်းရဲစည်သူနှင့်ဦးဇော်မိုင်းတို့သည် ကျောက်တောင်ကြီး၏ဘေးမှာရှာရန် ထွက်သွားခဲ့ကြသည်။ မကြာမီ တံခါးမကြီးနှင့်ဆယ်ပေအကွာလောက်မှာ လေးထောင့်သဏ္ဌာန် အကွက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ကျောက်သားနံရံနှင့်ကပ်လျက်ဖြစ်ပေါ်သော သဏ္ဌာန်ဖြစ်သည်။ အကွက်၏ထောင့်မှာ ကြေးဘုလုံးတစ်လုံးကို တွေ့လိုက်ရသည်။

"စည်သူ. . ဒါအံဝှက်တစ်ခုပဲဖြစ်မယ်"

"ဖြစ်နိုင်တယ်. . ဦး၊ ဖွင့်ကြည့်ရအောင်"

လက်ကိုင်ဖုလေးဟုထင်ရသော ကြေးဖုလေးကိုကိုင်ကာ ဆွဲယူလိုက်သောအခါ လေးထောင့်အံဝှက်တံခါးလေးက ပွင့်လာခဲ့လေသည်။ အထဲမှာ ဆင်နှာမောင်းသဏ္ဌာန် လက်တံလေးကို တွေ့လိုက်ရသည်။ ဦးနန်းကိုလည်းရောက်လာ၏။

"တွေ့ပြီ. . ဖေဖေ၊ ဒီမှာ. . ."





"ဒါ. . ဂူတံခါးကို အပြင်ကနေဖွင့်နိုင်တဲ့ ခလုတ်ပဲ. . သား၊ ကဲ. . သားပဲဆွဲချလိုက်ပါဦး"

မင်းရဲစည်သူက ကျောက်နှာမောင်း၏ အဖျားကိုကိုင်ပြီး ဆွဲချလိုက်သောအခါ တခဏအတွင်းမှာပင် ထူးခြားသော အသံများ ထွက်ပေါ်လာခဲ့သည်။ ၃က်

ဖျောက်. . ဖျောက်. . ဖျောက်။

လက်ခုပ်တီးသံလိုလို တဖျောက်ဖျောက်နဲ့ အသံများ ထွက်ပေါ်လာပြီးနောက်. . .။

ဂျိမ်း. . ဂျိမ်း. . ဂျိမ်း။

မိုးခြိမ်းသံလိုလို အသံများကလည်း ထွက်ပေါ်လာပြီးသည့်နောက် ကျောက်တံခါးကြီးသည်လည်း ဘေးတိုက်ရွေ့ များသွားခဲ့သည်။ သုံးယောက်စလုံး တံခါးကြီးဆီကို ပြေးလာကြည့်ကြသည်။ ဂူပေါက်ကား ပွင့်နေလေပြီတည်း။

အလင်းရောင်လုံလောက်စွာ ရသေးသည်ဖြစ်၍ ဂူထဲကို ဝင်ခဲ့ကြလေသည်။ ထောင်ချောက်ခလုတ်များကို မနင်းမိစေရန် လမ်းညွှန်မြေပုံညွှန်းကို ကြည့်ကြရ၏။ ထောင်ချောက်ခလုတ်များသည် ကြမ်းပြင်မှာလည်းရှိသည်။ နံရံလေးဘက်စလုံးမှာလည်းရှိကြသည်။ မနင်းမိစေရန် မည်သည့်နေရာကိုမှ ကိုင်မိစေရန် သတိထားကြရသည်။

ထောင်ချောက်ခလုတ်များရှိသည့်နေရာကို နေစကြာသဏ္ဌာန် စက်ဝိုင်းအမှတ်အသားများဖြင့်ပြထားသည်။ သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာကြည့်မှသာ မြင်တွေ့ရသည်။ ကျောက်နံရံမှာလည်း ထို့အတူပင်။ နေစကြာပုံအဝိုင်းသင်္ကေတန်များကို တချို့နေရာများမှာ တွေ့ကြရသည်။ ထင်ထင်ရှားရှား ရေးသားထားသည် မဟုတ်ချေ။ မြေပုံညွှန်းအရသိနေ၍သာ ရှောင်ကွင်း၍ သွားခြင်းပင်ဖြစ်သည်။

ကျောက်တောင်ဂူကြီးက ကျယ်ဝန်းလှသည်။ သုံးဦးစလုံး အေးဆေးစွာဖြင့် ဝင်လာခဲ့ကြသည်။ သူတို့တွေ့လိုက်ကြရသည်ကား ကျောက်ကုတင်တချို့၊ ကျောက်တုံးများကိုထပ်ကာ ဖွဲ့ထားသော အခန်းသုံးခန်းပင်ဖြစ်သည်။ တခြားဘာမှမတွေ့ကြရ။

"သတိနဲ့သွား. . သား၊ ထောင်ချောက်ခလုတ်တွေ တက်နင်းနေမိဦးမယ်၊ သတိမလစ်စေနဲ့၊ ဦးဇော်မှိုင်းအောက်ကို သေသေချာချာကြည့်နော်"

"ဦးနန်းကိုလည်း သတိထားပါ"

မကြာမီ သူတို့သည် ဂူဝမှ ပေငါးဆယ်အကွာအဝေးအထိ ရောက်လာခဲ့ကြသည်။ မြေပုံညွှန်းကို ပြန်ပြီးကြည့်ကြသောအခါ. . .။

"ဒီနေရာမှာ မြေအောက်ကိုဆင်းတဲ့ လှေကားရှိတယ်ဖေဖေ၊ အညွှန်းမှာပြထားတယ်၊ မြေအောက်တံခါးကို ဖွင့်တဲ့နည်းတွေ အမျိုးမျိုးရှိတယ်တဲ့"

နံရံတစ်ခုမှာ ကျောက်နှာမောင်းတစ်ခုကို တွေ့လိုက်ရပြန်သည်။ ကျောက်ဆင်နှာမောင်း၏အောက်မှာမှ အဝိုင်းသင်္ကေတန်တစ်ခုကို တွေ့လိုက်ရသည်။ နေစကြာပုံသင်္ကေတန်ပင်။ ဒီအပေါက်ဝိုင်းသည် ခလုတ်တစ်ခုပင်ဖြစ်သည်။ မြေပုံညွှန်းကို ပြန်ပြီးတော့ကြည့်ပြန်သည်။

"ဒီအဝိုင်းထဲကို မြွေရုပ်အဝိုင်းထည့်ရင် မြေအောက်သွားတဲ့ တံခါးပွင့်တယ်တဲ့၊ သူ့အပေါ်က ဆင်နှာမောင်းပုံခလုတ်က မြေအောက်တံခါးကို ပြန်ပိတ်တာ. . ဖေဖေ"

"ဒါဆို မြွေရုပ်ကို ထည့်ကြည့်လိုက်ပေါ့. . သားရယ်"

မင်းရဲစည်သူက မြွေရုပ်ပါအဝိုင်းကို အပေါက်ထဲဝင်အောင် ထည့်လိုက်သောအခါ. . .။

ဖျောက်. . ဖျောက်. . ဖျောက်။

ဂျိမ်း. . ဂျိမ်း. . ဂျိမ်း။

ဂူထဲမှ လက်ခုပ်တီးသံ၊ မိုးခြိမ်းသံများ ထွက်ပေါ်လာကြပြီးသည်နှင့် သူတို့ရှေ့ ငါးပေအကွာမှ ကျောက်ပြားကြီးတစ်ခုသည် ညာဘက်ကို ဘေးတိုက်ရွေ့လျားသွားခဲ့သည်။ ထိုအခါ အပေါက်တစ်ပေါက်သည် ပေါ်လာခဲ့သည်။

အောက်ကိုဆင်းသည့် လှေကားထစ်များကို တွေ့လိုက်ရသည်။ သို့သော် လုံလောက်သော အလင်းရောင်မရှိ၍ မှောင်နေသည်။ အောက်ကိုဆင်းရန် ချိန်ဆနေဆဲမှာပင် မြေလိုဏ်ဂူထဲမှ မီးရောင်များက ဖျိုးကနဲဖျတ်ကနဲဆို လင်းလာသည်။

"ဟင်. . အလင်းရောင်တွေက ဘယ်ကထွက်လာတာ





www.burmeseclassic.com

www.burmeseclassic.com



လဲ"

မင်းရဲစည်သူက အံ့အားတသင့်ဖြင့်ပြောလိုက်ရာ. . ။

"အလင်းရောင်က မြေတိုက်ထဲဆင်းဖို့ တံခါးပွင့်သွားတာနဲ့ သူ့အလိုလို ထွန်းလင်းပြီးသားဖြစ်သွားတာပါ စည်သူ"

အသံတစ်သံက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။ အံ့အားတသင့်ဖြင့် နောက်ကိုလှည့်ကြည့်လိုက်ကြရာ. . . ။

"ဟင်. . . မမကြီး"

မင်းရဲစည်သူသည် အံ့အားတသင့်ဖြင့် နှုတ်မှလွှတ်ကနဲဆို ထွက်သွားသည်။ မမကြီး၏ ဘေးနားမှာ နှုတ်ခမ်းမွေးကားကား၊ အသားဖြူဖြူနှင့်လူကြီးတစ်ယောက်။ ရှမ်းအမျိုးသားအကျီဘောင်းဘီကို ဝတ်ထားသည်။ သူတို့သည် ဂူထဲကို မည်သို့ ရောက်လာသည်ဆိုသည်ကို မသိပါ။ မင်းရဲစည်သူသည် မမကြီးဆီကို ပြေးသွားခဲ့သည်။ မမကြီးက မင်းရဲစည်သူအား ပြုံးပြီးကြည့်နေသည်။

"မမကြီး. . ဒီကိုရောက်လာလိမ့်မယ်လို့ မထင်မိဘူးဗျာ၊ ဒီကျောက်တောင်ဂူအကြောင်းကို မမကြီးသိနေတယ်ပေါ့ ဟုတ်လား"

"နောက်တော့ တဖြည်းဖြည်းသိလာရမှာပေါ့ကွယ်"

မမကြီး၏ မျက်ဝန်းတွေထဲမှာ လျှို့ဝှက်ချက်တွေကို တွေ့လိုက်ရသည်။

"ဦးရီး. . ကျွန်တော့်ကို ကူညီခဲ့တာတွေများပြီ၊ ဦးရီး





ရဲ့ နာမည်လည်း ခုထက်ထိ မသိရသေးဘူး"

"နာမည်က အဓိကမဟုတ်ပါဘူး. . လူလေးရယ်၊ လူလေးကို ဦးရီးက ချစ်ခင်လို့ မေတ္တာနဲ့ လိုက်ပြီးတော့ကူညီတာပါကွယ်"

"ဒါပေမယ့် ဦးရီးရဲ့ နာမည်ကိုတော့ ပြောပြပါဗျာ"

"ခမ်းမုံ. . ဦးခမ်းမုံတဲ့"

"မမကြီးဒီကိုရောက်လာတာ မယုံကြည်နိုင်လောက်အောင်ပါပဲဗျာ၊ မမကြီးက ကျွန်တော်တို့ကိစ္စတွေကို သိနေလို့လားဟင်"

"မမကြီးမသိတာ ဘာမှမရှိပါဘူးကွယ်၊ သိထားလို့သာ ဒီနေရာကို ရောက်လာခဲ့တာပေါ့. . သားရယ်"

"လာ. . မမကြီး၊ ကျွန်တော်မိတ်ဆက်ပေးရဦးမယ်"

မင်းရဲစည်သူသည် မမကြီးနှင့်ဦးခမ်းမုံကို လက်ဆွဲပြီးတော့ ခေါ်သွားသည်။ အံ့အားတသင့်ဖြစ်နေကြသော ဦးနန်းကိုနှင့်ဦးဇော်မှိုင်းတို့ကို. . . ။

"ဖေဖေ. . ဒါကျွန်တော်ပြောပြောနေတဲ့ မမကြီးလေ၊ ဒီဦးရီးကတော့ ဦးခမ်းမုံတဲ့၊ ကျွန်တော့်ကို လူဆိုးတွေ အန္တရာယ်ပြုကြတာကို ကူညီခဲ့ကြတဲ့သူတွေပေါ့"

"သားကပြောထားလို့ သိပြီးခဲ့တာကြာပါပြီဗျာ၊ ခုလိုသားကို စောင့်ရှောက်ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်ဗျာ"

"ကျေးဇူးစကားမပြောပါနဲ့ရှင်၊ စည်သူနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လာရင် ကျွန်မမှာ တာဝန်ရှိပါတယ်"

"မမကြီးရဲ့ စကားဟာ အဆန်းပါပဲလားဗျာ၊ သားနဲ့ ပတ်သက်လာရင် တာဝန်ရှိတယ်ဆိုတော့ ကျွန်တော်ဘယ်လို နားလည်ရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော့်သားနဲ့ပတ်သက်တဲ့ ပုရပိုဒ်ထဲကစာတွေကို ဖတ်ပြီးခဲ့တာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကတည်းကပါ"

မမကြီး၏ ထူထဲသော မျက်ခုံးများသည် သိသာစွာဖြင့် လှုပ်ရှားသွားခဲ့ရသည်။ မျက်ဝန်းတစ်စုံသည် စိတ်ဝင်စားသွားသလို အရောင်တလက်လက်ဖြစ်သွားခဲ့ရသည်။

"ပြောပါဦးလေ"

"ပုရပိုဒ်ထဲမှာ အထိန်းတော်ကြီး ခေမာဆိုတာ အခု ဘယ်ရောက်နေလဲ၊ ဒါမှမဟုတ် ဒီကမမကြီးကိုယ်တိုင်ပဲလားဗျာ"

မမကြီးထံမှ ခပ်လွင်လွင် ရယ်မောလိုက်သံလေးက ဂူထဲမှာ ပေါ်ထွက်လာခဲ့သည်။ ထိုစဉ် ဂူနံရံများမှ ကညင်ဆီမီးတိုင်များ အလိုလို ထိုးထွက်လာကြသည်။ မီးရောင်သည် ဂူထဲမှာ ထိန်လင်းသွားခဲ့ရသည်။ အပြင်မှာ အလင်းရောင်ရှိနေသေးသော်လည်း ဂူထဲမှာတော့ တော်တော်လေးကို မှောင်လာပြီဖြစ်သည်။

မီးတိုင်များ ဂူနံရံထဲမှ ထွက်လာစေရန် မမကြီးကပဲ ပဥ္စလက်ပညာဖြင့် ပြုလုပ်ခဲ့လေသလား။ သို့သော် မမကြီးရော





ဦးခမ်းမုံရော နေရာမှာတင်ရပ်နေကာ လှုပ်ရှားမှုမရှိခဲ့ကြပါ။

"အထိန်းတော်ကြီးခေမာဟာ တကယ်လို့သာအသက်ရှင်နေဦးမယ်ဆိုရင် ခုလောက်ဆို အဖွားကြီးဖြစ်နေပြီပေါ့၊ မဖြစ်နိုင်တာရှင်၊ ကျွန်မဟာ သူတို့ရဲ့ အံနွယ်ထဲကပါ၊ သည်ကျောက်တောင်ကြီး ကုလားဖြူတွေရဲ့ လက်ထဲကို ရောက်မသွားရအောင် တာဝန်ယူစောင့်ရှောက်ထားရတဲ့သူပါ"

"ဒါဖြင့် အထိန်းတော်ကြီးခေမာ ဘယ်ရောက်နေလဲ၊ သူနှင့်တွဲနေတဲ့ ဦးပံသုကော"

ဦးခမ်းမုံသည် ဦးနန်းကို၏ စကားကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။

"ခေမာလည်း ပျောက်သွားတယ်၊ ဦးပံသုလည်း ခေမာနှင့်အတူ ပျောက်သွားတယ်၊ ကျွန်မ. . သူတို့ဘယ်ရောက်နေလဲဆိုတာမသိဘူး၊ သေသလား၊ ရှင်သလားဆိုတာကိုလည်း မသိဘူး၊ ကျွန်မသိတာကတော့ မင်းရဲကျော်နှင့်ပတ်သက်တာတွေမှန်သမျှကို သူ့ရဲ့ သားမင်းရဲစည်သူသိစေဖို့ပဲ"

အရွယ်နှင့်မလိုက်အောင် နုပျိုလှသော မမကြီးစကားက ထက်မြက်ပြတ်သားလှသည်။

"ကောင်းပါပြီလေ၊ ခုလို ရှင်းပြသင့်သလောက်ရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကလည်း သားရဲ့ ဆန္ဒအရ ဒီကိုလိုက်လာခဲ့ရတာပါ၊ လမ်းမှာ ကျွန်တော်တို့ကို လမ်းမမှားစေဖို့ မီးအိမ်ပြပြီး အကူအညီပေးခဲ့တာ ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“မင်းရဲ့စည်သူကို သိသင့်သိထိုက်တာတွေ ပြောပြမယ်... ပြသင့်တာတွေကိုလည်း ပြရမယ်၊ ရှင်တို့လည်း လိုက်ခဲ့ကြ... ရှင်တို့ရဲ့ နောက်မှာ ရန်သူတွေလိုက်လာကြတယ်၊ ဒါပေမယ့်... သူတို့ ဒီကိုတော်တော်နဲ့ ရောက်မလာနိုင်ကြပါဘူး၊ လမ်းမှာ... ပြီး ဒုက္ခရောက်နေတယ်၊ ဒါပေမယ့် ကျွန်မတို့ကလည်း ဆေး... ဆလို့မဖြစ်ဘူးလေ”

“ရန်သူတွေ . . ဟုတ်လား၊ သူတို့က ဘယ်သူတွေမှာ... လဲဗျာ”

“ဦးနန်းကိုရဲ့ လုပ်ဖော်ကိုင်ဖက် ရစ်ချတ်၊ ပြီးတော့... စလေဒင်၊ လမ်းပြင်ပြောက်အပါအဝင် ကုလားဖြူတွေရဲ့ မိန်... အောက်မှာ ကျွန်ခံနေကြတဲ့ ကပြားကောင်တွေ၊ ဘိုကြက်... တွေပေါ့၊ စလေဒင်ဟာ ဒုက္ခိတဘဝရောက်နေတာတောင်မှ... လောဘရမ္မက်က ကြီးနေဆဲပဲ၊ ခုထက်ထိ နောင်တမရနိုင်သေး... ဘူး”

ဦးနန်းကိုအံ့အားသင့်သွားခဲ့ရလေသည်။

➤➤➤➤➤





ကျောက်ကုတင်ကြီးပေါ်တွင် ရှည်လျားလှသော မှန်သေတ္တာနှစ်လုံး။ မှန်ခေါင်းတလားများပင်ဖြစ်သည်။ ခေါင်းတလား တစ်ခုစီထဲမှာ အသက်ကင်းမဲ့နေကြပြီဖြစ်သော သူနှစ်ဦးက လဲလျောင်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၂၈)

## အန္တရာယ်သားကောင်များ

ဦးနန်းကိုသည် မမကြီး၏စကားကြောင့် အံ့အားတ
သင့်ဖြစ်သွားခဲ့ရသည်။

"ရစ်ချတ်ဟာ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦး
ဖြစ်နေတယ်ဆိုတာ မမကြီးဘယ်လိုများ သိနေပါသလဲခင်ဗျ

မမကြီးက ပြုံးလိုက်သည်။ ပဥ္စလက်အပြုံးမျိုးဖြစ်၏
မော်ဆန်သည်ဟု ဆိုရပေမည်။

"မမကြီးမသိတာ ဘာမှမရှိပါဘူးရှင်၊ မမကြီးက မင်
ရဲစည်သူနှင့်ပတ်သက်လာရင် အားလုံးကို လေ့လာထားတာ





ပဲပေါ့ ပြီးတော့ ဟောဒီဦးဇော်မှိုင်းဆိုတဲ့ ပုဂ္ဂိုလ်ကလည်း လော
ဘမတက်၊ ပစ္စည်းမမက်ပဲလိုက်လာတဲ့ ဦးနန်းကိုရဲ့ မိတ်ဆွေ
အရင်းအချာကြီးပဲမဟုတ်လား"

ဦးနန်းကိုရော ဦးဇော်မှိုင်းပါ မမကြီး၏စကားကြောင့်
အံ့အားသင့်သွားခဲ့ရသည်။

"မမကြီးက ဦးဇော်မှိုင်းအကြောင်းကိုပါ သိနေပါလား၊
ဒါပေမယ့် ကျွန်တော်အံ့အားမသင့်တော့ပါဘူးလေ၊ ဘာဖြစ်လို့
လဲဆိုတော့ မမကြီးက အားလုံးကို လေ့လာထားတာကိုး"

မင်းရဲစည်သူသည် မမကြီးကို ဒီလိုနေရာမျိုးမှာ မ
မျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ဝမ်းသာကျေနပ်နေမိသည်။

"လမ်းမှာ ကျွန်တော်တို့ လမ်းမှားတော့မလိုဖြစ်ခဲ့သေး
တယ် မမကြီးရဲ့၊ မိကျောင်းဖြူကြီးတစ်ကောင်ကြောင့် လမ်း
မှန်သိပြီး ဒီကိုရောက်လာခဲ့တာ"

"တော်သေးတာပေါ့၊ ဒီမိကျောင်းဖြူကြီးဟာ သိပ်ကို
ယဉ်ပါးနေပြီကွယ်၊ လူကောင်းတွေအတွက်တော့ မိတ်ဆွေပဲ
ပေါ့ကွယ်"

မမကြီးက စကားကို မယုတ်မလွန်ပြောလိုက်သည်။
သို့သော် ဦးခမ်းမုံနှင့်မမကြီးတို့သည် တစ်ဦးကိုတစ်ဦး အကဲ
ခတ်ကာ ကြည့်မိလိုက်ကြသလို။

"ကဲ. . သားစည်သူ၊ အချိန်ရှိခိုက်မှာ ဂူအောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြရအောင်၊ အားလုံးပေါ့"

မမကြီးနှင့်ဦးခမ်းမုံက ဂူအောက်ကိုဆင်းသော လှေကားထစ်များအတိုင်း ဆင်းသွားခဲ့ကြသည်။ မမကြီးသည် ရှည်လျားသော ဆံကေသာမျှင်များကို ကျောပြင်မှာ ဖြန့်ဝဲကာချထားပြီး အအိမ်ပါသော ဓားကိုတော့ လွယ်သိုင်းလွယ်ထားလေသည်။ ပင်ဖြူတိုက်ပုံအင်္ကျီကိုသာ ဝတ်ဆင်ထားသော ဦးခမ်းမုံ၏ ရင်ဘတ်နှင့်လက်ဖမိုးများတွင် ဆေးမင်ထိုးထားသော အင်းကွက်များ၊ အင်းစာများကို အမှတ်မထင် တွေ့လိုက်ကြရလေသည်။

အောက်အဆင့် ဂူလှိုဏ်ကြီးသည် ဂူပေါ်မှ ဆယ်ပေလောက်နက်သည်။ နံရံလေးဘက်ဆီမှာ ကညင်ဆီမီးတိုင်များက လင်းလက်လျက်ရှိသည်။

ကျောက်ပြင်ညီတုံးကြီး တစ်ခုပေါ်တွင်တော့ ရတနာသေတ္တာကြီးတစ်လုံးတည်းကိုသာ တွေ့လိုက်ရသည်။ မမကြီးက သေတ္တာကို ဖွင့်ပြလိုက်သည်။

"ဒါ. . သားအတွက်ပဲ၊ အဓိကကတော့ ကုလားဖြူတွေကို တော်လှန်ဖို့အတွက် စားရိတ်စကလုပ်ပြီး သုံးဖို့ထားထားတာ၊ သားယူသွားနိုင်တယ်"

သေတ္တာထဲမှ မြောက်များလှစွာသော ရတနာများက မီးရောင်အောက်မှာ ပြိုးပြက်လင်းလက်လျက်ရှိသည်။ ဦးနန္ဒကိုနှင့်ဦးဇော်မှိုင်းတို့သည် ခပ်လှမ်းလှမ်းမှနေ၍သာ ကြည့်နေကြသည်။ မင်းရဲစည်သူသည် ခေါင်းကိုခါရမ်းလိုက်ပြီးနောက် သေတ္တာအဖုံးကို ပိတ်ပေးလိုက်သည်။

"မယူတော့ပါဘူး၊ ကျွန်တော့်ကိုယ်ကျိုးအတွက် မသုံးပါဘူး၊ အခုလက်ရှိအခြေအနေမှာ ပြည့်စုံလျက်ရှိပါတယ်. . မမကြီး၊ တချိန်ကျရင် ကျွန်တော်အပါအဝင် သူ့ကျွန်အဖြစ်ခံနစ်မခံကြသူတွေအတွက် အသုံးဝင်လာပါလိမ့်မယ်"

မမကြီးက ခေါင်းတဆတ်ဆတ်ဖြင့် ညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ဒါဆိုရင် စည်သူ့အတွက် အရေးအကြီးဆုံး အခန်းတစ်ခန်း ပြစရာရှိတယ်"

ပြောပြီး မမကြီးက ဦးဆောင်ကာ ခေါ်သွားပြန်သည်။ တစ်နေရာသို့ရောက်သောအခါ ကျောက်နံရံတွင် ထွင်းထားသော စက်ဝိုင်းသဏ္ဍာန်တစ်ခုကို တွေ့လိုက်ကြရပြန်သည်။ ကျားရုပ်ပုံလေးတစ်ခုကို မြင်မိသည်နှင့်။

"မမကြီး. . ကျွန်တော့်လက်ထဲမှာ ကျားရုပ်စက်ဝိုင်းလေးတစ်ခုရှိတယ်၊ ဖျိုင်းရုပ်စက်ဝိုင်းပြားလည်းရှိတယ်"

"ကျားရုပ်လေးကို ထည့်လိုက်ပေါ့ကွယ်"

ကျားရုပ် အပြားဝိုင်းလေးကို ထည့်လိုက်သောအခါ သူတို့ရှေ့တည့်တည့်ရှိ ငါးပေအကွာမှ ကျောက်ပြားကြီးတစ်







www.burmeseclassic.com

www.burmeseclassic.com



ချပ်သည် ဘေးတိုက်ရွေ့လျားသွားကာ ပွင့်သွားခဲ့လေသည်။

မြေတိုက်ခန်းထဲမှ အလင်းရောင်တချို့က အပြင်ကို ပျို့အန်ပြီးတော့ ထွက်လာခဲ့သည်။ ကညင်ဆီမီးတိုင်များက ကျောက်နံရံ၏ အံဝှက်အပေါက်များမှ ထွက်ပေါ်လာခဲ့ကြခြင်း ဖြစ်သည်။ (ပဥ္စလက်ဆန်သော မမကြီး၏ လှုပ်ရှားမှုကြောင့် များပင် ဖြစ်မည်ထင်သည်။)

အောက်ကို ဆင်းသွားကြသည်။ လှေကားထစ်နှစ်ဆယ်မျှလောက်အရောက်တွင် ပေသုံးဆယ်ပတ်လည်ခန့်ကျယ်ဝန်းသော အခန်းကျယ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ အခန်းထဲမှာ ပိုပြီးတော့ အေးစိမ့်နေသည်။

ကျောက်ကုတင်ကြီးတစ်ခုပေါ်မှာ ရှည်လျားလျားမှန်သေတ္တာနှစ်လုံး။ မှန်ခေါင်းတလားများပင်ဖြစ်သည်။ ခေါင်းတလားတစ်ခုစီထဲမှာ အသက်ကင်းမဲ့နေကြပြီဖြစ်သော သူနှစ်ဦးက လဲလျောင်းလျက်ရှိသည်။

တစ်ဦးက အမျိုးသမီး။ တစ်ဦးက အမျိုးသား။ ပက်လက်အနေအထားများဖြင့် လဲလျောင်းနေကြသော်လည်း အိပ်ပျော်နေကြသည့်အလားပင် ထင်ရသည်။ ရုပ်ဆင်းအင်္ဂါ ယိုယွင်းပျက်စီးခြင်းမရှိကြပါ။ အထိန်းတော်ကြီး ခေမာဖော်စပ်ကာ အသုံးပြုခဲ့သော လောကီဆေးအစွမ်းကြောင့်ပင် ဖြစ်မည်ထင်ပါသည်။





မင်းရဲကျော်နှင့်စောကလျာဦးတို့၏ ရုပ်ကလပ်များပင်ဖြစ်ပါသည်။ စောကလျာဦးသည် မျက်ခွံများကို ပိတ်ထားပါသော်လည်း မျက်တောင်ကော့လေးတွေကတော့ စင်းကျနေလျက်ရှိသည်။ အိပ်မောကျနေသည့် အသွင်မျိုးပင်။ မင်းရဲကျော်သည်လည်း မကြာမီမှာ နိုးထတော့မည့် အသွင်မျိုးရှိနေသည်။ နှစ်ယောက်စလုံး နိုးလိုက်လျှင် ချက်ချင်းပင် နိုးလာတော့မလိုပင်။

"သား . . စည်သူ၊ ဒါ . . မင်းရဲ့ မိခင်နှင့်ဖခင်ပေါ့"

မမကြီး၏အသံမှာ မသိမသာ တုန်ရင်လျက်ရှိသည်။ ဝေ့ဝဲလာသော မျက်ဝန်းငွေရီတို့ကို မသိမသာ ပုတ်ခတ်ပစ်လိုက်လေသည်။

မိမိအိပ်မက်ထဲမှာ မြင်တွေ့ခဲ့သည့် သူနှစ်ဦးနှင့်လုံးဝတူညီသော ရုပ်သွင်များ ရှိနေကြ၍ မင်းရဲစည်သူအံ့အားသင့်သွားခဲ့ရလေသည်။ မိရင်းဖရင်းတို့ကို ခုလိုမမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ ဝမ်းသာမိခြင်း၊ ဝမ်းနည်းမိခြင်းတို့ တပြိုင်နက်တည်းဖြစ်ပေါ်ကာ ခံစားလာခဲ့ရသည်။

သို့သော် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ကွယ်လွန်ခဲ့ကြသော မိဘများ ဖြစ်နေကြသော်လည်း ယခုလို အသက်ရှင်နေသည့်အလား မပျက်မစီးပဲ ပကတိရုပ်သွင်ကိုမြင်တွေ့နေရသည်။ ထိုသို့ဖြစ်အောင် စီရင်ပေးခဲ့သည့်အထိန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးခေမာကို လွန်စွာပင် ကျေးဇူးတင်နေမိသည်။

"သား. .မိရင်းဖရင်းတွေကို ကန်တော့လိုက်လေ"

ဦးနန်းကိုက သတိပေးလိုက်သည်။ မင်းရဲစည်သူက လက်အုပ်ချီကာ ရိုသေစွာ ကန်တော့လိုက်လေသည်။

"ရည်ရွယ်ချက် မပြည့်မြောက်မီ အကြွေစောသွားခဲ့ကြတဲ့ မိဘနှစ်ပါးကို သားကန်တော့ခဲ့ပါတယ်၊ ဖြစ်လေရာဘဝတိုင်းမှာ ဒီအမိ၊ဒီအဖနှင့်ပြန်ပြီးတော့ ဆုံချင်ပါသေးတယ်၊ ခုတော့ သားကို ခွင့်ပြုကြပါဦး"

မင်းရဲစည်သူသည် နှုတ်မှ ရေရွတ်ကာ ဆုတောင်းလိုက်သည်။ သို့ရှိခိုက် ထူးခြားသော အမွှေးနံ့သည် အခန်းထဲမှာ ကြိုင်လှိုင်သွားခဲ့သည်။

"မမကြီး"

"ဘာလဲ. . စည်သူ"

"အထိန်းတော်ကြီးခေမာ ဘယ်မှာရှိလဲဗျာ"

"သူဟာ အခုချိန်ထိ ပျောက်ဆုံးနေတယ်၊ သေလားရှင်လား မသိရဘူး၊ ဒါပေမယ့် သူက မမကြီးကို ဒီတာဝန်တွေ ပေးခဲ့တာပေါ့၊ မမကြီးက လိုက်ပြီးကာကွယ်စောင့်ရှောက်နေရတာပေါ့. . သားရယ်"

"မမကြီး. . ကျွန်တော်တို့ကို ညာနေတာပါ၊ တကယ်တော့ မမကြီးဟာ. . ."





မင်းရဲစည်သူ၏ စကားမဆုံးမီမှာပင် မမကြီး၏မျက်နှာသည် ချက်ချင်းပြောင်းလဲသွားခဲ့သည်။

"ဟော. . ရန်သူတွေ ရောက်လာကြတော့မယ်၊ မမကြီးတို့ ဒီနေရာကနေ အမြန်ထွက်ကြရမယ်"

"ဟင်! ဟုတ်လား. . မမကြီး၊ သူတို့ ဒီနေရာကို သိသွားလို့မဖြစ်ဘူး"

မြေအောက်လှိုဏ်ဂူထဲမှ အမြန်ဆုံးထွက်ကြရသည်။ မြေအောက်တံခါးကို ပိတ်သည့်ခလုတ်ကို မမကြီးပဲသိသည်။ ရတနာများထားရာ၊ မင်းရဲကျော်နှင့်စောကလျာဦးတို့ကိုထားသည့် အခန်းနှစ်ခန်းစလုံးကို မမကြီးကပဲ ကျောက်ဆင်နှာမောင်းခလုတ်ကို ဆွဲချကာ ပိတ်လိုက်သည်။

ဖျောက်. . ဖျောက်. . ဖျောက်။

ဂျိမ်း. . ဂျိမ်း. . ဂျိမ်း။

ပိတ်သောအခါမှာလည်း လက်ခုပ်သံလိုလို၊ မိုးခြိမ်းသံလိုလိုတို့က ထွက်ပေါ်လာခဲ့ကြလေသည်။ ယန္တယားထောင်ချောက်ခလုတ်များကို မနင်းမိကြစေရန် မကိုင်တွယ်မိကြစေရန် မမကြီးက သတိပေးပြီး မြေအောက်ဂူလှိုဏ်ထဲမှ အပေါ်ကို တက်လာခဲ့ကြလေသည်။

တခဏအတွင်းမှာပင် ဂူအပြင်ကို ရောက်လာခဲ့ကြသည်။ ကျောက်တောင်ကြီး၏ အပြင်ဘက်မှာတော့ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်က ရှိနေသေးသည်။

"စည်သူ၊ သားမှာ ဗျိုင်းပုံပါစက်ဝိုင်းတစ်ခု ရှိနေသေးတယ်မဟုတ်လား"

"ရှိတယ်. . မမကြီး၊ ဟောဒီမှာ. . ."

"လာ. . လိုက်ခဲ့"

မမကြီးက မင်းရဲစည်သူကို ကျောက်တောင်ကြီး၏ဘယ်ဘက်ကိုခေါ်သွားသည်။

"ဦးခမ်းမုံက ဂူတံခါးကို ပိတ်လိုက်ပါတော့"

ဦးခမ်းမုံသည် ခေါင်းတစ်ချက်ဆတ်လိုက်ပြီး ဂူအဝင်မှာ ဆွဲချခဲ့သည့် ကျောက်ဆင်နှာမောင်းကို အပေါ်သို့ ပြန်တင်လိုက်လေသည်။ ထိုအခါ ဂူပေါက်ကိုပိတ်သည့် သံမဏိတံခါးကြီးသည် ဘေးမှတဖြည်းဖြည်းနဲ့ ထွက်လာပြီး ပြန်ပိတ်သွားခဲ့လေသည်။

မမကြီးက မင်းရဲစည်သူကို ကျောက်တောင်ကြီး၏နံရံမှာ လှို့ဝှက်ပြုလုပ်ထားသော အဝိုင်းသဏ္ဌာန်အပေါက်ကို လက်ညှိုးထိုးပြလိုက်ပြီး. . .။

"သွား. . ဗျိုင်းရုပ်စက်ဝိုင်းကို ဒီအပေါက်ထဲကိုထည့်ပြီးတာနဲ့ ဖောင်နဲ့ဟိုဘက်ကမ်းကို ရောက်အောင်ကူးကြပေတော့၊ ဟုတ်ပြီလား၊ မြန်နိုင်သမျှ မြန်ပလေ့စေနော်"

မင်းရဲစည်သူသည် ခေါင်းညိတ်ကာ ကျောက်ဂူနံရံမှ





အပေါက်ထဲကို ဗျိုင်းရုပ်ပါအပြားဝိုင်းလေးကို ထည့်လိုက်သည်။

"ကဲ. . သွား၊ သွားကြတော့ မြန်မြန်"

မမကြီးက မင်းရဲစည်သူကို တွန်းလွှတ်လိုက်သည်။ မင်းရဲစည်သူလည်း ဦးနန်းကိုတို့ဆီကိုပြေးသွားပြီး. . .။

"ဖေဖေ. . ကျွန်တော်တို့ ဟိုဘက်ကမ်းကို မြန်မြန်ကူးကြမှဖြစ်မယ်၊ မမကြီးက မှာလိုက်တယ်"

"ဘယ်လိုကူးကြမလဲ. . သား၊ ဖောင်ကို ကမ်းစပ်ဘက်ရောက်အောင် တွန်းချဖို့ မလွယ်ဘူးလေ"

"အဲဒီအတွက် မပူပါနဲ့၊ ဖောင်တစ်စီး အဆင်သင့်ရှိပါတယ်"

ဦးခမ်းမုံက ဝင်ပြောလိုက်သည်။ ထိုနောက် လေးဦးသား ကမ်းစပ်ဆီကို ပြေးကြသည်။ လွန်စွာမှ တောင့်တင်းကြံ့ခိုင်သော ဖောင်တစ်ခုကို ကမ်းစပ်မှာ တွေ့လိုက်ရသည်။ မည်သည့် အချိန်ကတည်းက ရောက်နေသလဲမသိပါ။

"ကဲ. . ကဲ၊ တက်ကြ၊ ရေက တိမ်နေသေးတယ်၊ ခုအချိန်မှာ ကူးလို့ရသေးတယ်"

ဦးခမ်းမုံသည် ရေထဲမှာ တလှုပ်လှုပ်နဲ့ဖြစ်နေသော ဖောင်ကြိုးကို ဖြုတ်ပေးလိုက်သည်။

"ဦးခမ်းမုံ. . မလိုက်ဘူးလား၊ မမကြီးကော. . ."

"မလိုက်ဘူး၊ ကျုပ်တို့အတွက် မပူကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးခမ်းမုံက ရေစပ်မှာဆင်းကာ ဖောင်ကို လက်နှစ်ဖက်ဖြင့် တွန်းလွှတ်လိုက်သည်။ ဖောင်သည် ရေအလျဉ်မှာ မျောပါသွားခဲ့လေပြီ။ ဖောင်ပေါ်မှာ ထိုးဝါးနှစ်ချောင်းက ပါလာသည်။ မင်းရဲစည်သူနှင့်ဦးဇော်မှိုင်းတို့က တစ်ယောက်တစ်ချောင်းစီယူကာ ဒီမှာဘက်ကမ်းကို ကူးလာခဲ့ကြသည်။

မမကြီးနှင့်ဦးခမ်းမုံတို့သည် မည်သည့်အတွက် နေခဲ့ကြပါသလဲ။ မသိနိုင်ကြ။

➤➤➤➤➤

တစ်ဖက်ကမ်းသို့ရောက်သောအခါ ထိုးဝါးကို တိုင်ပမာ နွံ့နွံထဲမှာစိုက်၍ ကြိုးနှင့်တွဲကာ ဖောင်နှင့်ချည်နှောင်ပေးလိုက်သည်။ ထိုနောက် ကမ်းပါးစောက်ကြီးပေါ်ကို အပြေးတက်ခဲ့ကြလေသည်။ မမကြီးနှင့်ဦးခမ်းမုံ၏ သတိပေးမှုအရ ဖြစ်လာမည့် အခြေအနေကို ကြိုပြီးတော့ သိနေကြသည်။

သူတို့သည် တစ်ဖက်ကမ်းမှာ ကျန်ရစ်ခဲ့ကြပါသည်။ မမကြီးနှင့်ဦးခမ်းမုံတို့ကို တွေးပြီးတော့ ပူနေကြသည်။ သူတို့ ဘာ်ကြောင့် ဒီမှာဘက်ကမ်းကို ကူးမလာကြသေးပါလိမ့်။

"မမကြီးတို့ ဘာကြောင့်နေခဲ့ကြသလဲမသိဘူး၊ အခြေအနေကို သူတို့သိကြလျက်သားနဲ့"

"လိုက်လာကြမှာပေါ့. . သားရယ်၊ သူတို့ရဲ့ အသက်





ကို ဘယ်လိုကာကွယ်ကြရမယ်ဆိုတာ သိကြပါတယ်"

ဦးနန်းကိုက နှစ်သိမ့်လိုက်သည်။ ထိုစဉ် လူသံများကို မမျှော်လင့်ပဲ ကြားလိုက်ရလေသည်။ မြစ်၏ အထက်ပိုင်းဆီကဖြစ်သည်။

"ဟော. . လူသံတွေပါလား ဦးနန်းကို"

ဦးဇော်မှိုင်းသည် အသံများ ထွက်ပေါ်လာရာဆီကို ကမ်းနဖူးထက်မှ ဝမ်းလျားမှောက်ရင်း ကြည့်လိုက်သည်။ သုံးဦးစလုံး မှောက်လျက်အနေအထားဖြင့် ကြည့်နေကြသည်။

လူသံ၊ ဆင်သံများက ပိုပြီးတော့ သဲကွဲစွာဖြင့် ကြားလာခဲ့ရလေပြီ။ လူတစ်စုသည် ကမ်းပါးမှ ဖယ်ကျဉ်ကာ မြစ်တစ်ဖက်ကို ကူးနေကြသည်။ ကျောက်တောင်ကြီးရှိရာဘက်ဆီကို ကူးနေကြခြင်းပင်ဖြစ်သည်။ ဆင်များ၊ လှေများဖြင့်ကူးနေကြသည်။

"ဟာ. . ဘယ်သူတွေလဲ၊ တစ်ဖက်ကမ်းကို ကူးနေပါလား"

ဦးနန်းကိုသည် စင်သုံးမှန်ပြောင်းကြီးဖြင့် လှမ်းကြည့်လိုက်ရာ ဆင်တစ်ကောင်စီပေါ်တွင် မျက်နှာဖြူလူကြီးတစ်ယောက်နှင့်အခြားတစ်ယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

"ဟင်. . ဟိုကောင်က ရစ်ချတ်ပဲ၊ သူ့ရှေ့ဆင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



လူကြီးဟာ စလေဒင်ဆိုတဲ့ လူကြီးများလား"

မင်းရဲစည်သူသည် မှန်ပြောင်းကို ယူကြည့်လိုက်ပြီး။

"ဒါဆိုရင် ဒီလူတွေဟာ မမကြီးပြောတဲ့လူတွေပဲ၊ သူတို့ ရောက်လာကုန်ကြပြီ၊ ကျောက်တောင်ကြီးဆီကို သွားနေကြပဲ၊ မြေပုံညွှန်းကို တစ်နည်းနည်းနဲ့ ရသွားကြလို့ပေါ့၊ ဘယ်လိုလုပ်ကြမလဲ. . ဖေဖေ"

"သူတို့ ကျောက်တောင်ကြီးဆီကို ရောက်သွားခဲ့ကြလည်း ဂူဟံခါးကို ဘယ်လိုဖွင့်ကြရမယ်ဆိုတာ သိကြတာမှမဟုတ်တာ၊ ဟိုလူကြီးဟာ စလေဒင်ဖြစ်မယ်ဆိုရင် ရစ်ချတ်ဟာ သူနှင့်ဘယ်လိုများ ပတ်သက်နေလဲမသိဘူး"

ဦးနန်းကိုက အေးဆေးစွာပင် ပြောလိုက်သည်။ စလေဒင်တို့အုပ်စုသည် တစ်လမ်းလုံး ဒုက္ခသုက္ခရောက်လာခဲ့ကြသည်။ လမ်းတွေမှား၊ တောကောင်တွေနှင့်တွေ့၊ လမ်းပြမောင်ပြောက်ကလည်း လမ်းမသိတော့ မျက်စိလည်နဲ့ တောထဲမှာ ကြာသထက်ကြာသွားခဲ့ရသည်။

"ဟော့ကောင်တွေ! ဟိုမှာ တောင်ညီနောင်နှင့်ကျောက်တောင်ကြီးကိုတွေ့ပြီကွ၊ ငါတို့လမ်းဆုံးပြီ အောင်ပြီကွ၊ အောင်ပြီ"

ဆင်ပေါ်မှ စလေဒင်က လက်သီးဆုပ်ကာ လက်နှစ်ဖက်ကိုမြှောက်ပြီး ကြွေးကြော်လိုက်သည်။





"အန်ကယ်. . ဒီကျောက်တောင်ကြီးကို ဒိုင်းနမိုက်နဲ့ ခွဲပစ်မယ်"

"ဒါပေါ့ကွ၊ ရတနာတွေဟာ ငါတို့လက်ထဲကိုရောက်တော့မယ်"

သူတို့ပြောနေကြသည့် စကားများကို အတိုင်းသား ကြားနေကြရသည်။ ဦးဇော်မှိုင်းက. . .။

"ပြဿနာပဲ၊ သင်းတို့က ဒီကျောက်တောင်ကြီးကို ဖောက်ခွဲပစ်ကြတော့မှာ"

စိတ်ပူကြမည်ဆိုလည်း ပူစရာပင်။ စလေဒင်တို့မှာ ဖောက်ခွဲလက်နက်တွေ ပါလာကြသည် မဟုတ်ပါလား။ စိုးတထိတ်ထိတ်နဲ့ ကြည့်နေကြဆဲမှာပင် စလေဒင်တို့အုပ်စုသည် မြစ်လယ်ကို ရောက်နေခဲ့ကြလေပြီ။

ထိုစဉ် ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။ ခပ်ဝေးဝေးဆီမှ မုန်တိုင်းသံလိုလို၊ လေပြင်းတိုက်သံလိုလို မသဲကွဲသော အသံများကို ကြားလာခဲ့ရလေသည်။ မင်းရဲစည်သူနှင့်ဦးနန်းကို၊ ဦးဇော်မှိုင်းတို့သည် နားစွင့်နေလိုက်ကြသည်။

"ဘာသံတွေလဲမသိဘူး. . ဖေဖေ"

"အေးကွယ်၊ ဖေဖေထင်တဲ့အတိုင်းများ ဖြစ်နေမလား မသိဘူး"

"ဟုတ်တယ်. . ဦးနန်းကို၊ ကျုပ်လည်း [illegible]များထင်



www.burmeseclassic.com

www.burmeseclassic.com



သလို ထင်နေမိတယ်"

မြစ်လယ်ကို ရောက်နေကြသော စလေဒင်တို့သည်လည်း တဝုန်းဝုန်းနဲ့ လာနေကြသော အသံများကို ကြားလိုက်ကြရလေသည်။

"ဘာသံတွေလဲကွ. . ရစ်ချတ်"

"မပြောတတ်ဘူး. . အန်ကယ်၊ လေပြင်းတိုက်တာများလား"

ထိုစဉ် ရေပြင်သည် ပိုပြီးတော့ လှုပ်ရှားလာခဲ့သည်။ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။ လှိုင်းလုံးတွေ ထကြွလာခဲ့သည်။ လှိုင်းလုံးတွေကြားမှာ လှေတွေက မြောက်ကန်၊ မြောက်ကန်ဆို ပါသွားကြသည်။ လှေသမားများသည် လှေတွေကို ထိန်းနိုင်ရန် ခက်ခဲလာခဲ့ကြသည်။

ဆင်တွေလည်း နှာမောင်းတွေကိုမြောက်ကာ တကျိုကျိုဖြင့် အော်လာခဲ့လေပြီ။

ကျို!

ကျို!

ဘေးအန္တရာယ် တစ်ခုခု သက်ရောက်လာကြတော့မည်ကို သိလိုက်ကြပြီ မဟုတ်ပါလားလေ။ လှေတစ်စီးပေါ်က မောင်ပြောက်က အထိတ်တလန့် လေသံဖြင့်။

"လှေတွေကို အမြန်ပြန်လှည့်၊ ပြန်လှည့်ကြ"





"ဘာဖြစ်လို့ ပြန်လှည့်ရမှာလဲကွဟေ၊ ဟေ့ကောင်. . ငပြောက် မင်းအရူးလား"

စလေဒင်က ပြန်ပြီးတော့အော်လိုက်သည်။ သို့သော်သူကိုယ်တိုင် မျက်လုံးပြူးစရာ အခြေအနေကို ဆင်ပေါ်မှ မြင်လိုက်ရလေပြီတည်း။

ကြီးမားလှသော ရေလုံးကြီးများ၊ လှိုင်းလုံးကြီးများက အတော်ခပ်ဝေးဝေးမှနေ၍ မြစ်ပြင်တလျှောက် ပြေးလာနေကြလေပြီတည်း။

ဝုန်း. . ဝုန်း. . ဝုန်း။

"ဟာ. . အမြန်ပြန်လှည့်၊ ပြန်လှည့်ကြ"

စလေဒင်သည် အသံနက်ကြီးဖြင့် အော်လိုက်သည်။ သို့သော် ဆင်သမားသည် ဆင်တွေကို ပြန်လှည့်ရန် မတတ်သာတော့ပါချေ။ ပြေးဝင်လာသော လှိုင်းလုံးကြီးများကို အထိတ်တလန့်ဖြင့် ကြည့်နေကြဆဲမှာ. . .။

ဝုန်း!

အား!

အား!

ရောမလှိုင်းလုံးကြီးများက အလုံးလိုက်၊ အရင်းလိုက် အောက်ခြေမှ သိမ်းကျုံးပြီး ရိုက်ချလိုက်လေရာ လှေများသည် မြောက်တက်သွားကြသည်၊ ဆင်များသည်လည်း ကြွကြွမခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပဲ ရေထဲမျောပါသွားခဲ့ကြသည်။

မင်းရဲစည်သူတို့သည် ကြောက်မက်ဖွယ်မြင်ကွင်းကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရသည်။

ရေလုံးကြီးများသည် တားမနိုင်ဆီးမရ တဝေါဝေါ တသောသောဖြင့် မြင်မြင်သမျှကို တိုက်ချသွားခဲ့သည်။ မြင့်မားသော ကမ်းပါးစောက်ကိုပင် ရောက်လုနီးပါး ဖြစ်သွားခဲ့ရသည်။

"စိတ်မချရဘူးဟေ့၊ အပေါ်ကို တက်ကြမယ်"

ဦးနန်းကိုက သတိပေးလိုက်သည်။ ပစ္စည်းပစ္စယများနဲ့ လားကိုဆွဲယူကာ တောင်ကုန်းကြီးတစ်ခုပေါ်ကို တက်ပြေးကြသည်။ ရေသည် တဝုန်းဝုန်း၊ တအုန်းအုန်းဖြင့် ဝါးလုံးထိုးစီးဆင်းလျက်ရှိလေရာ ကမ်းနဖူးကိုပင် ကျော်လာခဲ့လေသည်။

မင်းရဲစည်သူတို့သည် တဟဲဟဲဖြင့် စီးဆင်းလျက်ရှိသော ရေပြင်ကို မှင်တက်မိကာ ငေးကြည့်နေကြသည်။ သူတို့စီးလာသော ဖောင်ကလေးသည်လည်း ဘယ်ရောက်သွားမှန်းမသိ။

>>>>>





မင်းရဲစည်သူသည် ဆရာကြီးကိုကန်တော့ပြီး မိခင်ပစ္စည်းဟူသော အသံကြောင့် ရင်မှာနွေးထွေးစွာ ခံစားလိုက်ရသည်။ ဦးခမ်းမုံက ပစ္စည်းတစ်ခုကို မကြေးအား လှမ်းရှိပေးလိုက်သည်။

ဆားရည်တစ်လက်.....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း – (၂၁)

နေရစ်ခဲ့တော့

မြစ်ထဲသို့ တဝေါဝေါဖြင့် ဦးဆင်းလျက်ရှိသော ရေသည် ညဉ့်သန်းခေါင်လောက်ကျမှ တည်ငြိမ်မှုရသွားခဲ့သည်။ မင်းရဲစည်သူတို့ ရောက်ရှိနေသော တောင်းကုန်းပေါ်ကိုပင် ရေကတက်လာခဲ့လေရာ တဖြည်းဖြည်းနဲ့ နေရာရွှေ့ယူခဲ့ကြရသည်။

တောင်ညီနောင်နှင့်ကျောက်ဆောင်ကြီးကိုပင် လှမ်းမမြင်နိုင်တော့ပါ။ အအေးဓာတ်က ပိုပြီးတော့ သိပ်သည်းလာခဲ့သည်။ မြူတွေလည်း တမဟုတ်ချင်း ကျလာခဲ့သောကြောင့် အဝေးကိုပင် လှမ်းပြီးတော့ မမြင်နိုင်တော့။





တောင်ကုန်းအထက် တစ်နေရာမှာ ပြင်ညီမျက်နှာပြင်ကြီးတစ်ခုရှိနေ၍ ရရာထင်းများစုဆောင်းပြီး မီးဖိုကြရ၏။ စလေဒင်တို့ကတော့ မတရားလောဘကြောင့် ဒဏ်သင့်ကာ ဘဝနိဂုံးချုပ်ခဲ့ကြပြီဖြစ်သည်။ ဦးဇော်မိုင်းကတော့ အအေးဒဏ်ကို ခံနိုင်ရည်ရှိစေရန် ယမကာမှီဝဲသည်။

မင်းရဲစည်သူနှင့်ဦးနန်းကိုတို့ကတော့ ရေနွေးကြမ်းပူပူကို သောက်နေကြသည်။ သူတို့သည် အတွေ့အကြုံများကို မယုံကြည်နိုင်စွာဖြင့် ပြန်ပြီးတော့ ပြောနေကြသည်။

"သားရဲ့ ဆန္ဒလည်း ပြည့်ဝခဲ့ပြီဆိုတော့ ပြန်ကြဖို့ပဲရှိတော့တယ်လေ၊ သားမေမေလည်း စိတ်ပူပူနဲ့ မျှော်နေရောမယ်"

"မပြန်မီမှာ သား. . မမကြီးကို နှုတ်ဆက်ချင်တယ်၊ ဦးခမ်းမုံကိုလည်း နှုတ်ဆက်ချင်တယ်၊ သူတို့ရေဘေးက လွတ်မှ လွတ်ကြရဲ့လားမသိဘူး"

မင်းရဲစည်သူက မမကြီးတို့အတွက် တွေးပြီးတော့ ပူနေမိသည်။

ထိုစဉ် ခြေသံများနှင့်အတူ လင်းလက်သော မီးရောင်ကို မြင်လိုက်ကြရသည်။ ဦးဇော်မိုင်းက သေနတ်ကို လှမ်းကိုင်လိုက်သည်။ သဏ္ဍာန်နှစ်ခုသည် သူတို့ဆီကို လျှောက်လာနေသည်။ အနားကိုရောက်လာကြသူနှစ်ဦးကို မြင်လိုက်ရသောအခါ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မမကြီး"

မင်းရဲစည်သူ၏နှုတ်မှ အသံထွက်သွားသည်။ မမကြီးသည် သာမာန်ထက်ပို၍ လင်းလက်သော မီးအိမ်တစ်လုံးကို လက်မှာဆွဲထားသည်။ ဦးခမ်းမုံကတော့ နောက်တစ်လှမ်းချန်ပြီးတော့ ရပ်နေသည်။

ဦးနန်းကိုနှင့်ဦးဇော်မှိုင်းတို့သည်လည်း မမကြီးနှင့်ဦးခမ်းမုံတို့ကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ကြသည်။ သုံးယောက်စလုံး နေရာမှ ထရပ်လိုက်ကြသည်။ မီးပုံ၏အလင်းရောင်အောက်မှာ မမကြီး၏ မျက်နှာက ဝင်းလက်လို့နေ၏။

"ကျွန်တော်တို့က မမကြီးတို့ကို စိုးရိမ်နေကြတာ၊ ဒီဘက်ကမ်းကို ဘယ်လိုကူးလာကြလဲဟင်"

"ဒီလိုပေါ့ကွယ်၊ မမကြီးတို့က သတိအမြဲရှိကြတယ်လေ၊ မခဲယဉ်းလှပါဘူး"

မမကြီးသည် မင်းရဲစည်သူ၏လည်ပင်းမှာ ရွှေဆွဲကြိုးတစ်ကုံး ဆွဲပေးလိုက်သည်။

"ဒီဆွဲကြိုးက သားရဲ့ မေမေစောကလျာဦး အမြဲဆွဲခဲ့တဲ့ဆွဲကြိုး၊ သားအိမ်ထောင်ပြုရင် မိန်းကလေးကို အမှတ်တရ ဆွဲပေးပေါ့ကွယ်"

မင်းရဲစည်သူသည် ဆွဲကြိုးကို ကိုင်ကြည့်ပြီး မိခင်၏ ပစ္စည်းဟူသောအသိကြောင့် ရင်မှာနွေးထွေးစွာ ခံစားလိုက်ရသည်။ ဦးခမ်းမုံက ပစ္စည်းတစ်ခုကို မမကြီးအား လှမ်း၍ပေး





လိုက်သည်။ ဓားရှည်တစ်လက်။

"ဒီပတ္တမြားကျောက်စီဓားကတော့ မင်းရဲကျော်ရဲ့ ဓားပါ၊ ကုလားဖြူတွေကို ဒီဓားနဲ့ ဆန့်ကျင်ခဲ့တာ၊ ဦးနန်းကိုအတွက်"

"ကျေးဇူးတင်ပါတယ်. . မမကြီး"

ထိုနောက် ဦးဇော်မှိုင်းကို ကတ္တီပါအိတ်နှင့်ထည့်ထားသော အထုပ်တစ်ထုပ်ကို ပေးလိုက်သည်။

"ဒါကတော့ ကိုယ်ကျိုးမဖက်ပဲ လိုက်လာခဲ့တဲ့ ဦးဇော်မှိုင်းရင်းနှီးစားသောက်ဖို့ပါ"

ဦးဇော်မှိုင်းသည် လေးစားစွာဖြင့် လှမ်းယူလိုက်ပြီး။

"ကျေးဇူးပါပဲ. . မမကြီးခင်ဗျာ"

ရွှေဒင်္ဂါးပြားတွေထည့်ထားသော အိတ်ပင်ဖြစ်သည်။

"မနက်ဖြန်ကျရင် ခရီးပြန်ထွက်ကြစို့၊ ဖောင်တစ်ခုက အဆင်သင့်ရှိနေလိမ့်မယ်၊ ဒီနေရာမှာ ကြာကြာမနေကြပဲ ပြန်ကြပါ၊ ကံကြုံရင် ပြန်ဆုံကြသေးတာပေါ့"

မမကြီးက တိုတောင်းသော စကားကိုပြောပြီး နှုတ်ဆက်လိုက်လေရာ. . .။

"မမကြီး. . မမကြီးက ဘယ်ကိုသွားမှာလဲဗျ"

"ဟိုးအဝေးကြီးကိုပေါ့ကွယ်၊ မဆုံးနိုင်တဲ့ ခရီးတစ်ခုပေါ့၊ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ မမကြီးပြန်ရောက်လာဦးမှာပါ၊ ဝိဉာဉ်ပျော်စံရာ ကျောက်တောင်ကြီးထဲမှာရှိတဲ့ ရတ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နာတွေကို ထုခွဲပြီး ကုလားဖြူတွေကို တိုက်ထုတ်ရဦးမယ်လေ"

"မမကြီးသွားမယ့်နေရာကို ပြောခဲ့ပါလားဟင်"

"သွားရမယ့်အရပ်က မတိကျဘူး၊ မရေရာပါဘူးကွယ်၊ ပြန်ရောက်မယ့် အချိန်ကိုလည်း မပြောနိုင်ပါဘူး၊ ဒါပေမယ့် သားကိုတော့ မမကြီးသတိရနေမှာပါ"

"မမကြီးရယ်"

"သားမှာ မိရင်းဖရင်းလိုကောင်းတဲ့ မိဘနှစ်ပါးရထားပြီးပြီကွယ်၊ သားရဲ့ ဘဝရှေ့ရေးကောင်းဖို့သာ ကြိုးစားပါ၊ သားရဲ့ ရင်ထဲမှာ စွဲပြီးမှတ်ထားရမှာက တစ်ပါးကျွန်ဘဝမှာ တစ်သက်လုံးမနေပါနဲ့၊ မိမိတိုင်းပြည် လွတ်မြောက်ရေးအတွက် ကြိုးစားပါ၊ ကြိုးစားချိန်တွေ အများကြီးရှိပါသေးတယ်ကွယ်"

မမကြီးက မီးအိမ်ကိုဆွဲကိုင်ကာ နောက်ကိုဆုတ်သွားခဲ့သည်။ ဦးခမ်းမုံက. . .။

"ကျုပ်ကိုလည်း ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး တည်ငြိမ်သော ခြေလှမ်းများဖြင့် လှည့်ထွက်သွားခဲ့လေသည်။

"မမကြီး. . မမကြီး"

မင်းရဲစည်သူက နောက်မှပြေးလိုက်သွားခဲ့သည်။ မမကြီးက ရပ်ပြီးစောင့်နေသည်။ မီးအိမ်မှ အလင်းရောင်က မမကြီး၏ နုနယ်သော မျက်နှာကို ထင်ဟပ်နေသည်။ မင်းရဲစည်သူကို သိမ်မွေ့သောအပြုံးဖြင့် ကြည့်နေသည်။ မင်းရဲစည်သူ





က လက်အုပ်ချီလိုက်ပြီး. . .။

"မမကြီးဟာ အထိန်းတော်ကြီး ပဥ္စလက်ခေမာဟုတ် မဟုတ် ကျွန်တော်မသိချင်တော့ပါဘူး၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျွန်တော့်အတွက် အကြောင်းမဟုတ်တော့ပါဘူး၊ ဒါပေမယ့် ကျွန်တော့်အပေါ်မှာ ဂရုစိုက်ခဲ့တဲ့ မမကြီးကို တသက်မမေ့နိုင်ပါဘူး၊ ကန်တော့ပါတယ်"

"ဩော်. . လူလေးရယ်၊ သားရယ်"

မမကြီးသည် မီးအိမ်ကို မြေပြင်မှာချကာ မင်းရဲစည်သူကို ဖက်ထားလိုက်သည်။ မျက်ရည်များက မင်းရဲစည်သူ၏ ပခုံးထက်မှာ စွန်းထင်းသွားခဲ့လေသည်။

ထိုနောက် မမကြီးသည် မီးအိမ်ကိုကောက်ယူကာ ချာကနဲ လှည့်ထွက်သွားခဲ့၏။ တောင်ပတ်လမ်းအတိုင်း အောက်ကို ဆင်းသွားခဲ့ကြသည်။ နောက်ဆုံး မီးအိမ်နီနီလေး၏ အလင်းရောင်သည် ပျောက်ကွယ်သွားခဲ့လေသည်။ မင်းရဲစည်သူသည် သက်ပြင်းတစ်ချက်ချကာ နေရာကို ပြန်လှည့်လာခဲ့လေသည်။

"သား. . မမကြီးဟာ တစ်နေ့နေ့မှာ သားဆီကို ပြန်ရောက်လာမှာပါကွယ်"

"ကျွန်တော်တော့ မထင်တော့ပါဘူး. . ဖေဖေ သူဟာ သားဆီကို ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပါဘူး"

"မဟုတ်သေးဘူး. . သား၊ မမကြီးဟာ ဝိညာဉ်ပျော်စ



www.burmeseclassic.com

www.burmeseclassic.com



ရာ ကျောက်တောင်ကြီးမှာရှိတဲ့ ရတနာတွေနဲ့ သူသိပ်ချစ်တဲ့ အရှင်သခင်နှစ်ဦးကို အနီးကပ်စောင့်ရှောက်နေဦးမှာပါ၊ သူ ဒီမှာပဲ ရှိနေမှာပါ"

ဦးနန်းကိုအပြောကြောင့် မြစ်ပြင်ကျယ်ကြီးကို လှမ်းပြီးကြည့်လိုက်မိသည်။ ရေပြင်မှာ ရွေ့လျားနေသော မီးအိမ်နီနီလေးကို သူတွေ့လိုက်ရသည်။ မမကြီးသည် လှေထက်မှာ မီးအိမ်နီနီလေးကို တင်၍ တစ်ဖက်ကမ်းကို ကူးသွားလေသလား မပြောတတ်ပါ။ သို့သော် ကျောက်တောင်ကြီးက ရေအောက်ကို ရောက်သွားခဲ့လေပြီ ဖြစ်ပါသတည်း။

➤➤➤➤➤

မိုးလင်းခဲ့လေပြီ။

မြူနှင်းတွေ ဝေ့ရစ်ဆိုင်းနေသည်။ ညဉ့်နက်ပိုင်းမှာမှ အိပ်ပျော်သွားခဲ့ကြသဖြင့် အိပ်ယာက နိုးသွားခဲ့ကြသည်နှင့် သုံးယောက်စလုံးပင် တိုင်ပင်ထားကြသည့်အလား ရွက်ဖျင်တဲထဲမှ အလျင်စလိုပင် ထွက်လိုက်ကြသည်။

သူတို့ရောက်နေသော တောင်ကုန်းကြီးသည် လွန်စွာမှ မြင့်မားလှသည်။ ရေဘေးမှ လွတ်ကင်းရန်အတွက် တက်ရောက် ခိုလှုံခဲ့သော်လည်း ယခုတော့ တောင်ခြေကို မတွေ့ရတော့။ ရေများက ဖုံးလွှမ်းသွားခဲ့ပြီ။ တောင်ကုန်းတစ်ဝက်နီးပါးကို ရေလွှမ်းခဲ့ပြီဖြစ်သည်။ အဝေးကို လှမ်းပြီးကြည့်လိုက်သော သုံးယောက်စလုံး အံ့အားသင့်သွားခဲ့ရသည်။





အဘယ်ကြောင့်ဆိုသော် ကျောက်တောင်ကြီးကို မတွေ့ရတော့။ ရေအောက်ကို လုံးဝရောက်သွားခဲ့ပြီဖြစ်ပါသည်။ တောင်ညီနောင်ပင်လျှင် ရေအလွှမ်းခံလိုက်ရ၍ တစ်ဝက်သာသာ နစ်မြုပ်သွားခဲ့ပြီဖြစ်ပါ၏။

"ကျောက်တောင်ကြီးတော့ မရှိတော့ဘူး . . ဖေဖေ၊ ရေအောက်ကိုရောက်သွားပြီ၊

မင်းရဲစည်သူသည် စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်လေသည်။

"အဲဒီလိုဖြစ်သွားတာပဲ ကောင်းပါတယ် . . သားရယ်၊ သူ့အတွက် အန္တရာယ်ကင်းသွားတာပေါ့၊ မဟုတ်ရင် ကုလားဖြူတွေက ဒီကိုလာပြီး အနှောင့်အယှက်ပေးကြဦးမှာ၊ ဝိညာဉ်ပျော်စံရာတောင်ကြီးဟာ ရေအောက်မှာ ငြိမ်းချမ်းစွာနဲ့ နေနေပြီလို့သာ မှတ်လိုက်ပါ . . သားရယ်"

ဦးနန်းကိုကလည်း တည်ငြိမ်စွာဖြင့် ပြောလိုက်ပေမယ့် သူလည်း စိတ်လှုပ်ရှားနေမိသည်။

"ဆရာဦးနန်းကို . . မမကြီးက မှာခဲ့တယ်မဟုတ်လား၊ ဒီနေရာမှာ ကြာကြာမနေဖို့လေ"

ဦးဇော်မှိုင်းက သတိပေးလိုက်သည်။

"ဟုတ်တယ်၊ သူက အကြောင်းရှိလို့ပြောတာ၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ခံကြရမယ်"

တခဏအကြာတွင် တောင်ကုန်းထက်မှ ပြေပြစ်သော လမ်းကိုရွေးပြီး ပစ္စည်းများနှင့်အတူ ရဲဘော်ရဲဘက် လားကို ခေါ်၍ သတိနဲ့ဆင်းလာခဲ့ကြသည်။

"ဖေဖေ. . ဟိုမှာ ဖောင်"

မင်းရဲစည်သူက လက်ညှိုးထိုးပြလိုက်သည်။ ဖောင်ကြီးတစ်ခု။ ဆယ့်ငါးပေပတ်လည်ခန့်ရှိမည်။ သစ်လုံးဖောင်ကြီးဖြစ်သည်။ ဖောင်ပေါ်မှာ နားခိုစရာ တဲလေးတစ်လုံးပင်ပါလိုက်သေးသည်။ တောင်နံရံကို ငုတ်တစ်ခုရိုက်ကာ ဖောင်ကြိုးနှင့်တွဲကာချည်ထားသည်။ ဖောင်သည် ရေထဲမှာ တလှုပ်လှုပ်နဲ့ရှိနေသည်။ လှိုင်းကြောင့် လွန့်လူးလျက်ရှိသည်။

မမကြီးနှင့်ဦးခမ်းမုံတို့သည် သည်ဖောင်ကို မည်သည့်အချိန်ကာလက ထားခဲ့မှန်းမသိလိုက်ကြရ။

ဖောင်ပေါ်ကို ပစ္စည်းများတင်သည်။ လားကိုတင်၏။ တခဏအတွင်းမှာပင် တောင်ကုန်းမှ ခွာလာခဲ့ကြသည်။ သူတို့ကို တစ်ညတာ ခိုလှုံခွင့်ပေးခဲ့သည့် ကျေးဇူးရှင်တောင်ကုန်းကြီးကို စိတ်ထဲက နှုတ်ဆက်လိုက်မိကြသည်။

တောင်ကုန်းကြီးနှင့်တဖြည်းဖြည်း ဝေးလာခဲ့သည်။ ရေသည် တည်ငြိမ်စွာဖြင့် စီးဆင်းလျက်ရှိသည်။ စလေဒင်နှင့်သူ့လူများသည် ရေပြင်အောက်ကို အသက်ကို စတေးခံခဲ့ကြရပြီဖြစ်သည်။





သူတို့မသိသွားခဲ့ကြရသည်က မင်းရဲစည်သူတို့ ဤနေရာကို ရောက်နေကြသည်ကိုပင်။ လုံးဝမသိသွားခဲ့ကြရ။ လေက တဟူးဟူးဖြင့် တိုက်ခတ်နေသည်။ သူတို့၏ နားထဲမှာ လက်ခုပ်တီးသံလိုလို၊ မိုးခြိမ်းသံလိုလို ကြားလိုက်ကြရသည်။

"ဖေဖေ. . သားရဲ့နားထဲမှာ လက်ခုပ်သံလိုလို၊ မိုးခြိမ်းသံလိုလို ကြားလိုက်ရတယ်"

"ဟုတ်တယ်၊ ဖေဖေလည်း ကြားလိုက်မိသလိုပဲ"

"ကျုပ်လည်း အဲဒီအသံတွေကို ကြားမိလိုက်သလားလို့"

ဦးဇော်မှိုင်းကလည်းပြောသည်။

"ဖေဖေ. . မမကြီးများ ကျောက်တောင်ထဲဝင်ဖို့တံခါးကို ဖွင့်လိုက်သလားမသိဘူး"

"မဖြစ်နိုင်ပါဘူး. . သားရယ်"

"ဘာကြောင့်လဲ. . ဖေဖေ"

"ဟောဒါတွေကြောင့်ပေါ့"

ဦးနန်းကိုက အထုပ်တစ်ထုပ်ကိုပေးလိုက်၏။ ကတ္တီပါအိတ်နှင့်ထုပ်ထားသော ပစ္စည်းများ၊ သွန်ပြီးကြည့်လိုက်ကြရာ ဖားပုံ၊ မြွေပုံ၊ ကျားပုံနှင့်ဗျိုင်းပုံပါ နေကြာပုံအပြားဝိုင်းလေးခု။

"ဟင်. . ဖေဖေဒါတွေကို ဘယ်ကရသလဲဟင်"

"ဖောင်ပေါ်က တဲလေးထဲကရတာ၊ မမကြီးထားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့၊ သူ့ဒါတွေမရှိရင် ကျောက်တောင်ထဲ ဘယ်လိုဝင်လို့ရမှာလဲ"

"တခြားအပိုတွေရှိရင်ကော. . ဖေဖေ"

"မဖြစ်နိုင်တာကွာ"

"သားတော့ထင်တယ်၊ မမကြီးဟာ သူ့ဒီမှာမရှိဘူးလို့ တမင်ညာပြောသွားတာ"

"မဟုတ်တာ. . သားရယ်၊ ဏလေးမဆန်ချင်စမ်းပါနဲ့"

ဦးဇော်မှိုင်းက ဖောင်ကို ဂရုတစိုက်နဲ့ထိန်းကာ နှုတ်ဆိတ်နေခဲ့သည်။

ဖောင်သည် အရှေ့အရပ်ဆီကို တဖြည်းဖြည်းဖြင့် မျောပါလျှက်ရှိသည်။ လှိုင်းလေကလည်း ငြိမ်သက်နေဆဲ။ သို့သော် သူတို့အားလုံး၏ စိတ်အစဉ်ကတော့ ဝိဥာဉ်စံပျော်ရာ ကျောက်တောင်ကြီးဆီကို ပျံ့လွင့်နေဆဲပင် ဖြစ်ပါသတည်း။

ပြီးပါပြီ။

ကြိုးစားပါဦးမည်။
မင်းစက္က. . .။



www.burmeseclassic.com